www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# စိတြအဂ္ဂ

## နတ်မိကျောင်းသိုက်


### ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ထုတ်ဝေသူ | - ဦးအောင်စိုး (ခုနစ်စဉ်ကြယ်စာပေ) (၁၈၂)၊ (၃၁)လမ်း၊ ပန်းဘဲတန်းမြို့နယ်။ |
| အတွင်းနှင့် အဖုံးပုံနှိပ်သူ | - ဦးကျော်ရင် (၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်) (၂၂၅)၊ ၃၂-လမ်း၊ ပန်းဘဲတန်းမြို့နယ်။ |
| ကွန်ပျူတာစာစီ | - ပြည့်ဖြိုး |
| အတွင်းဖလင် | - ကိုပေါက် |
| စာအုပ်ချုပ် | - ကိုစိုးနိုင်နှင့်အဖွဲ့ |
| ထုတ်ဝေသည့်အကြိမ် | - ပထမအကြိမ်၊ ၂၀၁၃၊ ဖေဖော်ဝါရီလ။ |
| အုပ်ရေ / တန်ဖိုး | - ၅၀၀ အုပ် / ၁၄၀၀ ကျပ် |
| ဖြန့်ချိရေး | - ခုနစ်စဉ်ကြယ်စာပေ<br>အမှတ် ၁၈၂ (B)၊ ၃၁-လမ်း၊<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။<br>ဖုန်း- ၀၉ ၇၃၀၅၁၆၆၄၊ ၀၉ ၇၃၁၂၆၃၅၈ |

၈၉၅.၈၃

စိတြအဂ္ဂ

နတ်မိကျောင်းသိုက်/ စိတြအဂ္ဂ ။ - ရန်ကုန်၊

ခုနစ်စဉ်ကြယ်စာပေ ၊ ၂၀၁၃ ။

၂၈၅ - စာ ၊ ၁၂ × ၁၈ စင်တီ။

(၁) နတ်မိကျောင်းသိုက်


www.burmeseclassic.com

www.burmeseclassic.com

သူရ(၁၂)ဖောင်ကြီးကျောင်းဆင်း
သူငယ်ချင်းများအား

# အမှတ်တရ

က.သ ၃၉ အောင်စိုး(ခ)ချန်ကေရှိတ်
(ထုတ်ဝေသူ)

## စာရေးသူ၏အမှာ

လွန်စွာထူးခြားဆန်းပြားသည့် လျှို့ဝှက်ဆန်းကြယ် ဂမ္ဘီရ စာပေများရေးသားရာ၌ အငြိုးကြီးလှသော မြွေများ၊ ခေါင်းသုံး တောင်ပြည့်လျှင် နတ်မိကျောင်းဖြစ်သွားသည်ဆိုသည့် မိကျောင်း ကြီးများသည့် အဓိကဇာတ်ကောင်များအဖြစ် ပါရှိလာတတ်ပါ သည်။

ကျွန်ုပ်သည်လည်း လွန်ခဲ့သောလေးနှစ်ကျော်က ဆန်း ကြယ်ပြီး ကြောက်မက်ဖွယ်ကောင်းလှသည့် ဧရာဝတီမြစ်ဝကျွန်း ပေါ်ဒေသ ပင်လယ်ပိုင်းမှ မိကျောင်းကြီးများ၏အကြောင်းကို အခြေပြုကာ မိကျောင်းစေတမန်ဟူသော လုံးချင်းဝတ္ထုကြီးကို

www.burmeseclassic.com

www.burmeseclassic.com

ရေးသားထုတ်ဝေခဲ့ဖူးပါသည်။

အမှန်တော့ ထိုမိကျောင်းကြီးများသည် ဆန်းကြယ် ထူးခြားလှသည့် နတ်မိကျောင်းကြီးများပင်ဖြစ်ပြီး ယင်းနတ်မိကျောင်းကြီးများ၏အကြောင်းကို ပင်လယ်ပိုင်း ကနီချောင်းဝမှ ရွာများ၊ သံဒိမြစ်ကြောင်း ဝဲယာမှရွာများတွင် ယနေ့အထိ ဒဏ္ဍာရီပုံပြင်သဖွယ် ပြောမဆုံးအောင် ရှိနေကြဆဲ ဖြစ်၏။

ကျွန်ုပ်သည် ထိုစဉ်ကတည်းက အဆိုပါနတ်မိကျောင်းကြီးများ၏အကြောင်းကို ပီပီပြင်ပြင် ရေးသားခဲ့ပါသည်။

သို့သော် အခြေအနေအကြောင်းကြောင်းကြောင့် ဖြတ်တောက်ပယ်ဖျက်ခြင်း ခံခဲ့ရပါသည်။

ယခုအချိန်မှာမူ ထူးခြားဆန်းကြယ်လှသည့် ယင်းနတ်မိကျောင်းကြီးများ၏အကြောင်းကို ပီပြင်စွာ ဖြစ်ရပ်မှန်နှင့် အနီးစပ်ဆုံး ရေးသားတင်ပြရန် ဆန္ဒဖြစ်ပေါ်လာသဖြင့် ဤမည်သော နတ်မိကျောင်းသိုက် လုံးချင်းဝတ္ထုကြီးကို ရေးသားတင်ပြလိုက်ရပါကြောင်း။ ။

စံတြွအဝ္ဆ

၁–၁၁–၂၀၁၂

အခန်း (၁)

လျှို့ဝှက်နတ်မိကျောင်းသိုက်

အသက်လုပွဲ

လူယောင်ဆောင်သောမိကျောင်းများ

သုသာန်တစမှ ရေမိဿာများ

www.burmeseclassic.com

# အခန်း (၁)



## လူ့ဂူဏ်နတ်မိကျောင်းသိုက်

တစ်နေ့သ၌ ...

ရောဝတီမြစ်ဝကျွန်းပေါ် ပင်လယ်ပိုင်း ကနီချောင်းရိုးပေါ် မေးတင်ထားသည့် တံငါရွာလေးတစ်ရွာဖြစ်သော ကနီရွာလေး၏ ကမ်းစပ်တစ်လျှောက်တွင် ရွာသူရွာသားတို့သည် ကမ်းလုံးကျွတ်မျှ ကမ်းစပ်၌ စုပြုံရောက်ရှိနေကြကာ ကနီချောင်းရေပြင်တစ်လျှောက် စုန်ဆန်ကူးခတ်နေသည့် မိကျောင်းကြီးကို တအံ့တသြ ငေးကြည့်လျက် ရှိကြလေ၏။

"ပါးဖြူကြီးဟေ့ ... ပါးဖြူကြီးကွ"

"ဟာ ... ပါးဖြူပျောက်သွားတာဖြင့် ကြာခဲ့ပြီ၊ ခု



www.burmeseclassic.com

www.burmeseclassic.com



[illegible]တာပါလား"

"ဟုတ်တယ် . . . အတော်တောင် အကောင်ကြီးသွားပြီ

. . ."

"ခေါင်းက သုံးတောင်ကျော်လောက်ရှိတယ်ကွ၊ ဒါဆို ပါးဖြူကြီးက နတ်မိကျောင်းဖြစ်နေပြီနဲ့တူတယ်"

"နတ်မိကျောင်းဖြစ်သွားရင် လူယောင်ဖန်ဆင်းနိုင်ပြီ ပေါ့"

"နေပါဦး . . . အခု ပါးဖြူကြီးက ဘာလုပ်တာလဲ၊ ချောင်းရိုးတစ်လျှောက် စုန်လိုက်,ဆန်လိုက်နဲ့"

"သူ နတ်မိကျောင်းဖြစ်သွားပြီဆိုတာကို ငါတို့ ရွာသူ ရွာသားတွေသိအောင် လာပြတာဖြစ်မှာပေါ့ ရဲညွှန့်ရ"

"မဖြစ်နိုင်တာ ညွှန့်ဆွေရာ၊ ငါတို့ရွာသားတွေက ဘာ တွေမို့ လာပြရမှာလဲ"

တကယ်တော့ ပါးဖြူမှာ မိကျောင်းမ ဖြစ်၏။

လွန်ခဲ့သော သုံးနှစ်ကျော်ကျော်ခန့်က ဤကနီရွာကမ်း စပ်သို့ မကြာမခဏ လာရောက်လေ့ရှိသဖြင့် ရွာသားတို့က မနည်းမောင်းထုတ်ရဖူးသည်။

ယခု ပျောက်သွားပြီးမှ ပြန်ပေါ်လာခြင်းဖြစ်၏။





"ဟာ . . . ဟိုမှာ မိကျောင်းကြီးတွေ၊ မိကျောင်းကြီးတွေ ပင်လယ်ဘက်က လိုက်လာကြပြီ"

ဟုတ်ပါသည်။

မည်းနက်နေသည့် မိကျောင်းခေါင်းရှည်ကြီးနှစ်ကောင် သည် ချောင်းရိုးအတိုင်း ဆန်တက်လာသည်ကို လှမ်းတွေ့နေ ရ၏။

သူတို့၏ကျောရိုးမည်းမည်းကြီးများက မည်းခနဲ မည်းခနဲ ရေပေါ် ပေါ်လာတတ်သဖြင့် လှမ်းမြင်နေရခြင်း ဖြစ်သည်။

မည်းနက်သောမိကျောင်းကြီးနှစ်ကောင်က ပါးဖြူမ၏ အနီးသို့အရောက်တွင် ဘေးတစ်ဖက်တစ်ချက်မှ ညှပ်လိုက်ကြ တော့၏။

ထို့နောက် မိကျောင်းကြီးသုံးကောင်မှာ ရေလယ်တွင် လုံးထွေးသွားပြီး တဗွမ်းဗွမ်းဖြစ်ကာ ပြောင်းဆန်နေတော့သည်။

'ဗွမ်း ဗွမ်း . . ဘုန်း ဘုန်း ဘုန်း'

ခဏအကြာတွင်မူ ရေပြင်သည် ငြိမ်သက်သွားပြီး မိ ကျောင်းကြီးသုံးကောင်၏ အရိပ်အယောင်ကိုမျှ မမြင်ရတော့ချေ။

"ဟာ . . . ရေထဲငုပ်သွားကြပြီကွ"

"ဟော . . . ဟိုမှာဟော့ ဟိုမှာ"



www.burmeseclassic.com

www.burmeseclassic.com



ရှာသားတစ်ယောက်က အော်ပြောကာ လက်ညှိုးညွှန်ပြသဖြင့် ရှာနှင့် အတော်လှမ်းလှမ်း ချောင်းဝဘက်မှ ရေလယ်သို့ ကြည့်လိုက်ကြရာ မိကျောင်းမည်းမည်းကြီးနှစ်ကောင်က ပါးဖြူမ၏ ဘေးတစ်ဖက်တစ်ချက်မှညှပ်ပြီး ချောင်းဝဘက်ခေါ်သွားသည်ကို တွေ့လိုက်ကြရပါတော့၏။

“မိကျောင်းသိုက်ဆီ ခေါ်သွားတာဖြစ်မယ်ကွ”

“မိကျောင်းသိုက် ... ဟုတ်လား”

“အေး ... ငါတို့ ကနီချောင်းနဲ့ သံဒီမြစ်ဆုံရာနေရာနားမှာ မိကျောင်းသိုက်ကြီး ရှိတယ်လို့ ငါ့အဘိုးဦးဘသောင်းက ပြောဖူးတယ်ကွ”

“ဟ ... အဲဒီမှာ ကနီဝဲကြီး ရှိတယ်မဟုတ်လား”

“ရှိတာပေါ့ကွာ၊ ကနီဝဲကြီးကစုပ်လို့ မြုပ်သွားတဲ့ လှေသမ္ဗာန်တွေပေါ်က ကျသမျှလူတွေကို အဲဒီမိကျောင်းသိုက်ကြီးထဲ မိကျောင်းတွေက ဆွဲသွင်းသွားကြတာတဲ့ကွ”

“ဟာ ... မိကျောင်းသိုက်ထဲ ဆွဲအသွင်းခံရရင်တော့ သေပြီပေါ့ကွာ”

“အေး ... ဒါကြောင့် အဲဒီ ကနီဝဲကြီးရဲ့နားကို ဘယ်တံငါလှေမှ မသွားရဲကြတာပေါ့ကွ”





“ဒါဆို မိကျောင်းသိုက်ဆိုတာ ကနီဝဲကြီးရဲ့အနီးအနားမှာ ရှိတာပေါ့ ... ဟုတ်လား”

“ဟုတ်တယ်၊ ဒါပေမဲ့ ... အဲဒီသိုက်ကြီး ဘယ်မှာရှိတယ် ဆိုတာကို ဘယ်သူမှ အတိအကျ မသိဘူးတဲ့ကွ”

❁

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ ပင်လယ်ပိုင်းရှိ သံဒီမြစ်အတွင်းသို့ စီးဝင်လျက်ရှိသော ကနီချောင်းအဝရှိ ကနီစုပ်ဝဲကြီး၏ သတင်းကား ကြီးလှချေ၏။

ကနီချောင်းအဝမှာ ပင်လယ်နှင့်နီးလှသဖြင့် ဒီရေအတက်အကျကာလတို့တွင် လှိုင်းတံပိုးရိုက်ခတ်မှု ပြင်းထန်ခြင်း၊ ကနီစုပ်ဝဲကြီးကလည်း နေ့ညမပြတ် တဝေါဝေါအသံကြီး မြည်ဟည်းကာ ဝဲလှည့်လျက်ရှိခြင်း၊ ချောင်းအဝအနီး၌ မိကျောင်းသိုက်ကြီးရှိသည်ဟူသော ဂုဏ်သတင်းကြီးခြင်းတို့ကြောင့် ချောင်းရိုးတစ်လျှောက် တံငါရွာများမှ တံငါလှေများ ခရီးသည်ပို့ဆောင်သည့် ကူတို့လှေသမ္ဗာန်တို့အတွက် မရဏာနယ်မြေအဖြစ် သတ်



www.burmeseclassic.com

www.burmeseclassic.com



မှတ်ရလောက်အောင် အန္တရာယ်ကြီးလှချေ၏။

ယင်း ကနီချောင်းဝတွင် မိကျောင်းများ ပေါများသည့် အပြင် ပင်လယ်ထဲမှ လူသားစားငမန်းကြီးများ တစ်ခါတစ်ရံ ဝင်ရောက်လာတတ်သဖြင့် ရေနှင့်ယဉ်ပါးလှသည့် ရေလုပ်သား ဝါရင့်တံငါကြီးများပင် သတိထားဖြတ်သန်းရသော နေရာဖြစ်ပေ သည်။

သို့သော် ကနီချောင်းဝတွင် မိကျောင်းပေါများသည်၊ မိကျောင်းသိုက်ကြီးရှိသည်။ ယင်းအသိုက်မှ မိကျောင်းကြီးများမှာ နှစ်ချို့မိကျောင်းကြီးများ ဖြစ်ကြပြီး အချို့မိကျောင်းကြီးများမှာ ခေါင်းအရှည်သုံးတောင်ပြည့်သွားသဖြင့် နတ်မိကျောင်းကြီးများ ဖြစ်သွားပြီဟု သတင်းကြီးလျက်ရှိသော်လည်း အဆိုပါမိကျောင်း သိုက်ကြီး မည်သည့်နေရာတွင်ရှိသည်ကို မည်သူမျှ အပ်ကျ မပ်ကျ မသိကြချေ။

တစ်ခါက မိကျောင်းသိုက်ရှာဖွေဖော်ထုတ်မည်ဟု ကြွေး ကြော်ကာ မိကျောင်းမုဆိုးတစ်စု လှေတစ်စင်းဖြင့် ကနီချောင်းရိုး သို့ ရောက်ရှိလာဖူးလေ၏။

ယင်းမိကျောင်းမုဆိုးအဖွဲ့မှာ လေးဦးဖြစ်ပြီး လေးဦးစလုံး မှာ လူကြမ်း၊ စိတ်ကြမ်း လူလတ်ပိုင်းများဖြစ်ကြကာ တုံးဆိုတိုက်





ကျားဆိုကိုက်မည့်သူများ ဖြစ်ပုံရလေသည်။

ရေမှာလည်း အထူးကျွမ်းကျင်ကာ ရက်စက်ကြမ်းကြုတ် မည့်အသွင် ကျားစီးဖားစီးပုံစံများ ဖြစ်ကြ၏။

ထိုမိကျောင်းမုဆိုးအဖွဲ့မှာ ကဒုံကနီ၊ ဘိုကလေးမြစ်ဝ မိန်းမလှကျွန်းဒေသတစ်ဝိုက်တွင် မိကျောင်းများကို ဖမ်းလာသူ များဟု သိရရာ ကနီချောင်းဝမှ မိကျောင်းသိုက်ကြီးကို ထိုမုဆိုး အဖွဲ့ ဧကန်ပင်ဖော်၍ရမည်ဟု ကနီချောင်းရိုးတစ်လျှောက်ရှိရာ များမှ ယူဆထားကြလေသည်။

သို့ဖြင့် မိကျောင်းများမြူးတတ်သည့် ရေထရက်တစ်ရက် ၏ မွန်းလွဲပိုင်း ရေမတက်မီအချိန်တွင် အဆိုပါ မိကျောင်းမုဆိုး အဖွဲ့မှာ အရက်ကိုးမောင်းသောက်လျက် ရဲဆေးအပြည့်တင်ကာ ကနီချောင်းဝသို့ စုန်ဆင်းလှော်ခတ်သွားကြတော့၏။

ကနီချောင်းရိုးတစ်လျှောက်ရှိ ရွာများမှ ရွာသူရွာသားတို့ က မိကျောင်းမုဆိုးအဖွဲ့ မိကျောင်းသိုက်ကို ရှာဖွေတွေ့ရှိပြီး မိကျောင်းဘယ်နှကောင်ဖမ်းမိလာမလဲဟု သိချင်ဇောဖြင့် စောင့် စားကြည့်ရှုနေခဲ့ကြလေ၏။

အချို့ရွာသူရွာသားတို့ကလည်း သူတို့ သံယောဇဉ်ဖြစ် မိသလိုလို ဖြစ်နေသည့် ပါးဖြူကြီးအတွက် စိုးရိမ်ပူပန်မိကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ပါးဖြူမကိုများ ဖမ်းမိကြမလားမသိဘူးကွ"

"ပါးဖြူမက နတ်မိကျောင်းဖြစ်လောက်ပါပြီကွာ၊ နတ်မိကျောင်းဖြစ်သွားရင် တန်ခိုးသိဒ္ဓိရှိသွားရောတဲ့ကွ၊ သူတို့ကို ဘယ်သူကမှ ဒုက္ခမပေးနိုင်တော့ဘူးတဲ့ ... ငါ့အဘိုးဦးဘသောင်း ပြောဖူးတယ်"

"အေးကွာ ... ဘာပဲဖြစ်ဖြစ် ပါးဖြူမဟာ ငါတို့ရွာဆိပ်နား မကြာခဏရောက်ရောက်လာလို့ ချောင်းထဲ ရေဆင်းချိုးနေတဲ့ လူကြီးတွေရော၊ ကလေးတွေရော လန့်အော်ပြီး ပြေး ပြေးတက်လာကြရပေမယ့် ငါတို့ရွာသူရွာသား ဘယ်သူ့ကိုမှ ဝင်ဆွဲတာ မရှိရှာပါဘူးကွာ၊ သူက ကိုယ်ယောင်လာလာပြတာပဲ ရှိတာပါ၊ ဒါကြောင့် ငါတို့က ပါးဖြူမကိုတော့ မိကျောင်းသူတော်ကောင်းလို့ ယူဆထားကြတာပဲ၊ ပါးဖြူမကို မမိကြပါစေနဲ့ဗျာ"

သို့နှင့် ပါးဖြူကြီးအတွက် စိုးရိမ်ပူပန်မိကြသူများရော မိကျောင်းဟူသည် အကြီးမားဆုံး ရေထဲမှရန်သူဟု သတ်မှတ်ကာ မိကျောင်းတွေရဲ့ရန် ရှင်းပါစေဟု ဆုတောင်းနေကြသူများပါ မကြာမီ နာရီပိုင်းအတွင်း ထူးခြားပြီး ထိတ်လန့်တုန်လှုပ်ဖွယ်ရာကို တွေ့ကြရတော့၏။

ယင်းမှာ တဟဲဟဲတက်နေသည့် ဒီရေ ရေတက်ဖြင့်





လှေတစ်စင်း မှောက်ခုံကြီး မျောပါလာခြင်းပင်။

"ဟာ ... အဲ အဲဒီလှေဟာ ဟို မိကျောင်းမုဆိုးတွေရဲ့ လှေ မဟုတ်လား"

"ဟာ ... ဟုတ်တယ်ဟေ့၊ လှေရဲ့ရောကို သူတို့က အစိမ်းရောင်ကြီး သုတ်ထားတာကွ၊ အဲဒီလိုလှေမျိုး ငါတို့ဒေသမှာ မရှိဘူး"

မည်သို့ဖြစ်စေ ...

ထိုနေ့ ထိုအချိန်မှစ၍ မိကျောင်းမုဆိုးအဖွဲ့ကို မည်သူမျှ မြင်မတွေ့ကြရတော့ချေ။

သို့ကြောင့် ယင်းအချိန်မှစ၍ ကနီချောင်းဝမှ မိကျောင်းသိုက်ကြီးမှာ နာမည်ကြီးသည်ထက် ကြီးလာတော့၏။

ယင်းမိကျောင်းသိုက်ကြီးကိုလည်း ရှာဖွေဖော်ထုတ်ရဲသူ မရှိတော့ချေ။ ထို့ကြောင့်လည်း မိကျောင်းသိုက်ကြီး အဘယ်နေရာတွင်ရှိသည်ကို မည်သူမျှ မသိနိုင်ကြချေ။

တကယ်တော့ နာမည်ကျော်လှသည့် မိကျောင်းသိုက်ကြီးမှာ ကနီချောင်းအဝအနီးတွင် အမှန်တကယ် တည်ရှိနေပါ၏။

ကနီချောင်းဝ၏ လက်ယာဘက်ကမ်းစပ် ကမ်းပါးစောက်အပေါ်၌ ကနစိုတောကြီးရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



**ယင်းကနစိုတောကြီးထဲမှ** တစ်ခုသော ကနစိုပင်ကြီး၏ **မြစ်ပျဉ်းတို့သည်** လူတစ်ရပ်ခန့်မြင့်သည့် ကမ်းပါးအောက်သို့ **ထိုးထွက်ကိုင်းကျလျက်** ရှိကြလေသည်။

ပင်လယ်ဒီရေတက်ကာ ချောင်းရေပေါင်လန်အောင် ပြည့်ချိန်တွင် အနီကနစိုပင်ကြီး၏မြစ်ပျဉ်းတို့သည် ရေအောက်သို့ ငုပ်လျှိုးလျက်ရှိကြပြီး ရေကျရေစစ်ချိန်တွင်မှ ရေပေါ် အချို့ တစ်ဝက် ပေါ်နေလေ့ရှိပါသည်။

စင်စစ် အဆိုပါမြစ်ပျဉ်းတို့သည်ကား ရေအောက်လိုဏ်ခေါင်းအပေါက်ဝကြီးကို သဘာဝအလျောက် ဖုံးကွယ်ထားကြခြင်း ဖြစ်၏။

ထို့ကြောင့် ရှုပ်ထွေးလှသည့် ယင်းမြစ်ပျဉ်းတို့အောက်တွင် လိုဏ်ခေါင်းဝကြီး ရှိနေသည်ကို လူတို့ သတိမမူမိကြခြင်း ဖြစ်ပေသည်။

ယင်းရေအောက်လိုဏ်အဝမှာ နာမည်ကျော် ကနီစုပ်ဝဲကြီး၏မနီးမဝေးတွင် တည်ရှိနေသဖြင့်လည်း လူတို့သည် ကနီစုပ်ဝဲကြီးကို ဝေးဝေးမှ ရှောင်ရှားနေကြရာ ရေအောက်လိုဏ်အနီးသို့ မည်သည့်တံငါလှေမျှ လာရောက်ခြင်းမရှိကြချေ။

သို့ကြောင့်လည်း ယင်းရေအောက်လိုဏ်ကြီးမှာ နှစ်





ပေါင်းများစွာ လူမသိ သူမသိ တည်ရှိနေခြင်း ဖြစ်ပေ၏။

တစ်ခုသော နံနက်ပိုင်း နေထန်းတစ်ဖျားခန့် မရှိတရှိ အချိန်၌ . . .

နွတ်သီးဖျားမှ အမြီးဖျားအထိ ပေနှစ်ဆယ်ကျော်မျှ ရှည်လျားမည့် မိကျောင်းမည်းမည်းကြီးတစ်ကောင်သည် လူသေအလောင်းတစ်လောင်းကို ကိုက်ချီကာ ကနီဝဲအနီးမှ ကူးခတ်လာပြီးလျှင် ကနစိုပင်ကြီး၏ မြစ်ပျဉ်းတို့အကြားသို့ တိုးဝင်သွားကာ မြစ်ပျဉ်းများအောက်ရှိ လိုဏ်ဝထဲသို့ ကူးခတ်ဝင်ရောက်သွားတော့၏။

ရေကျချိန်မှာပင် ရေအောက်လိုဏ်အဝမှာ ရေမျက်နှာပြင်ပေါ်တွင် တစ်တောင်ခန့်သာ ပေါ်နေပြီး ချောင်းရေတို့က ဆောင်ဘင်ခတ်စီးဝင်လျက် ရှိနေလေသည်။

တကယ်တော့ . . .


ယင်းရေအောက်လိုဏ်ကြီးသည် လူသားစားမိကျောင်းကြီးများ နှစ်ပေါင်းများစွာ ဘေးကင်းစွာ ခိုအောင်းနေသည့် မိကျောင်းသိုက်ကြီးပင် ဖြစ်ပါသတည်း။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com



# အသက်လုပွဲ

စင်စစ် . . . ကနီချောင်းရိုးတစ်လျှောက်တွင် မိကျောင်းတို့၏ရန်မှ ကင်းဝေးနေသည်မှာ နှစ်အတန်ကြာပြီ ဖြစ်ပါ၏။

ကနီချောင်းဝတွင် မိကျောင်းသိုက်ကြီး ရှိသည်ဟု သတင်းကြီးလျက် ရှိသော်လည်း ချောင်းရိုးတစ်လျှောက်ရှိ ရွာများတွင် မိကျောင်းအဆွဲခံရသည်ဟူ၍ မကြားမိသည်မှာ ဆယ်နှစ်ဆယ်မိုး ခန့်ပင် ကြာပြီဖြစ်သည်။

ပါးဖြူကြီးကို မကြာခဏဆိုသလို နေ့လယ်တွင် တွေ့တတ်သဖြင့် လူတို့ အထိတ်တလန့်ဖြစ်ရသည်မှလွဲ၍ မည်သည့်ရွာကမျှ မိကျောင်းအဆွဲခံရသည်ဟူ၍ မကြားမိကြချေ။





သံဒိမြစ်ဝနှင့် အလှမ်းမကွာလှသော ဖျာပုံမြစ်ဝနှင့် ကျုံကဒွန်းဘက်မှ ရွာအချို့တွင်သာ မိကျောင်းအဆွဲခံရသည့်သတင်း ကြားမိပြီး သံဒိမြစ်အတွင်းနှင့် ကနီချောင်းရိုးတစ်လျှောက်ရှိ ရွာတို့တွင်မူ မိကျောင်းများကြောင့် အသက်ဆုံးရှုံးရမှု မရှိသည်မှာ ကြာပြီဖြစ်၏။

"ငါတို့ငယ်ငယ်တုန်းကတော့ မိကျောင်းအဆွဲခံရတာတွေ ရှိတယ်ကွ၊ အဲဒီနောက်ပိုင်း မိကျောင်းအဆွဲခံရတယ်လို့ ကြားကို မကြားဖူးဘူးကွ"

သို့သော် ကနီချောင်းရိုးသို့ မိကျောင်းမုဆိုးတစ်သိုက် ရောက်ရှိလာပြီး မိကျောင်းသိုက်ကိုဖော်ရန် ကြိုးစားပြီးသည့်နောက်တွင်မူ ချောင်းရိုးတစ်လျှောက်တွင် မိကျောင်းမည်းမည်းကြီးများကို မကြာခဏ တွေ့မြင်လာရရုံမက ဟိုရွာ သည်ရွာမှ မိကျောင်းအဆွဲခံရသည့်သတင်းတို့ကို ကြားလာရတော့၏။

"ကျုံမှတ်ရွာက မိန်းမတစ်ယောက် ချောင်းကမ်းစပ်က ကျောက်ဖျာပေါ်မှာ အဝတ်လျှော်နေတုန်း မိကျောင်းဆွဲသွားလို့တဲ့"

"ကမာချောင်းရွာက ထွန်းသိန်းတို့သားအဖ သံဒိမြစ်ကျိုးအင်းထဲ ငါးအရှာမှာ လမုတောထဲက ခေါင်းရှည်ကြီး ရှောခန်



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာပြီး ထွန်းသိန်းကို အမြီးနဲ့ရိုက်ချသတဲ့ကွ၊ ကလေးကတော့ လွတ်သွားတယ်၊ ထွန်းသိန်းကိုတော့ မိကျောင်းကြီးက ကိုက်ချီသွားတယ်တဲ့''

''ဘုရား ဘုရား ... ထွန်းသိန်းကံဆိုးတာပဲ အလောင်း ... အလောင်းကော ပြန်ရရဲ့လားဟင်''

''ဘယ်လိုလုပ်ပြန်ရမှာလဲ မိအေးတင်ရယ်၊ မိကျောင်းတွေ ဆွဲသမျှ ဘယ်တုန်းက အလောင်းပြန်ရဖူးလို့လဲ၊ သူတို့ရဲ့ အသိုက်ထဲ ဆွဲသွားမှာပေါ့အေ့''

''အဲဒီမိကျောင်းသိုက်ကြီးမရှိရင် ကောင်းမယ်နော်''

''အမှန်က အဲဒီမိကျောင်းတွေက သူ့ဘာသာနေတာပါအေ၊ ဟို ... သပေါက်မသား မိကျောင်းမုဆိုးတွေ သွားဆွလို့ မိကျောင်းရန်ပြန်ပေါ်လာတာပါ''

''ဘာပဲဖြစ်ဖြစ် ကျွန်မဖြင့် ကျောချမ်းလွန်းလို့ ချောင်းထဲ ရေတောင် ဆင်းမချိုးရဲတော့ဘူး''

''အေးလေ ... ချောင်းလယ်မှာ ရေသန့်သွားခပ်ဖို့တောင် ခပ်ခက်ခက်ရယ်''

ကနီချောင်းရိုးတစ်လျှောက် ချောင်းကမ်းဝဲယာတွင် တည် ရှိသော ကျောက်ကဒိုး၊ ကမာချောင်း၊ သစ်ခွဆိပ်၊





ဆည်ပေါင်း၊ ပေါက် ရင်းဖြူ၊ ကနီ စသည့် တံငါရွာတို့တွင် ရွာသူရွာသားတို့သည် ချောင်းရိုးတစ်လျှောက် မိကျောင်းကြီးများ သောင်းကျန်းလာသဖြင့် ထိတ်လန့်တုန်လှုပ်လျက်ရှိကြရာ မိမိတို့၏ရေလုပ်ငန်းကိုပင် ဖြောင့်အောင်မလုပ်နိုင် ဖြစ်နေကြရလေသည်။

သံဒိုမြစ်သည်ကား ပင်လယ်ထဲသို့ တိုက်ရိုက်စီးဆင်းနေသော မြစ်ဖြစ်ရာ မြစ်ရေအတက်အကျသည် ပင်လယ်ဒီရေ အတက်အကျနှင့် တိုက်ရိုက် ပတ်သက်ဆက်နွှယ်လျက်ရှိလေ၏။

လစဉ်လတိုင်း လဆန်း (၁-၂-၃-၄) ရက်နေ့များ (၁၂-၁၃-၁၄) နှင့် လပြည့်ရက်များသည်လည်းကောင်း၊ လဆုတ် (၁-၂-၃-၄) ရက်နေ့များ (၁၂-၁၃-၁၄) နှင့် လကွယ်ရက်များသည်လည်းကောင်း ရေထ,ရက်များဖြစ်လေရကား သံဒိုမြစ်အတွင်း ရေစီးသန် ရေစီးကြမ်းကာ လှိုင်းထန်လေ့ရှိလေသည်။

ထိုသို့သော ရေထရက်များတွင် ကနီချောင်းဝမှ ဝဲကြီးမှာ ဝဲလည်မှု ပိုမိုပြင်းထန်ပြီး ဝဲကြီး၏အော်သံက ပိုမို ပြည်ဟည်းလေ့ရှိလေ၏။

'ဝေါ ဝေါ ဝေါ'

ကနီဝဲကြီး၏အော်သံမှာ ညဘက်တွင် ပိုမိုပြည်ဟိန်းလေ



www.burmeseclassic.com

www.burmeseclassic.com



ရှာ ချောင်းဝနှင့်နီးသည့် ရွာတို့မှ ရွာသူရွာသားတို့အဖို့ ပိုမို ချောက်ချားထိတ်လန့်ဖွယ် ဖြစ်နေရလေသည်။

ဝဲအော်သံကြီးကို ခါတိုင်းကြားရစဉ်က ချောက်ချားမှုများ စွာမဖြစ်သော်လည်း ချောင်းရိုးတစ်လျှောက် လူသားလေးဦး မိကျောင်း အဆွဲခံရပြီးကတည်းက ဝဲအော်သံကြီးကို ပိုမိုချောက် ချား ကြောက်ရွံ့မိလာကြရခြင်း ဖြစ်ပါ၏။

ရေထရက်၊ ရေတက်ရက်များတွင် မိကျောင်းကြီးတို့ သည် ချောင်းထဲမြစ်ထဲမှာ အန္တရာယ်ပြုရုံမက လယ်ကွင်းရိုးတို့ အထဲသို့ပါ တိုးဝင်ခိုအောင်းကာ အန္တရာယ်ပြုလာကြရာ တံငါ မလုပ်ဘဲ လယ်လုပ်သူတို့ပါ စိုးထိတ်ကြောက်လန့်နေကြရတော့ ၏။

"ဆည်ပေါင်ရွာက ကိုချစ်ညွန့် နွားတစ်ရှဉ်းကိုမောင်း ပြီး လယ်ထဲကအပြန် ရွာနားက ရိုးကိုဖြတ်အကူး ရိုးစပ်ကိုင်းတော ထဲက ခေါင်းရှည်ကြီး ပြူန်းခနဲထွက်လာပြီး နွားတစ်ကောင်ကို ဆွဲသွားလို့ဘဲ"

"ဟုတ်တယ်၊ သစ်ခွဆိပ်ရွာမှာလည်း မျိုးခိုင်ရဲ့အိမ် အနောက်က ဝက်တဲကို ရေဝိုင်းနေတာမှာ အဲဒီရေထဲက မိ ကျောင်းကြီး တုံ့ခနဲပေါ်လာပြီး ဝက်တဲပေါ်က ဝက်ကိုဆွဲတာတဲ့





ဝက်တွေက ရေပွက်သလိုအော်တာနဲ့ မျိုးခိုင် မှိန်းယူပြီး ဝက်တဲ ပေါ်က ဆီးထိုးမှ မိကျောင်းကြီး နောက်ဆုတ်သွားတယ်တဲ့ကွ"

"ဘုရား ဘုရား ... နောက်ဆို ရေထရက်တွေမှာ တဲပေါ်၊ အိမ်ပေါ်များ တက်ဆွဲကြမလား မသိဘူး"

"အေးကွာ ... အရင်က ငါတို့ရွာတွေမှာ အခုလို မဟုတ်ပါဘူး၊ ခုမှ မိကျောင်းကပ်သင့်သလို ဖြစ်နေတယ်"

ကနီချောင်းရိုးတစ်လျှောက်တွင် မိကျောင်းကြီးများ ပိုမို သောင်းကျန်းလာစေရန် ထူးခြားသည့်ဖြစ်ရပ်တစ်ခု မကြာမီ ဖြစ်လာ၏။

ထိုဖြစ်ရပ်မှာ ရေမှုဆိုးများဖြစ်ကြသည့် ညွန့်အောင်တို့ ညီအစ်ကိုကြောင့် ဖြစ်လာရခြင်း ဖြစ်သည်။

ညွန့်အောင်နှင့်ညွန့်လှိုင်တို့ ညီအစ်ကိုမှာ ကနီရွာသား များ ဖြစ်ကြပြီး တံငါသည်မိဘများ ငယ်စဉ်ကတည်းက ကွယ် လွန်သွားသဖြင့် ကိုယ့်ဝမ်းကိုယ်ကျောင်းလာကြရသူများ ဖြစ်ကြ ၏။

မိဘ၏အဆုံးအမ သိပ်မခံယူရသည့်အပြင် ဘုန်းကြီး ကျောင်းပင် မနေဖူးကြသူများမို့ စိတ်ကြမ်း လူကြမ်းသမားများ ဖြစ်လာကြပြီး သူတို့၏ဘဝတွင် ငါးဖမ်းဖို့၊ အရက်သောက်ဖို့



www.burmeseclassic.com

www.burmeseclassic.com



လောက်သာ စိတ်ဝင်စားကြလေ၏။

နံနက်မိုးလင်းကတည်းက တံငါအလုပ်ကို ရေစိမ်ခံကွဲလို ဖွဲ့နပဲကြီးကြီးဖြင့် တုံးလိုက်တိုက် ကျားကိုက်ကိုက် ပြုလုပ်ကြပြီး ညနေစောင်းသည်နှင့် အရက်အိုးထဲ ခေါင်းနှစ်လေ့ရှိကြသူများ ဖြစ်၏။

သူတို့၏တဲအိမ်လေးမှာ ရွာမြောက်ဘက်စွန်းတွင်ရှိပြီး အိမ်ရာလည်း မတည်ထောင်၊ ဆွေမျိုးသားချင်းလည်း မရှိသဖြင့် ညီအစ်ကိုနှစ်ယောက်တည်း ထင်တိုင်းကြဲနေထိုင်ကြသူများ ဖြစ်သည်။

သူတို့သည် လှေတစ်စင်း၊ ပိုက်တစ်ဖုံနှင့် ချောင်းရိုးတစ်လျှောက်မှာရော ချောင်းကြိုချောင်းကြား မြစ်ကျိုးအင်းများပါမကျန် ငါးရှာ ထွက်လေ့ရှိကြလေ၏။

ညွန့်အောင်နှင့်ညွန့်လှိုင်တို့ညီအစ်ကိုမှာ အသားမည်းမည်း၊ ထောင်ထောင်မောင်းမောင်းများ ဖြစ်ကြ၏။

သူတို့ညီအစ်ကိုသည် ယဉ်ကျေးမှုနည်းပြီး ဘာကိုမျှ ယုံကြည်မှုမရှိသူများပီပီ ရွာသူရွာသားတို့ ကိုးကွယ်သည့်ရိုးရာတို့ကို မထီမဲ့မြင် ပြုလေ့ရှိရာ ရွာသူရွာသားတို့က သူတို့ညီအစ်ကိုကို ခပ်ခွာခွာသာ ဆက်ဆံကြလေ၏။





သူတို့ကို ရွာသူရွာသားများက ခပ်ခွာခွာဆက်ဆံသလို သူတို့ညီအစ်ကိုကလည်း ရွာသူရွာသားတို့ကို အရောတဝင်နေလေ့မရှိသဖြင့် ရွာနှင့်သူတို့မှာ စိမ်းသလိုဖြစ်နေပြီး တသီးတခြားကြီးဖြစ်လျက် ရှိလေသည်။

သို့သော် သူတို့ညီအစ်ကိုထဲမှ အကြီးကောင်ညွန့်အောင်မှာ ရွာ၏ကွမ်းတောင်ကိုင်အလှပဂေး ပန်းလှကိုမူ တွေ့တိုင်း ဂရုပြု ဆက်ဆံလေ့ရှိ၏။

ပန်းလှမှာ သူတို့နှင့် ဆွေမျိုးနီးစပ်လည်း အနည်းငယ်တော်သည့်အပြင် ငယ်သူငယ်ချင်းများလည်းဖြစ်သဖြင့် ညွန့်အောင်က ပန်းလှကို ဂရုပြုဆက်ဆံခြင်းဖြစ်၏။

ပန်းလှကလည်း ရေကူးပြိုင်ဖက်၊ တွေခင်းဖက် ငယ်သူငယ်ချင်းကစားဖော်ဖြစ်ခဲ့သည့် ညွန့်အောင်ကို သံယောဇဉ်ရှိကာ ရွာထဲတွင် တွေ့ဆုံမိလျှင် ပြုံးရွှင်စွာ အခေါ်အပြောပြုလေသည်။

အရွယ်ရောက်လာသည့်အခါတွင် ညွန့်အောင်သည် ပန်းလှကို ချစ်မြတ်နိုးလာပြီး ပါးစပ်ကဖွင့်မပြောသည့်တိုင် ပန်းလှကို အစိုက်တကြည့်ကြည့်ဖြစ်လာ၏။

ပန်းလှသည် မိန်းကလေးတစ်ယောက်ပီပီ သူ့ကို ညွန့်အောင် မျက်စိကျနေမှန်းသိသော်လည်း ညွန့်အောင်ကို လူ



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းစိတ်ကြမ်း၊ ဘာသာတရား ကင်းမဲ့သလိုဖြစ်နေသည့်သူမျိုးကို ပြန်ချစ်ဖို့ စိတ်ကူး၍မရချေ။

ထို့ကြောင့် ပန်းလှသည် ငါးဖမ်းစက်လှေပိုင်ရှင်၏သား သောင်းထွန်း၏အချစ်ကို လက်ခံခဲ့ကာ မိဘများကလည်း သ[...] ဘောတူသဖြင့် ရွာမှာပင် ခမ်းနားစွာ လက်ထပ်ခဲ့ကြလေသည်။

ညွန့်အောင်မှာ ပန်းလှ ယောကျ်ားယူသွားစဉ်က အရက်အိုးထဲ ခုနစ်ရက်ပတ်လုံး ခေါင်းနှစ်ကာ အသည်းကြေကွဲမှုဒဏ်ကို ကုစားခဲ့သော်လည်း နောက်ပိုင်း ရွာထဲ၌ ကြုံသည့်ဆုံသည့်အခါ ပန်းလှအပေါ် အခေါ်အပြော မပျက်ချေ။

သို့ဖြင့် ပန်းလှတွင် လူရဲဟူသော သားလေး တစ်ယောက်ပင် ရရှိလာခဲ့ပြီဖြစ်၏။

ညွန့်အောင်သည် အရက်ချိုးတစ်ဦးဖြစ်သလို သူ၏ည[...] ညွန့်လှိုင်မှာလည်း အရက်ကိုးမောင်းသောက်ပြီး နေပူမိုးရွာ[...] မရှောင် မြစ်ထဲချောင်းထဲတွင် ရေစိမ်ကျွဲလို ပိုက်ငင်၊ ပိုက်ချ[...] ပိုက်သိမ်းအလုပ်တို့ကို ကြိုးရှန်းလုပ်နိုင်သူဖြစ်သည်။

"အစ်ကိုညွန့်အောင် . . . ဒီည ဝဲပြန်ချောင်းဘက်သွား[...] အောင်ကွာ၊ အဲဒီက ချောင်ကျိုးအင်းမှာ ငါးသလောက်တွ[...] ငါးကြင်းတို့ ဒီလိုရေထရက်မှာ လှိုင်လှိုင်ပေါ်ဆိုပဲ"





"သွားလေ၊ ညစာရိက္ခာတော့ အပြည့်ယူခဲ့"

"ဒါတော့ မပါမဖြစ်လေ ငါ့အစ်ကိုရဲ့ . . . ဟဲ ဟဲ ဟဲ"

သူတို့အတွက် ညစာရိက္ခာဆိုသည်မှာ မီးတောက်ချက်အရက်နှင့် ငါးရံ့ခြောက်မီးဖုတ်ဖြစ်၏။

သို့ဖြင့် လဆန်းလလေး တိမ်မြုတ်ကြားမှ ထိုးထွက်ဝင်းပလာချိန်မှာပင် ပေါင်းမိုးလေးပဲ့ပိုင်းတွင် တပ်ထားသည့် လှေကလေးကိုလှော်လျက် ညီအစ်ကိုနှစ်ယောက် ကနီချောင်းဆိပ်မှ ထွက်ခွာလာခဲ့ကြလေသည်။

သူတို့သည် ချောင်းဝဘက်သို့ ဦးတည်လှော်ခတ်ခဲ့ကြပြီး သံဒိမြစ်နှင့်ဆုံရာ ချောင်းအဝအနီးမရောက်မီမှာပင် ဝဲပြန်ချောင်းလက်တက်ဆီ ရောက်ရှိလာရာ လှေကို ဝဲပြန်ချောင်းရိုးလေးထဲချိုးကွေ့ဝင်ရောက်ခဲ့ကြလေသည်။

ဝဲပြန်ချောင်းမှာ ရိုးသာ်သာ ချောင်းကျဉ်းလေးဖြစ်ပြီး ချောင်းကမ်းနံဘေး ဝဲယာတွင် တံငါတဲတစ်လုံးနှစ်လုံးမှလွဲ၍ လူနေအိမ်ခြေ မရှိချေ။

တဲလေးများမှာလည်း ချောင်းကွေ့တစ်ကွေ့ရောက်မှ တစ်လုံးတွေ့ရခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဝဲပြန်ချောင်းမှာ ကျဉ်းသော်လည်း ချောင်းဖျားနားရှိ ချောင်းကျိုးအင်းတွင် ဒီရေအတက်နှင့်ပါလာသည့် သားကြီး၊ ငါးကြီးတို့ ဒီရေအကျတွင် နိအောင်းကျန်ရစ်တတ်သဖြင့် သားငါး ပေါတတ်လေသည်။

သို့သော် ထိုချောင်းကျိုးအင်းတွင် လူတံငါမှုဆိုးတို့နှယ် ပင် ရေဘုရင်မှုဆိုးကြီးများဖြစ်သော မိကျောင်းကြီးများ သားရှာ၊ ငါးရှာ ရောက်ရှိလာတတ်သဖြင့် တော်ရုံသတ္တိကောင်းသော တံငါသည်တို့ ငါးရှာ၊ ဖားရှာရန် စိတ်ပင်မကူးဝံ့သော အင်းဖြစ်၏။

ယခု ထိုဝဲပြန်ချောင်းကျိုးအင်းဆီ ညွန့်အောင်တို့ညီအစ် ကို ဦးတည်လာခဲ့ချေပြီ။

မည်သည့်အန္တရာယ်ကိုမျှ မမှုသော ညွန့်အောင်တို့ညီ အစ်ကိုမှာ ပိုက်တစ်ဖုံ၊ မှိန်းနှစ်လက်၊ ဓားမြှောင်နှစ်ချောင်း၊ အရက်လေးပုလင်းနှင့်အတူ ဝဲပြန်ချောင်းရိုးအတိုင်း ဆန်တက် လှော်ခတ်လာခဲ့ကြချေပြီ။

လူသူဝေးရာ ဝဲပြန်ချောင်းရိုး၏ နံဘေးတစ်ဖက်တစ်ချက် တွင် ကျူပင်၊ ကိုင်းပင်တို့ ရေထဲမှ ထိုးထွက်ပေါက်ရောက်လျက် ရှိပြီး ချောင်းဖျားရောက်လာသည်နှင့် ချောင်းလေးမှာ ဆယ်ပေ ဆယ့်ငါးပေခန့်သာ ကျယ်တော့၏။





ခဏအကြာမှာမူ ပေသုံးဆယ်ပတ်လည်ခန့်ကျယ်ပြီး ကျူတော ကိုင်းတောကြီးများ ဟည်းထဝန်းရံနေသည့် ဝဲပြန် ချောင်းရိုးအင်းထဲသို့ သူတို့၏လှေကလေး ရောက်ရှိသွားတော့၏။

''လှေကို ရွှဲသတ်လိုက်တော့ ညွန့်လှိုင်၊ ဒီမှာပဲ ပိုက်ချ မယ်''

ညီဖြစ်သူညွန့်လှိုင်က လှေကိုအရှိန်သတ်နေစဉ် အစ်ကို ဖြစ်သူ ညွန့်အောင်က ပိုက်စချသည်။

အနက်ရောင်နိုင်လွန်ပိုက်က ရေထဲတမြုတ်မြုတ်ဖြင့် နစ်မြုပ်သွားပြီး အဖြူရောင် ဖော့တုံးလေးများက ရေပြင်ထက် တွင် အစီအရီ ပေါ်လောပေါ်လာကြ၏။

ထို့နောက်တွင်မူ လသာသာ ကြယ်ရောင်တလက်လက် အောက်တွင် မီးတောက်ချက်အရက်ကို တစ်ငုံမော့လိုက်၊ ငါးရံ့ ခြောက်ဖုတ်ဆီဆမ်းလေးတစ်ဖက်ကို ကိုက်မြည်းလိုက်ဖြင့် ညီ အစ်ကိုနှစ်ယောက် ညည့်ရိက္ခာယူနေကြတော့၏။

အရက်နှစ်လုံးလောက်ကုန်မှ ရေစိမ်ကျွဲ ညွန့်အောင်တို့ ညီအစ်ကိုမှာ ရီဝေရီဝေဖြစ်လာရာ လှေနံကို ကျောမှီရင်း ကွမ်း ကျဲ့သစ်မြို့ကာ ဆက်ရက်မင်းစည်းစိမ် ခံစားလျက်ရှိကြလေသည်။

သို့သော် သူတို့သည် ကနီချောင်းရိုးတစ်လျှောက်တွင်

www.burmeseclassic.com



နာမည်တစ်လုံးနှင့်နေသော တံငါမုဆိုးကျော်များပီပီ သတိလက်လွတ် ဗိမ်ခံမှုတော့ မပြုကြချေ။

သူတို့၏မျက်လုံးတို့က ရေပေါ် ပေါလောပေါ်နေသည့် ဖော့တုံးလေးများကို မျက်ခြည်မပြတ် စောင့်ကြည့်လျက် ရှိကြလေ၏။

အရက်တစ်ပိုင်းထင်ကုန်သည်အထိ ဖော့တုံးလေးများ၏ အခြေအနေက ထူးခြားမလာသည့်အခါ ညွန့်အောင် မျက်မှောင်ကြုတ်လိုက်မိသည်။

ခါတိုင်း ဤချောင်းကျိုးအံင်းဝယ် ပိုက်လာချပါက ပိုက်ချပြီး တစ်နာရီမျှအတွင်း ငါးမိလေ့ရှိသည်။

ယခုအခြေအနေကြည့်ရသည်က ရေပေါ်ပေါ်နေသည့် ဖော့တို့ လှုပ်ပင်မလှုပ်။ ငါးတိုးပုံ မပေါ်၊ ဘယ်လိုဖြစ်ပါလိမ့်။

ညွန့်အောင်သည် ရီဝေဝေမျက်လုံးတို့ဖြင့် လရောင်ဆမ်းထားသော ရေပြင်ကို စိုက်ကြည့်ရင်း သူ့နာခေါင်းကို ပွစိပွစိလုပ်လိုက်မိသည်။ ထူးထူးခြားခြား အညှီနံ့ကို ခံစားနေရ၏။ ယင်းအညှီနံ့က ငါးညှီနံ့နှင့်မတူ စူးအဲ့အဲ့အနံ့မျိုး ဖြစ်သည်။

စိတ်ထဲဝယ် သင်္ကာရနံ့မကင်းလာသဖြင့် ဝန်းကျင်ရှိ ရေပြင်အနှံ့ မျက်လုံးကစားကြည့်လိုက်မိ၏။ ဘော်ငွေလရောင်





အောက်မှ စိမ်းညို့မည်းမှောင်နေသော ရေပြင်ပေါ်ဝယ် လှိုင်းကြက်ခွပ်ကလေးများ စိပ်စိပ်ထလာသည်ကို တွေ့ရရာ ညွန့်အောင် မျက်လုံးပြူးသွားပြီး လှေဝမ်းထဲ၌ အလျားလိုက်ချထားသော မှိန်းကို ကောက်ကိုင်လိုက်သည်။

"အစ်ကို ... ဘာလဲ"

"ရေထဲမှာ မိကျောင်းထင်တယ် ညွန့်လှိုင် ... သတိထားစမ်း"

ညွန့်အောင်က ညီဖြစ်သူကို သတိပေးရင်း ခပ်ဖြည်းဖြည်း ရပ်လိုက်ကာ ရေပေါ်ပေါ်လာသည့် ရန်သူကို ချက်ကောင်းဆီးထိုးရန် မှိန်းကို ကိုင်မြှောက်လိုက်၏။

အန္တရာယ်အနံ့ ရလိုက်သဖြင့် စိတ်လှုပ်ရှားသွားသော်လည်း သူ့တွင် ကြောက်စိတ်မရှိချေ။

မွေးရာပါ ဗီဇသွေးအရ သတ္တိကောင်းသူဖြစ်သဖြင့် တုံးဆိုတိုက် ကျားဆိုကိုက်ရန် ဝန်လေးသူမဟုတ်။ အန္တရာယ်ကို ရှောင်တတ်သူမဟုတ်၊ လာမယ့်ဘေး ပြေးတွေ့ရမှ ကျေနပ်သူဖြစ်၏။

လေပြည်တိုက်ခတ်နေသဖြင့် ချောင်းကျိုးအင်းရေပြင်ထဲယ်မှ အခြားရေလွှာပြင်တို့ပေါ်ဝယ် လှိုင်းက တလူးလူး တငြိမ့်



www.burmeseclassic.com

www.burmeseclassic.com



ငြိမ့်ဖြစ်နေသော်လည်း သူတို့၏ လှေအနီးဝန်းကျင်မှ ရေပြင်ပေါ်မှာမူ လှိုင်းကြက်ခွပ်စိပ်စိပ်လေးများသာ ထူးခြားစွာ ဖြစ်ပေါ်လျက်ရှိနေ၏။

"အဲဒီလို လှိုင်းကြက်ခွပ်စိပ်စိပ်လေးတွေ ဖြစ်ပေါ်နေပြီဆိုရင် အဲဒီရေပြင်အောက်မှာ မိကျောင်းရှိနေပြီကွ ... ညွန့်လှိုင်"

"ရှိရှိပေါ့ အစ်ကိုရာ၊ ရှိတော့လည်း ကျုပ်တို့ မိကျောင်းသား စားရတာပေါ့၊ မိကျောင်းဝမ်းတွင်းသားက တယ်ကောင်းဆိုပဲ၊ အရက်နဲ့မြည်းလိုက်ရရင် ဇိမ်ပဲ ... ဟဲ ဟဲ"

ညွန့်လှိုင်ကလည်း မိကျောင်းကို ဖွတ်လောက်ပင် အမှုထားဟန်ဖြင့် ကရော်ကမယ် ရယ်သွမ်းသွေးရင်း မှိန်းကို လက်ဝယ် တဆဆလုပ်ကာ ရေပြင်ပေါ် မျက်စိကစားလျက် ကျ
ချောင်း ချောင်းနေတော့၏။

သို့သော် ကြည့်နေရင်းမှပင် လှိုင်းကြက်ခွပ်စိပ်စိပ်လေးများ ပျောက်သွားပြီး ရေပြင်ပေါ်ဝယ် လှိုင်းတို့တလူးလူး တလွ
လွန့်ဖြင့် ဘောင်ဘင်ခတ်ကာ ပုံမှန်စီးမျောလျက် ရှိနေတော့သည်။

"အစ်ကို ... ဒီရေအောက်မှာ မိကျောင်းရှိတာ ဟုတ်
မလားဗျ"





"သေချာတယ် ညွန့်လှိုင်၊ မိကျောင်းဆိုတဲ့ကောင်က ဉာဏ်များတယ်ကွ၊ အဲဒီတော့ ရေအောက်ငုပ်သွားပြီး ဒီကောင် ငါတို့လှေကို ထမ်းလာနိုင်တယ် ... သတိထား၊ ဒါမှမဟုတ် လှေဘေးနားမှာ ရုတ်တရက် ကပ်ပေါ်လာပြီး အမြီးနဲ့ ရိုက်ချချင်ချမှာ"

သူတို့ညီအစ်ကို ကျောချင်းကပ်ရင်း ရေပြင်ကို သတိကြီးစွာဖြင့် စောင့်ကြည့်နေကြ၏။

မိုးရနံ့သင်းသော လေညင်းသွဲ့သွဲ့က ပိုမို တိုက်ခတ်လာသဖြင့် ချောင်းကျိုးအင်းဝဲယာမှ ကျူပင်၊ ကိုင်းပင်များမှာ တရှဲရှဲမြည်ကာ လှုပ်ယိမ်းလျက်ရှိကြပြီ။

ထိုစဉ် တိမ်ညိုတစ်အုပ်က လခြမ်းကွေးတို့ ရက်စက်စွာ
အုပ်လိုက်သည်။

ဝန်းကျင်၌ လရောင်မဲ့သွားသဖြင့် ရုတ်ခြည်းမှောင်သွား
ဝံပြန်ချောင်းကျိုးအင်း ရေပြင်ပေါ်ဝယ် ကောင်းကင်၏
ပျရောင်ပြန်သာ ဟပ်လျက်ရှိပြီး ရေပြင်က ပိုလို့ မည်းမှောင်
၏။

ရာသီဥတုက ရန်သူ့ဘက်ပါသလို ဖြစ်နေပြီ။ အပေါင်း
ည်းသွားသဖြင့် ပိုလို့မည်းမှောင်လာသော ရေပြင်ကို အကဲ



www.burmeseclassic.com

www.burmeseclassic.com



ခတ်ရခက်သွားသည်။

မိကျောင်းမှာမူ သဘာဝစွမ်းရည်အရ အမြင်အာရုံ ကောင်းလှသဖြင့် ဤသို့သောညစ်မှောင်မှောင်ထဲဝယ် ရေအောက် မှပင် သူတို့ကို မြင်နိုင်ပေလိမ့်မည်။

ရေဘုရင်နှင့်ရင်ဆိုင်ရန် အသင့်ပြင်နေကြရသည့် ညွန့် အောင်တို့ညီအစ်ကိုမှာ တိုက်ပွဲမစမီမှာပင် တစ်ပန်းရှုံးလျက်ရှိ တော့သည်။

အန္တရာယ်ကို မျက်ခြည်မပြတ် ဂရုစိုက်နေရသဖြင့် စော စောက ဆက်ရက်မင်းစည်းစိမ်လေးပင် ဘယ်ဆီလွင့်သွားပြီမသိ သေရေးရှင်ရေး ကြုံနေရသဖြင့် လေချဉ်တက်ရန်ပင် မေ့နေကြ တော့သည်။

"တောက် ... အရေးထဲ မိုးက ရွာလာသေးတယ်ကွာ"

ဟုတ်ပါရဲ့ တောင်လေနှင့်အတူ မိုးစက်မိုးပေါက်တို့က တဖြောက်ဖြောက်ကျလာခဲ့ပြီ။ လှေပေါင်းမိုးပေါ်သို့ရော၊ သူတို့ ခန္ဓာကိုယ်အထက်သို့ပါ မိုးစက်မြားတံတို့ အဆက်မပြတ် ကျ ရောက်လို့လာခဲ့ပြီ။

မိုးရေစက်တို့ကြောင့် ရေပြင်၏အခြေအနေက ပိုမို ရှု ထွေးသွား၏။ မြင်ကွင်းရှုပ်ထွေးသွားသဖြင့် အန္တရာယ်၏ အရို





အယောင်ကို မှန်းဆ၍မရတော့ချေ။

ယင်းအချိန်မှာပင် လှေကလေးသည် သိမ့်ခနဲ တုန်သွား ပြီး ရုတ်တရက် ရေပေါ်မြောက်တက်သွားတော့၏။

"ဟာ"

"ဟင်"

လှေက နံဘေးသို့စောင်းကာ ရေပေါ်ပြန်အကျဝယ် လှေ မှောက်စေရန် ညွန့်အောင်တို့ မနည်းထိန်းလိုက်ရ၏။

"တောက် ... ငါတို့ကို ခေါင်းရှုည်တော့ ဒုက္ခပေးပြီ ညွန့်လှိုင်ရေ၊ သတိသာထားပေတော့"

ဉာဏ်များလှသော ရေအောက်မှသတ္တဝါကို ဒေါသပြင်း ာ ထွက်နေသည့် ညွန့်အောင်က ညီဖြစ်သူကို အော်ဟစ်သတိ ပေးရင်း သူကိုယ်တိုင်က လှေနံကို လက်တစ်ဖက်ဖြင့် ဆုပ်ကိုင် ာ ကျန်လက်ထဲမှ မိန်းကိုမြှောက်ကိုင်လျက် ရေပြင်ကို စူးစူးဝါး း ကြည့်နေလေသည်။

ရေအောက်မှ သတ္တဝါကြီးကလည်း လှေကို နှစ်ချက် ချက် ကျောဖြင့်ပင့်တင်ကာ မှောက်ဖို့ ကြိုးစားသည့်တိုင်‌ တ်နိုင်သန်မာသော ရေမှဆိုးညီနောင်၏ အလေးချိန်ကြောင့် မှာ မျှော်မှန်းသလောက် မြောက်ကြွတိမ်းမှောက်ခြင်း မရှိချေ။



www.burmeseclassic.com

သည့်တွင် ရေအောက်မှ မိကျောင်းကြီးသည် တိုက်စစ်[illegible]တို့ပြောင်းကာ အမြီးဖြင့် လှေပေါ်မှ သတ္တဝါတို့ကို ရိုက်ချ[illegible] ကိုယ်ကို ရေပေါ်သို့ အသာဖော့တက်လိုက်၏။

အခွင့်အရေးကို ချောင်းနေသည့် ညွန့်အောင်လည်း မိကျောင်းကြီး၏ကျောရိုးဆူးတောင်တို့ ရေပြင်ပေါ် မည်းခနဲတက်လာသည်နှင့် မိန်းဖြင့် တအား ထိုးစိုက်ချလိုက်တော့သည်။

နှစ်ခွမိန်းအသွားတို့က လည်ကုပ်သားထဲ မိမိရရ စိုက်ဝင်သွားရာ မိကျောင်းကြီးမှာ ခါထွက်သွားပြီး စူးနစ်လှသည့် နာကျင်မှု ဝေဒနာကြောင့် ရေထဲဝယ် ဖျပ်ဖျပ်လူးသွားတော့၏။

မိကျောင်းကြီးသည် မိန်းတန်းလန်းနှင့် ရေထဲဝယ် ပြောင်းဆန်ကာ ရရာမိရာကို အမြီးကြီးဖြင့် သွေးရူးသွေးတန်း တဖြန်းဖြန်း ရိုက်ပုတ်လျက်ရှိရာ ရေပြင်မှာ တဗွမ်းဗွမ်းဖြစ်လျက် ရေစက်ရေမှုန်တို့က ညွန့်အောင်တို့ကိုယ်ပေါ် ရွှဲရွှဲစိုအောင်စဉ် လျက်ရှိတော့သည်။

တစ်ချီတွင် မိကျောင်းကြီး၏ အမြီးရိုက်ချက်က ရေပေါ် ဝဲခနဲတက်လာပြီး ညွန့်အောင်တို့ညီအစ်ကိုထံ ဦးတည်လာရာ သူတို့ညီအစ်ကိုမှာ ကိုယ်ကို လှေပေါ်ပြားပြားဝပ်ချကာ ကပျာကသီ ရှောင်လိုက်ရလေ၏။





'ပြောင်း ..ဝုန်း'

မိကျောင်းကြီး၏အမြီးရိုက်ချက်မိသွားသည့် လှေပေါ်မှ ခေါင်းမိုးကြီးမှာ ဖရိုဖရဲ လွင့်ထွက်သွားတော့သည်။

ဤတွင် အထိနာလျက်ရှိသော မိကျောင်းကြီးအား မြန်မြန်ဓာတ်သိမ်းပေးလိုက်ရန် ဆုံးဖြတ်လိုက်သည့် ညွန့်လှိုင်က ခါးထက်ထဲမှမိန်းကို ပစ်ချလိုက်ပြီး ခါး၌ သားရေဓားအိမ်ဖြင့် ချိတ်ထားသော ဓားမြှောင်ကို ဆတ်ခနဲဆွဲထုတ်လိုက်ကာ ရေထဲ ဒိုင်ဗင်ထိုးဆင်းလိုက်တော့၏။

ညွန့်အောင်မှာ ညီဖြစ်သူ၏ မိုက်ရူးရဲဆန်ကာ အရဲကိုးသွန်းမှုအတွက် အံ့အားသင့်သွားကာ စိုးရိမ်ပူပန်သွားတော့သည်။

ရေပြင်မည်းမည်းကြီးသည်ကား ပို၍ ပြောင်းဆန်သွားပြီး ရေမှုဆိုးနှစ်ဦး ဘတစ်ပြန် ကျားတစ်ပြန် သတ်ပုတ်လူးလိမ့်နေမှုကြောင့် ရေစက်ရေမွှားတို့ တဖွားဖွားလွင့်တက်ကာ တဘုန်းဘုန်း မြည်ဟိန်းလျက်ရှိတော့၏။

'ဘုန်း ..ဝုန်း ဝုန်း ..ဘုန်း'

မိကျောင်းကြီးက ညွန့်လှိုင်ကို ထိုးဟပ်ကိုက်ခဲရန် ကြိုးစားသလို ညွန့်လှိုင်ကလည်း ထိုးဝင်လာသည့် မိကျောင်းကြီး၏ မေးရိုးကို လက်တစ်ဖက်ဖြင့် ထောက်ကန်ပင့်တင်လိုက်ရင်း မိ



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းကြီး၏မေးအောက်သို့ လျင်မြန်စွာ လျှောဝင်လိုက်၏။

ပြီးလျှင် မိကျောင်းကြီး၏လည်ပင်းကို မလွှတ်တမ်း ညှစ်ဖက်ကာ လည်ချောင်းအောက်ခြေကို ဓားမြှောင်ဖြင့် အဆက်မပြတ် ပင့်ထိုးတော့၏။

မိကျောင်းကြီးမှာ အသည်းခိုက်မျှ နာကျင်သောဝေဒနာဖြင့် သွေးရူးသွေးတန်း ရုန်းကန်ရင်း ရေအောက်သို့ ထိုးဆင်းသွားရာ ညွှန့်လှိုင်မှာ မိကျောင်း၏လည်ပင်းဖက်လျက်သား လိုက်ပါသွားရတော့၏။

သို့သော် ညွှန့်လှိုင်မှာ သူ့အစ်ကိုကဲ့သို့ပင် ဆလုံတိုင်းရင်းသားတို့နီးပါး ရေငုပ်ကျွမ်းကျင်သဖြင့် မိကျောင်းကြီးဆွဲခေါ်သွားရာသို့ ထိတ်လန့်ခြင်းမရှိဘဲ အသာလိုက်ပါသွားတော့သည်။

မိကျောင်းကြီးကား ရန်သူကို အရှုံးပေးလိုက်ရသဖြင့် မချိတင်ကဲ နာကြည်းဒေါသပြင်းစွာထွက်လျက်ရှိဟန်တူကာ ရန်သူကို သူမသေမီ မဖြစ်ဖြစ်သည့်နည်းဖြင့် လက်စားချေရန် ဆုံးဖြတ်ခဲ့လေသလား မသိ . . . ရေအောက်၌ နွံထဲမှ တစ်ဝက်တစ်ပျက်ပေါ်နေသည့် ကျောက်တုံးကြီးကို သူ၏ဝမ်းဗိုက်ပိုင်းနှင့် တစ်ဟုန်ထိုး ဆောင့်တိုက်ချလိုက်တော့သည်။

မိကျောင်းကြီးရည်ရွယ်သည်မှာ သူ၏ဗိုက်အောက်၌





တွယ်ကပ်လိုက်ပါလာသည့် သူ၏ရန်သူ ကျောက်တုံးကြီးနှင့် ဆောင့်မိပြီး စိစိညက်ညက်ကြေသွားစေရန် ဖြစ်ပုံရ၏။

သို့သော် ညွှန့်လှိုင်မှာလည်း ဖျံနီးပါး ရေတွင်ကျွမ်းကျင်သူမို့ ရေအောက်သို့ ဝါးတစ်ရိုက်နီးပါး ဆင်းလာခဲ့ပြီးသည်နှင့် မိကျောင်းကြီးကို ရုတ်တရက်လက်လွှတ်ကာ ဖယ်ခွာရှောင်လိုက်လေသည်။

ညွှန့်လှိုင် ဖယ်ရှောင်သွားသည်မှာ အချိန်ကိုက်ဖြစ်၏။ သူ မိကျောင်းကြီးမှ ခွာနိုင်ခဲ့ပြီး စက္ကန့်ပိုင်းအတွင်းမှာပင် ရေအောက်ကျောက်တုံးကြီးနှင့် မိကျောင်းကြီး၏ဝမ်းဗိုက်ကြီး ပြေးဆောင့်တော့၏။

ယင်းအချိန်ဝယ် ရေမျက်နှာပြင်ပေါ်သို့ မိုးစက်မိုးပေါက်တို့ ကျရောက်ခြင်းမရှိတော့ချေ။ မိုးလုံးဝစဲသွားပြီး တိမ်မည်းညိုအုပ်စုတို့ လေနှင်ရာ လွင့်ပါသွားကာ လတစ်ခြမ်းကွေးလေးက အပြာရင့်ရောင် ကောင်းကင်ကြီးထဲဝယ် ထင်လင်းစွာ ထွက်ပေါ်လာခဲ့ပြီ။

လှေပေါ်ဝယ် ဒူးတစ်ဖက်ထောက်ထိုင်ရင်း ဝဲဘက်လက်ဖြင့် လှေနံကိုကိုင်ထားကာ လက်ယာလက်က ဓားမြှောင်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း ဂယက်ထနေသည့် ရေပြင်



www.burmeseclassic.com

www.burmeseclassic.com



ကို စိုးရိမ်ကြီးစွာ စိုက်ကြည့်နေသော ညွန့်အောင်မှာ လရောင်ဆမ်းသည့် ရေလွှာပြင်ထက်သို့ ဘွားခနဲပေါ်လာသည့် ညီဖြစ်သူကို တွေ့လိုက်ရသည်နှင့် လှိုက်ခနဲ ရင်ခုန်လျက် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားတော့၏။

ထိုခဏမှာပင် မိကျောင်းသေကြီးလည်း ရေပေါ်သို့ ပေါ်လာရာ ညွန့်လှိုင်က မိကျောင်းသေကြီးကို လက်တစ်ဖက်ဖြင့် ဖက်ရင်း လှေဆီ ကူးခတ်လာတော့၏။

ညွန့်အောင်ကလည်း လှေကို သူ့ညီဆီဦးလှည့် လှော်ခတ်လိုက်ပြီး အနီးသို့ရောက်သည်နှင့် တက်ကိုချကာ ညီဖြစ်သူကို ရေပေါ်ကဆွဲတင်လိုက်တော့သည်။

ညွန့်လှိုင်သည် လှေပေါ်သို့ လိမ့်တက်လိုက်ပြီး လှေဝမ်းထဲ၌ ပက်လက်လှန်လိုက်ကာ အမောဖြေလိုက်ရစဉ် ညွန့်အောင်က ကြိုးတစ်ချောင်းဖြင့် မိကျောင်းကြီးကို လှေနှင့်တွဲချည်လျက်ရှိလေ၏။

ထို့နောက် သူက ပိုက်ကိုဆွဲငင်တင်လိုက်ရာ ငါးသေးငါးမွှားသာပါသည့်ပိုက်မှာ လှေပေါ် ခဏချင်း ရောက်ရှိသွားတော့သည်။

သူတို့ညီအစ်ကိုအတွက် ရတနာပုံဆိုက်သည့်နှယ် မိ





ကျောင်းကြီးတစ်ကောင်လုံး ရလိုက်သဖြင့် ယနေ့ညအဖို့ မည်သည့်ငါးကိုမျှ မလိုတော့ချေ။

"ငါ့ညီ ညွန့်လှိုင် . . . မင်းရဲ့ပြောင်မြောက်တဲ့ တိုက်ပွဲအတွက် ငါ ဂုဏ်ယူတယ်ကွ၊ တကယ်ပါပဲ၊ ငါ့ညီအတွက် ဂုဏ်ယူတယ်"

"အစ်ကို့ရဲ့မှိန်းချက်မိတည်းက ဒီကောင်ကြီး အရုပ်ကျိုးပြတ် ဖြစ်နေတာပါဗျာ၊ ငါ့အစ်ကိုရဲ့လက်မြန်ချက်နဲ့ ပစ်မှတ်ကိုတွက်တိ၊ ထိုးချက်က အံ့မခန်းပါပဲ"

ညီအစ်ကိုနှစ်ယောက်မှာ အပြန်အလှန် ချီးမွမ်းစကားဆိုရင်း ပီတိဖြော့စွာဖြင့် လှေကို ဦးပဲ့လှော်ကာ ဝဲပြန်ချောင်းထဲမှ ထွက်ခွာလာခဲ့ကြတော့၏။ လှေနှင့်ပူးချည်ထားသည့် မိကျောင်းကြီး၏အလေးချိန်ကြောင့် လှေကလေးမှာ တစ်ဖက်သို့စောင်းလျက်ရှိပြီး ထိုပုံစံအတိုင်း ရွာဆီ တရွေ့ရွေ့ ဦးတည်လာခဲ့ချေပြီသည်။

❁



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ကိုကြီးညွှန့်အောင်တို့ မိကျောင်းကြီးတစ်ကောင် ရလာတယ်ဟေ့"

"ဟုတ်တယ်ဟေ့၊ မိကျောင်းကြီးက လှေထက်ကြီးပါလား၊ လာ ... လာကြည့်ကြစမ်း"

နံနက်အစောကြီးထကာ ချောင်းရိုးထဲ သရက်သီးကောက်နေကြသည့် ကလေးများ၏အော်သံကြောင့် အိပ်မှုန်ထနိုးစအခါ ကနီရွာကလေးမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားရတော့၏။

ရွာထဲမှကလေးများက အူယားဖားယားဖြင့် ဦးစွာ ပြေးဆင်းလာကြကာ လူကြီးတစ်ယောက်စ နှစ်ယောက်စက နောက်မှ မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် လိုက်ပါလာကြလေသည်။

မကြာမီမှာပင် ရွာသူရွာသား အတော်များများ ကမ်းနားသို့ စုဝေးရောက်ရှိလာကြကာ ကမ်းသို့ ရွေ့ရွေ့ကပ်လာသည့် ညွှန့်အောင်တို့ညီအစ်ကို၏လှေကို ပြူးတူးပြဲတဲ ဝိုင်းကြည့်လျက်ရှိကြတော့၏။

ညွှန့်အောင်တို့ညီအစ်ကိုကမူ မည်သူ့ကိုမျှ ဂရုမစိုက်ဘဲ လှေကို ကမ်းကပ်ကာ လှေကြိုးကို ငုတ်၌ချည်ပြီးသည်နှင့် မိကျောင်းကြီးအား ဆွဲချည်ထားသည့်ကြိုးကို ဖြည်လိုက်ကြလေသည်။





ထို့နောက်မှာမူ ဆယ့်နှစ်ပေခန့်ရှည်လျားသည့် မိကျောင်းကြီးကို ညီအစ်ကိုနှစ်ယောက် ဦးပွဲထမ်းကာ ရေစပ်မှတက်လာခဲ့ပြီး ရွာထဲသို့ ဝင်လာခဲ့ကြတော့၏။

"ဟ ... မိကျောင်းကြီးက နည်းတာကြီးမဟုတ်ဘူး၊ ရဲညွှန့်ရေ"

"ဟုတ်တယ် ဖိုးတာတီး၊ ခေါင်းက သုံးတောင်လောက်ရှိတယ်ဗျ၊ နတ်မိကျောင်းကြီးလား မသိဘူး"

"ခက်တာပဲကွာ ... နဂိုကမှ ငါတို့ ကနီချောင်းရိုးတစ်လျှောက်မှာ မိကျောင်းတွေ သောင်းကျန်းနေတာ၊ နတ်မိကျောင်းကြီးကို ဒီကောင်တွေ သတ်လာတော့"

"အဲတော့ ... ဘာဖြစ်လဲ ဖိုးတာတီး"

"နတ်မိကျောင်းကြီးတွေ ငြိုးမှာ ကြောက်ရတယ်ကွ၊ သူတို့ငြိုးရင် မလွယ်ဘူး"

ဖိုးတာတီးက အသက် (၇၀) ကျော်ပြီဖြစ်၏။ သူကရှေးမီ နောက်မီ အဘိုးအိုတစ်ဦးဖြစ်သည်။ ဖိုးတာတီး၏စကားကို ရဲညွှန့်နှင့်ရွာသားအချို့က စိတ်ဝင်စားသွားကြ၏။

"သူတို့က ဘယ်လိုငြိုးတတ်လို့လဲ ဖိုးတာတီး"

"အေး ... နတ်မိကျောင်းတွေ ဘယ်လိုငြိုးတတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သူတို့ အငြိုးအတေးထားတဲ့သူတွေကို ဘယ်လို လက်စားချေ တဲ့ပြန်တတ်ကြသလဲဆိုတာကို ငါ တစ်နေ့ကျရင် အေးအေးဆေး ဆေး ပြောပြပါ့မယ်ကွာ၊ ဘာပဲဖြစ်ဖြစ် ညွှန့်အောင်တို့ညီနောင် လုပ်ပုံတော့ ငါ ရင်လေးတယ်ဟေ့''

''ဟုတ်ပ့ါ ဖိုးတာတီးရာ၊ ဒီကောင်တွေ နတ်မိကျောင်း တွေက ငြိုးမှာ မကြောက်ဘူးလားမသိဘူး''

ရွာထဲမှာ ကြွက်စီ ကြွက်စီဖြစ်နေကြသည်။ ကလေးတွေ က သတင်းဖြန့်ချိသဖြင့် ညွှန့်အောင်တို့ညီနောင် မိကျောင်းကြီး ဖမ်းမိလာသည့်သတင်းက တစ်ရွာလုံးသို့ တစ်မုဟုတ်ချင်း ပျံ့ သွား၏။

ရွာသူတို့ပါ အိမ်ခြံဝိုင်းတို့ထဲမှ ထွက်ကြည့်ကြ တအံ့ တသြဖြစ်နေကြသည်။

ညွှန့်အောင်တို့ညီနောင်ကမူ ဘာကိုမျှ ဂရုမစိုက်ဟန်ဖြင့် သွေးသံတရဲရဲနှင့် မိကျောင်းကြီးကို ပခုံးထက်ထမ်းရင်း ဂုဏ်ယူ စွာဖြင့် ရွာလယ်လမ်းအတိုင်း သူတို့၏အိမ်ရှိရာ ရွာတောင်ပိုင်း သို့ လျှောက်လာခဲ့ကြလေ၏။

တကယ်တော့ ကနီရွာမှမဟုတ် ရေနှင့်ငါးနှင့် အင်းအိုင် လုပ်စားကြသည့် မြစ်ဝကျွန်းပေါ်ရွာတိုင်းလိုလိုမှ ရေလုပ်သားတ





သည် နတ်ယုံကြည်မှု သည်းကြ၏။

အထူးသဖြင့် ကနီချောင်းရိုးတစ်လျှောက်မှ ရွာများဆို လျှင် သူတို့၏ချောင်းရိုးတစ်လျှောက် နတ်မိကျောင်းများ ကျက် စားလေ့ရှိသည်ဟု ယုံကြည်ကြသည်။

နတ်မိကျောင်းတို့ကို ထိပါးစော်ကားမိလျှင် ချောင်း စောင့်၊ မြစ်စောင့်၊ အင်းကျိုးစောင့်နတ်တို့၏ ကျိန်စာသင့်ခြင်း ခံရမည်ဟု ယုံကြည်ကြ၏။

သို့ကြောင့်လည်း နှစ်ချို့မိကျောင်းကြီးများဆိုလျှင် နတ်မိ ကျောင်းကြီးများဟု ယူဆကာ ရန်သူဟုမမြင်ဘဲ နတ်ဒေဝတာတို့ ၏စေတမာန်များအဖြစ်မြင်လျက် ဝေးဝေးကရှောင်တတ်ကြ၏။

ယခုတော့ သူတို့ကြောက်ရွံ့စွာ ရှောင်ရှားကြသည့် နတ် မိကျောင်းကြီးတစ်ကောင်ကို နတ်လည်းမကိုးကွယ်၊ ကျိန်စာ သည်း မယုံသည့် လူပေလူတေ ညွှန့်အောင်တို့ညီနောင်က သတ် ဖြတ်လာခြင်းအတွက် စိုးရိမ်မကင်း ဖြစ်နေကြလေသည်။

ကလေးများကမူ အထူးအဆန်းဖြစ်နေ၍ မိကျောင်းကြီး ထမ်းသွားရာနောက်သို့ လိုက်ပါသွားကြတော့၏။

နေအိမ်ခြံဝင်းထဲရောက်သည်နှင့် ညွှန့်အောင်နှင့်ညွှန့်လှိုင် တို့ မိကျောင်းကြီးကို အရေ စတင်ဆုတ်တော့၏။

www.burmeseclassic.com



ရွာကာလသားအချို့နှင့်ကလေးတို့က အထူးအဆန်းသဖွယ် ဝိုင်းကြည့်နေကြ၏။ သူတို့တစ်သက်တာပင် သူတို့ရွာသားတို့အထဲမှ မိကျောင်းရလာသည်ကို မကြုံဖူးသဖြင့်လည်းကောင်း၊ မိကျောင်းတစ်ကောင်အား အရေဆုတ်ခြင်း၊ ဖျက်ခြင်းတို့ကို ယခင်က မတွေ့ဖူးကြသဖြင့်လည်းကောင်း နံဘေးမှ စိတ်ဝင်စားစွာ ဝိုင်းကြည့်နေကြခြင်းဖြစ်၏။

"ကိုကြီးညွန့်အောင် ... မိကျောင်းအရေဆုတ်ပြီး ဘာလုပ်မှာလဲဗျ"

လူပျိုပေါက်အရွယ်မရှိတရှိ အဒူလေးက ခါးကိုင်းကာ စိတ်ဝင်တစားကြည့်နေရင်းမှ မနေနိုင် မထိုင်နိုင် စပ်စုလိုက်လေသည်။

"တကယ်တော့ ကလေးများနှင့် ကာလသားတို့သည် ဘီလူးသဘက်နှယ် စိတ်ကြမ်းကိုယ်ကြမ်းရှိလှသည့် ညွန့်အောင်တို့ညီအစ်ကိုကို အမေးအမြန်းမထူရဲသဖြင့်သာ ငြိမ်သက်စွာ စောင့်ကြည့်နေကြခြင်း ဖြစ်၏။

အဒူလေးမှာမူ ညွန့်အောင်တို့နှင့် ခြေရင်းခေါင်းရင်း အိမ်နီးချင်းဖြစ်သည့်အပြင် ရံဖန်ရံခါ ညွန့်အောင်တို့အတွက် အရက်ဝယ်ပေးရလေ့ရှိသဖြင့် ရင်းနှီးနေရာ သိလိုသည်ကို အခ





ဘိုးလျက် မေးလိုက်လေ၏။

"ဟ အဒူလေးရ ... မိကျောင်းအရေဆိုတာ အားကြီးတန်ဖိုးရှိတာကွ၊ တွံတေးတက်ရောင်းရင်တောင် ဈေးကောင်းရတယ်ကွ၊ သုံးလေးထောင်တော့ အသာလေးပဲ ... ဟဲ ဟဲ ဟဲ"

ညွန့်အောင်က ဂုဏ်ယူစွာပြောလိုက်ရင်း မိကျောင်းသားရေကို ဓားဖြင့် ခွာဆုတ်လျက်ရှိပါတော့၏။

"ကိုကြီးညွန့်အောင်ရဲ့ ... အဲဒီလောက်တောင် ဈေးရသို့လားဗျ"

စပါးနက်ဆန်တစ်အိတ် ၂၅/ ခန့်သာရှိသော သမယမို့ သုံးလေးထောင်ဟူသောငွေမှာ မရှိဆင်းရဲသူများအတွက် လွန်စွာများပြားလေရကား မယုံနိုင်လောက်အောင် ဖြစ်သွားကြပြီး ညွန့်အောင်တို့ညီအစ်ကို့ကို အားကျအထင်ကြီးလျက် ရှိကြတော့၏။

"ဈေးရပြီလားကွ၊ အဲဒီမိကျောင်းသားရေကို နိုင်ငံခြားပို့င် ဒီထက်ပိုရမှာကွ"

"နိုင်ငံခြားက မိကျောင်းသားရေကို ဘာလုပ်ဖို့ ဈေးကြီးပေးဝယ်ကြတာလဲဗျ"

"မိကျောင်းသားရေကို လက်ပွေ့အိတ်တို့၊ ဖိနပ်တို့၊



www.burmeseclassic.com

www.burmeseclassic.com



[illegible]တို့ လုပ်ကြတယ်တဲ့ကွ၊ လူကုံထံတွေမှ ဈေးကြီးပေးဝယ်ပြီး [illegible]တန်း အသုံးပြုနိုင်တာတဲ့ကွ''

ဤတွင် ညွန့်အောင်၏စိတ် ကြည်သာနေသည်ကို အကဲခတ်မိသော ကာလသားမျိုးလွင်က သူ လွန်စွာသိလိုသော မေးခွန်းကို မေးမြန်းလိုက်တော့၏။

''ဒါထက် ဒီကောင်ကြီးကို ကိုညွန့် အောင် တို့ ဘယ်လိုဖမ်းမိ လာကြတာလဲဗျ၊ ကျုပ်တို့ဖြင့် ဒီလောက်ကြီးတဲ့အကောင်ကြီးကို ခင်ဗျားတို့ညီအစ်ကိုနှစ်ယောက်တည်းနဲ့ အသေဖမ်းလာနိုင်တာကို အံ့သြချီးကျူးမဆုံး ဖြစ်နေကြရတယ်ဗျ''

ခပ်ပင့်ပင့်လေးပြောလိုက်သည့် မျိုးလွင်၏စကားကြောင့် ညွန့်အောင် ဘဝင်လေဟပ်ပြီး ပြုံးသွား၏။

''ဒီလိုကွ''

ညွန့်အောင်က ဤမိကျောင်းကြီးနှင့် သူတို့ညီအစ်ကို၏ ညက တိုက်ပွဲအကြောင်း လုံးစေ့ပတ်စေ့ ပြောပြလိုက်လေသည်။

ညွန့်လှိုင်ကလည်း မိကျောင်းအရေကို စိတ်ရှည်လက်ရှည် ဆုတ်ခွာနေရာမှ အချို့နေရာတို့တွင် စကားဝင်ထောက်ပေး လျက်ရှိရာ သူတို့ညီအစ်ကိုနှင့် မိကျောင်းကြီး၏တိုက်ပွဲသရုပ် ထင်လင်းစွာ ပေါ်လာတော့၏။





မျိုးလွင်နှင့် ရွာကာလသားတစ်သိုက်၊ ကလေးတစ် [illegible]ခိုမှာ ပါးစပ်အဟောင်းသားဖြင့် အံ့သြအားကျစွာ နားစိုက် [illegible]ထောင်ကြလေသည်။

''အဲဒါပဲကွ ... ဒီကောင်ကြီးက ကြီးလွန်းတော့ လှေ [illegible]ပေါ် တင်ယူလာလို့မဖြစ်ဘူးလေ၊ ဒါကြောင့် လှေနဲ့တွဲချည်ရတာ [illegible]''

''ဒီကောင်ကြီးရဲ့ ကိုယ်တစ်ခြမ်းဘေးဘက်မှာ ကိုက်ရာ [illegible]တွေ ပွနေတယ်နော်''

''အဲဒါ ငါးပူတင်းတွတ်တာလေကွာ''

ထို့နောက် ညွန့်အောင်တို့ညီအစ်ကိုက မိကျောင်းကြီး၏ [illegible] အသည်း၊ ဝမ်းတွင်းသားကလီစာတို့ကို သူတို့ညီအစ်ကို [illegible]ရက်နှင့်မြည်းရန် သတ်သတ်ဖယ်ထားလိုက်ကြပြီး ကျန်အသား [illegible]ကို ခုတ်ထစ်လှီးဖြတ်ကာ ဝိုင်းကြည့်နေကြသူတို့အထဲမှ [illegible]ရဲသူတို့ကို ဝေငှပေးလေ၏။

ကာလသားတို့က အရက်နှင့်မြည်းရန် ဝမ်းပန်းတသာ [illegible]ကြသော်လည်း ကလေးတို့ကမူ မယူရဲသဖြင့် နောက်တွန့်ကုန် [illegible]ကြလေ၏။

မည်သို့ဖြစ်စေ ထိုအချိန်မှစ၍ ညွန့်အောင်တို့ညီအစ်ကို



www.burmeseclassic.com

www.burmeseclassic.com



မှာ ရွာကာလသားတို့ အားကျရသည့် အံ့ဖွယ်သရဲများဖြစ်သွားကြ သလို လူကြီးပိုင်းနှင့် မိန်းမသားတို့ကမူ နတ်မိကျောင်းကြီးကို သတ်ဖြတ်ခဲ့ကြသော သင်းတို့ညီအစ်ကိုကို နတ်ဒေဝတာတို့က မည်သည့်နည်းနှင့်မျှ ခွင့်လွှတ်ကြလိမ့်မည်မဟုတ်ဟု ယူဆစွဲလမ်း လျက် ရှိကြလေတော့သတည်း။

✺

မည်သူတို့က မည်သို့ ဝေဖန်ပြောဆိုကြသည်ဖြစ်စေ ညွန့်အောင်တို့ညီနောင်ကတော့ မိကျောင်းသားရေ၊ မိကျောင်း သည်းခြေ ရောင်းရငွေတို့နှင့် စုဆောင်းထားသည့်ငွေကိုပေါင်းကာ ဒေသအခေါ် ငါးပေါင်းမော်တော် (ခေါ်) စက်တပ်သမ္ဗာန်တစ်စီး တည် ထောင်လိုက်ကြလေသည်။

ငါးပေါင်းမော်တော်ဆိုသည်မှာ မြောင်းမြ၊ ငပုတော နှင့် ပြင်စလူဒေသတို့၌ ငါးမော်တော်ဟု ခေါ်ကြသော တက်မ ရွက်မလိုသည့် စက်တပ်ရေယာဉ်အမျိုးအစား ဖြစ်၏။

အချို့ဒေသတို့၌ သမ္ဗန်မော်တော်ဟုခေါ်ကြပြီး ဒေးဒ





ကျုံဒါး၊ အလယ်ရွာဝန်းကျင်ဒေသတို့တွင်မူ ငါးပေါင်းမော်တော်ဟု ခေါ်ဝေါ်ကြလေသည်။

ညွန့်အောင်တို့ညီအစ်ကိုသည် ယခင်ကလို ချောင်းကြို ချောင်းကြားတွင် လှေငယ်လေးတစ်စီးဖြင့် ငါးရှာသည့်အလုပ်ကို လုပ်စရာမလိုတော့ဘဲ ငါးပေါင်းမော်တော်ဖြင့် ဖျာပုံမြစ်ဝ၊ ဆိပ်မ၊ တဒုံကနီ၊ ပြင်စလူ စသည့် ပင်လယ်ပိုင်းဒေသများအထိ ခရီး ဆန့်ကာ ငါးဖမ်းပိုက်များ ချကြတော့၏။

သို့ကြောင့်လည်း သူတို့ညီအစ်ကိုမှာ စီးပွားတက်ကာ အတော်လေး အဆင်ပြေလာခဲ့ကြလေသည်။

သို့သော် ညွန့်အောင်တို့ညီအစ်ကို ရွာမှာ ခေါင်းမော်လာ သည်နှင့်အမျှ ကနီတစ်ရွာလုံးမှာ မိကျောင်းတို့၏ရန်ကို တစ်နေ့ ခြား ပိုမိုစိုးထိတ်လာကြရလေ၏။

မိုးလေထန်သောညများတွင် သံဒီမြစ်နှင့်ဆုံရာ ကနီ ချောင်းဝဆီမှ ဟဲခနဲ ဟဲခနဲ အသံကြီးများကို ထူးခြားစွာ ကြား ကြရလေသည်။

"မနေ့ညက ချောင်းဝကနေ ပင်လယ်အော်သံလားမသိ ဘူး ... ကြားရတယ်၊ တစ်မျိုးကြီးပဲ ဗိုးတာတီးရဲ့"

"ငါလည်း ကြားတယ်၊ အဲဒါ ပင်လယ်အော်သံ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးကွ၊ မိကျောင်းအော်သံတွေပဲ''

''ဟင် . . . မိကျောင်းက လျှာမရှိဘူးဆို၊ သူတို့ဘ
အော်လို့ရလို့လား''

''အေး . . . အော်တယ်ဆိုတာက တင်စားပြောတာပေ
ကွာ၊ သူတို့ ဒေါသတကြီး မာန်ဖီတဲ့အခါ အာလုတ်သံထွက်လာ
တာမျိုးပေါ့''

''ထားပါတော့၊ အဲဒီလို မိကျောင်းအော်သံတွေ ထွ
ပေါ်လာရင် ဘာဖြစ်တတ်သလဲ ဖိုးတာတီး''

''မိကျောင်းတို့၊ ဆင်တို့ ညဘက်အော်ရင် အတိတ်
မိတ် မကောင်းတတ်ဘူးကွ၊ ငါ့စိတ်ထင်တော့ သူတို့ထဲက
ကျောင်းကြီးတစ်ကောင်ကို ငါတို့ရွာက သတ်ထားတော့ အခဲမ
ပုံ မရဘူးကွ၊ မကြာခင် အဲဒီကောင်ကြီးတွေ ငါတို့ရွာကို ဒု
လာပေးမယ်ထင်တယ်၊ ကမ်းနားမှာနေတဲ့သူတွေ သတိထား
သင့်တယ်ကွ၊ အဲဒီကောင်တွေက အငြိုးအတေး တအားကြီးထ
နော်''

''သူတို့ အငြိုးအတေးထားရင် ဘယ်လိုလုပ်တတ်သ
ဖိုးတာတီး၊ ဟိုတစ်ခါတုန်းက ပြောပြမယ်ဆို . . . ခု ပြောပြပ

ရဲညွှန့်က စကားဝိုင်းအလယ်ရှိ မြေဆေးလိပ်ခွက်ကြီး





မှ ဆေးပေါ့လိပ်တိုကို ကောက်ကိုင်ကာ သူ့ရှေ့ရှိ မီးခွက်မီးဖြင့် ညှိရင်း တောင်းဆိုလိုက်သည်။

ဖိုးတာတီးက ခဲထားသည့်ဆေးတံကြီးကို တစ်ဖွာနှစ်ဖွာ ဖွာလိုက်ပြီးနောက် ဆေးတံကို ပါးစပ်မှချွတ်ကာ ချောင်းဟန့်လိုက်၏။

''အင်း . . . ပြောရမှာတော့ ချောက်ချားစရာကောင်းသလို ရင်နာစရာလည်း ကောင်းတယ်ကွ၊ တိုးမြစ်ဝနားက ညောင်လန်းကုန်းရွာမှာနေတဲ့ ငါ့ဘကြီးရဲ့အိမ်ဆီ ငါနဲ့ ငါ့သူငယ်ချင်း အုန်းခိုင်တို့ လှေတစ်စင်းနဲ့ သွားလည်တုန်းက ကြုံခဲ့ရတဲ့အဖြစ်ပဲကွ . . .၊

ခုလို မိုးတွင်းမဟုတ်ဘူး၊ တပေါင်းလ နွေခေါင်ခေါင်ကြီး၊ လယ်နားချိန်၊ လှေဦးခြောက်ချိန် ညောင်လန်းကုန်းက ရတနာ့မာန်အောင်ဘုရားပွဲရှိတာနဲ့ ပွဲကြည့်ဖို့ ညအိပ်သွားလည်ကြတာကွ . . .၊

ညောင်လန်းကုန်းရွာရဲ့ ရွာထိပ်မြစ်ကမ်းစပ်မှာ ဘိုတဲတစ်လုံးရှိတယ်ကွ၊ ငါတို့ အဲဒီရွာမရောက်ခင် နှစ်ပတ်လောက်က အဲဒီဘိုတဲမှာ တည်းနေတဲ့ မျက်နှာဖြူအရေးပိုင်မင်း ဖာဂူဆန်နဲ့ ပတ်သက်ပြီး ပြဿနာဖြစ်တာတဲ့''



www.burmeseclassic.com

www.burmeseclassic.com



ဖိုးတာတီးက စကားကို ခေတ္တနားလိုက်ပြီး ခံတွင်းချဉ် လာသောကြောင့်လားမသိ ... ကြေးမီးခြစ်ကြီးကို ဂျစ်ခနဲ ခြစ် လိုက်ကာ သူ့ဆေးတံကြီးကို မီးညှိနေရာ ဝိုင်းဖွဲ့နားထောင်နေကြ သည့် ကာလသားတစ်သိုက်မှာ မချင့်မရဲ ဖြစ်သွားကြရ၏။

ယခုတစ်လော ကနီရွာအနီးချောင်းရေပြင်တွင် မိ ကျောင်းတို့၏အရိပ်အယောင်ကို မကြာခဏ တွေ့တွေ့နေရ သဖြင့် ရွာသူရွာသားတို့ ချောက်ချားလျက်ရှိကြရာ မိကျောင်း တို့၏ရန်ကို ကြိုတင်ကာကွယ်နိုင်ရန် အကြံဉာဏ်ယူဖို့ ရဲညွှန့် ဦးဆောင်သည့် ရွာကာလသားတစ်သိုက်မှာ ဖိုးတာတီး၏အိမ်သို့ ညဦးကတည်းက ရောက်ရှိဝိုင်းဖွဲ့နေကြခြင်း ဖြစ်၏။

မိုးရန့်ပါသည့် လေပြည်က ထရံကြိုထရံကြားမှ တိုးဝှေ ဝင်ဝင်လာလျက်ရှိသဖြင့် စကားဝိုင်းအလယ်မှ မီးခွက်မီးညွန့်က ယိမ်းထိုးထိုးသွားရသည်။

"အဲဒီ ဖာဂူဆန်ဆိုတဲ့ မျက်နှာဖြူအရာရှိမင်းက ညွှန့် အောင်တို့ညီအစ်ကိုလိုပဲ နတ်သော,ဘာသော အယုံအကြည်ရှိသူ မဟုတ်ဘူးတဲ့ကွ၊ သူ့ရဲ့တပည့် ပန်ချာပီဝင်းကြည်ကဆို ကြေး စားစစ်သား လုပ်ခဲ့သူပီပီ တယ်ကြမ်းတယ်ရမ်းဆိုပဲ ...၊

အရေးပိုင်မင်း ဖာဂူဆန်ဟာ တစ်ညမှာတော့ ဘိုတဲရှေ့





က လတာပြင်မှာ လေညင်းခံရင်း အပန်းဖြေလမ်းလျှောက်နေသ တဲ့ကွ၊ အဲဒီလို လမ်းလျှောက်ရင်း ရေစပ်နဲ့ ခပ်လှမ်းလှမ်းက ရေပြင်မှာ သစ်တုံးကို ခပ်မည်းမည်းအရာတစ်ခုကို တွေ့သွားပါ ရော ...၊

လရောင်မှိန်မှိန်က ရေပြင်ပေါ် ခပ်ဝိုးဝါးလောက်ပဲ ကျ ရောက်နေပေမယ့် အကြည့်စူးတဲ့ အရေးပိုင်မင်းက ရေစီးအတိုင်း မျောပါမသွားဘဲ ရေစီးကို ကန့်လန့်ခံရင်း ရေစပ်နား တရွေ့ရွေ့ ကပ်လာနေတဲ့အရာကို သေချာသတိပြုမိသွားသတဲ့ ...၊

အဲဒီမှာတင် သူဟာ အာဖရိကနဲ့အိန္ဒိယနိုင်ငံက ဒီရေ ရောက် သစ်တောတွေထဲမှာ နှစ်များစွာ တာဝန်ထမ်းခဲ့သူပီပီ ရေထဲကအရာဟာဘာလဲဆိုတာ ချက်ချင်းရိပ်မိသွားတော့သတဲ့၊

ဒါကြောင့် သူ့တပည့်ဝင်းကြည်ကို အော်ခေါ်လိုက်ပြီး အမဲပစ်သေနတ်တွေနဲ့ လက်နှိပ်မီးတို့ကို အမြန်ယူလာခိုင်းသတဲ့၊

သူ့တပည့်ဝင်းကြည်လည်း ရောက်လာရော ရေစပ်မှာ ဒိုက်သရေတွေနဲ့ ရောတွေးပြီး သစ်တုံးလိုငြိမ်နေတဲ့ မိကျောင်း ကြီးကို လက်နှိပ်မီးနဲ့ အထိုးခိုင်းသတဲ့ ...၊

ဝင်းကြည်ရဲ့ တောလိုက်လက်နှိပ်မီးအလင်းတန်းဟာ သောင်စပ်ဆီ ဖွေးခနဲရောက်သွားတယ်ဆိုရင်ပဲ ဒိုက်သရေတွေ



www.burmeseclassic.com

www.burmeseclassic.com



ကြားထဲက ဖူးပ်ဖူးပ်လက်နေတဲ့ မီးခဲမီးပွင့်လေးနှစ်ခုကို တွေ့လိုက်

ရတော့တာပဲ ...။

မိကျောင်းတွေရဲ့မျက်လုံးဟာ ညဘက်မီးထိုးလိုက်ရ

မီးကျီစလိုလို အရောင်တောက်တဲ့ကျောက်ပွင့်လို ဖျပ်ဖျပ်လ

နေတတ်တယ်ကွ၊ ဒါကြောင့် မိကျောင်းဆိုတာ သေချာသွား

အတွက် ဖာဂူဆန်တို့ ဆရာတပည့်ဟာ အမဲပစ်ရိုင်ဖယ်တွေ

တစ်ပြိုင်နက် ပိုင်းပစ်ကြတယ်တဲ့ ...။

တဖောင်းဖောင်းအသံတွေကြောင့် ရွာကလူတွေတော

အိပ်ရာကနေ လန့်နိုးသူနိုးပြီး ဘိုတဲကုန်းဆီ မီးတုတ်တွေ

အပြေးအလွှား ရောက်လာကြသတဲ့ ...။

အဲဒီအချိန်မှာ မိကျောင်းကြီးဟာ ချက်ကောင်းအထိ

ပြီး ရေစပ်မှာ သွေးသံရဲရဲနဲ့ ဖျပ်ဖျပ်လူးနေတော့သတဲ့၊

အမြီးကြီးနဲ့ ရေစပ်ကိုရော သောင်စပ်ကိုပါ တဘုန်းဘုန်းရို

နေတာမှ အကြာကြီးပဲတဲ့ ...။

နောက်တော့ မိကျောင်းကြီးဟာ ငြိမ်ကျသွားပြီး က

စပ်နားကနေ မျောသွားတော့ ဖာဂူဆန်က ရွာသူရွာသားတွေ

လိုက်ဆယ်ပေးဖို့ပြောတယ်တဲ့၊ ဆယ်ခပေးမယ်လို့ ပြောတ

ဒါပေမဲ့ နတ်မိကျောင်းကြီးလို့ ယူဆပြီး ဘယ်သူမှ ဆင်းမဆ





ပေးရဲဘူး ...။

အဲဒီအချိန်မှာ မိကျောင်းကြီးဟာ ရေလယ်ဆီ တရွေ့ရွေ့ ပါသွားတယ်၊ ဖာဂူဆန်လည်း သူ့တပည့်ဝင်းကြည်ကို လှေငှားပြီး လိုက်ဆယ်ဖို့ အမိန့်ပေးတော့တယ် ...။

ဝင်းကြည်လည်း လှေငှားဖို့ ပျာယာခတ်ကြိုးစားတုန်းမှာပဲ အင်မတန်ထူးဆန်းတဲ့အဖြစ် ဖြစ်လာသတဲ့ကွ''

ဖိုးတာတီးကစကားကို ခေတ္တရပ်တန့်လိုက်ပြီး ကြွေရည်သုတ် မြေကရားအိုးထဲမှ ရေနွေးတစ်ခွက် မှုတ်သောက်နေသဖြင့် ရွာကာလသားတို့မှာ ဆန့်တငံ့ငံ့ဖြစ်ကာ ဆက်လာမည့်စကားကို သည်းခံစောင့်စားလျက် ရှိကြတော့၏။

''ဘယ်လိုထူးဆန်းတဲ့အဖြစ်လဲဗျ ဖိုးတာတီးရဲ့''

''အိမ်း ... ထူးဆန်းချက်ကတော့ မယုံနိုင်စရာပဲတဲ့၊ ဝင်းကြည် လှေပေါ်တက်မလို့ ဟန်ပြင်နေတုန်းမှာပဲ တိုးမြစ်ဝ ပင်လယ်ဘက်ကနေ မိကျောင်းကြီးနှစ်ကောင်ဟာ ဟဲ ဟဲ .. ဟဲ ဟဲနဲ့ ဆန်တက်ကူးခတ်လာကြတော့သတဲ့ ...။

အဲဒီမိကျောင်းကြီးနှစ်ကောင်ဟာ အသက်ငင်နေပုံရတဲ့ မိကျောင်းကြီးကို ဘေးတစ်ဖက်တစ်ချက်ကနေ ညှပ်ပြီး မြစ်ဝဆီ ခေါ်သွားကြတော့တယ်တဲ့၊ အရေးပိုင်မင်း ဖာဂူဆန်နဲ့ ရွာသူ



www.burmeseclassic.com

www.burmeseclassic.com



ရွာသားတွေဟာ မယုံနိုင်အောင် အုံအားသင့်ကြီးတွေသင့်ပြီး ငေးကြောင်ကြည့်ရင်း ကျန်ခဲ့ကြတယ်တဲ့''

''ဟာ . . . တော်တော်ထူးဆန်းတဲ့အဖြစ်ပါလား ဖိုးတာတီးရဲ့၊ အဲဒီ မိကျောင်းကြီးနှစ်ကောင်က သူတို့ရဲ့မျိုးနွယ်တူ မိကျောင်းကြီးကို လာခေါ်သွားကြတာပေါ့ . . . ဟုတ်လား''

''ဒါပေါ့ကွ . . . ငါ့အထင်တော့ ပင်လယ်ဝဘက်မှာရှိတဲ့ သူတို့ရဲ့မိကျောင်းသိုက်ဆီ ခေါ်သွားကြတာပဲ ဖြစ်မယ်ကွ၊ သူတို့ရဲ့အဖော် မိကျောင်းကြီးကတော့ သေနတ်ဒဏ်ရာတွေကြောင့် သေမှာပဲကွ၊ အဲဒီကောင်ကြီးတွေဟာ သူတို့ရဲ့အဖော် ဂုဏ်သရေရှိရှိ သေနိုင်စေဖို့ သူတို့ရဲ့အသိုက်ဆီ ခေါ်သွားကြတာ ဖြစ်မယ်ကွ''

''အာ . . . ဖိုးတာတီးကလည်း မိကျောင်းလို တိရစ္ဆာန်က ဂုဏ်သရေရှိရှိ သေဖို့လိုလို့လားဗျ''

''ဟဲ့ကောင် မောင်သော်ရဲ့ . . . အသိဉာဏ်မြင့်တဲ့ တချို့တိရစ္ဆာန်တွေဟာ သေတဲ့အခါ သူတို့ကိုယ်သူတို့ ပိုးစိုးပက်စက် မသေလိုကြဘူးကွ၊ သူတို့ရဲ့မျိုးနွယ်တူတွေကိုလည်း အဲဒီလို မျိုး မသေစေချင်ကြဘူး . . .၊

ဥပမာကွာ . . . ဆင်ဆိုရင် အသိဉာဏ်မြင့်တဲ့သတ္တဝါ





ဆိုတာ မင်းတို့လည်းသိမှာပဲ၊ အဲဒီဆင်တွေဟာ အိုမင်းလို့ဖြစ်ဖြစ်၊ ရောဂါတစ်ခုခုကြောင့်ဖြစ်ဖြစ် သေရတော့မယ်လို့ သူ့ကိုယ်သူ သိလာတဲ့အချိန်မှာ တောထဲက တွေ့ရာသစ်ပင်အောက်လှဲပြီး မသေလိုကြဘူးကွ၊ အဲဒီလိုသေခဲ့ရင် ခွေးအတွေ့၊ မြေခွေးတွေတဲ့ သားစားသတ္တဝါကောင်တွေက သူတို့ရဲ့အလောင်းကောင်ကြီးကို ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် ကိုက်ဖြတ်စားသောက်ကြမှာကို မလိုလားလို့ပဲကွ . . .၊

ဒါကြောင့် ဆင်တွေဟာ သူတို့အစဉ်အဆက် သတ်မှတ်ထားတဲ့ ဆင်သင်္ချိုင်းဆီ မရောက်ရောက်အောင်သွားပြီး အဲဒီသင်္ချိုင်းရောက်မှ သေကြတယ်တဲ့ကွ''

''အင်း . . . ဆင်သင်္ချိုင်းဆိုတာ ကြားတော့ကြားဖူးတယ် ဖိုးတာတီး၊ အဲဒါ လူသူမရောက်ပေါက်တဲ့ တောနက်ကြီးထဲမှာမှ ရှိတာဆို''

''ဟုတ်တယ်ကွ . . ဆင်သင်္ချိုင်းဆိုတာ လူသူအရောက်အပေါက်မရှိတဲ့ တောနက်ကြီးထဲက လျှို့ဝှက်သဘာဝဂူကြီးတစ်လုံးလုံး ဖြစ်နိုင်တယ်ကွ၊ ဒါပေမဲ့ ဒီနေ့အထိ တောထဲက ဆင်သင်္ချိုင်းကို ဘယ်သူမှ ရှာလို့မတွေ့ဖူးကြသေးဘူးကွ၊ ဆင်တွေဟာ ဘယ်လောက်ပဲသေကောင်ပေါင်းလဲ ဝေဒနာခံစားနေရ



www.burmeseclassic.com

www.burmeseclassic.com



ပါစေ သူတို့ရဲ့ဆင်သချိုင်းဆီ မရောက်ရောက်အောင်သွားပြီး အဲဒီသချိုင်းကိုရောက်မှ သေကြသတဲ့ကွ ...।

မိကျောင်းတွေဟာလည်း အဲဒီလိုပဲ၊ သူတို့ရဲ့အလောင်းကို အခြားရေသတ္တဝါငယ်တွေက ဝိုင်းကိုက်ဖဲ့စားပြီး ရုပ်ပျက်ဆင်းပျက် ဖြစ်ရမှာကို မလိုလားကြဘူး၊ ဒါကြောင့် ရောဂါဝေဒနာကြောင့်ဖြစ်ဖြစ် သေဖို့ကြုံလာရင် သူတို့ရဲ့အသိုက်ဆီ မရောက်ရောက်အောင် သွားပြီး သေတတ်ကြတယ်တဲ့ကွ၊ သူတို့ရဲ့အသိုက်ဟာလည်း ဆင်သချိုင်းလိုပဲ အင်မတန်လျှို့ဝှက်ထားတတ်ကြလို့ ခုအချိန်အထိ ငါတို့မြစ်ဝကျွန်းပေါ်ဒေသတစ်ခွင်မှာ မိကျောင်းသိုက်ဆိုတာကို ဘယ်တံငါ၊ ဘယ်ရေမုဆိုးက ရှာဖွေတွေ့ရှိဖူးလို့လဲ''

''အင်း ... နတ်မိကျောင်းသိုက်ဆို ပိုလို့ရှာဖွေတွေ့ဖို့ခက်မှာပဲနော်၊ စောစောက သေနတ်မှန်ထားတဲ့ မိကျောင်းကြီး သူတို့ရဲ့ မိကျောင်းသိုက်ဆီ မပြန်နိုင်တော့လို့ သူ့ရဲ့အဖော်တွေက လာခေါ်ကြတာပဲ ဖြစ်မယ်နော်၊ သူတို့ရဲ့အကောင် ဒုက္ခရောက်တာကို ဘယ်လိုသိကြပါလိမ့်နော်''

''အေး ... တချို့တိရစ္ဆာန်တွေမှာ လူတွေမသိထားတဲ့ သူတို့ချင်း ဆက်သွယ်တဲ့စနစ် ရှိတယ်ကွ''





''ဒါထက် ဖိုးတာတီး ... အရေးပိုင်မင်း ဖာဂူဆန်တို့ပစ်သတ်လိုက်တဲ့ မိကျောင်းကြီးဟာ နတ်မိကျောင်းကြီးလားဗျ၊ နတ်မိကျောင်းကြီးကိုသတ်တာ သူတို့ ဘာမှမဖြစ်ဘူးလား ဖိုးတာတီးရဲ့''

''ဖြစ်တာပေါ့ မောင်သော်ရာ၊ ဖြစ်တာမှ ပက်ပက်စက်စက်ကြီးကို ဖြစ်တာကွ၊ ဒါကြောင့် မိကျောင်းတွေဟာ အငြိုးကြီးတတ်တယ်လို့ ငါပြောတာပေါ့၊ နတ်မိကျောင်းတွေဆိုတော့ ပိုဆိုးတာပေါ့၊ ပြောရမှာ ကြောက်ခွဲထိတ်လန့်စရာကြီးပါကွာ''

ဖိုးတာတီးက စကားကိုရပ်လိုက်ပြန်ပြီး ဆေးတံကြီးကိုမီးညှိကာ တမှုန်းမှုန်းဖွာနေပြန်သဖြင့် ကာလသားတို့မှာ ခေါင်းကို စိတ်မရှည်စွာ တဗျင်းဗျင်းကုတ်လိုက်မိကြတော့၏။

မောင်သော်ကမူ စိတ်မရှည်သောလေသံဖြင့်— ...

''ဘယ်လိုကြောက်ခွဲထိတ်လန့်စရာကြီးလဲ ဖိုးတာတီးရဲ့၊ ပြောမှာပြောစမ်းပါဗျာ ... ဖိုးတာတီး တဆန့်ငင်ငင်နဲ့ ပြောနေတာကလည်း ကျုပ်တို့ဘေးအိမ်က ဒေါ်တုတ်ကြီး လေလည်သလိုဘဲ''

''ဘာ ... ဘာကွ ငသော်၊ ခွေးမသား ... မင်း ဘာစကားပြောတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



ဖိုးတာတီး ရုတ်ခြည်းပေါက်ကွဲသွားသည်။ ဘယ့်နှယ် သူက ပါးစပ်ဖြင့်ပြောနေသည်ကို မုဆိုးမဒေါ်တုတ်ကြီး လေလည့် သည်နှင့် နှိုင်းလေတော့ ဆွေ့ဆွေ့ခုန်တော့မပေါ့။

"ဟာ ဟော့ကောင် ငသော် . . . မင်း ဘယ်လိုပြောလိုက် တာလဲလူကြီးကို၊ ကန်တော့ ကန်တော့ . . . ဖိုးတာတီး၊ ဒီကောင် က ဘယ်စကားပြောလို့ ဘယ်ရောက်မှန်းမသိတဲ့ မလိမ်မိုး မလိမ္မာမို့ပါ"

"ဟုတ်တယ် ကြီးရွှေရ . . . မင်းတို့ မသိဘူး၊ ဒေါ်တုတ် ကြီးတို့နဲ့ ငါတို့က ထရံချင်းကပ်နေတာကွ၊ တစ်ခါတလေ ဒီဘက် အိမ်မှာ ငါ ထမင်းစားနေတုန်း ဒေါ်တုတ်ကြီးလေလည်ရင် တော် တော်ခွကျတယ်ကွ"

"ဘယ်လိုခွကျတာလဲ ငသော်ရဲ့"

"ဟ . . . သူ လေလည်တာက မပြီးမပြီးနိုင်ဘူးကွ၊ တစ်ချီတည်း လွှတ်တာလည်း မဟုတ်ဘူး၊ ငါ ထမင်းစားတုန်း သူ လေလည်တာနဲ့တိုးရင် ငါ့မှာ ထမင်းလုတ်ကို ပါးစပ်ထဲမသွင်း ချင်တော့ဘူးကွ၊ အော့နှလုံးနာလွန်းလို့၊ ဒါနဲ့ သူ့ကိစ္စပြီးပြီဆိုပြီး ကိုယ်က ထမင်းလုတ် ပါးစပ်ထဲသွင်းမလို့လုပ်တုန်း ဘူဆိုပြီး သူက ထပ်လုပ်ပြန်ရောကွ၊ ဒါနဲ့ ငါလည်း စောင့်ရပြန်ရော





တစ်ခါ ပြီးလောက်ပြီထင်ပြီး ပါးစပ်ဟ ထမင်းလုတ်သွင်းမယ်ပြင် တုန်း ဘူပြန်ရောဟေ့၊ တစ်ခါဖြင့် ငါ့မှာ ထမင်းကို မစားဖြစ်တော့ ဘူးကွာ၊ ဒေါ်တုတ်ကြီး ဆန့်တငင်ငင် လုပ်တာနဲ့"

"ဟား ဟား ဟား . . . မင်းအဖြစ်ကလည်း ဆိုးလှပါ လား ငသော်ရာ"

ကာလသားတို့က ဟားတိုက်ကာ ဝိုင်းရယ်ကြသည်။ ဖိုးတာတီးပင် ပြုံးစိစိဖြစ်သွား၏။

"အဲဒါကြောင့် ဖိုးတာတီးရဲ့စကား နားထောင်ရတာ ဒေါ်တုတ်ကြီး . . . အဲ အဲ ကန်တော့ ကန်တော့ . . . ဖိုးတာတီး ကန်တော့"

မောင်သော် ပျာပျာသလဲတောင်းပန်တာတောင် ဖိုးတာ တီးက သိပ်မကျေနပ်ချင်။ မျက်စောင်းကြီးခဲလျက် ဆေးတံကိုသာ ဖွာနေတော့၏။

"ကဲပါ ဖိုးတာတီးရယ် . . . ပြောပါ၊ ဟော့ကောင်ငသော် . . . မင်းကလည်း ဖိုးတာတီးကို ဒေါ်တုတ် ဟိုဥစ္စာနဲ့မနှိုင်းနဲ့"

ဖိုးတာတီး စိတ်မရှည်စွာ ထအော်တော့၏။

"ဟော့ကောင်တွေ တိတ်ကြစမ်း၊ ငါ အကုန်လုံးမောင်မျိုး တက်ရ ရှင်းလေရှုပ်လေ ဖြစ်ကုန်မယ်၊ မင်းတို့ပြောတာနဲ့ ငါ



www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်လည်း ဘယ်ဘဝရောက်သွားမှန်း မသိတော့ဘူး''

သည်တော့မှ အားလုံး ပြုံးစိစိဖြင့် ငြိမ်သွားကြတော့[illegible]

''နေပါဦး ...ငါ့စကား ဘယ်ရောက်သွားပါလိမ့်''

''ဖာဂူဆန်ကို နတ်မိကျောင်းကြီးတွေက ငြိုးတယ်[illegible] လား''

''အေး အေး ...ဟုတ်တယ်၊ ငါ့အထင်တော့ န[illegible] မိကျောင်းတွေဟာ ကမ္ဘာဖိဗ္ဗိ ရှိပုံရတယ်ကွ၊ သူတို့ဟာ လိုအပ်[illegible] လူယောင်ဖန်ဆင်းနိုင်ကြတယ်ကွ၊ အဲဒါ ငါ့ရဲ့ကိုယ်တွေ့ပဲ''

''ဟင် ...နတ်မိကျောင်းတွေဟာ လူယောင်ဖန်ဆ[illegible] နိုင်တယ်၊ ဟုတ်လား၊ ဖိုးတာတီးကိုယ်တိုင် ကိုယ်တွေ့ ...[illegible] ဟုတ်လား''

''အေး ...ဟုတ်တယ်၊ ငါ ပြောပြမယ်၊ ဖြစ်ပုံ[illegible] ဒီလိုကွ''

❂ ❂ ❂





## လူယောင်ဆောင်သော မိကျောင်းများ

ဖိုးတာတီးတို့သူငယ်ချင်းနှစ်ယောက်မှာ ညောင်လန်း[illegible]ကုန်းရွာ ဘုရားပွဲမကျင်းပမီ သုံးလေးရက် ကြိုရောက်နှင့်ခြင်းဖြစ်[illegible]ရာ ဘုရားပွဲတော်ကျင်းပရန် နှစ်ရက်အလို လပြည့်ရန်နှစ်ညအလို[illegible]တွင် ထူးခြားသောအဖြစ်ကို ကြုံရတော့၏။

ရေထရက်ဖြစ်သဖြင့် ဒီရေတို့ ချောင်းထဲတိုးဝင်လာ[illegible]သည်မှာ မဆန်းလှသော်လည်း ထိုနေ့ညကမူ လေမတိုက်ဘဲ[illegible]င်းတို့က ထူးထူးခြားခြားဘောင်ဘင်ခတ်ကာ ရေသံတဟဲဟဲ[illegible] ရေစွယ်ထိုးရာ ဘိုတဲကုန်းကမ်းခြေကို လိမ့်လိမ့်တက်လျက်[illegible]နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညဉ့်နက်လေ ဒီရေတိုးလေဖြစ်ကာ စိုးရိမ်ရေမှတ်ကိုပ
ကျော်လာပြီး ဘိုတဲ၏အခြေအထိ ဒီရေတို့ တဝေါဝေါတက်
သည်မှာ ရေအီရမည့်အချိန်မှာပင် ရေမအီတော့ချေ။

'ဝေါ ဝေါ ဝုန်း ဝုန်း'

ညဉ့်နက်လေ ရေတက်ကြမ်းလေ ဖြစ်လာကာ လှိုင်းရိုက်
သံ၊ တဝုန်းဝုန်းနှင့်အတူ ဟဲခနဲ ဟဲခနဲ အော်သံကြီးတွေကို
ပင်လယ်ဝဘက်မှ ကြားလာရလေ၏။

"ပင်လယ်အော်သံ ကြားတယ်ဟေ့၊ အဲဒီလို ထူးထူးခြ
ခြား ပင်လယ်အော်သံကြားရတာဟာ နိမိတ်မကောင်းဘူး သ
ထားကြ"

"ဟာ ... အဲဒါ ပင်လယ်အော်သံ ... ဟုတ်ရဲ့လာ
ဦးအေးကြူရဲ့၊ မိကျောင်းအော်သံတွေထင်တယ်"

"အို ... ရေတွေက ရွာထဲအထိ ဝင်လာပါလား"

တဟဲဟဲအော်မြည် ဘောင်ဘင်ခတ်ပြီး တက်လာသော
ရေသည် ရွာထဲအထိ ဝင်လာခဲ့ချေပြီ။ ရွာတောင်ဘက်စွန်း ဘို
ကုန်းကို ရေလွှမ်းမိုးသည်ထက် လွှမ်းမိုးလာပြီး မကြာမီမှာ
ခြေတံရှည်ဆောက်ထားသည့် ဘိုတဲအောက်မှာ ရေပြင်ကြီး ဖြ
သွားတော့သည်။





ထူးခြားသည့် ဒီရေတိုးမှုကို ထွက်ကြည့်နေကြသော
သူရွာသားတို့နှင့် ကလေးများမှာ ရွာလယ်လမ်းထဲ ရေတွေ
င်လာသဖြင့် မိမိတို့၏ အိမ်ခြံဝိုင်းတို့အထဲ ဝင်ပြေးကာ အိမ်များ
ါ်တက်ပြီး အိမ်ပေါ်မှသာ စောင့်ကြည့်နေမိကြတော့၏။

ရွာတောင်ပိုင်း ကမ်းနားနှင့်နီးသူတို့ကမူ ဒီရေလှိုင်းတို့နှင့်
တူ နှုတ်သီးလေးဖော်ကာ ရွာဆီချဉ်းကပ်လာနေသည့် ရေ
ာင်းကြီးများကို သတိမူမိလိုက်ကြသည်တွင် လွန်စွာ တုန်လှုပ်
ောက်ချားကုန်ကြတော့သည်။

"ဟာ မိကျောင်းကြီးတွေ ... မိကျောင်းကြီးတွေ ရွာဆီ
ာနေပြီဟေ့"

မိကျောင်းကြီးများသည် ရွာဘက်သို့ ဦးတည်မလာဘဲ
ဘိုတဲဆီ ဦးတည်ချဉ်းကပ်သွားသည်ကို တွေ့ရရာ စောင့်ကြည့်နေ
သည့် ရွာသားတို့မှာ အံ့သြလျက် ရှိကြလေ၏။

'ဖြောင်း ဖြောင်း ဖြောင်း'

မိကျောင်းကြီးများသည် ဘိုတဲအောက်သို့ရောက်သည်
င့် သူတို့၏ကြီးမားသော အမြီးကြီးများဖြင့် ဘိုတဲအောက်ခြေ
သားတိုင်တို့ကို အဆက်မပြတ် ပြင်းထန်စွာ ရိုက်ခတ်တော့
သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . မိကျောင်းကြီးတွေက ဘိုတဲရဲ့တိုင်တွေကို ရိုက်ချိုးနေကြပါလား"

"ဟုတ်တယ်မျို့၊ သူတို့ဘိုတဲကိုဖြိုဖို့ ကြိုးစားနေကြတာပဲဗျ"

'ဖြောင်း ဖြောင်း'

ထိုစဉ် ဘိုတဲ၏ဝရန်တာသို့ ပြေးထွက်လာသည့် ပန်ချာပီဝင်းကြည်က အမဲပစ်ရိုင်ဖယ်သေနတ်ဖြင့် မိကျောင်းတို့ကို အပေါ်မှ ဆီးမိုးပစ်တော့၏။

'ဒိုင်း'

'ဒိုင်း'

'ဒိုင်း'

မိကျောင်းကြီးတို့ကလည်း အမြီးကြီးများဖြင့် တဖြောင်းဖြောင်း ရိုက်လေရာ ဘိုတဲရှေ့ပိုင်းမှ တိုင်အချို့ ကျိုးကုန်တော့သည်။

'ဖြောင်း'

'ဖြောင်း'

'ဝုန်း'

ဘိုတဲကြီး၏ရှေ့ပိုင်းမှာ ရုတ်တရက် စောင်းကျသွားရာ





ဝရန်တာမှ ပန်ချာပီဝင်းကြည်မှာ ရှေ့သို့ အားလွန်ကာ ရေထဲသို့ ဇျွမ်းပစ်ကျသွားတော့၏။

'ဗွမ်း'

"ဟာ . . . ပန်ချာပီဝင်းကြည် ရေထဲကျသွားပြီဟေ့"

"အလိုလေး . . . ဘုရား ဘုရား ခုက္ခပဲ"

ရေထဲသို့ ဇောက်ထိုးကျလာသည့် ပန်ချာပီဝင်းကြည်ကို မိကျောင်းကြီးများက လင်းတအသေကောင်ကို ခွေးပိုင်းဆွဲသည့်နှယ် ဝိုင်းဆွဲကြတော့၏။

"အား အဘား . . . ကယ်ပါ ကယ်ကြပါ"

မိကျောင်းကြီးတို့ကား ပန်ချာပီဝင်းကြည်ကို ရေအောက်ထဲသို့ ဆွဲနှစ်သွားကြချေပြီတည်း။

❁

"အဲဒီနောက် ဘာဖြစ်သေးသလဲ ဖိုးတာတီး"

"အတော်တော့ ထူးဆန်းတယ်ကွ၊ မိကျောင်းကြီးတွေဟာ ဘိုတဲကို လုံးဝပြိုကျအောင် ဒေါသတကြီး ဆက်ဖျက်ကြပြီး



www.burmeseclassic.com

www.burmeseclassic.com



ဘိုတဲကြီးတစ်ခုလုံး ပြိုကျသွားတော့ သူတို့ရဲ့အဓိကရန်သူ မျက်နှာဖြူ အရေးပိုင်ကြီး ဖာဂူဆန်ကို လိုက်ရှာကြတယ်နဲ့ တူပါရဲ့ကွာ၊ ရေထဲက ဘိုတဲအပျက်အစီးတွေကြားမှာ ဟိုတိုး ဒီဇွေနဲ့ ရှာဖွေနေကြသေးတယ်ကွ''

''ဟင် ... အဲဒီအရေးပိုင်ကြီး ဖာဂူဆန် ဘယ်ရောက်သွားလို့လဲ ဖိုးတာတီးရဲ့''

ရေတွေ ဘိုတဲအောက်ဝင်ပြီး မိကျောင်းတွေ ချောင်းရိုးအတိုင်း ဆန်တက်လာတာမြင်ကတည်းက သူက ဘိုတဲနောက်လှေကားကဆင်းပြီး သူကြီးရဲ့အိမ်ဆီ ပြေးခဲ့တာကွ၊ ဒါကြောင့် သူကတော့ လွတ်သွားတယ်၊ ဘိုတဲမှာ အစောင့်အဖြစ်ထားခဲ့တဲ့ သူ့တပည့် ပန်ချာပီဝင်းကြည်ပဲ ဒုက္ခရောက်သွားတာ''

''ဩော် ... တော်သေးတာပေါ့''

''ဘယ်ကတော်ရမှာလဲကွ ... အဲဒီ အရေးပိုင်မင်းကမှ အဖြစ်ပိုဆိုးတာကွ''

''ဘယ် ဘယ်လို ဖိုးတာတီးရဲ့ ... ဘယ်လိုအဖြစ်ဆိုးတာလဲဗျ''

''ဖြစ်ပုံက ဒီလိုဟ့ေ''

❁





ညဦးကတည်းက စတက်ခဲ့သောရေတို့သည် သန်းခေါင်ကျော်ပြီးနောက်တွင် ပြန်ကျသွားတော့၏။

သို့သော် ဘိုတဲမရှိတော့ပြီမို့ အရေးပိုင်မင်း မစ္စတာဖာဂူဆန်မှာ ရွာလယ်ပိုင်းရှိ သူကြီးဦးထွန်းစိန်၏အိမ်မှာပင် ခေတ္တတည်းခိုနေထိုင်ရလေသည်။

နောက်နှစ်ရက်အကြာမှာမူ အရေးပိုင်ကတော်ကြီးနှင့် သမီးဖြစ်သူ စင်သီယာတို့ ကူးတို့မော်တော်ငယ်လေးတစ်စီးဖြင့် ညောင်ပင်လန်းရွာသို့ ရောက်ရှိလာတော့၏။

စင်သီယာမှာ အသားရောင် ဖွေးဖွေးနုနုလေးဖြစ်ပြီး ရွှေဝါရောင်ဆံပင်ကို ပိုင်ဆိုင်သူလေးမို့ ညောင်လန်းကုန်းတစ်ရွာလုံးက မိုးပေါ်က ရွှေမင်းသမီးလေးဟု မှတ်ယူအံ့ဩ သဘောကျလျက်ရှိချေ၏။

အရေးပိုင်မင်း မစ္စတာဖာဂူဆန်မှာ သံဒီမြစ်ဝ ဖျာပုံမြစ်ဝသည် ဘိုကလေးမြစ်ဝအထိ ဒီရေရောက်သစ်တောတို့ကို ထိန်းသိမ်းရန် တာဝန်အရ ခရီးထွက်လာရခြင်းဖြစ်ပေသည်။

ထိုစဉ် ဘိလပ်တွင်နေထိုင်ကြသည့် အရေးပိုင်ကတော်



www.burmeseclassic.com

www.burmeseclassic.com



မစ္စစင်ဒီနှင့် တစ်ဦးတည်းသော သမီးချောလေး စင်သီယာတို့မှာ လေယာဉ်ဖြင့် ရန်ကုန်သို့ အလည်အပတ် ရောက်လာကြတော့၏။

ထိုအခါ ရောဝတီတိုင်းအတွင်း အလုပ်ကိစ္စဖြင့် လှည့်လည်နေရသည့် အရေးပိုင်ကြီးမှာ ဇနီး၊ သမီးတို့ရှိရာ ရန်ကုန်သို့ လာတွေ့ဖို့ ခက်ခဲလျက်ရှိလေ၏။ သို့ကြောင့် မစ္စစင်ဒီနှင့် စင်သီယာတို့က သူတို့ဘာသာ မော်တော်ငှားပြီး လိုက်လာကြခြင်း ဖြစ်၏။

စင်သီယာတို့သားအမိ ညောင်လန်းကုန်းသို့ ရောက်ရှိလာသည့်နေ့မှာပင် ရွာဘုရားပွဲကစလေသည်။

ဘုရားပွဲခင်းမှာ ရွာမြောက်ပိုင်းတွင်ရှိပြီး ဒေသခံတို့က ပွဲဝတ်နေကြသဖြင့် ခြိမ့်ခြိမ့်သဲ စည်ကားလှချေ၏။

ရွာနီးချုပ်စပ်တို့မှလည်း လှေတစ်တန် လှည်းတစ်တန်ဖြင့် ရောက်ရှိလာကြသဖြင့် ပိုမိုစည်ကားသိုက်မြိုက်ရခြင်း ဖြစ်လေသည်။

ဘုရားပွဲတွင် တွံတေးမှ နာမည်ကြီး 'နန်းမဟာဇာတ်' ကို ဇလာပွဲအဖြစ် ပွဲသွင်းရာ ပွဲခင်းကြီးမှာ ဆိုင်းသံတခြိမ့်ခြိမ့်၊ လူတွေက တရုန်းရုန်းဖြင့် လွန်စွာစည်ကားလျက်ရှိတော့၏။





ဇာတ်စင်၏ရှေ့တည့်တည့် မလှမ်းမကမ်းတွင် လေးထောင့်ကွက်လေးတန် သစ်သားငုတ်စိုက်ကာ ကြိုးတားထားသည့် ကျူပျဉ်များလေးချပ်စာ နေရာလွတ်ကို ထူးခြားစွာ တွေ့ရလေသည်။

ယင်းနေရာဝယ် အစိမ်းရောင်ကော်ဇောချပ်ကြီးကို ခင်းထားရာ မည်သူတစ်ဦးတစ်ယောက်မျှ ထိုသီးသန့်နေရာကို မကျူးကျော်ရဲကြချေ။

"အဲဒါ အရေးပိုင်မင်းမိသားစု ပွဲကြည့်ဖို့ သီးသန့်နေရာ ထင့်ကွ"

"အေး ... အရေးပိုင်ကြီးရဲ့မိန်းမနဲ့သမီး ဒီနေ့နေ့လယ် ကပဲ ရောက်လာတယ်လို့ ကြားရတယ် စန်းအောင်ရဲ့"

"ဟုတ်တယ် ... သူတို့သားအမိက အင်္ဂလိပ်ကလာတာ ထင့်ကွ၊ အရေးပိုင်ကြီးရဲ့သမီးက ဘိုကပြားမလေးဆိုပေမယ့် အငြိမ့်တို့ ဇာတ်တို့ အတော်ကြိုက်ဆိုပဲ၊ ဒါကြောင့် သူလေးကြည့်ဖို့ သူကြီးက ကြိုတင်ပြီး နေရာထိုင်ခင်း စီစဉ်ထားရတာလေ"

ညရှစ်နာရီခန့်မှစ၍ ညှော်ခံတီးလုံးတီးပြီး ၉ နာရီတွင် ဇာတ်ပွဲစတင်ကပြမည်ဖြစ်ကြောင်း ကြိုတင်ကြေညာထားလေသည်။

"ဟော ... ဟောဟိုမှာ အရေးပိုင်ကြီးတို့ရဲ့မိသားစု

www.burmeseclassic.com



ပွဲခင်းထဲ ဝင်လာကြပြီကွ''

ပွဲခင်းထဲမှ ပြည့်ကျပ်နေသော ပရိသတ်တို့ကို သူကြီးနှင့် ဆယ်အိမ်ခေါင်းတို့က အရေးပိုင်မင်းမိသားစု ဝင်ရောက်နိုင်ရန် လမ်းရှင်းပေးကြ၏။

''အဲဒါ အရေးပိုင်ကြီးရဲ့ သမီးလေကွာ၊ လှမှလှပဲ တာတူးရေ''

''ဟာ ... ဟုတ်ပါရဲ့ စန်းအောင်ရာ၊ ကြည့်စမ်း ... ပွဲခင်းပတ်ပတ်လည်မှာ ထွန်းထားတဲ့ အောက်လင်းဓာတ်မီးတွေရဲ့ အလင်းအောက်မှာ သူလေးရဲ့အသားအရေက စိုပြည်ဝင်းအိလို့ပါ လားကွ''

''အေးကွာ ... လှချက်ကတော့ ကမ်းကုန်ပဲ၊ ကြည့်ပါဦး ... ဖြူဝင်းနေတဲ့ လက်မောင်းကလေးပေါ်မှာ ရွှေရောင် မွေးညင်းနုနုလေးတွေ လက်လက်ပြေးနေတာများ ငါ့ရည်းစား မိလှရွှေနဲ့ နှံ့သာဆီနဲ့အီးလောက် ကွာသဟေ့''

''ဟား ဟား ဟား ဟား''

ဓာတ်စင်၏ဝဲဘက်တွင် အုံခဲလျက်နေရာယူထားကြသည့် ကာလသားတို့က ညောင်လန်းကုန်းရွာသား စန်းအောင်၏ စကားကြောင့် တဟားဟား တဝါးဝါးဖြင့် သဘောကျသွားကြ

ခု နှစ် စဉ် ကြယ် စာ ပေ



တော့၏။

''အေးကွ စန်းအောင် ... မင်း တင်စားမယ်ဆိုလည်း တင်စားလောက်တယ်ဟေ့၊ ငါတော့ ဒီလောက်လှတဲ့ မိန်းက လေးမျိုးကို မမြင်ဖူးဘူးကွ၊ လည်ပင်းမှာဆွဲထားတဲ့ စိန်ဘယက် လေးကနေ မီးရောင်ကြောင့် စိန်တွေဖျပ်ဖျပ်လက်နေပုံများ အံ့ လောက်အောင် လှပါရဲ့ကွာ''

အရေးပိုင်မင်းမိသားစု သူတို့အတွက် သီးသန့်ခင်းကျင်း ထားသည့် အဝန်းအဝိုင်းတွင် နေရာယူပြီး မကြာမီမှာပင် ပွဲစတင် ထွက်တော့၏။

သို့ဖြင့် နန်းမဟာသဘင်က ရှေ့ပိုင်းနတ်ပင့်၊ အပျိုတော် သီမ်း၊ အော်ပရာ ပြဇာတ်တို့အပြီးဝယ် ခေတ္တအားလပ်ချိန်အဖြစ် အနားပေးလေသည်။ ညဉ့်ကလည်း တစ်ဝက်ကျိုးခဲ့ပြီဖြစ်၏။

တာတီးနှင့်သူငယ်ချင်းဖြစ်သူ ကီဝိတို့လည်း အခြား သူများကဲ့သို့ပင် ပွဲခင်းထဲမှထွက်ခဲ့ကြပြီး အပေါ့အပါးသွား ရန် ချောင်းကမ်းစပ်မှ ခရာတောဆီသို့ ချီတက်ခဲ့ကြလေသည်။

သူတို့သည် ခရာတောအစပ်၌ ထိုင်ကာ အပေါ့သွားနေ ကြစဉ် လရောင်ကြောင့် ဖျပ်ဖျပ်လက်နေသည့် ချောင်းရေပြင်ဆီ သို့ အကြည့်ရောက်သွားတော့၏။

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဟော့ကောင် ကီဝီ ... ဟိုမှာကြည့်စမ်း၊ ရေထဲမှာ ရေထဲမှာ"

"အဲဒါ ဘာဖြစ်လဲ တာတီးရဲ့ ... ထင်းတုံးကြီးတွေ မျောလာတာပါကွ"

"ဘယ်ကမျောရမှာလဲ၊ ရေကို ဆန်တက်နေတာကွ၊ မဟုတ်မှလွဲရော ... အဲဒါ မိကျောင်းကြီးတွေပဲ ဖြစ်ရမယ်ကွ"

မိကျောင်းကြီးနှစ်ကောင်မှာ နှုတ်သီးကိုသာ ရေပေါ် ပေါ်ရုံလေးဖော့ထားပြီး ကမ်းစပ်နှင့်မနီးမဝေးတွင် ငြိမ်နေကြလေ၏။

သူတို့၏သဘာဝစွမ်းအင်ကြောင့် ရေထဲတွင် မရွေ့မရှား ငြိမ်နေနိုင်ကြခြင်း ဖြစ်ပေသည်။

တာတီးနှင့်ကီဝီတို့သူငယ်ချင်းနှစ်ယောက်မှာ ရေထဲမှ မိကျောင်းကြီးတို့ကို ကြည့်ရင်း ကြက်သီးမွေးညင်းထသွားကြတော့၏။

ခဏအကြာမှာပင် သူတို့နှစ်ဦးသည် ပွဲခင်းဘက်သို့ ခပ်သုတ်သုတ်ပြန်လာခဲ့ကြတော့ရာ ပွဲခင်းထဲ သတင်းပြန့်ကာ ရုတ်ရုတ်သဲသဲဖြစ်သွားမှာစိုးသဖြင့် ကမ်းစပ်တွင် မိကျောင်းကြီးများ ရောက်ရှိနေသည့်သတင်းကို မည်သူ့အားမျှ မပြောဝံ့ကြချေ





ငြိမ်နေသော တီးဝိုင်းက ပတ်သံစမ်းစပြုပြီ။ မကြာမီ ပွဲပြန်စတော့မည်။

ယင်းအချိန်မှာပင် ကမ်းစပ်မှ ခရာတောကိုင်းကာ တစ်ကိုယ်လုံးရေရွှဲနေသော လူနှစ်ဦး ကိုင်းကိုင်း ကိုင်းကိုင်းဖြင့် တက်လာသည်ကို ခရာတောအစပ်၌ အဲပေါ့လာစွန့်သည့် ကိုကြင်စိန် တစ်ယောက်မှလွဲ၍ မည်သူမျှ သတိမပြုမိချေ။

"ဟ ဒီလူတွေ ... ဘယ့်နှယ် တစ်ကိုယ်လုံး ရေတွေ တောက်တောက်ရွှဲလို့ပါလား၊ ကူးတို့လှေနဲ့မလာဘဲ ရေထဲမှာ ဖြတ်ကူးလာလေသလား"စန်းအောင်

အသားမည်းနက်ကာ ခန္ဓာကိုယ်အထက်ပိုင်းတွင် အင်္ကျီ ဝတ်မထားဘဲ နံငယ်ပိုင်းသာသာ ပုဆိုးတိုတိုသာ ဝတ်ထားကြသည့် လူနှစ်ဦး ပွဲခင်းဘက်သို့ ထွက်သွားကြသည်ကို ကိုကြင်စိန် ငေးကြည့်ကျန်ရစ်ခဲ့လေသည်။

တိုကပ်ကပ်ဆံပင်တိုနှင့် တစ်ကိုယ်လုံး ရေများရွှဲစိုနေသည့်သူနှစ်ဦးသည် ပွဲခင်းဆီသို့ ရောက်သည်တွင် စူးရဲသော မျက်လုံးတို့ဖြင့် ဟိုကြည့်သည်ကြည့် ကြည့်ကြပြီးနောက် သူတို့ မျက်လုံးအကြည့်တို့မှာ ဇာတ်စင်ရှေ့နားရှိ အရေးပိုင်မင်းတို့ မိသားစုထံ ရောက်ရှိသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူနှစ်ဦးသည် အရေးပိုင်မင်းမိသားစုအား အတန်ကြာ အောင် စူးစူးရဲရဲ လှမ်းကြည့်နေကြပြီးနောက် ပွဲခင်းထဲမှ လူတွေ အကြားသို့ တိုးဖြတ်ဝင်လာကြကာ အရေးပိုင်မင်းမိသားစုနှင့် မလှမ်းမကမ်းရှိ နေရာလွတ်တွင် ထိုင်လိုက်ကြလေ၏။

ထိုသူနှစ်ဦးအနီးမှ ဖြတ်သွားသည်တွင် ညှီစို့စို့အနံ့များ ရလိုက်ကြသော်လည်း ဇာတ်စင်ပေါ်မှ နှစ်ပါးသွားကနေကြသည့် မင်းသားနှင့်မင်းသမီးတို့ဆီ အာရုံရောက်နေကြသဖြင့် ပရိသတ် အများစုမှာ ထူးပြီး အာရုံမစိုက်မိခဲ့ကြချေ။

သို့သော် အချို့သောပရိသတ်ကမူ ထိုသူနှစ်ဦးထံမှ ရ ရှိလိုက်သော ညှီစို့စို့အနံ့ကို သတိထားလိုက်မိကြလေ၏။ သို့တိုင် တံငါရွာပေမို့ ညှီနံ့မှာ မထူးဆန်းလှပေရာ ချောင်းထဲ ငါးဖမ်းရာ မှ လာကြသဖြင့် ငါးညှီနံ့များပါလာသည်ဟုသာ ထင်မှတ်လိုက် ကြလေသည်။

သို့သော် မကြာမီမှာပင် ဆိတ်ဆိတ်ငြိမ်ငြိမ်ထိုင်နေကြ သည့် ထိုလူနှစ်ဦးမှာ ထူးခြားမှုရှိနေသည်ကို အနီးအနားမှလူများ က တစ်စတစ်စ သတိမူလာမိကြတော့၏။

ယင်း ထူးခြားမှုမှာ နှစ်ပါးခွင်မှ လူရွှင်တော်တို့ပြက်လုံး ထုတ်သည့်အခါ ပရိသတ်အားလုံး တဝါဝါရယ်ကြသော်လည်း





ထိုလူနှစ်ဦးမှာ ရယ်လည်းမရယ်၊ ပြုံးပင်မပြုံးဘဲ နှစ်ဦးစလုံး မျက်နှာထားတည်ကြီးများဖြင့်သာ ဆိတ်ဆိတ်ငြိမ်ငြိမ်ကြီး ရှိနေ ကြသည့်အပြင် သူတို့၏အနီးဝန်းကျင်တွင် ယင်ကောင်တို့ တဝီဝီ မြည် အုံခဲလာကြခြင်းပင် ဖြစ်ပေသည်။

ဇာတ်ကလည်း နှစ်ပါးခွင်ပြီးဆုံးသွားသဖြင့် နောက်ပိုင်း ဇာတ်ကြီးပင် တင်ဆက်လျက်ရှိချေပြီ။

ထိုညက ရေပန်းစားလှသော ရာမယနဇာတ်ကို ကပြ ကြရာ တြိဂမ္ဘီပြည်တော်ပြန်ခန်းက ပရိသတ်၏စိတ်နှလုံးကို လွှတ်နူးစေလေ၏။

ဂမ္ဘီအဖြစ် သရုပ်ဆောင်သည့် မင်းသမီး၏အသံကလည်း နှင့်ဖွယ်ရှိက်သံများဖြင့် ပွဲခင်းပေါက်အောင် စီဝေလှပေ၏။

♫ တောမြိုင်စွန်းက ××× လွှမ်းအောင်ဖန် ××× မကြံ ××× ကိုယ်ထူးကြုံရပြန် ××× ချစ်သည့်လင် ××× သခင် မြင်လာဦးမျှော် ××× သုံးရွှေရင် ××× ဘုန်းကောရှင် ××× င်ဘုံပျံနန်းမှာ ××× ဆန်းညာထွဋ်ခြယ် ♫

♫ သက်လယ် ××× သက်လယ်ရွှေသွေးရယ် ××× ကြင်နာ စိမ်းတော့ ××× စိမ်းရက်တယ် ××× သက်လယ် သက်လယ် ရွှေသွေးရယ် ××× မကြင်နာစိမ်းတော့ ×××



www.burmeseclassic.com

www.burmeseclassic.com



### စိမ်းရက်တယ် ♫

ပွဲကြည့်ပရိသတ်ကြီးမှာ အနုပညာမြောက်လှသည့် ဇာတ်အဖွဲ့၏ တင်ဆက်မှုထဲ အာရုံမျောပါလျက်ရှိကြသော်လည်း ယင်ကောင်တို့ကို တစ်ဖတ်ဖတ်ဖြင့် ပုတ်ချနေကြသည့် အသား မည်းမည်းနှင့် လူနှစ်ဦးမှာမူ အရေးပိုင်မင်းတို့မိသားစုဆီသို့သာ စူးစူးရဲရဲကြည့်ရင်း ငြိမ်မြဲငြိမ်လျက်ရှိကြတော့၏။

သို့ဖြင့် နံနက်ဝေလီဝေလင်းအချိန်ကျမှ ပွဲကပြီးသွား ရွာခံပရိသတ်တို့မှာ မိမိတို့၏ ဂုန်နီအိတ်အခင်းများ၊ ဖျာစုတ်များ သယ်ကာ လိပ်ကာဖြင့် ရွာထဲပြန်ဝင်ကြသလို ရွာနီးချုပ်စပ် နွားလှည်းဖြင့် လာကြသူတို့လည်း နွားတို့ကို လှည်းထမ်းပိုးတွင် တပ်ကာ လှည်းပြင်ပြီး ဆူဆူညံညံ ပြောဆိုရယ်မောလျက် ပွဲပြန်မော့မော့ ရှိကြချေပြီ။

ချောင်းတစ်ဖက်ကမ်းရွာတို့မှ လာရောက်ကြသူတို့မှာ မိမိတို့၏ကိုယ်ပိုင်လှေသမ္ဗန်များ ကူးတို့လှေများဖြင့် ပြန်ကြချေ

အသားမည်းမည်းနှင့် ထူးခြားသောလူရွယ်နှစ်ဦးမှာ ကူးတို့လှေသမ္ဗန်တစ်စင်းပေါ် ခပ်တည်တည်တက်ကာ ထိုင်လိုက် ကြလေသည်။

ယင်ကောင်တို့ ပိုင်းအုံခဲနေသည့် လူနှစ်ဦးကို လှေသမ္ဗန်





ပေါ် ပါလာသူတို့က ကောင်းကောင်းကြီးသတိမူမိကြလေ၏။

မည်သူ့အားမျှ စကားမပြောသလို သူတို့အချင်းချင်း ည်း စကားမပြောကြသည့် ထိုလူနှစ်ဦးမှာ အခြားခရီးသည် ကြားတွင် မျက်နှာထားတည်တည်ကြီးများဖြင့် ထိုင်လျက် လိုက်ပါလာရာမှ ရေလယ်သို့အရောက် ...

"ကဲ ကဲ ... ကူးတို့ခလေးတွေ ပေးကြပါဦး"

သမ္ဗန်သမားက လောဆော်လိုက်ရာ ခရီးသည်အားလုံး ငွေအကြွေစမူးစေ့ မတ်စေ့ ပြားစေ့လေးများကို ထုတ်ကာ ဆင့်ကမ်းပေးကြသော်လည်း အသားမည်းလူနှစ်ဦးကမူ ခပ် တည်တည် ထိုင်မြဲသာထိုင်လျက် ရှိကြလေ၏။

"ဟို နောင်ကြီးနှစ်ယောက် ... ကူးတို့ခလေး မစပါဗျ"

သမ္ဗန်သမားက လှမ်းအော်လိုက်လေလျှင် အသားမည်း တစ်ဦးသည် ခါးကြား၌ လိပ်ထားသည့် ငွေအသပြာတို့ကို ကာ အနီးမှ ခရီးသည်တစ်ဦး၏လက်ထဲ ထိုးထည့်လိုက်ပြီး နှစ်ဦးစလုံး ဘာမပြော ညာမပြောဖြင့် ထိုင်ရာမှ ရုတ်ခနဲ ခုန်လိုက်ကြပြီးနောက် ရေထဲသို့ ဒိုင်ဗင်ထိုးဆင်းသွားကြတော့

'ဗွမ်း'



www.burmeseclassic.com

www.burmeseclassic.com



'ဖွမ်း'

''ဟာ''

''ဟင်''

''အလိုတော်''

သမ္ဗန်ပေါ်ပါလာသူတို့မှာ ထိုလူနှစ်ဦး၏ အပြုအမူကြောင့် အံ့အားကြီးသင့်ကာ ပါးစပ်အဟောင်းသား ဖြစ်နေကြစဉ် ခဏအကြာမှာပင် လှေနှင့် ခပ်လှမ်းလှမ်းမှ ရေပြင်ပေါ်သို့ ရှည်လျားသည့်သဏ္ဍာန်မည်းမည်းကြီးနှစ်ခု ပေါ်လာသည်ကို တွေ့ကြရာ ကမ္ဘာပျက်သလို လန့်ဖျပ်အော်ဟစ်ကုန်ကြတော့၏။

''ဟာ ...မိ မိကျောင်းကြီးတွေ''

''အလိုလေးတော် ...ဘုရား ဘုရား၊ မိကျောင်းကြီးတွေပါလား''

''အောင်မယ်လေး လုပ်ကြပါဦး ...မိကျောင်းကြီးတွေပါတော့''

အနီးအနားမှ လှေသမ္ဗန်တို့ပေါ်တွင် လိုက်ပါလာကြသည့် သူတို့ကလည်း အလန့်တကြားအော်ဟစ်ကာ မိကျောင်းကြီးနှစ်ကောင်နှင့် ဝေးရာသို့ အသည်းအသန် လှော်ခတ်ပြေးကြတော့၏။

ခု နစ် စဉ် ကြယ် စာ ပေ



''ဟဲ့ ဟဲ့ ...လှုပ်လှုပ်ရှားရှား မလုပ်ကြနဲ့၊ လှေမှောက်သွားမှ မိကျောင်းအဆွဲခံရမယ်''

''ဟုတ်တယ် ဟုတ်တယ် ...အားလုံး ငြိမ်ငြိမ်ထိုင်နေကြ၊ သူတို့က ငါတို့ကို ဘာမှလုပ်သေးတာ မဟုတ်ဘူး''

ဟုတ်ပါသည်။ မိကျောင်းကြီးများမှာ ရေပြင်ဝယ် ငါးရံ့ပြေးလေးပေါ်ကာ ကိုယ်ယောင်ပြနေကြသည်ကလွဲ၍ မည်သို့မျှ အန္တရာယ်ပြုမည့်ဟန် မပြချေ။

ရေပြင်ပေါ်ဝယ် သူတို့၏ မည်းနက်သောကျောရိုးဆူးတောင်တို့ကိုသာ တွေ့ရပြီး မိကျောင်းကြီးနှစ်ကောင်မှာ ခဏအကြာတွင် ရေအောက်ထဲသို့ ငုပ်လျှိုးသွားကြတော့၏။

''ဟော ဟော ...ရေထဲငုပ်သွားပြီ ငုပ်သွားပြီ''

''ဟာ ...ပြန်ပေါ်လာပြန်ပြီဟေ့ ပြန်ပေါ်လာပြီ''

လှေသမ္ဗန်တို့ပေါ်မှ လူတို့မှာ လှုပ်လှုပ်ရှားရှား မလုပ်ဝံ့ကြဘဲ ရေပြင်ကိုသာ မျက်လုံးအပြူးသားဖြင့် အထိတ်တလန့် ကြည့်လျက် ရှိကြလေ၏။

သို့နှင့် ရေပြင်ပေါ်သို့ နောက်ထပ်နှစ်ကြိမ်ပေါ်လာကြပြီးနောက် ရေအောက်သို့ငုပ်ကာ လုံးဝပျောက်ကွယ်သွားကြတော့၏။

ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုသတင်းမှာ ညောင်လန်းကုန်းနှင့်တကွ ရွာနီးချုပ်စပ်တို့တွင် ပျံ့နှံ့သွားတော့သည်။

"ဟဲ့ . . . ညောင်လန်းကုန်းရွာဘုရားပွဲကို နတ်မိကျောင်းကြီး နှစ်ကောင်က လူယောင်ဖန်ဆင်းပြီး ပွဲလာကြည့်ကြတယ်တဲ့တော့"

"ဟုတ်တယ် . . . သူတို့ မိကျောင်းတွေဆိုတာ လူတွေကို သိအောင် ပွဲအပြန် လှေပေါ်ကခုန်ဆင်းပြီး ရေပေါ်ကိုယ်ဖော်ပြကြတယ်တဲ့၊ ခေါင်းကြီးတွေက သုံးတောင်ကျော်ကျော်ရှိကြတယ်ဆိုပဲ"

"ဒါကြောင့် သူတို့ဟာ နတ်မိကျောင်းကြီးတွေလို့ ပြောတာပေါ့၊ သူတို့ရဲ့ကိုယ်က ညှီနံ့တယ်နံတယ်ဆိုပဲ"

"ဟုတ်ပါ့တော်၊ လူကိုယ်ပေါ်လည်း ယင်ကောင်တွေအုံတာ ဝိုင်းအုံခဲနေတာပဲတဲ့၊ အဲဒီကတည်းက လူတွေက ရိပ်မိသင့်ပါတယ်ဟယ်"

"အလိုတော် . . . နတ်မိကျောင်းကြီးတွေဟာ လူယောင်ဖန်ဆင်းနိုင်မှန်း ဘယ်သိမှာလဲ၊ တချို့ကျတော့ ကြားဖူးပေမယ့် ဘယ်ကြုံဖူးမှာလဲ၊ လက်တွေ့မျက်တွေ့ကြုံမှ အသက်ထွက်မတတ် လန့်ကုန်ကြတယ်တဲ့တော့"





အရေးပိုင်မင်းကြီးမိသားစုမှာ ဘုရားပွဲကျင်းပပြီး နောက်နှစ်ရက်အကြာတွင် မော်တော်တစ်စင်းကို စင်းလုံးငှား၍ ဖျာပုံမြစ်ဝဘက် ဦးတည်ထွက်ခွာသွားကြတော့၏။

အရေးပိုင်မင်းကြီးတို့၏မော်တော်မှာ သံဒိမြစ်ဝသို့ ရောက်လာသည်တွင် ညနေစောင်းခဲ့ပြီမို့ ပင့်လယ်ဒီရေလှိုင်းတို့မှာ တဝုန်းဝုန်းဖြင့် ရိုက်ခတ်လာတော့သည်။

ယင်းအချိန်မှာပင် မော်တော်လေး၏နောက်မှ မိကျောင်းများ တဟဲဟဲဖြင့် လိုက်လာသည်ကို ကြောက်မက်ထိတ်လန့်ဖွယ် တွေ့ရတော့၏။

"ဟာ . . . အိုးဂေါ့၊ မိကျောင်းကြီးတွေ နောက်က လိုက်လာပါလား"

"အို ဒါလင် . . . လုပ်ပါဦး၊ မိကျောင်းကြီးတွေ သဲကြီးမဲကြီး လိုက်လာကြပြီ"

"ဒယ်ဒီ . . . သမီး သမီးကြောက်တယ်"

"မကြောက်နဲ့သမီး . . . ဒယ်ဒီရှိတယ်"

အရေးပိုင်မင်း မစ္စတာဖာဂူဆန်က အမဲပစ်ရိုင်ဖယ်ဖြင့် မော်တော်ပဲ့ပိုင်းမှ ပစ်တော့၏။

'ဒိုင်း ဒိုင်း ဒိုင်း'



www.burmeseclassic.com

www.burmeseclassic.com



"ဟာ မင်းကြီး မင်းကြီး ...မပစ်နဲ့ မပစ်နဲ့၊ အဲဒီ နတ်မိကျောင်းကြီးတွေ၊ သူတို့ကိုသတ်ရင် ပိုဆိုးသွားမယ်"

"မပစ်လို့ရမလား ... မော်တော်နဲ့ နီးသထက်နီးလာပြီ စက်ကုန်ဖွင့်မောင်းစမ်း"

မော်တော်လေးမှာ စက်ကုန်ဖွင့်မောင်းသည့်တိုင် ပင်လယ်ဘက်မှ လှိုင်းလုံးကြီးများ လိမ့်လိမ့်ဝင်လာသဖြင့် ခရီး တွင်သင့်သလောက် မတွင်ဘဲ မိကျောင်းကြီးတို့ကသာ နီးသည်ထက် နီးကပ်လာကြတော့၏။

လှိုင်းကြားလေကြားတွင် မော်တော်လေးသည် ကမ်းစပ် နှင့်[illegible]နီးမဝေးမှ မောင်းနှင်နေရင်း မိကျောင်းကြီးတို့က မော်တော် လေးကို ဝိုင်းရံလာကြတော့သည်။

အရေးပိုင်ကြီးလည်း ရိုင်ဖယ်သေနတ်ဖြင့် သဲကြီးမဲကြီး ပစ်တော့၏။

'ဒိုင်း ဒိုင်း ဒိုင်း'

ထိုစဉ် လှိုင်းလုံးကြီးတစ်လုံးက မော်တော်ကို ပစ်ရိုက် လိုက်ရာ ...

'ဝုန်း'

မော်တော်လေးမှာ တစ်ဖက်သို့စောင်းသွားပြီး ကုန်းပတ်





ပေါ်သို့ ရေများ ဝေါခနဲတက်လာရာ ထိုရေနှင့်အတူ မိကျောင်း ကြီးတစ်ကောင်က တစ်ရှိန်ထိုး ခေါင်းထိုးတက်လာတော့၏။

'ဝေါ'

ထိုမိကျောင်းကြီး၏အလေးချိန်ကြောင့် မော်တော်လေး မှာ ပိုမိုစောင်းသွားရာ ရေတို့ ပိုဝင်လာပြီး နောက်ထပ်မိကျောင်း ကြီး တစ်ကောင်ကပါ ခေါင်းထိုးတက်လာတော့၏။

"ဟာ ... မိကျောင်းကြီးတွေ တက်လာပြီဟေ့"

"ရိုက်ကြ ထိုးကြ"

မော်တော်လုပ်သားတို့ပါ မှိန်းများဖြင့် ဆီးထိုးကြ၊ ဓား ရှည်ဖြင့် ဆီးခုတ်ကြတော့၏။

'ဝေါ'

'ဝုန်း'

"အိုး ဂေါ့ ...မော်တော်မှောက်ပြီ"

"အောင်မယ်လေး ... ကယ်ကြပါဦး"

ရုတ်ခြည်း ငရဲပွက်သလို ဆူညံသွားတော့သည်။

မော်တော်လေးမှာ လုံးဝမှောက်သွားပြီး မိကျောင်းကြီး တစ်ကောင်က အရေးပိုင်ကြီးကို ခါးပိုင်းမှ ကိုက်ချီလိုက်သည် နောက်မိကျောင်းကြီးတစ်ကောင်က လက်တစ်ဖက်ကို ဝင်ဆွဲ



www.burmeseclassic.com

www.burmeseclassic.com



သလို နောက်ထပ်မိကျောင်းကြီးတစ်ကောင်ကလည်း ခြေတစ်ဖက်ကို ဝင်ဆွဲတော့ရာ အရေးပိုင်ကြီး၏ခန္ဓာကိုယ်မှ ခြေတို့လက်တို့ ပြုတ်ထွက်ကုန်ပြီး သွေးသံရဲရဲဖြင့် မရှုမလှ သေဆုံးရှာတော့၏။

အရေးပိုင်ကတော်ကြီး၏ခေါင်းကိုလည်း မိကျောင်းကြီးတစ်ကောင်က ပါးစပ်ကြီးဖြင့် ငုံခဲကာ ရေအောက်သို့ ဆွဲချသွားတော့၏။ ခဏအကြာတွင် အရေးပိုင်ကြီးကတော်မှာ ရေပေါ်ပေါ်လာသည်တွင် ဦးခေါင်းမရှိတော့ချေ။

အရေးပိုင်ကြီး၏သမီး စင်သီယာကိုမူ မိကျောင်းကြီးတစ်ကောင်က ခါးမှကိုက်ချီကာ ရေအောက်ထဲ ငုပ်ပြေးသွားတော့၏။

ရေကူးကျွမ်းကျင်သည့် မော်တော်ဆလင်နှင့်စက်မောင်းလုပ်သားတို့အားလုံးမှာလည်း မိကျောင်းတို့၏ရန်မှ ပြေးမလွတ်ဘဲ အော်ရင်းဟစ်ရင်း ရုန်းကန်ကူးခတ်တိုက်ခိုက်ရင်း မိကျောင်းစာဖြစ်ကုန်ကြတော့၏။

❁





"ဟာ ... အဖြစ်တော်တော်ဆိုးတာပဲနော် ဖိုးတာတီး"

"ဟုတ်ပ့ါကွာ ... မိကျောင်းကြီးတွေက ရက်စက်လိုက်ကြတာ ... ကျွတ် ကျွတ်"

"ဒါထက် ဖိုးတာတီး ... ဟို အရေးပိုင်ကြီးရဲ့သမီး စင်သီယာရော ဘယ်လိုဖြစ်သွားသလဲဗျ"

"သူလည်း သေမှာပဲပေါ့ကွာ၊ စင်သီယာကို ကိုက်ချီသွားတဲ့ မိကျောင်းကြီးဟာ ရေပေါ်ပြန်တက်လာလိုက် ငုပ်သွားလိုက်နဲ့ တောက်လျှောက်ချီသွားတာကို ကမ်းခြေက တံငါသည်တွေ မြင်လိုက်ရတယ်တဲ့၊ သံဒိမြစ်ဘက် ဦးတည်ချီသွားတယ်ဆိုပဲ"

"သူတို့ရဲ့ မိကျောင်းအသိုက်ဆီ ခေါ်သွားတာများလား ဖိုးတာတီး"

"ဖြစ်နိုင်တာပေါ့ကွာ"

"ဒါဆို စင်သီယာ သေချင်မှသေမယ်ကွ၊ ဒဏ္ဍာရီပုံပြင်တွေထဲကလို မိကျောင်းမင်းသားလေးက ရွှေမင်းသမီးလေးကို သားအဖြစ်ရယ်ထူပြောရာကနေ ဝေးရာဆီ ချီပြေးသွားပြီး သူတို့ရဲ့ အသိုက်နန်းဆီ ခေါ်သွားတာ ဖြစ်ရမယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ကူးမယဉ်ချင်စမ်းပါနဲ့ ရဲညွန့်ရာ၊ ငါက မိကျောင်းတွေရဲ့အကြောင်းကို ကောင်းကောင်းကြီးသိတယ်ကွ၊ အဲဒီကောင်တွေဟာ အငြိုးသိပ်ကြီးတယ်၊ သူတို့ရဲ့ရန်သူတော် အရေးပိုင်ကြီး ဖာဂူဆန်နဲ့ပတ်သက်နေတဲ့ စင်သီယာကို ချမ်းသာပေးမှာ မဟုတ်ဘူးကွ"

"ဖိုးတာတီးကလည်း . . . မိကျောင်းကြီးက စင်သီယာကို သတ်ချင်မှဖြင့် အဲဒီနေရာမှာတင် ကိုက်သတ်စားလိုက်မှာပေါ့ဗျ၊ ခုဟာက မသတ်ချင်လို့ ချီသွားတာ ဖြစ်မှာပေါ့"

"မင်းတို့က မိကျောင်းတွေရဲ့သဘာဝကို သေချာမသိဘဲကိုးကွ ရဲညွန့်ရ၊ မိကျောင်းဆိုတဲ့အမျိုးဟာ ရန်သူကို သူတင်ကိုယ်တင် တိုက်ခိုက်တဲ့အခါမှာသာ သူတို့ရဲ့ကိုက်အားကောင်းလှတဲ့ ပါးစပ်ကြီးနဲ့ ကိုက်ဖြတ်တိုက်ခိုက်တတ်ပေမယ့် ချက်ချင်း စားသောက်နိုင်စွမ်း မရှိကြဘူးကွ . . .၊

ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့သွားတွေဟာ အားနည်းလွန်းလို့ပဲ၊ အဲဒီသွားတွေနဲ့ လတ်ဆတ်တဲ့အသားကို ကိုက်ဖဲ့နိုင်စွမ်းမရှိကြဘူး၊ အသားတွေရိပြဲသွားအောင် အပုပ်ခံပြီးမှ စားရတာကွ . . .၊

ဒါကြောင့် စင်သီယာကို သူတို့ရဲ့မိကျောင်းသိုက်ဆီ





ချီသွားပြီး ရေမွန်းပြီးသေနေတဲ့ စင်သီယာရဲ့အလောင်းပုတ်မှ စားမှာကွ"

ရွှေရောင်ဆံပင်နှင့် ရွှေမင်းသမီးလေးလို လှပနေမည့် စင်သီယာအား စိတ်ကူးဖြင့် ပုံဖော်မြင်ယောင်ရင်း ရဲညွန့်တို့ တာလံသားတစ်စုမှာ နှမြောတသလျက် ရှိတော့သည်။

"နေပါဦး ဖိုးတာတီးရဲ့ . . . မိကျောင်းတွေဟာ သူတို့ရဲ့ သားကောင်ကို စားသောက်ဖို့ မိကျောင်းသိုက်ဆီ ချီသွားပြီး အပုပ်ခံထားတယ်လို့ဆိုတော့ သူတို့ရဲ့အသိုက်က ရေအောက်ထဲမှာပဲလား၊ သားကောင်ရဲ့အလောင်းကိုရော ရေအောက်ထဲမှာ ထားတာပဲလား"

ဖိုးတာတီးက အဖန်ရည်တစ်ခွက် ငုံ့သောက်ပြီးမှ ဖြေသည်။

"မိကျောင်းသိုက်ဆိုတာက ဒီလိုကွ မောင်သော်ရဲ့ . . . သူတို့ရဲ့အသိုက်တွေဟာ အများအားဖြင့် မြစ်တွေ ,ချောင်းတွေနဲ့ နံဘေးက ကမ်းပါးတွေရဲ့အောက်မှာ ရှိတတ်တယ်ကွ၊ ရေအောက်သဘာဝလိုဏ်ခေါင်းကြီးတွေပဲပေါ့ကွာ . . .၊

အဲဒီလိုဏ်အဝတွေဟာ ရေအောက်မှာရှိတတ်ပြီး ရေကျချိန်မှာ လိုဏ်အဝနည်းနည်းပေါ်တတ်ပေမယ့် ရေတက်ချိန်



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် လိုဏ်အဝဟာ ရေဝဲအောက်ထဲရောက်နေရာ၊ ဒါကြောင့် မိကျောင်းမှုဆိုးတွေတောင် မိကျောင်းသိုက်ကို တော်ရုံနဲ့ ရှာမတွေ့ကြဘူး ...။

သူတို့ရဲ့ လိုဏ်အဝဟာ ရေအောက်ထဲမှာရှိနေပေမယ့် လိုဏ်လမ်းကတော့ တဖြည်းဖြည်းမြင့်တက်လာပြီး ရေနဲ့လွတ်သွားတတ်တယ်၊ ဒီရေ ဘယ်လောက်တက်တက် အတွင်းလိုဏ်ထဲ ရေပြည့်ခဲတယ်၊ ဒါကြောင့် မိကျောင်းတွေဟာ သူတို့ကိုက်ချီလာတဲ့ သားကောင်တွေကို အဲဒီရေလွတ်ရာ အတွင်းလိုဏ်ဂူထဲမှာ လေးငါးခြောက်ရက် ပုပ်တဲ့အထိ ထားတတ်ကြတယ် ...။

အဲဒီလို သားကောင်အသေတွေဟာ ရက်ကြာလာတာနဲ့အမျှ အသားတွေ ပုပ်ပွ ရိရွဲလာတယ်၊ အဲဒီလို သားကောင်ရဲ့ အသားတွေ ပွပျော့လာမှ မိကျောင်းတွေက တစ်ဖွဲ့ချင်းစားတော့တာကွ၊ ဒါကြောင့် မိကျောင်းသိုက်ထဲမှာ လူ, တိရစ္ဆာန်တွေရဲ့ အရိုးတွေ ရှိနေတတ်တယ်၊ လူတို့, ကျွဲ နွား ဝက်တို့လို သားကောင်ကြီးတွေကို အဲဒီလိုနည်းနဲ့ စားသောက်တတ်ကြတယ် မောင်သော်ရဲ့ ...။

အဲ ...ငါးနဲ့ ခွေးတို့, ငှက်တို့, ဆိတ်တို့ စတဲ့ သားကောင်ငယ်တွေကိုတော့ ရေထဲဆွဲချပြီးတာနဲ့ တစ်ခါတည်း





မျိုချတတ်ကြတယ်ကွ''

ကာလသားတို့ သက်ပြင်းကိုယ်စီချမိကြတော့၏။

''အင်း ...ဖိုးတာတီးပြောသလိုဆိုရင် မိကျောင်းတွေဟာ အတော်အငြိုးကြီးတာပဲ၊ နတ်မိကျောင်းတွေဆို ပိုဆိုးပြီပေါ့၊ ခုလည်း ညွန့်အောင်တို့ညီအစ်ကိုက နတ်မိကျောင်းကြီးတစ်ကောင်ကို သတ်ခဲ့မိလို့ နတ်မိကျောင်းတွေက လက်စားချေဖို့ လာချောင်းနေကြတာနဲ့ တူတယ်ဗျ''

''အင်း ...ဖြစ်လာမှတော့ ဘာတတ်နိုင်မှာလဲကွာ၊ ညွန့်အောင်တို့ညီအစ်ကိုကလည်း မိကျောင်းဖမ်းဖို့ ချောင်းကျိုးအင်းဘက် သွားခဲ့တာမှ မဟုတ်ဘဲ၊ ငါးဖမ်းဖို့သက်သက်သွားရင်း မိကျောင်းနဲ့တိုးလို့ ကိုယ့်အသက်ကိုယ် ခုခံကာကွယ်ခဲ့ကြတာပါ''

''နတ်မိကျောင်းကြီးတွေကတော့ ညွန့်အောင်တို့ညီအစ်ကိုတင် မကဘူး ...ကျုပ်တို့ တစ်ရွာလုံးအပေါ် အငြိုးအတေးထားပုံပဲဗျ''

''အေးလကွာ ...ဘာပဲဖြစ်ဖြစ် ငါတို့ရွာသူရွာသားတွေဟာ ချောင်းစပ်ဆင်းတဲ့အခါ သတိနဲ့ဆင်းမှဖြစ်မယ်၊ ချောင်းထဲဆက်ကူးတာ ရေချိုးတာတွေ မလုပ်နဲ့၊ အဝတ်လျှော်ရင်လည်း သတိထားပြီး လျှော်ကြရမယ်ကွ''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . ခုလို ဒီထရက်တွေမှာ ညဘက် ရေကင်းစောင့်ဖို့ သူကြီးဦးထွန်းစိန်နဲ့တိုင်ပင်ပြီး စီမံစမ်းပါ ဖိုးတာတီးရဲ့"

"အေး . . . ကောင်းတယ်၊ မင်းတို့ကာလသားတွေအလှည့်နဲ့ ရေကင်းစောင့်စေဖို့ ငါ သူကြီးဦးထွန်းစိန်နဲ့တိုင်ပင်ပြီး စီစဉ်လိုက်ဦးမယ်"

"ဟုတ်ကဲ့ ဟုတ်ကဲ့ . . . မိကျောင်းရန် ကာကွယ်ဖို့ဆိုရင် ကျုပ်တို့ကာလသားတွေဘက်က အဆင်သင့်ပဲဗျ . . . ဟုတ်တယ်မဟုတ်လား သူငယ်ချင်းတို့"

"ဟုတ်တယ် ဟုတ်တယ် . . . ကျုပ်တို့က အဆင်သင့်ပဲ"

❁

ယခုတစ်လော ကနီချောင်းရိုးတစ်လျှောက်ရှိ ရွာများတွင် မိကျောင်းအဆွဲခံရသောသတင်းများကို ခပ်စိပ်စိပ်ကြားလာရသည်။



ကနီရွာသားများဆိုလျှင် ငါးဖမ်းပင်မထွက်ရဲလောက်အောင် စိုးရွံ့နေမိကြလေ၏။ အထူးသဖြင့် မိကျောင်းများကိုတွေ့ရတတ်သည့် ရေထရက်များဆိုလျှင် တံငါလှေတို့ ချောင်းရိုးထဲပင် မထွက်ရဲကြတော့။ သံဒီမြစ်ဆုံဘက်ဆိုလျှင် ဝေလာဝေး။

ကနီချောင်းမှာ သံဒီမြစ်နှင့်ဆက်သွယ်လျက်ရှိပြီး သံဒီမြစ်ဝသည် ပင်လယ်ဝပင်ဖြစ်ရာ ပင်လယ်ဒီရေအတက်အကျအတိုင်း ချောင်းရေအတက်အကျ ဖြစ်လျက်ရှိ၏။

ပင်လယ်ဒီရေအတက်အကျမှာ ပြောင်းလဲနေတတ်သောသဘောရှိပြီး လစဉ် လဆန်း ၁၂ ရက်မှ လပြည့်ကျော် ၄ ရက်နေ့အထိသည်လည်းကောင်း၊ လဆုတ် ၁၂ ရက်နေ့မှ လဆန်း ၄ ရက်နေ့အထိသည် ရေထရက်များ ဖြစ်ပြီး၊ လစဉ် လဆန်း ၅ ရက်မှ ၁၁ ရက်အထိသည်လည်းကောင်း၊ လဆုတ် ၅ ရက်မှ ၁၁ ရက် အထိသည်လည်းကောင်း ရေသေရက်များဖြစ်ပါသည်။

ရေထရက်များတွင် ပင်လယ်ထဲမှာလည်း လှိုင်းလေပြင်းထန်ကာ ပင်လယ်နှင့်နီးစပ်သည့် မြစ်ချောင်းများတွင် ရေစီးသန်၍ လှိုင်းလေပြင်းထန်တတ်လေ၏၊ ရေလွှမ်းမိုးမှုရှိတတ်၏။

ရေသေရက်များတွင်မူ ပင်လယ်ပြင်မှာရော ပင်လယ်နှင့်

ခု နစ် စဥ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



နီးစပ်သည့် မြစ်ချောင်းများမှာပါ လှိုင်းလေငြိမ်သက်လေ့ရှိ

ရေထရက်များတွင် ငါးပိအိုးများကို မည်သည့်နေရာမှ ထားသည်ဖြစ်စေ ငါးပိများအပေါ်မှ အရည်များသည် အလို ပြည့်လျှံလာတတ်လေသည်။ ဤသည်မှာ လ၏ဆွဲအားကြော ဖြစ်ရာ ထိုလဆွဲအားသည် လပြည့်ရက်နှင့် လဆန်း ၁ ရ ၂ ရက်တို့တွင် အပြင်းထန်ဆုံးဖြစ်၏။ ထို့ကြောင့် ထိုရက်များတွ ဒီရေ ပိုတက်ကာ ရေလျှံမှု ပိုဖြစ်တတ်၏။ လှိုင်းလေပိုပြင်းထ တတ်၏။

ကနီချောင်းရိုးတစ်လျှောက်တွင် ယင်းသို့သော ရေ ရက်များ၌ မိကျောင်းတို့ကို ပိုမိုများပြားစွာ တွေ့ရလေ့ရှိ ငါးဖမ်းလှေများ ချောင်းရိုးတစ်လျှောက်ကိုရော၊ သံဒိုမြစ်ပြင် ရော၊ ပင်လယ်ဘက်ကိုပါ မထွက်ဝံ့ကြချေ။

ကပ္ပလီပင်လယ်အော်ထဲတွင် ငါးဖမ်းပိုက်များချပြီး ဝ သလောက်ပိသာချိန် အတော်များများရသည်တွင် ညွှန့်အော နှင့်ညွှန့်လှိုင်တို့ညီအစ်ကို၏ ငါးပေါင်းမော်တော်လေးမှာ ကမ်း သို့ ပြန်ကပ်လာခဲ့လေသည်။

ညွှန့်အောင်တို့သည် ကျွန်းဒါးရှိ ငါးအဝယ်ဒိုင်တွင် ငါးမျ သွားသွင်းပြီးမှ ကနီချောင်းရိုးထဲသို့ ပြန်ဝင်ခဲ့ကြလေ၏။





ယင်းညမှာပင် ညွှန့်အောင်တို့ညီအစ်ကိုသည် အိမ်ရှေ့ တပြင်တွင် အပန်းဖြေသည့်အနေဖြင့် နီကြွပ်နေသည့် ငါးသ လောက်ကင်ကို မြည်းလိုက်၊ ချက်အရက်ကိုမော့လိုက်လုပ်ကာ ဆက်ရက်မင်းစည်းစိမ် ခံစားနေကြလေသည်။

အရက်လေးနည်းနည်းထွေလာသည့်တွင် ညွှန့်လှိုင်က ကားစသည်။

"အစ်ကိုရေ ... ကျုပ်တို့ ပင်လယ်ထွက်နေတုန်း ဒီ ကနီချောင်းရိုးတစ်လျှောက်မှာ မိကျောင်းတွေ အတော်သောင်း ကျန်းနေ ဆိုပဲ၊ ရွာထိပ်က ကြားခဲ့တယ်"

"သောင်းကျန်းတော့ ဘာဖြစ်လဲ ... မိကျောင်းများ သောက်ဂရုစိုက်စရာလုပ်လို့"

"ဟား ဟား ဟား ... ကျုပ်တို့ကသာ အဲဒီခေါင်းရှုပ် တွေကို ဂရုမစိုက်တာ၊ ချောင်းရိုးတစ်လျှောက်မှာရှိတဲ့ ရွာတွေက တော့ အတော်လန့်နေကြတယ်၊ မိကျောင်းတွေက ဒီရွာကို ပတ် ချောင်းနေတယ်ဆိုပဲ၊ အဲဒါဟာလည်း ကျုပ်တို့ညီအစ်ကိုက နတ်မိကျောင်းကြီးကို သတ်လိုက်မိလို့တဲ့"

"ဘာကွ ... ထွီ ... ဘာနတ်မိကျောင်းလဲ၊ နတ်မိ ကျောင်းဆို မှိန်းနဲ့ထိုးလို့ ဓားနဲ့ထိုးလို့ သေမလား၊ ထွီ ... သက်



www.burmeseclassic.com

www.burmeseclassic.com



သတ် အလုသီးနေကြတာပါကွာ''

''ဘာပဲဖြစ်ဖြစ် မိကျောင်းတွေ ရှားနားလာလာနေတာ ကြိုက်တယ်၊ မိကျောင်းတစ်ကောင်လောက် ထပ်ရရင် ထပ် ပွဲပေါက်တိုးဦးမှာပဲ''

''ဟား ဟား ဟား ... ဟုတ်ပ့ါကွာ ဟုတ်ပ့ါ၊ လာစ ပါစေ အဲဒီခေါင်းရှည်တွေ''

❁

ညွန့်အောင်တို့ညီအစ်ကို ပင်လယ်သို့ မထွက်ဖြစ်သေ သည့် တစ်နေ့မွန်းလွဲပိုင်းတွင် ညွန့်လှိုင်သည် အိမ်ရှေ့ခပ်လှ လှမ်းရှိ ကနစိုပင်အရိပ်အောက်မှ ကမ်းပါးစွန်းတွင် ထိုင်က စိတ်အေးလက်အေးဖြင့် ဆေးပေါ့လိပ် ဖွာလျက်ရှိလေသည်။

အစ်ကိုဖြစ်သူ ညွန့်အောင်ကမူ အိမ်ရှေ့ကပြင်တွင် ပို ဖာနေလေ၏။

ယင်းအချိန်ဝယ် တစ်ဖက်အိမ်မှ ပန်းလှ၏သားသေ လူရဲမှာ ချောင်းကမ်းစပ်ရှိ ကျောက်တုံးတစ်တုံးပေါ်တွင် ဆော





ကြောင့်ထိုင်ရင်း ဝါးဆန်ခါငယ်ဖြင့် ဖောင်စီးကဏန်းတို့ကို ခပ်လျက်ရှိလေသည်။ သူက ချောင်းရေအတက်တွင် အချပ် လိုက်မျောပါလာကြသည့် ဖောင်စီးကဏန်းတို့ကို ဝါးဆန်ခါခုံးဖြင့် ကာ ရေစစ်ပြီး အနီးရှိ လေးထောင့်သံပုံးဟောင်းထဲသို့ သွန် ထည့်နေလေသည်။

လူရဲလေးမှာ အသက် ခုနစ်နှစ်ခန့်ရှိပြီဖြစ်သော်လည်း မှာထွားကျိုင်းခြင်းမရှိဘဲ ပိန်လှီမွဲခြောက်လျက် ရှိလေ၏။

သူ၏ဖခင် ကိုသောင်းထွန်းမှာ တစ်ချိန်က စက်လှေပိုင် ခဲ့သား ဖြစ်သော်လည်း မိဘများအလိုလိုက်ခြင်း ခံထားရသူ သဖြင့် သားရှာငါးရှာအလုပ် လုပ်ဖူးသူမဟုတ်ချေ။

ယခုလို မိဘများစီးပွားကျကာ သေဆုံးကွယ်လွန်သွားပြီး ဝယ် တံငါအလုပ်ကို မလုပ်တတ်၊ မလုပ်ဝံ့သဖြင့် သူတစ် ဝယ်၌ လယ်ကူလီစာရင်းငှားအဖြစ်လည်းကောင်း၊ ဝါးခုတ် ခုတ်လိုက်သည့်အခါတွင်လည်းကောင်း အငှားလိုက်လေ သည်။

ထို့ကြောင့် လူရဲတို့မိသားစုမှာ ရေလုပ်ငန်းလုပ်သော သားစုတို့လောက် အူစိုခြင်းမရှိချေ။

ကိုသောင်းထွန်းမှာ ချမ်းသာသည့်ဘဝမှ လာခဲ့သူဖြစ်သ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် လက်ကြောလည်းမတင်းလှရာ ငွေကြေးဝင်သင့်သလောက် မဝင်ချေ။

ပန်းလှမှာလည်း ကြံရည်ဖန်ရည်ရှိသူ မဟုတ်လေရာ မိဘများထားခဲ့သည့် အမွေအနှစ်များကုန်သည့်တွင် တဖြည်း ဖြည်း ဆင်းရဲနွမ်းပါးလာခဲ့လေသည်။

လူရဲလေးမှာ တစ်ပတ်မှာ တစ်ရက်မျှပင် သားငါးမစား ရလေရာ ဖခင်ဖြစ်သူ လယ်ထဲဆင်းနေစဉ် ချောင်းစပ်၌ ဖောင်စီး ကဏန်းများ လာခပ်နေခြင်းဖြစ်သည်။

ဖောင်စီးကဏန်းတို့ကို အိုးကင်းပူတိုက်ကာ စားရလျှင် ထမင်းမြိန်မည်မို့ ကဏန်းငယ်တို့ကို ရသမျှ ကျုံးကျုံးခပ်လျက် သာ ရှိတော့၏။ သူကလေး၏အာရုံက ကဏန်းအချပ်ကြီးများ သို့သာ ရောက်နေသဖြင့် တက်ရေနှင့်အတူ သူရှိရာကမ်းစပ်ဆီ တရွေ့ရွေ့ချဉ်းကပ်လာနေသည့် ပေဒါတစ်အုပ်ကို သတိမမူမိ

ပေဒါရောင်အပွင့်လေးများဖြင့် သိုက်မြိုက်လှပနေသည် ပေဒါအုပ်စိမ်းစိမ်းမှာ ချောင်းရေစီးအတိုင်း စီးမျောပါသွားခြင်း မရှိဘဲ ရေစီးကို ကန့်လန့်ဖြတ်ကာ ကမ်းစပ်ဆီ တရွေ့ရွေ့ ချဉ်းကပ်လာနေသည်ကို သတိပြုမိသွားသူမှာ ညွန့်လှိုင်ဖြစ်၏

သူက ရေတက်တဖြည်းဖြည်းကြမ်းလာပြီဖြစ်သဖြင့်





လူရဲလေးအား ကမ်းပါးပေါ်တက်လာဖို့ လှမ်းသတိပေးရန် ကြည့် လိုက်စဉ် မူမမှန်သည့် ယင်းပေဒါအုပ်ကိုသတိမူမိခြင်း ဖြစ်သည်။

"ဟင် … ဟိုပေဒါအုပ်က ဘယ်လိုဖြစ်တာလဲ"

သူက ယင်းပေဒါအုပ်ဆီ သက်ဝင်မကင်းစွာ မျက်မှောင် ကုတ်ကြည့်ရင်း မတ်တတ်ရပ်လိုက်မိတော့သည်။

"ဟာ … အဲ အဲဒီပေဒါအုပ်ရဲ့အောက်မှာ ရေသတ္တဝါ ကြီးကောင်ကောင်ရှိနေပြီ၊ ပေဒါအုပ်ကို အကာအကွယ်ယူပြီး ချောင်းကမ်းစပ်ဆီ ကပ်လာတာပဲ"

"မိ မိကျောင်းနဲ့တူတယ်"

သူ၏တစ်ကိုယ်လုံး ထူပူသွားပြီး လူရဲလေးအတွက် စွန်စွာစိုးရိမ်သွားတော့၏။

"ဟေ့ကောင်လေး လူရဲ … ကမ်းပေါ်မြန်မြန်တက်စမ်း တက်စမ်း၊ မိကျောင်းလာနေပြီ"

ညွန့်လှိုင်သည် လူရဲလေးအား အော်ဟစ်သတိပေးပြီး နောက် အိမ်ဘက်သို့ တစ်ဟုန်ထိုးပြေးကာ …

"အစ်ကို … မိကျောင်း မိကျောင်း"

ဟု အစ်ကိုဖြစ်သူကိုပါ အော်ဟစ်သတိပေးပြီး ကပြင် စပ်တွင် တွေ့ရသည့် ဓားမကို ကောက်ယူကာ ကမ်းပါးဘက်



www.burmeseclassic.com

www.burmeseclassic.com



သို့ ချာခနဲလှည့်လျက် ပြေးဆင်းသွားတော့၏။

ညွန့်အောင်လည်း မိကျောင်းဟူသောအသံကြော
ဆတ်ခနဲ ဖြစ်သွားပြီး ခုန်ထကာ ပုဏ္ဏားကွယ်၌ထောင်ထားသည
မှိန်းကို ပြေးယူလျက် ကပြင်ပေါ်မှ လွှားခနဲ ခုန်ဆင်းလေ

ညွန့်လှိုင်သည် ကမ်းပါးစောက်အောက်ရှိ လတာပြင်
ကျောက်တုံးကြီးတို့အပေါ် ခုန်လွှားနင်းရင်း ကမ်းစပ်အရောက်တွ
လူရဲ၏ ပိန်လှီနေသည့် လက်မောင်းလေးတစ်ဖက်ကို ဆောင့်ဆွဲ
လိုက်တော့၏။

လူရဲမှာ ကြောင်စီစီဖြစ်နေရာမှ ဇွေ့ခနဲပါလာပြီး သူ
လက်ထဲမှ ဝါးဆန်ခါခိုးလေး လွတ်ကျသွားတော့သည်။ သူ
ခြေနှင့် ခတ်မိသောကြောင့်လည်း ဖောင်စီးကဏန်းများ ထည
ထားသည့် သံပုံးမှာ နွံထဲသို့ လဲကျသွားတော့၏။

"ဟော့ကောင်လေး ... ကမ်းပေါ်မြန်မြန်တက်"

ညွန့်လှိုင်က အော်လည်းအော် လူရဲလေးကိုလည
ကမ်းပေါ်တွန်းထိုးတင်လိုက်၏။

ထိုစဉ်မှာပင် ရေပြင်ထက်မှ ပေဒါပင်တို့သည် အပေါ်
ဖွားခနဲတက်သွားပြီး ဝုန်းဆိုသောအသံကြီးနှင့်အတူ ရေထဲ
မည်းနက်သည့်မိကျောင်းနှုတ်သီးကြီး ထိုးထွက်လာကာ လတ





ပြင်ပေါ် လျှောခနဲ တက်လာတော့သည်။

မိကျောင်းကြီး၏ လှုပ်ရှားမှုက လျင်မြန်လွန်းသဖြင့် ညွန့်လှိုင်ခြေတစ်လှမ်း နောက်သို့ရုပ်လိုက်သော်လည်း ကျန်ခဲ့သည့်ခြေတစ်ဖက်ကို မိကျောင်းကြီးက ခဲမိသွားတော့၏။

"ဟာ ... ကဲဟာ ကဲဟာ"

ညွန့်လှိုင်က မိကျောင်းကြီး၏နှုတ်သီးကို ဓားမတိုဖြင့် ဆက်ကာ ဆက်ကာ ခုတ်တော့သည်။

မိကျောင်းကြီးက မိထားသောခြေထောက်ကို မလွှတ်ဘဲ ဆွဲခါလိုက်စဉ် ညွန့်အောင်သည် အနီးသို့ လျင်မြန်စွာ ရောက်ရှိလာပြီး မိကျောင်းကြီး၏ပါးစောင်ကို မှိန်းဖြင့် အားကုန်ထိုးစိုက်ချလိုက်တော့၏။

မှိန်းအသွားက ပါးစောင်ကို ဖောက်ထွက်သွားရာ သွေးတို့ ရဲခနဲ ထွက်လာပြီး မိကျောင်းကြီးမှာ ချက်ကောင်းမိသွားသဖြင့် ထွန့်ထွန့်လူးသွားတော့၏။ နာကျင်လွန်းသဖြင့် ပါးစပ်ကို အားကုန်ဟလိုက်သည်တွင် ညွန့်လှိုင်က မိကျောင်းပါးစပ်ထဲမှ သူ့ခြေထောက်ကို လျင်မြန်စွာ ဆွဲနုတ်လျက် လတာပြင်ပေါ် လိမ့်တက်လိုက်တော့၏။

ညွန့်အောင်က သူ၏မှိန်းကို အားစိုက်လျက် ပြန်ဆွဲနုတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်စဉ် မိကျောင်းကြီးက အမြီးဖြင့် ရိုက်ချလိုက်လေသည်။

ညွန့်အောင်က အမြီးရိုက်ချက်ကို ခေါင်းငုံ့ရှောင်လိုက်ပြီး မိကျောင်းကြီး၏ခါးဆစ်ပေါ် ဖျတ်ခနဲ ခွတက်ထိုင်လိုက်ကာ မှိန်းကို စုံကိုင်မြှောက်လျက် မိကျောင်းကြီး၏လည်ကုပ်ပေါ် အားကုန်ထိုးစိုက်ချလိုက်တော့၏။

"စွပ်"

အထိနာသွားသည့် မိကျောင်းကြီးက နာကျင်လွန်းသောကြောင့် ငါးဖယ်ပျံသလို ရေစပ်ဝယ် တဝုန်းဝုန်း လူးလိမ့်လိုက်ရာ ညွန့်အောင်မှာ ရေထဲသို့ ပြုတ်ကျသွားတော့သည်။

'ဝုန်း'

သို့သော် ဒဏ်ရာပြင်းထန်စွာရသွားသည့် မိကျောင်းကြီးမှာ ညွန့်အောင်ကို ရန်မမူနိုင်တော့ဘဲ ငါးဖယ်လူးသလို ရေထဲဝယ် ဖျတ်ဖျတ်လူးလျက် အမြီးဖြင့် တပြန်းပြန်းရိုက်ကာ ရေစီးထဲ မျောပါသွားတော့၏။

ညွန့်အောင်တို့ညီအစ်ကိုနှင့် မိကျောင်းကြီး၏ တိုက်ပွဲသတင်းမှာ တစ်ရွာလုံးသို့ ချက်ချင်းပျံ့နှံ့သွားရာ အချင်းဖြစ်ရာကမ်းနဖူးသို့ ရွာသူရွာသားများ အုံးအုံးကျွက်ကျွက် အဖြေအလွှား ရောက်ရှိလာကြတော့သည်။





ရွာသားအချို့မှာ မိကျောင်းကြီး သွေးသံရဲရဲဖြင့် ရေစီးထဲ မျောပါသွားသည်ကို တွေ့သည်နှင့် လတာပြင်သို့ ပြေးဆင်းလာကြကာ ခြေထောက်တစ်ချောင်းလုံး သွေးတို့ရွှဲနေသည့် ညွန့်လှိုင်ကို ကမ်းပါးအပေါ်သို့ ဝိုင်းမ,သယ်ကြလေ၏။

ညွန့်အောင်မှာ ရေစပ်မှတက်လာသည်တွင် ဝဲဘက်ပေါင်ရင်း ကြေကာ ပြတ်လုလုဖြစ်နေပြီး သွေးတို့ တရွှဲရွှဲထွက်နေသည့် ညီဖြစ်သူ၏ဖြစ်အင်ကို မြင်ရသည်နှင့် ရင်ဆို့သွားတော့သည်။

"ဟာ ... ညွန့်လှိုင် ညွန့်လှိုင်"

ညွန့်အောင်သည် ညီဖြစ်သူကို ကသုတ်ကရိုက် ပြေးပွေ့ဖက်တော့၏။

"ညီလေး ... ညီလေးညွန့်လှိုင် ဖြစ်ရလေကွာ"

ပေါင်ရင်းနားမှ သွေးတို့မြင်မကောင်းအောင်ထွက်လျက်သွေးထွက်လွန်နေသော ညွန့်လှိုင်က အံကိုကြိတ်ကာ တဟင်းဟင်းညည်းညူနေရင်းမှ အစ်ကိုဖြစ်သူကို မော့ကြည့်သည်။ ပြီးသွားကြားထဲမှအသံဖြင့် အားယူပြောသည်။

"အစ် အစ်ကို ... အဲ အဲဒီကောင်တွေကို က လျှော်ကြနဲ့"

www.burmeseclassic.com



အားယူကာ မာန်တင်းပြောလိုက်ပြီးနောက် ညွန့်လှိုင်မှာ မျက်ဖြူလန်လျက် သတိလစ်သွားတော့၏။

"ညီလေး ညီလေး၊ ဟာ ... သတိလစ်သွားပြီ"

ထိုအခါမှ ဝိုင်းကြည့်နေကြသည့် ရွာသူရွာသားတို့မှာ လှုပ်လှုပ်ရှားရှား ပြူးပြူးပျာပျာ ဖြစ်ကုန်ကြပြီး ...

"ဟာ ... ညွန့်လှိုင် သတိလစ်သွားပြီ၊ သတိရအောင် လုပ်ကြပါဦးဟ"

"ခြေမချီး ခြေမချီး"

"ဟာ ... အဲဒီခြေမ မချီးနဲ့လေ၊ အဲဒီခြေထောက်က ဒုက္ခရောက်နေတဲ့ဟာ"

"သွေးတိတ်အောင်လုပ်ပါဟ၊ တော်ကြာ သွေးထွက်လွန်ပြီး အကျိုးနည်းနေပါဦးမယ်"

"ဒဏ်ရာကို ပုဆိုးနဲ့စည်း၊ ပုဆိုးနဲ့စည်း၊ ဒါမှ သွေးတိတ်မှာ"

"မရိုးရွက် ပြေးခူးကြပါဟ၊ မရိုးရွက်ကို မီးကင်ပြီး အုံပေး"

"ကုက္ကိုရွက်က လွယ်တယ်၊ ကုက္ကိုရွက်ထောင်းပြီး အုံပေး၊ ကပ်ပေးရမယ်၊ ကုက္ကိုရွက် ခူးကြပါဟ"





ရွာသူရွာသားတို့သည် အရေးကြီးတော့ သွေးနီးရာ ဆိုသလို ညွန့်လှိုင်အနားဝယ် စိုးရိမ်ပူပန်စွာ ပျာပျာသလဲဖြစ်လျက် တစ်ယောက်တစ်ပေါက် ဆူညံဝိုင်းအုံနေကြတော့၏။

"မရတော့ပါဘူးဗျာ"

ညွန့်အောင်က ညီဖြစ်သူ၏ဒဏ်ရာကြီးကိုကြည့်ပြီး ခေါင်းကို ခါယမ်းမိလိုက်သည်။

ပြတ်လုလုဖြစ်နေသော ပေါင်အရင်းနားဆီမှ သွေးတို့ အရပ်ဟောထွက်လျက်ရှိရာ မည်သို့မျှ တားဆီးပိတ်ဆို့၍ မရနိုင်မှန်း သူသိသည်။

ညွန့်လှိုင်၏လက်ကောက်ဝတ်ကို စမ်းကြည့်ပြန်တော့လည်း သွေးခုန်နှုန်းက တစ်စ တစ်စ လျော့ကျလျက်ရှိချေသည်။

ခေတ်မီဆေးဝါးကုသချက်တို့နှင့်ဝေးရာဒေသ ဖြစ်သဖြင့် ဒဏ်ရာကို ချက်ချင်းချုပ်ပြီးလျှင် သွေးသွင်းစသည့် ကုသချက်များလည်း မလုပ်နိုင်။ အနီးဆုံးဆေးရုံဆေးခန်းရှိရာ ဒေးဒရဲသို့ သွားလျှင်ပင် အချိန်မီတော့မည် မဟုတ်ပေ။

တတ်သရွေ့ မှတ်သရွေ့ အားလုံးဝိုင်းဝန်းပြုစုနေသည့်ကြားမှ ခဏအကြာမှာပင် ညွန့်လှိုင်၏သွေးခုန်မှု ရပ်သွားလေတော့၏။

ခု နှစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



"ညီလေး ညီလေး . . . ညွှန့်လှိုင် ညီလေး"

ဖိုးတာတီးက ညွှန့်လှိုင်၏မျက်ခွံကို လှန်ကြည့်တော့ သူငယ်အိမ်က ငြိမ်လျက်ရှိချေပြီး စဉ်းငယ်မျှပင် မရွေ့မလှုပ်တော့။

"ညွှန့်လှိုင်ဆုံးသွားပြီကွ"

'တောက်'

ဖိုးတာတီး၏ မှတ်ချက်စကားသံအဆုံးတွင် ညွှန့်အောင်၏ နာနာကြည်းကြည်းတောက်ခတ်သံက ကျယ်လောင်စွာ ထွက်ပေါ်လာတော့၏။

ညီဖြစ်သူ၏အလောင်းကို ကျစ်ကျစ်ပါအောင် ထွေးဖက်ထားရင်း ညွှန့်အောင်၏မေးကြောကြီးတွေ ထောင်ထလာ၏။

"တောက် . . . တွေ့ကြသေးတာပေါ့ကွာ၊ သောက်ကျောင်းတွေ . . . ငါ့ညီသေသလို သင်းတို့ သေစေရမယ်၊ တစ်ကောင်မကျန် သေစေရမယ်၊ သင်းတို့ရဲ့အသိုက်ကို မရ ရအောင် ရှာပြီးတော့ကို သတ်မယ်"

❂





မည်သို့ဖြစ်စေ . . .

ညွှန့်လှိုင်၏သေဆုံးမှုသည် ကနီရွာလေးအတွက် မမေ့နိုင်စရာ သူရဲကောင်းတစ်ဦး၏ ဂုဏ်ယူဖွယ် ကျဆုံးမှုပင် ဖြစ်ပါ၏။

"ညွှန့်လှိုင်က ပန်းလှရဲ့သားလေး၊ လူရဲကိုကယ်ရင်း မိကျောင်းအကိုက်ခံရတာဟဲ့"

"အင်း . . . ဓားမတိုတစ်ချောင်းနဲ့ မိကျောင်းကြီးတစ်ကောင်ကို မကြောက်မရွံ့ သတ်ရဲတယ်ဆိုတာ နည်းတဲ့သတ္တိသား"

"ဟုတ်ပါ့တော် . . . မိကျောင်းချောင်းနေမှန်း သိလျက်နဲ့ လူရဲလေးကို အသက်စွန့်ကယ်တာဟဲ့"

"အံမယ် . . . သူ့အစ်ကို ညွှန့်အောင်ကလည်း အာဂသတ္တိပဲနော်၊ မိကျောင်းကြီးကိုတောင် ခွစီးပြီး လုံးသတ်တာတဲ့တော့"

ညွှန့်အောင်တို့ညီအစ်ကိုအား ကနီတစ်ရွာလုံးတင်မက . . . သတင်းကြားကြသည့် ရွာနီးချုပ်စပ်တို့ကပါ ချီးကျူးမဆုံးကြ။

သူကြီးဦးထွန်းစိန်နှင့် ဖိုးတာတီးတို့အပါအဝင် လူကြီးပိုင်းကလည်း အသုဘအိမ်သို့လာကာ ညွှန့်လှိုင်အတွက် ဂုဏ်ယူ



www.burmeseclassic.com

www.burmeseclassic.com



နို့စွမ်းစကားတို့ပြောကာ ညွန့်အောင်ကို အားပေးစကား ဆို ကြလေသည်။

လူရဲ၏မိဘများဖြစ်ကြသည့် ကိုသောင်းထွန်းနှင့်ပန်းလျာတို့က လူရဲလေးကိုခေါ်လာပြီး ညွန့်လှိုင်အတွက် ဝမ်းနည်းစကား ပြောကြားကြ၏။ ညွန့်အောင်အားလည်း ကျေးဇူးစကားဆိုကြသည်။

ပြီးလျှင် လူရဲလေးကို အသက်သခင်ကျေးဇူးရှင်ဖြစ်သည့် ညွန့်အောင်အား ကန်တော့စေ၏။

❁ ❁ ❁





## သုသာန်တစပ္ပရေမိန္တာများ

ကနီချောင်းရိုးတစ်လျှောက်ရှိရွာများမှာ ထုံးတမ်းစဉ်လာတစ်ခုရှိ၏။ ယင်းမှာ အသုဘဖြစ်ပါက လူသေအလောင်းကို သင်္ဂြိုဟ်မီ ရွာထဲ၌ ပြင်မထားရဘဲ ရွာအနောက်ပိုင်း သချိုင်းကုန်းတွင်သာ အလောင်းစင်ဖြင့် ခုနစ်ရက် ခုနစ်လီ ထားရ၏။

ထိုရွာတို့၏ဓလေ့အရ အသုဘရက်လည်သောနေ့တွင် အသုဘရက်လည်ဆွမ်းသွတ်မှာ တစ်နေ့တည်းပြုလုပ်ရလေသည်။

သို့ကြောင့် အသုဘကို ခုနစ်ရက်လုံးလုံး ရွာပြင်သုသာန်၌ ထုတ်ထားရခြင်း ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ညွှန့်လှိုင်၏အသုဘကိုလည်း ယင်းသချိုင်းကုန်းမှာ အလောင်းစင်ဖြင့် ပြင်ထားရသည်။ ဆောင်းဝင်စကာလဖြစ်သေ လည်း ယခုရက်ပိုင်းအတွင်း ကပ္ပလီပင်လယ်ပြင်တွင် မုန်တို ရှိသဖြင့် မိုးက စိတ်မချရရာ အလောင်းစင်ကို ခေါင်မိုးထားရ

သချိုင်းမြေမှာ ရွာနှင့်လယ်သုံးလေးကွက်မျှ ခြား လမိုက်ညမို့လည်း လရောင်ကင်းမဲ့ကာ ဝန်းကျင်ဝယ် မှော အတိပြီးလျှက် ရှိလေသည်။

သချိုင်းကုန်းမှာ လယ်ကွင်းများထက် ပိုမိုမြင့်သ ကုန်းမြေမာပေါ်တွင် တည်ရှိပြီး နှစ်ချို့သက်ရင့် ကုက္ကိုပင် နှစ်ပင်နှင့် ညောင်မုတ်ဆိတ်ပင်ကြီးတို့က သချိုင်းအစပ် မှို့မှို့မည်းမည်း တည်ရှိနေလေ၏။

အုတ်ဂူလေးများ မြေပုံမို့မို့များ၏အလယ်တွင် အမိုးသ ပြီး အကာမရှိသည့် ဇရပ်အိုလေးတစ်ဆောင် တည်ရှိလေသ ယင်းဇရပ်လေးမှာ သရဏဂုံတင်ရာ သုသာန်ဇရပ်ပင် ဖြစ်

ညွှန့်လှိုင်၏အလောင်းစင်ကို ယင်းဇရပ်လေး၏ ရှေ့ တည့် ဝါးတစ်ရိုက်ခန့်အကွာတွင် ဆောက်လုပ်ထားခြင်းဖြစ်သ

ဝါးများဖြင့် လေးတိုင်စင်ဆောက်ကာ ဝါးကပ်ခင်း သည့် အလောင်းစင်ပေါ်တွင် ညွှန့်လှိုင်၏သစ်သားခေါင်းတ





ဘာ ရှိနေပြီး ခေါင်းအပေါ်တွင် စားမြိန်စာထုပ်၊ ဆေးလိပ်၊ သစ်သားမီးခြစ်၊ ကွမ်းတစ်ယာ စသည်တို့ကို တင်ထားလေ၏။

သုသာန်တွင် သချိုင်းစောင့်မရှိသဖြင့် ယင်းညွှန့်လှိုင်၏ ရုပ်ကလာပ်ကို နေ့ရောညပါ ရွာကာလသားတို့က သုံးယောက် တစ်စုဖွဲ့ပြီး အလှည့်ကျစောင့်ကြရလေသည်။

ယနေ့ည မသာစောင့်ကျသူများမှာ စစ်နိုင်၊ မျိုးတင့်နှင့် ဉာဏ်ဝင်းတို့ဖြစ်၏။

ဉာဏ်ဝင်းမှာ သရဲတစ္ဆေကို လွန်စွာကြောက်တတ်သော်လည်း ရွာ၏ထုံးစံအတိုင်း ကာလသားတို့အလှည့်ကျထမ်းရမည့် တာဝန်ဝတ္တရားကို မရှောင်သာဘဲ လိုက်ပါလာရရှာခြင်း ဖြစ်သည်။

သို့သော် ရဲဆေးတင်ရန် မသာရှင်ညွှန့်အောင်က အရက် နှစ်လုံးနှင့် ငါးကြော်တစ်ပန်းကန် ပို့ထား၏။ ဉာဏ်ဝင်းမှာ အရက် ကြိုက်သူမဟုတ်သော်လည်း ကြောက်စိတ်ပြေစေရန် အကြမ်း ပန်းကန်လုံးနှင့် နှစ်လုံး ရေမရောဘဲ မော့ထားသဖြင့် အတန်ငယ် သွေးကြွလျှက်ရှိလေသည်။

စစ်နိုင်နှင့်မျိုးတင့်တို့ကမူ ညပိုင်း မသာစောင့်ကျ ထမ်းဆောင်ရန် ရွာမှထွက်မလာမီ ညနေစောင်းကတည်းက



www.burmeseclassic.com

www.burmeseclassic.com



**ရွာထိပ်နားရှိ** အဖိုးကြီးမြင့်ဒွေးအရက်ဆိုင်ဝယ် ချက်အရက် **တစ်ပိုင်းစီ** မော့ထားပြီးဖြစ်၏။

ယခုလည်း မသာစောင့်ရင်း အရက်ကို တစ္စပ်စ သောက်နေကြပြီး နှစ်ယောက်တည်း အော်ကြီးဟစ်ကျယ် စကား နိုင်လုလျက် ရှိကြလေသည်။

"ဟော့ကောင် စစ်နိုင် ... ငါကတော့ မိကျောင်းက လူယောင်ဖန်ဆင်းနိုင်တယ်ဆိုတာကို မယုံဘူးကွ"

"မယုံလို့ရမလား မျိုးတင့်ရ၊ ဖိုးတာတီးကိုယ်တိုင် ကြုံ ခဲ့တာပဲဟာ"

"ကဲပါကွာ ... အဲဒါထားလိုက်စမ်းပါဦး။ မိကျောင်း တိရစ္ဆာန်က အငြိုးအတေးထားတတ်တယ်ဆိုတာရော မင်း လက်ခံလား"

"လက်ခံတာပေါ့ကွ၊ ခုပဲကြည့်လေ ... ညွှန့်အောင် ညွှန့်လှိုင်တို့က ဝဲပြန်ချောင်းကျိုးအင်းမှာ သူတို့ထဲက တစ်ကောင် ကို သတ်လိုက်တာနဲ့ ရေထဲက သွေးညှီနံ့ကို ခြေရာခံပြီး သင်း ဟာ ငါတို့ရွာအထိ လိုက်လာခဲ့ကြတယ်မဟုတ်လား၊ ရွာ ပတ်ချောင်းနေကြတယ် မဟုတ်လား၊ အဲဒီလိုပတ်ချောင်းရင်း လူရဲကိုဆွဲဖို့ ကြိုးစားရာက ညွှန့်လှိုင်သေခဲ့ရတယ် မဟုတ်လား





"တော်စမ်းပါကွာ ... ငြိုးတယ်ဆိုရင် ညွှန့်အောင်တို့ တစ်ကိုကိုပဲ အန္တရာယ်ပြုပေါ့ကွ၊ ဘာ ကလေးကို ဆွဲစရာ လဲ"

"ဒါကတော့ ငါတို့ရွာသားတွေကြောင့် သူတို့ဘက်သား ရတာဆိုတော့ တစ်ရွာလုံးကို ငြိုးထားတာလည်း ဖြစ်ချင် မှာပေါ့ မျိုးတင့်ရ"

"တော်ပါကွာ ... မင်းတို့ သက်သက်အယူသီးနေကြ တာ၊ ဘယ်မိကျောင်းကမှ မငြိုးဘူး"

ဘာစကားမှ ဝင်မပြောဘဲ ဖရုပ်တိုင်တစ်တိုင်ကို မှီထိုင် ရီဝေဝေမျက်လုံးများဖြင့် ရွာဘက်ဆီသို့သာ ဉာဏ်ဝင်းက ကြည့်နေ၏။

ထိုစဉ် သူ၏နားထဲဝယ် ရွာဘက်ဆီမှ ဆူဆူညံညံ သံများ သဲ့သဲ့ကြားရသလိုလို တဝေါဝေါ တဝုန်းဝုန်းအသံများ ကြားရသလိုလို ဖြစ်လာသဖြင့် နားစွင့်ထောင်လိုက်လေသည်။

ယင်းအခိုက်မှာပင် ကွင်းပြင်ကိုဖြတ်လျက် လေတို့က ဟူးရားရား တိုက်ခတ်လာရာ သံကွာနေသည့် သုသာန်ဇရပ် ပိုးစွန်းလန်ပြီး တဖျန်းဖျန်းရိုက်ခတ်နေတော့၏။

စစ်နိုင်နှင့်မျိုးတင့်တို့ကမူ လောကကြီး ဘာဖြစ်ဖြစ် ဂရု



www.burmeseclassic.com

www.burmeseclassic.com



မပြုသည့်အသွင်ဖြင့် အသည်းအသန် ငြင်းလို့ခုန်လို့ကောင်းတုန်း

"အယူသီးတာ မဟုတ်ဘူးကွ၊ လက်တွေ့ဖြစ်နေတာ"

"တော်ပါကွာ၊ အသားစားသတ္တဝါက သားကောင်မြင် ရင် စားမှာ ဆွဲမှာပဲ ... ဆန်းသလား"

"ဟော့ကောင်တွေ ... တော်ကြစမ်းပါကွာ၊ မင်းတို့ အော်ဟစ်ငြင်းခုန်နေတာနဲ့ ဒီမှာ ဘာသံမှမကြားရတော့ဘူး"

စိတ်မရှည်စွာ ထအော်လိုက်သည့် ဉာဏ်ဝင်းကို စစ်နိုင် နှင့် မျိုးတင့်တို့က နားမလည်နိုင်စွာ လှည့်ကြည့်သည်။

"ဟော့ကောင် ဉာဏ်ဝင်း ... မင်းက ဘာသံကို နား ထောင်နေလို့တုံး"

"ရွာဘက်က ကြွက်စီ ကြွက်စီနဲ့ အသံတွေ သဲ့သဲ့ကြား နေရတယ်ကွ၊ ပြီးတော့ တဝေါဝေါနဲ့ အသံတွေကြားနေရသလိုပဲ"

"အာ ... ဒီရက်က ရေထရက်လေကွာ၊ ဒီရေတိုးလို့ဖြ မှာပေါ့"

"ဟုတ်တယ် ... တဝေါဝေါနဲ့အသံတွေကြားတယ်၊ ဒီ တိုးတဲ့အသံ ဖြစ်မှာပါ ဉာဏ်ဝင်းရ"

"အင်း ... ဒီညဟာ လကွယ်အဖိတ်နေ့ညပဲကွ၊ ဒီရေ အတက်ကြမ်းမှာပေါ့"





"ဟာ ... ဟော့ကောင်တွေ ကြည့်စမ်း၊ လယ်ကွက်တွေ ထဲ ရေတွေဝင်လာပြီ"

"အေး ... ရွာဘေးကရိုးမှာ ရေလျှံပြီး မြေနိမ့်ပိုင်းက ယ်ကွက်တွေထဲ ဝင်လာတာ ဖြစ်မယ်ကွ"

မီးကလေးမှိတ်တုတ် မှိတ်တုတ်မြင်နေရသည့် သူတို့၏ ယ်ဖနပ်နှင့် သချိုင်းကုန်းအကြားဝယ် ခဏအတွင်း ရေပြင် ဖွေးဖြစ်သွားသည်ကို တွေ့ရ၏။

ကနီရွာလေးမှာ ရေဝတီမြစ်ကျွန်းပေါ်ဒေသ ချောင်း မ်းပါးတို့၌ တည်ထားတတ်သည့် တံငါရွာတို့၏ ထုံးစံအတိုင်း ချောင်းဘက်မျက်နှာမူကာ အိမ်ကလေးများ၊ တဲကလေးများကို န်းစီဆောက်ထားသည့် ရွာတန်းရှည်လေးဖြစ်သည်။

မိုးနှောင်းကာလဖြစ်သလို ရွာတည်ထားရာ ကမ်းပါးယံ လည်း မြင့်ဆဖြင့် တော်ရုံဒီရေတိုးကာမျှနှင့် ရွာထဲသို့ ရေမဝင် ။

သို့သော် ရွာဘေးရိုးရိုးထဲသို့ ရေဝင်ပြီး ရိုးချောင်းလေး လာသည့်အခါ ရွာအနောက်ပိုင်းမြေနိမ့်ရာလယ်ကွက်များထဲ များပတ်ဝင်လေ့ရှိ၏။ ဒါကလည်း ရေထရက်များမှ ဖြစ်တတ် သည်။



www.burmeseclassic.com

www.burmeseclassic.com



ယနေ့ညမူ ရေတက်အတော်ကြမ်းပုံရ၏။ တဝေါဝေါ ရေထိုးသံများနှင့်အတူ လယ်ကွက်တို့ထဲသို့ ရေများ လိမ့်ကာ လိမ့်ကာ ဝင်လာလျက်ရှိ၏။

လကွယ်အဖိတ်နေ့ညမို့ ကောင်းကင်ထက်ဝယ် လဝန်း က လုံးဝ ပျောက်ဆုံးလျက်ရှိကာ ကြယ်မှုန်များတို့သည်ပင် တိမ် ညိုတို့အကွယ်ခံရသဖြင့် ဝန်းကျင်သည် အမှောင်လွှမ်းလျက် ရှိပေ၏။

ကောင်းကင်အရောင်သာရှိသည့် မှုန်ဝါးဝါးအလင်း အောက်တွင် လယ်ကွင်းထဲသို့ ရေများ လိမ့်လိမ့်တက်လာနေ သည်ကို မြင်နေရသည်။

"ဟာ ... ရေတက်ကြမ်းလှချေလား"

"အေးကွာ ... ကန်သင်းရိုးတွေတောင် မြုပ်ကုန်ပြီ ဒုက္ခပါပဲကွာ ... ရွာထဲရော ရေတွေဝင်ကုန်ပြီလားမသိဘူး"

"ဝင်တော့ ဘာဖြစ်လဲ ဉာဏ်ဝင်းရ"

"ဘာဖြစ်ရမလဲ မျိုးတင့်ရဲ့ ... ရေတွေနဲ့အတူ ငါတို့ရွာ ကို ငြိုးထားတဲ့ ခေါင်းရှည်ကြီးတွေ ပါလာမှာစိုးလို့ပေါ့ကွ၊ ရွာမှာ ငါ့အမေနဲ့ညီမ ရှိတယ်လေ"

"ဒီလောက်ပူမနေစမ်းပါနဲ့ကွာ၊ ငါတို့မိသားစုတွေလည်း





တာပါပဲ၊ ပြီးတော့ မိကျောင်းငြိုးထားတယ်လို့လည်း အယူ သီးနဲ့၊ ဘယ်မိကျောင်းမှ မငြိုးဘူး ... အလကား"

"ဟာ ... ဟို ဟိုမှာကြည့်စမ်း၊ လယ်ကွက်ထဲမှာ မည်း ည်း မည်းမည်းနဲ့"

ဉာဏ်ဝင်း အလန့်တကြား ညွှန်ပြရာသို့ မျိုးတင့်နှင့် ခင်နိုင်တို့ ကြည့်လိုက်ကြ၏။

မြင်ရသည့်မြင်ကွင်းက ကြက်သီးထစရာကောင်းသလို ယုံနိုင်ဖွယ်လည်း ဖြစ်သည်။

သူတို့မျက်လုံးကိုသူတို့ ဖြဲ၍ ပွတ်၍ ကပျာကသီ ပြန် ကြည့်မိကြ၏။

ဟုတ်ပါသည် ... အမြင်မမှားပါ။

ငါးကောင်ခြောက်ကောင်မျှရှိသော မိကျောင်းကြီးတို့မှာ လယ်ကွက်တွေထဲရောက်နေပြီ။

"အလိုလေး ... ဘုရား ဘုရား ... အဲဒီကောင်တွေ တို့ဆီ ဦးတည်လာနေကြပါလား"

ရေတို့က ဖွေးခနဲ ဖွေးခနဲဖြစ်၍ သချိုင်းကုန်း၏အခြေသို့ တက်လာပြီဖြစ်သလို ခေါင်းရှည်ရှည်နှင့်မည်းမည်း အကောင် ကြီးတို့ကလည်း တက်ရေနှင့်အတူ သချိုင်းနှင့် နီးနီးလာနေချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



စစ်နိုင်တို့မှာ အိပ်မက်လေလား ထင်မှတ်မှားနေကြသည်။ သူတို့၏တစ်သက်တာဝယ် လယ်ကွက်များထဲအထိ မိကျောင်းများ ဝင်လာသည်ကို ကြားပင်မကြားဖူးခဲ့ချေ။ ခုတော့ လက်တွေ့ မျက်တွေ့မြင်နေရသည့် ထိုမိကျောင်းကြီးတို့သည် မိမိတို့ရှိရာဆီ ဦးတည်လာနေကြသဖြင့် လွန်စွာ အံ့သြတုန်လှုပ်နေကြလေ၏။ ခြေဖျား လက်ဖျားတို့ အေးစက်ကာ ခေါင်းမွေးတို့ ထောင်ထကုန်ကြလေ၏။

ရေတွေက သချိုင်းမြေပေါ် လွှမ်းစပြုလာသည်။ အုတ်ဂူများကြားသို့ တဝေါဝေါ ဝင်လာကြ၏။ မြေပုံတို့မှာ ရေအောက်သို့ မြုပ်ကုန်ပြီး မှတ်တိုင်ယိုင်ယိုင်နဲ့နဲ့တို့သာ ရေပေါ်မှာ ထိုးထိုးထောင်ထောင် ရှိနေတော့သည်။

ခဏအကြာမှာပင် ဖွေးခနဲ ဖွေးခနဲ လိမ့်တက်နေသည့် ရေတို့သည် ဇရပ်ရှေ့ရှိ အလောင်းစင်အောက်သို့ ရောက်လာခဲ့ပြီ။

ညဏ်ဝင်းတို့မှာ ဟဲခနဲ ဝေါခနဲအော်သံကြီးတို့နှင့်အတူ အလောင်းစင်ဆီသို့ မိကျောင်းကြီးများ ခေါင်းထိုးဝင်လာသည်ကို တွေ့ရရာ မင်သက်မိလျက် မလှုပ်ဝံ့အောင် ဖြစ်သွားကြရ၏။

ကြောက်စိတ်က သူတို့ကို လွှမ်းမိုးသွားပြီး ရေက ဆက်လက်တက်နေသဖြင့် ဇရပ်ပေါ်အထိ ရေလွှမ်းလာပါက မိကျောင်းကြီးတို့က သူတို့ကိုပါ အမဲဖျက်တော့မည်ဟု ယူဆကာ စိုးရိမ်စိတ်ငယ်ထိပ်သို့ ဆောင့်တက်လျက်ရှိကြတော့သည်။





"ဘယ် ဘယ်လိုလုပ်ကြမလဲ မျိုးတင့်"

"ရှူး ...တိုးတိုး၊ ငါတို့ ဒီဇရပ်ပေါ်မှာရှိမှန်း သူတို့သိသွားကြဦးမယ်၊ သိပ်လှုပ်လှုပ်ရှားရှားလည်း မလုပ်နဲ့၊ ဒီကောင်တွေက အကြားအာရုံမကောင်းပေမယ့် မျက်စိလျင်တယ်၊ အမြင်အာရုံ ထက်သန်တယ်၊ ကြမ်းပြင်ပေါ် တဖြည်းဖြည်း ဝပ်ချလိုက်ကြ"

ခပ်တိုးတိုးပြောသည့် မျိုးတင့်၏အကြံပေးချက်အတိုင်း စစ်နိုင်နှင့်ညဏ်ဝင်းတို့မှာ တဖြည်းဖြည်း ဝပ်ချလိုက်ကာ သမံတလင်းခင်းထားသည့် ဇရပ်ကြမ်းပေါ်ပြားပြားဝပ်ရင်း အလောင်းစင်ဆီ စိုးရိမ်တကြီး ကြည့်နေမိကြလေ၏။

'ဖြောင်း'

"ဟာ"

မိကျောင်းကြီးတစ်ကောင်က အလောင်းစင်ကို အမြီးကြီးနှင့် ရိုက်ချလိုက်ရာ ဝါးလုံးတိုင်တို့ ကျိုးကာ အလောင်းစင် ပြိုကျသွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



'ဝုန်း'

''ဘုရားရေ ...အ  အလောင်းစင်ပြိုသွားပြီ''

ဉာဏ်ဝင်းမှာ ထိတ်လန့်လွန်းသဖြင့် သွားချင်း တဂတ်ဂတ် ရိုက်နေတော့သည်။

'ဝေါ'

'ဝုန်း'

အလောင်းစင်မှာ ခြေရင်းဘက်မှ တိုင်နှစ်လုံးကျိုးပြီး ပြိုကျခြင်းဖြစ်သဖြင့် ခေါင်းတလားကြီးမှာ ခြေရင်းဘက်သို့ လျှောလျက် စိုက်ကျသွားတော့၏။

ထိုအခါ သံမရိုက်ထားသည့် ခေါင်းဖုံးနှင့် စားမြိန်စာဝုပ်တို့မှာ လွင့်ထွက်သွားကြပြီး ညွှန့်လှိုင်၏ တောင့်တင်းနေသော အလောင်းကောင်ကြီးက ခေါင်းထဲမှထွက်ကာ တောင့်တောင့်ကြီး ဖြစ်နေတော့၏။

ရေထဲတွင် ခြေနှစ်ချောင်းစိုက်ကာ တောင့်တောင့်ကြီး ဖြစ်နေရာမှ ရှေ့သို့ အလောင်းကောင်ကြီးမှာ လဲကျသွားတော့၏။

''ဗုန်း''

ထို့နောက် အလောင်းကြီးမှာ ရေပေါ်တွင် မှောက်ခုံကြီး ဖြစ်လျက် ပေါလောပေါ်နေတော့သည်။





ထိုစဉ် မိကျောင်းကြီးတစ်ကောင်က ဟဲခနဲမာန်ဖီကာ ညွှန့်လှိုင်၏ခေါင်းကို ဝင်ဆွဲလိုက်ရာ ဦးခေါင်းကြီးမှာ ခန္ဓာကိုယ်မှ ပြတ်ပါသွားတော့၏။

'ဝေါ'

နောက်မိကျောင်းကြီးတစ်ကောင်ကလည်း ညွှန့်လှိုင်၏ ခြေတစ်ဖက်ကို ဆွဲသလို နောက်တစ်ကောင်က ခါးမှကိုက်ချီ လိုက်တော့သည်။

ထို့နောက်မှာမူ မိကျောင်းတို့သည် ညွှန့်လှိုင်၏အလောင်း ကိုကိုက်ချီလျက် ရိုးဘက်ဆီသို့ ကူးခတ်သွားကြပါတော့သတည်း။

မိကျောင်းကြီးတို့က မသာဘာဝရောက်နေပြီဖြစ်သည့် အိုင် အခဲမကြေနိုင်ဘဲ ညွှန့်လှိုင်၏အလောင်းကို မရ,ရအောင် လိုက်ချီယူဆောင်သွားသည့်သတင်းမှာ ကနီရွာတင်မက ချောင်း တောတစ်လျှောက်ရှိ ရွာတို့သို့ မနက်လင်းလင်းချင်းမှာပင် ပျံ့နှံ့သွား တော့၏။



www.burmeseclassic.com

www.burmeseclassic.com



"တွေ့လား . . . ဒါကြောင့် ပြောတာပေါ့၊ မိကျောင်းတွေ
က ငြိုးတတ်ပါတယ်လို့၊ နတ်မိကျောင်းတွေဆို ပိုဆိုးတယ်"

"အေးဗျာ . . . ညွန့်လှိုင်ရဲ့အလောင်း သချိုင်းကုန်းမှာ
ရှိနေတာကို နတ်မိကျောင်းကြီးတွေ ဘယ်လိုသိသွားသလဲ မသိ
ဘူးနော်"

"ဟ စိန်မိုးရ . . . နတ်မိကျောင်းပါဆိုမှ သိပြီပေ
ဖိုးတာတီးက နတ်မိကျောင်းတွေဟာ ဒေဝတာတစ်မျိုးတဲ့၊ ဒေ
တာမှန်သမျှ ကမ္ဘဇိဒ္ဓိရှိတယ်တဲ့၊ အဲဒီလို ကမ္ဘဇိဒ္ဓိရှိလို့လည်း
သိတာဖြစ်မှာပေါ့"

မည်သို့ဖြစ်စေ ညွန့်လှိုင်အလောင်းကို မိကျောင်းများ
အခဲမကြေစွာ လာဆွဲသွားသည့် သတင်းမှာ ကနီချောင်းရိုးတ
လျှောက် ဟိုးဟိုးကျော်သွားတော့၏။ သို့ကြောင့်လည်း က
ချောင်းရိုးတစ်လျှောက်ရှိ ရွာတို့မှာ ချောက်ချောက်ချားချား ဖြ
ကုန်ကြတော့သည်။

ညွန့်အောင်မှာ သူ့ညီ၏အလောင်းကို ကောင်းစွ
သဂြိုဟ်ခွင့်မပေးဘဲ ရွာသင်္ချိုင်းအထိပင် လိုက်လာကာ မရှ
အောင် တိုက်ခိုက်ရယူသွားကြသည့် မိကျောင်းတို့အပေါ် ပိုမို
မကြေစွာ မုန်းတီးလျက်ရှိတော့၏။





"တောက် . . . တော်တော်ကို ကျူးကျော်စော်ကားတဲ့
ကောင်တွေ၊ တွေ့ကြသေးတာပေါ့ကွာ . . . ဟင်း"

ညွန့်အောင်မှာ . . . ညီဖြစ်သူညွန့်လှိုင် သေဆုံးကာ
အလောင်းပျောက်သွားကတည်းက ပင်လယ်ထွက်ပြီး ငါးသ
လောက်ပိုက်ချသည့်လုပ်ကို ခေတ္တရပ်နားကာ သူ၏ ငါးပေါင်း
မော်တော်ငယ်ဖြင့် ဘိုကလေးအထိ ဆန်တက်သွားပြီး မိကျောင်း
ထိုးရန် သံမဏိအသွား စလွတ်များကို ဝယ်လေ၏။

ထို့နောက် သူ၏မော်တော်လုပ်သားများဖြစ်ကြသော
မြညွန့်နှင့် မြင့်ဦးတို့ကို အဖော်ပြုကာ ကနီချောင်းရိုးတစ်လျှောက်၊
သံဒိမြစ်ရိုးတစ်လျှောက်နှင့် ဝဲပြန်ချောင်းတစ်လျှောက် လှေကို
စုန်ဆန်လှော်စေပြီး သူ၏ရန်သူတော်မိကျောင်းကြီးများကို နေ့စဉ်
ရက်ဆက် ရှာဖွေတော့သည်။

သို့သော် မည်သည့်အကြောင်းကြောင့် မသိ . . . နတ်
မိကျောင်းကြီးများသည် ညွန့်လှိုင်၏အလောင်းကို လာဆွဲသွားပြီး
ကတည်းက ပျောက်ချက်သားကောင်းလျက် ရှိလေ၏။

ဟိုရွာသည်ရွာတို့မှလည်း မိကျောင်းဆွဲသည့်သတင်း
မကြားရတော့ချေ။

သို့ဖြင့် သုံးလခန့်အကြာတွင် ဆောင်းရာသီသို့ ကူး



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းခဲ့ပြီးဖြစ်သဖြင့် ပင်လယ်တွင် လှိုင်းလေငြိမ်သက်လျက် ရှိတော့၏။

သည်တော့လည်း ညွှန့်အောင်မှာ စလွတ်ကို အသာချ ကာ ငါးဖမ်းပိုက်ကို ပြန်ကိုင်ရချေပြီ။

မကြာမီရက်အတွင်းမှာပင် ညွှန့်အောင်သည် သူ၏ ငါး ပေါင်းမော်တော်လေးဖြင့် ပင်လယ်ပြင်သို့ ထွက်ခွာသွားပါတော့ သတည်း။

❂ ❂ ❂



အခန်း (၂)

ပွင့်သစ်စသံယောဇဉ်

ဆုပ်ရှူးစားရှူး

အာဃာတလောင်မီး

အမုန်းကမ္ဘာမကြေ

သမုဒယဆည်းဆာ

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂)

## ပွင့်သစ်စသံယောဇဉ်

ကပ္ပလီပင်လယ်အော်အတွင်း ငါးဖမ်းထွက်ရာမှ ဆယ့် ရက်ခန့်အကြာတွင် ရွာသို့ပြန်ရောက်လာသည့်အခါ စိတ် ချမ်းမြေ့ဖွယ်သတင်းဆိုးကို ညွှန့်အောင်ကြားရလေသည်။

ယင်းသတင်းဆိုးမှာ ပန်းလှ၏ယောက်ျား သောင်းထွန်း ကွယ်လွန်သွားပြီဆိုသော သတင်းပင်ဖြစ်၏။

''သောင်းထွန်းမှာ ချောင်းဆိုးသွေးပါရောဂါ ရှိတယ်ကွ၊ ပါးတော့ ဆေးဝါးလည်း ကောင်းကောင်းမကုနိုင်ဘူးလေ၊ စာအာဟာရလည်း မပြည့်ဝတော့ ကိုယ်ခံအားနည်းနေတာပေါ့၊ တစ်လော ဆီးနှင်းတွေ တအားကျပြီး အေးလွန်းတော့ ရောဂါ



www.burmeseclassic.com

www.burmeseclassic.com



သည်းလာရာက သေရတာပါပဲကွာ''

ကာလသားခေါင်း အောင်စိုးက သောင်းထွန်းသေဆုံ

သည့်အကြောင်းကို ပြောပြရာ ညွန့်အောင်မှာ ခေါင်းကို ဖေ

ပင်စွာ ညိတ်ရင်း ...

''အေးကွာ ... ငါ စိတ်မကောင်းပါဘူး အောင်

ပန်းလှတို့သားအမိတော့ ဒုက္ခပဲကွ''

''ဟုတ်တယ်ညွန့်အောင်ရေ၊ မင်းလည်း သွားပြီး အ

ပေးလိုက်ပါဦးကွာ၊ ပန်းလှနဲ့မင်းက ငယ်သူငယ်ချင်းတွေပဲဟာ

''အေးပါကွာ ... ဟင်းစားပေးရင်း ငါသွားလိုက်

မယ်''

သို့ဖြင့် ငါးသလောက်အကောင်ကြီးကြီးနှစ်ကောင်

သင်အူကြိုးဖြင့် ဖောက်သီကာ ပန်းလှတို့အိမ်ဘက်သို့ ဆွဲသွ

လိုက်၏။

ညွန့်အောင် ခြံဝိုင်းထဲဝင်လာတာကို တွေ့တော့ ကပြ

ဝယ် ခြေချထိုင်နေရာက ပန်းလှက လျော့ရဲရဲပြုံးပြသည်။

''လာ ... ထိုင် ညွန့်အောင်၊ နင်တို့လှေ ဆိုက်

ငါကြားတယ်''

ညွန့်အောင်က ပန်းလှ၏နံဘေး ကပြင်စွန်းတွင် ဝင်ထို

ခု နှစ် စဉ် ကြယ် စာ ပေ



က်ရင်း ငါးတွဲကိုကမ်းပေးသည်။

''အေး ... ရော့ ... နင်တို့သားအမိအတွက် ဟင်း

''

''ဟယ် ... အားနာစရာ''

''အားနာဖို့ မလိုပါဘူးဟာ၊ အရင်က နင့်ယောကျ်ား

တော့ ဟင်းစားပေးချင်ပေမယ့် သူက တစ်မျိုးထင်မှာစိုးလို့

ခက်တယ်ဟာ၊ နင့်ယောကျ်ားအတွက်လည်း ငါ စိတ်

ကောင်းပါဘူးဟာ''

''သဗ္ဗေသတ္တာ ကမ္မသကာပါပဲ ညွန့်အောင်ရယ်၊ သူက

ရှောင်ရှောင်ဖြစ်နေတာကြာပါပြီ၊ သူမရှိတော့ ငါတို့သားအမိ

ယ်လိုရှေ့ဆက်လျှောက်ရမှန်း မသိတော့ပါဘူးဟယ်''

ပြောရင်း ပန်းလှခမျာ မျက်ရည်ဝဲ့လာသည်။ နဖူးဝင်း

လေးပေါ် ဆံမြိတ်လေးများ ကပိုကရိုကျနေပြီး နွမ်းလျလျဖြင့်

တိုင်လေးကို ခေါင်းလေးမှီထိုင်နေသည့် ပန်းလှ၏ နွမ်းလျလျ

ကို ညွန့်အောင် ကရုဏာသက်စွာ ငေးကြည့်မိသည်။

ယင်းသို့သော ညွန့်အောင်၏အကြည့်ကို သတိပြုမိနေသူ

လှရဲပဲ ဖြစ်၏။

သူ့မိခင်ကို ဖခင်ဖြစ်သူ ကွယ်လွန်သည့်နေ့နောက်ပိုင်း

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့သောအကြည့်မျိုးဖြင့်ကြည့်သည့် ယောက်ျားကြီးတို့အ
ကြည့်မရသူမှာ လှုရဲပဲ ဖြစ်သည်။

ထိုစဉ် ညွှန့်အောင်က မုဆိုးမအသစ်စက်စက်လေး 
လှ၏ ဖြူဖျော့ဖျော့မျက်နှာလေးကို ကရုဏာမျက်ဝန်းတို့ဖြင့် 
ငေးကြည့်ရင်း ...

"ပန်းလှုရယ် ... ဘာမှ အားမငယ်ပါနဲ့ဟာ၊ ငါ 
ယောက်လုံး ရှိပါတယ်၊ ငါတို့ဟာ သူငယ်ချင်းတွေပဲ မဟုတ်လ
နင့်ကို လျစ်လျူရှုမထားပါဘူး၊ တတ်နိုင်သရွေ့ ကူညီ
ရှောက်မှာပါ"

ဟု ခပ်တိုးတိုးပြောလိုက်ရာ ပန်းလှုမှာ ခေါင်းငေ
လျက် နားထောင်ရင်း ပါးပြင်ထက်သို့ မျက်ရည်ဥများ လိမ့်ဆ
ကျလာတော့၏။

ညွှန့်အောင်မှာ ငယ်သူငယ်ချင်းဖြစ်သလို တစ်ချိန်
သူ လွန်စွာချစ်မြတ်နိုးခဲ့ရသော ချစ်ရသူလေးကို ယခုလို လွန်
အားငယ်နေချိန်ဝယ် အားပါးတရ ထွေးဖက်ကာ နှစ်သိမ့်အား
လိုက်ချင်သော်လည်း အိမ်ရှေ့ကြီးမှာ ဖြစ်နေသလို မလှမ်းမက
တွင် လှုရဲကလည်း ရှိနေပြီး သင့်လည်းမသင့်တော်သဖြ
ကရုဏာရေစီးကမ်းပြိုလိုမှုကို ချုပ်တီးလိုက်ရလေသည်။





ညွှန့်အောင်သည် သက်ပြင်းကိုသာ ချနိုင်ပြီး ...

"ကဲပါ ပန်းလှုရယ် ... ဘာမှ အားမငယ်ပါနဲ့ ငါ
နင့်အိမ်ကို မကြာခဏလာလည်မယ်နော်၊ ပြီးတော့ နင်တို့သား
အမိအတွက် အစစ ကူညီဖေးမမှာပါဟာ၊ ကဲ ကဲ ... မျက်ရည်
တွေ သုတ်လိုက်ပါဦး"

ဟုပြောရင်း ညွှန့်အောင်မှာ ပန်းလှု၏ပါးပြင်ပေါ် လိမ့်
ဆင်းကျလာသည့် မျက်ရည်တစ်စကို လက်ခုံဖြင့် အမှတ်မထင်
တို့သုတ်ပေးလိုက်မိတော့၏။

ထိုအခါ အိမ်ရှေ့ကပြင်နှင့် မလှမ်းမကမ်း မန်ကျည်းပင်
ခြိုတွင် ရွံ့နွားရုပ်လုပ်နေသည့် လှုရဲမှာ သူတို့နှစ်ဦးကို မသိမသာ
တစေ့တစောင်းကြည့်နေရာမှ ဆတ်ခနဲ ထရပ်လိုက်ပြီး လက်ထဲမှ
နွားရုပ်ကို လတာပြင်ဆီသို့ ပစ်ပေါက်ထည့်လိုက်တော့၏။

ပြီးလျှင် မျက်မှောင်ကုတ်ကာ ရိုးချောင်းဘက်သို့ ထွက်
သွားပါတော့သတည်း။

❁



www.burmeseclassic.com

www.burmeseclassic.com



ရွာလေး၏အလယ်တည့်တည့် မကျတကျ၌ ကနီချောင်း မကြီးမှ ခွဲထွက်လာသည့် ရိုးချောင်းလေးတစ်ချောင်း ရှိသည်။ ယင်းကို အလယ်ရိုးဟု ခေါ်ကြ၏။ မိကျောင်းများ ဝင်လာခဲ့ဖူးသည့် ရိုးချောင်းမှာမူ ရွာတောင်ပိုင်းမှ ရိုးချောင်းဖြစ်သည်။ ယင်းရိုးချောင်းကို တောင်ရိုးဟု ရွာသူရွာသားတို့က ခေါ်ကြ၏။

အလယ်ရိုးမှာ ကနီရွာလေးကို တောင်ခြမ်းနှင့်မြောက်ခြမ်း ခွဲခြားထားသလို ဖြစ်နေသည်။ နှစ်ဖက်စလုံးမှ ရိုးအနီးတွင် အိမ်ခြေမရှိသဖြင့်လည်း ကိုင်းတော၊ ခရာတော ဖြစ်ပေါ်လျက် ရှိရာ ရွာမြောက်ပိုင်းနှင့်တောင်ပိုင်းမှာ သိသိသာသာ ကွဲပြားလျက် ရှိတော့၏။

ယင်းအလယ်ရိုးမှာ မိုးရာသီကနီချောင်းရေ ဖောင်းလန်သည့်အခါ ပေအစိတ်သုံးဆယ်ခန့်အထိ ကျယ်ဝန်းတတ်ပြီး ဆောင်းနှင့်နွေတို့တွင်မူ ဆယ်ပေ ဆယ့်ငါးပေခန့်သာ ကျယ်လျက် ရေက ဒူးလောက်၊ ပေါင်လောက်သာရှိတတ်၏။ ရေထရက်များမှာမူ လူတစ်ရပ်ခန့် ရေနက်လေ့ရှိသည်။

အလယ်ရိုးလေးကို ဝါးတံတားလေးဖြင့် ကူးကြရ၏။

လှရဲသည် ယင်းအလယ်ရိုး ဝါးတံတားလေး၌ ခြေတွဲလောင်းချထိုင်ကာ ကနီချောင်းရေပြင်ကို ငေးကြည့်နေလေသည်။

ခု နှစ် စဉ် ကြယ် စာ ပေ



သူ၏မျက်ဝန်းတို့အထဲဝယ် သူ့ဖခင်ဦးသောင်းထွန်း ကွယ်လွန်မိက မြင်ကွင်းတို့ကို ပြန်လည်မြင်ယောင်လျက် ရှိလေသည်။

ဖခင်ကြီး ချောင်းဆိုးတိုင်း သွေးပါပြီး အိပ်ရာထဲလဲသည် တွင် လှရဲက ဖခင်ကြီး၏ ခြေသလုံး၊ ပေါင်တို့ကို ဆုပ်နယ်ပြုစု ပေးရ၏။

ထိုရောအခါတို့တွင် ဖခင်ကြီးသည် သူ့မျက်နှာကို ငေးရီ ကြည့်ရင်း . . . ,

"ငါ့သားလေးကို ငါမသေခင် သက်န်းစည်းပေးချင် လိုက်တာ"

ဟု လေသံဖျော့ဖျော့လေးဖြင့် ညည်းလျှစွာ ပြောတတ်လေ သည်။

ဖခင်ကြီး ထိုသို့ပြောတိုင်း မိခင်ဖြစ်သူမှာ နံဘေး၌ ကျုံ့ကျုံ့လေးထိုင်ရင်း ခေါင်းငုံ့ကာ တရှုပ်ရှုပ်ငိုရှာ၏။

လှရဲသည်လည်း ဖခင်ကြီးကို နှိပ်နယ်ပေးရင်း ပါးပြင် ထက်သို့ မျက်ရည်များ စီးကျလာတတ်လေသည်။

ပြီးတော့ ဖခင်က ပြောသေးသည်။

"ပန်းလှ"

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ငါ့ဟာ ငယ်ငယ်တုန်းက မိဘကအလိုလိုက်လွန်းလို့ ပညာကို ကောင်းကောင်းမသင်ခဲ့မိဘူး၊ သူငယ်ချင်းတွေနဲ့ ကျောင်းပြေး ဖဲရိုက် အလေလိုက်ရင်း အချိန်ကုန်ခဲ့လို့ မိဘတွေ စီးပွားကျပြီး သေကုန်တော့ မွဲပြာကျခဲ့ရတယ်၊ ပင်ပန်းဆင်းရဲ ခဲ့ရတယ်၊ ဒါကြောင့် ငါ့သားလေးကို ငါ့လိုမဖြစ်ရအောင် ကျောင်း ထားပေးပါဟာ"

"သားလေး လူရဲ"

"ဗျာ ဖေဖေ"

"သား ... ပညာကို သင်ပါနော်"

"ဟုတ်"

ဟုတ်ဟုသာ ဆိုလိုက်ရသည်။ ရွာမှာ ကျောင်းမ ဒေးဒရဲမြို့ပေါ်မှာသာ ကျောင်းရှိသည်။

ရွာမှ ငွေကြေးတတ်နိုင်သူတို့က သူတို့၏သားသမီး ကို ဒေးဒရဲသို့ မော်တော်ခ လပေးပေးပြီး ကျောင်းအပို့အကြို ကျောင်းတက်စေ၏။

ခရီးက ဝေးသဖြင့်.လှေဖြင့် ကျောင်းတက်ကျောင်းဆ ရန် မဖြစ်နိုင်။





ဒေးဒရဲတွင် ဆွေမျိုးသားချင်းရှိသူတို့ကလည်း သား သမီးတို့အတွက် ထမင်းစရိတ် လစဉ်ထောက်ကာ ဆွေမျိုးတို့အိမ် မှာထားပြီး ကျောင်းတက်စေသည်။

ဒေးဒရဲဝယ် လူရဲတို့အတွက် အမျိုးအဆွေမရှိ၊ မော် တော်ခလည်း မတတ်နိုင်။

သည်တော့ ယခု အသက်ခုနစ်နှစ်ကျော်သည်အထိ လူရဲကို မိဘတို့က ကျောင်းမထားနိုင်ချေ။

"ဘာပဲဖြစ်ဖြစ် ... သားလေး ပညာတတ်မှ ဖြစ်မယ်၊ သားလေးကို ကျောင်းထားဖြစ်အောင် ထားပါ ပန်းလှရယ်"

"ဖေဖေရယ် ... သား ကျောင်းမနေရလည်း အရေး မကြီးပါဘူး၊ ဖေဖေ့ရောဂါ သက်သာဖို့ပဲ အရေးကြီးပါတယ်ဗျာ"

ဖခင်ကြီးဦးသောင်းထွန်းမှာ ရောဂါစွဲကပ်ပြီး တစ်နေ့ တခြား ဝေဒနာကြီးမားလာကာတည်းက လယ်ကွင်းထဲ မဆင်းနိုင် တော့ချေ။ သည်တော့လည်း လယ်ရှင်ထံမှ ကူညီထောက်ပံ့မှု တစ်နေ့တခြား ရှားပါးလာကာ မိသားစုသုံးယောက်မှာ စားရမဲ့ သောက်ရမဲ့ ဖြစ်လာရ၏။

စားဖို့ပင် အနိုင်နိုင်မို့ ဖခင်ကြီး၏ရောဂါကို ရန်ကုန်သို့ ဆိုထားနှင့်၊ တွံ့တေး၊ ဒေးဒရဲတို့သို့ပင် တက်ရောက်ကုသပေး



www.burmeseclassic.com

www.burmeseclassic.com



ခြင်း မပြုနိုင်။ သည်တော့လည်း ရွာမှ ဗိန္ဒောဆရာ ဦးဖေအောင်ကိုပဲ ပန်းလှ သွားရောက်ကာ တောင်းပန်တိုးလျှိုးပြီး အိမ်ပင့်ကုသရ၏။

ရောဂါနည်းနည်းသက်သာလိုက် လယ်ထဲဆင်းလိုက်၊ ရောဂါပြန်ဖြစ်လိုက် နားလိုက်ဖြင့် ဒုပေနာပေ နေလာခဲ့ရာမှ ယခုလို ဆောင်းဦးပေါက်သမယ နှင်းခါးရိုက်သော နံနက်ခင်းတစ်ခု၌ ဖခင်ကြီးမှာ သွေးသုံးကြိမ်အန်ပြီး အသက်ပါသွားခဲ့ရလေသည်။

ဦးသောင်းထွန်းဆုံးပါးသွားပြီး နောက်ပိုင်းတွင် လယ်ပိုင်ရှင် ဒေါ်ငွေယဉ်ပေးသည့် ဝမ်းစာစပါး သုံးတင်းသာ ရရှိခဲ့၏။

ထိုစပါးတို့ကို ပန်းလှကကိုယ်တိုင် ဆုံဖြင့်ဖွပ်ကာ ဆန်အချို့ကိုရောင်းပြီး ဆီဝယ်ရ၏၊ ငါးပိဝယ်ရ၏။ ဟင်းလျာအတွက်မူ ရွာနောက်ပိုင်း စည်းရိုးအလွန်၌ ကင်းမွန်း၊ ပဒတ်စာ စသည့်ကြော်ချက်လေး ချက်ကာစားလို့ရသော ရေနွေးဖျောတို့ ၍ရသောအရွက်တို့ ခူးရ၏။

သို့လျှင် ရရာနှင့်ဖြစ်သလိုစားပြီး သားအမိနှစ်ယောက်အသက်ဆက်ခဲ့ရလေသည်။

ယနေ့ဇနေ့လယ်မှာတော့ ဦးညွန့်အောင်ဆိုသော လူကြီးက





ဆူဖြိုးလှသည့် ငါးသလောက်နှစ်ကောင်ကို လာပေးသွားသည်။ ယင်း ငါးသလောက်တို့ကို နီကြွပ်နေအောင်ကင်ပြီး အဆီတဝင်းဝင်းဖြင့် စားလိုက်ရပါက မည်မျှ အရသာရှိလိုက်မည်နည်း။

ဖခင်ကြီးရှိစဉ်က ခနီခုတ်ပြီးပြန်အလာ ခနီခင်းပိုင်ရှင်ရှင်းပေးလိုက်သည့် ငွေစကြေးစလေးဖြင့် ငါးသလောက် တစ်ကောင်တလေ ဝယ်လာပြီး ကင်၍ဖြစ်စေ၊ ကြော်၍ဖြစ်စေ ကျွေးဖူးပါ၏။ ထိုစဉ်က သားအမိနှစ်ယောက် လျှာလည်ခဲ့ရသည့် အရသာကို လူရဲ မမေ့နိုင်ချေ။

ယခု သားငါးနှင့် ရက်များစွာ ကင်းကွာနေရာမှ အဆီတဝင်းဝင်းဖြင့် ပြန်လည်ကိုက်ဖဲ့စားသောက်ရမည့်အရေး တွေးတာ သွားရည်ပင် ယိုချင်လာ၏။

သို့သော် ငါးသလောက်ပေးလာသည့် ဦးညွန့်အောင်ဆိုသည့်လူကြီး သူ့မိခင်အားကြည့်သည့်အကြည့်ကို သူ လုံးဝမနှစ်မြို့ချေ။ ပြီးတော့ မိခင်ကြီး၏မျက်ရည်ကိုပင် ထိုလူကြီးက ရာရာစစ သုတ်ပေးလိုက်သေးသည်။ ဒါက သူ့ဖခင်လုပ်ရမည့် အလုပ်လေ။

"တောက်"

ဒေါသကြောင့် ရသတဏှာ တပ်မက်စိတ် ပျောက်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကြမ်းတမ်းခက်မာသည့် ဦးညွန့်အောင်ဆိုသောလူကြီး၏မျက်နှာကို ပြန်လည်မြင်ယောင်လိုက်တိုင်း ငါးသလောက်ကင်က မျက်ဝန်းထဲမှ ပျောက်ပျောက်သွား၏။

သူ စိတ်ပျက်စွာ ခေါင်းကိုခါယမ်းလိုက်စဉ်မှာပင် ငါးတံတား ညွတ်ခနဲဖြစ်သွားရာ လူရဲမှာ သတိပြန်စင်လာပြီး တံတား၏ဝဲယာထိပ်ဘက်သို့ လှမ်းကြည့်လိုက်သည်။

"ဟော ... ဖြူနှင်းပါလား"

အသားရောင်ဖြူဖွေးဥနေသော ဂါဝန်အပြာလွင်လွင်လေးဝတ်ထားသည့် သူနှင့်ရွယ်တူခန့် ကောင်မလေးတစ်ယောက်က လက်ရန်းကို ဖေးကိုင်လျက် ငါးတံတားအတိုင်း သူရှိနေရာသို့ ခပ်ပြုံးပြုံးအမူအရာဖြင့် လျှောက်လှမ်းလာနေ၏။

"ဟဲ့ လူရဲ ... နင် ဒီမှာ တစ်ယောက်တည်း ဘာလာလုပ်နေတာလဲ"

ဖြူနှင်းဆိုသောကောင်မလေးက ပြုံးမျက်နှာဖြင့်မေးရင်းသူ့နံဘေးမှာလာထိုင်ကာ သူ့လိုပင် ခြေနှစ်ချောင်းကို တွဲလောင်းချထားလိုက်လေသည်။

"အိမ်မှာစိတ်တိုလို့ ထွက်လာပြီး ဒီမှာလာထိုင်နေတာဟ"





"ဟင် ... နင်က ဘယ်သူ့ကိုစိတ်တိုတာလဲ၊ နင့်အမေကိုလား"

"မဟုတ်ပါဘူးဟာ ... ဦးညွန့်အောင်ဆိုတဲ့ လူကြီးကို၊ သူက ငါ့အမေကို သနားတယ်, ကူညီမယ်နဲ့ လာပြောနေလို့ဟ"

မိခင်ကို ဦးညွန့်အောင် မျက်ရည်သုတ်ပေးသည့် အကြောင်းတော့ လူရဲ ထည့်မပြော။ မပြောသင့်ဟု ယူဆ၍ဖြစ်သည်။

ဖြူနှင်းမှာ လူရဲ၏ဖခင်ဦးသောင်းထွန်း သူရင်းငှားအဖြစ် လုပ်ကိုင်ခဲ့သည့် လယ်ပိုင်ရှင် ဒေါ်ငွေယဉ်၏ တစ်ဦးတည်းသော သမီးလေး ဖြစ်၏။ သူမ၏မုဆိုးမမိခင်ကြီးက ကြေးရတတ်ရှာမျက်နှာဖုံးဖြစ်သော်လည်း သူလေးက မာနမကြီးတတ်ချေ။ ပြီးတော့ ငယ်သူငယ်ချင်းဖြစ်သူ လူရဲကို အတော်ခင်ရှာသူလေးဖြစ်၏။

"နင်ကလည်း ... ဦးညွန့်အောင်က နင့်အသက်ကို ကယ်ခဲ့သူပဲ၊ သူ့ကို စိတ်မဆိုးနဲ့လေဟာ ... ငရဲကြီးနေဦးမယ်"

"ငါ့အသက်ကို တကယ်ကယ်ခဲ့သူက ဦးညွန့်လှိုင်ပါဟ၊ ဦးညွန့်အောင်က သူ့ညီဦးညွန့်လှိုင်ကို မိကျောင်းဆွဲမှ မှိန်း၍ဝင်ထိုးတာပါ"



www.burmeseclassic.com

www.burmeseclassic.com



“အေးလေ ... ဘာပဲဖြစ်ဖြစ် နင့်အသက်ကို ကယ်ခဲ့သူ ထဲမှာ သူလည်းပါတာပဲ”

“ဒါပေမဲ့ အမေ့ကို အဲဒီလိုတွေ လာပြောတာတော့ ငါမကြိုက်ဘူး”

“အင်း ... သူက ရွာသူရွာသားအချင်းချင်း ရိုင်းပင်း ကူညီ ချင်လို့ဖြစ်မှာပေါ့ဟယ်၊ ဒါထက် လူရဲ ... နင် ထမင်းစား ပြီးပြီလား”

“ထမင်းက ဘယ်ဆီနေမှန်းတောင် မသိပါဘူးဟာ ဟိုလူကြီးကတော့ ငါးသလောက်နှစ်ကောင် လာပေးတယ်ဟ ဒါပေမဲ့ သူပေးတာကို ငါ မစားချင်ဘူး၊ ဒါကြောင့် ဒီတံတားဆီ ထွက်လာတာ”

ဖြူနှင်းက သက်ပြင်းလေးချရင်း လူရဲ၏ ဖြူဖျော့ဖျော့ မျက်နှာလေးကို ကရုဏာသက်စွာကြည့်မိသည်။

“ဒါဆို နင် ငါတို့အိမ်လိုက်ခဲ့ဟာ၊ အိမ်မှာ ငါးသ လောက်ပေါင်းထားတယ်ဟ၊ မွှေးနေတာပဲ၊ ငါးသလောက်ပေါင်း နဲ့ နင် ထမင်းလိုက်စားဟာ ငါကျွေးမယ်”

“တော်ပါဟာ ... မဟုတ်တာ၊ နင့်အမေကြီးက ဒီ လောက် အပေါက်ဆိုးတာ၊ ငါ ထမင်းလိုက်စားလို့ ရမလာ





အလှူလုပ်တာတောင် အဖေရိုကတည်းက ငါတို့အိမ်ဖိတ်တာ မဟုတ်ဘူး။ အခု နင် ငါနဲ့စကားလာပြောတာ သိသွားရင်တောင် နင့်ကို ဆူလိမ့်မယ်”

လူရဲ၏စကားကြောင့် ဖြူနှင်းမှာ တွေတွေလေးဖြစ်သွား ပြီးမှ ...

“ဒါဆို နင် ဒီကစောင့်နေ လူရဲ၊ ငါ အိမ်ပြန်ပြီး တစ် သုံးချိုင့်လေးနဲ့ ငါးသလောက်ပေါင်းရော ထမင်းရော•ထည့်ပြီး ယူလာမယ်”

ဟု အားတက်သရောပြောရင်း ထဟန်ပြင်၏။ သို့သော် လူရဲက ခေါင်းယမ်းသည်။

“ငါ သူတစ်ပါးကျွေးတာကို မစားချင်ဘူး ဖြူနှင်း”

“ဟဲ့ ... ဒီပြင်လူကျွေးတာမှ မဟုတ်ဘဲ၊ ငါကျွေးတာပဲ ဟာ”

ဖြူနှင်းက နှုတ်ခမ်းလေးစူပြီး ပြောသည်။ လူရဲက ခပ် သဲ့သဲ့ ပြုံးလိုက်၏။

“နင်ကျွေးပေမယ့် နင့်ဟင်း နင့်ထမင်းမဟုတ်ဘူးလေ၊ အဲဒါတွေဟာ နင့်အမေရဲ့ ထမင်းဟင်းတွေပဲ”

“သြော် ... ဒါဆို နင်က ငါပိုင်တဲ့ထမင်းဟင်းမှ စား



www.burmeseclassic.com

www.burmeseclassic.com



မယ်ပေါ့ ... ဟုတ်လား''

ဖြူနှင်းလေးမှာ ကျွဲမြီးတိုသွားဟန်ဖြင့် ထရပ်ကာ ခါးကို ဆတ်ခနဲထောက်ရင်း ဒေါမာန်ပါပါဖြင့် မေးသည်။

သူငယ်ချင်းမလေး ဒေါဖောင်းသွားမှန်းသိသဖြင့် လူရဲက ခပ်ဖြည်းဖြည်း ထရပ်ကာ ချော့သလိုလေသံကိုလျှော့ပြီး ပြော လိုက်ရသည်။

''အေး ... နင်ပိုင်တဲ့ထမင်းဟင်းဆိုရင် ငါစားမယ်၊ တစ်နေ့ကျရင် နင်ပိုင်တဲ့ ထမင်းဟင်းဆိုတာ ရှိလာမှာပါ ဖြူနှင်း ရယ်၊ အဲဒီတော့မှ စားမယ်ဟာ''

''ဒါဆို ပြီးရော ... ငါသွားမယ်၊ ဒီနားကအနှိပ်သည် ဒေါ်တုတ်ကို အမေခေါ်ခိုင်းလို့ လာခေါ်ရင်း နင့်ကိုတွေ့လို့ လာ တာ''

''အေး အေး''

ဖြူနှင်းက သူ့ကို မျက်စောင်းလေးခဲလိုက်ပြီးမှ ဝါးတံ တားပေါ် လျှောက်သွားသည်။

သူငယ်ချင်းမလေးကို ငေးကြည့်ကျန်ရစ်ရင်း ရင်မှာ အမျိုးအမည်မသိသော ခံစားမှုတစ်ခု ကြည်နူးစွာ ဖြစ်ပေါ်လာ၏။

သို့သော် ထိုခံစားမှုကို လူရဲ ဘာမှန်းမသိ။

❂ ❂ ❂



## ဆုပ်စူး စားရူး

ဆူဖြိုးသော ငါးသလောက်ကြီးကို ဒေါင်လိုက်ခွဲကာ ...မ်းတွင်းကလီစာများ ကုန်စင်အောင် ထုတ်ယူရ၏။

ထိုကလီစာတို့ကို အကျိအချွဲတွေထုတ် ရေစင်အောင် ဆေးပြီး ငရုတ်သီးဆီသတ်လေးနှင့် ချက်ရန် ဇလုံတစ်လုံးထဲထည့် ဆား၊ နနွင်းနယ်ကာ သတ်သတ်ထားရသည်။

ငါးသလောက်အကောင်လိုက်ကိုမူ ဓားမဖြင့် အကြေးခွံ ခြစ်၊ မစိပ်မကျဲမွှန်းပြီး ရေစင်အောင်ဆေးရသည်။

ပြီးလျှင် ဆား နနွင်း ငံပြာရည်တို့နှင့် နယ်ကာ တံစို့ထိုး ရ၏။

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

ထို့နောက်မှာမူ မီးဖိုဓါးမီးရှိန်ဖြင့် ကင်ရလေသည်။ တံစို့ကို လှည့်ကာ ငါးကို ဟိုဘက်ပြောင်း သည်ဘက်ပြောင်း လုပ်ပေးရလေသည်။

တော်တော်ကြီးကြာအောင် စိတ်ရှည်ရှည်ဖြင့် ကင်လိုက်သည်တွင် မီးညီညီဖြင့် ကျက်သွားသောကြောင့် မွှေးပျံ့သော ငါးကင်ရနံ့က တဲလေးဝန်းကျင်သို့ပင် ကြိုင်လှိုင်လျက် ရှိတော့သည်။

"သားရေ လာဟေ့ . . . ငါးကင်ပြီးသွားပြီ၊ ထမင်းစားရအောင်"

ပန်းလှက သံပန်းကန်ပြားနှစ်ချပ်နှင့် ထမင်းခူးရင်း သားဖြစ်သူ လူရဲကို လှမ်းခေါ်သည်။

လူရဲက နောက်နေ့အတွက် ထင်းပေါက်လေးများ ခွဲနေရင်းမှ ထလာပြီး အင်တုံဝယ် လက်ဆေးကာ ထမင်းဝိုင်းမှာ လာထိုင်၏။

"မွှေးနေတာပဲ အမေရာ"

လူရဲက ဝမ်းသာအားရပြောရင်း ငါးကင်ကို မိခင်နှင့်အတူ ဖွဲ့ကာစားတော့၏။

တံစို့ကိုကိုင်ကာ ငါးကင်ကို အားပါးတရ ကိုက်ဖွဲ့စား





လိုက်၊ ထမင်းကို ပလုတ်ပလောင်း သွတ်လိုက်လုပ်နေသည့် သားတော်မောင်ကို ပီတိမျက်ဝန်းများဖြင့် ကြည့်ရင်း ပန်းလှ ပြုံးလိုက်မိသည်။

သားတော်မောင်လူရဲသည် ငါးကင်ကို လွန်စွာကြိုက်သော်လည်း ဟိုတစ်ခါ ညွန့်အောင် ငါးလာပေးစဉ်က ကင်သည့် ငါးသလောက်ကင်ကို လုံးဝမစားခဲ့ မထိမကိုင်ခဲ့။ ဘာဖြစ်လို့လဲဟု မေးတော့ အဲဒီလူကြီးကို ကြည့်မရလို့ဟု ဖြေခဲ့၏။

သည်တစ်ခါတော့ သူမ ငါးခြောက်လုပ်ရန် ငါးသွားခွဲပေးသည့် ရေလုပ်ငန်းရှင် ဒေါ်မယ်သင်မှ ပေးလိုက်သော လုပ်အားခဖြင့် ဝယ်လာသည့် ငါးသလောက်ကို ကင်ကျွေးခြင်းဟု ညာပြောရသည်။

သို့မှသာ လူရဲက အားရပါးရ စားေ၏။

တကယ်တော့ ပန်းလှသည် ခင်ပွန်းဖြစ်သူမရှိတော့သည့်နောက်ပိုင်း ရွာလယ်ရှိ ဒေါ်မယ်သင်၏ငါးလုပ်ငန်း၌ ဝင်ရောက်လုပ်ကိုင်နေခဲ့ရာ ထမင်းစားဖို့ အနိုင်နိုင်ရခဲ့သည်။

ဖြူဖြူနွဲ့နွဲ့လေးနှင့် ဘဝကိုကြိုးစားရုန်းကန်နေရသည့် ပန်းလှကို ညွန့်အောင်က ကရုဏာသက်ပြီး မကြာခဏ ငွေကြေးကူညီထောက်ပံ့မှုပြု၏။ ပန်းလှ ငြင်းသော်လည်း မရ။ ငါးသ



www.burmeseclassic.com

www.burmeseclassic.com



လောက် ပိုက်ချရာမှပြန်လာလျှင် ဟင်းစားဖို့ ငါးသလောက် နှစ်ကောင်သုံးကောင် လာပေးသွားသည်ချည်း။

ယခုငါးသလောက်သည်လည်း ညွှန့်အောင်လာပေ သော ငါးသလောက်ပင် ဖြစ်၏။ သို့သော် လူရဲ မစားမှာစိုးသော ကြောင့် လိမ်ပြောရခြင်းဖြစ်သည်။

သာ်းလေး ငါးကင်ကို အားပါးတရ ဖွဲ့စားနေသည် ငေးကြည့်ရင်းမှ အိမ်နီးချင်းဒေါ်မယ်ညိုကြီးပြောသည့် စကားအ ပြန်လည်ကြားယောင်မိ၏။

"တစ်ပင်လဲမှ တစ်ပင်ထူတဲ့အော့၊ ညည်းလည်း အရွယ် အများကြီးရှိသေးတာပဲ၊ မောင်သောင်းထွန်းမရှိတဲ့နောက် ညည် တို့သားအမိ ရုန်းကန်နေကြတာ တွေ့ရတာ စိတ်မသက်သ လိုက်တာဟယ်၊ ညွှန့်အောင်က ညည်းကို အတော်မျက်စိကျ တာဟဲ့၊ သူက လူပျို၊ ကိုယ့်ဘက်က ဘာနာစရာရှိလဲ၊ သူက လှမ်းရင် လက်ခံလိုက်"

"အို အရီးညိုကလည်း ...မြင်းကမလှုပ် ခုံကလှုပ် သူ့ဘက်က ဘာမှ မကမ်းလှမ်းသေးဘူး"

"အမယ်လေးအေ ...အဲဒီကောင် နင့်ကို အပျိုဘဝ တည်းက သဘောကျနေတာ ငါ မသိမှတ်လို့ ခုလည်း ညည်း





ပိုးကြေးပန်းကြေး ပေးလိုက်ရတာအမော"

"အို ...အရီးညိုကလည်း"

"ဘာ အရီးညိုကလည်းလဲ ...ငါတို့ကတော့ တံငါ သည် မယားပီပီ ဘွင်းဘွင်းပဲဟေ့ ...ဘွင်းဘွင်းပဲ ...ဟဲ ဟဲ ဟဲ"

❂

"ပန်းလှ ...နင်တို့အိမ်လေးက အတော်ယိုင်နဲ့နေပြီ နော်၊ မိုးမကျခင် ပြန်ဆောက်မှဖြစ်မယ်၊ ဒီတစ်ခါ ခြေတံ ဒီထက် ရှည်အောင်ဆောက်မှဖြစ်မယ်၊ လာမယ့်နှစ် မိုးကြီးမယ်တဲ့ဟ၊ သင်္ကြန်စာမှာ ရေးထားတယ်"

ပန်းလှ ရင်တုန်သွား၏။ ကနီရွာလေးက အတော်မြင့် သော ကမ်းပါးပေါ်မှာ တည်ထားသည်ဆိုသော်လည်း မိုးမတရား ကောင်းပြီး ရေမောင်းလန်ချိန် ဒီရေတက်ချိန်ဆိုလျှင် ရွာထဲအထိ ရေလွှမ်းတတ်၏။

ခု သူတို့ တဲအိမ်လေးက ခပ်ဝပ်ဝပ်ရယ်။ မတော်



www.burmeseclassic.com

www.burmeseclassic.com



ရေကြီးပါက တဲခေါင်ပေါ်တက်နေရမည့်ကိန်း။

"စိတ်ညစ်ပါတယ်ဟယ်၊ စားဖို့တောင် အနိုင်နိုင်ဟာကို"

ခေါင်းလေးကုတ်လိုက်သည့် ပန်းလှကို ညွန့်အောင်အ ကရုဏာသက်စွာ ကြည့်ရင်း . . .

"စိတ်မညစ်ပါနဲ့ဟာ . . . ငါတစ်ယောက်လုံး ရှိပါတယ် ငါ ခုကတည်းက မမမတိုင်တွေ စုထားတယ်၊ နင်တို့အိမ်ကို ပြန်ဆောက်ပေးဖို့"

ပန်းလှက သက်ပြင်းလေးရှိုက်ရင်း ညွန့်အောင်၏မျက်နှာကို ငေးမောကြည့်လိုက်မိသည်။ ပြီးနောက် မအောင့်အည်းနိုင်စွာ မေးမိ၏။

"ညွန့်အောင်ရယ် . . . နင် ဘာဖြစ်လို့ ငါတို့သားအမိ အပေါ် ဒီလောက်တောင် ကောင်းနေရတာလဲဟင်"

ညွန့်အောင်က ပြုံးလိုက်သည်။ ပြီးလျှင် ရင်မှာမျိုးသိပ် ထားသမျှ ပွင့်အန်ကာ တဲ့တိုးပဲ ပြောလိုက်မိသည်။

"အဲဒါ ငါ နင့်ကိုချစ်လို့ပေါ့ ပန်းလှရယ်၊ ဟိုးအရင်တုန်း ကလို ချစ်နေသေးလို့ပေါ့"

"ဟယ် . . . နင်ကလည်း"





ပန်းလှ၏ပါးဖြူဖြူလေးတို့ ရဲတက်သွားပြီး ခေါင်းလေး ရှုတ်ခနဲ ငုံ့သွားသည်။

ပြီးလျှင် ချက်ချင်းဆိုသလိုပင် ပါးပြင်ထက်သို့ မျက်ရည် ပေါက်ကြီးများ လိမ့်ဆင်းကျလာတော့၏။

ညွန့်အောင် ထိတ်လန့်သွားသည်။

"ဟင် . . . ပန်း ပန်းလှ ဘာ ဘာဖြစ်လို့လဲဟင်၊ ငါ ငါ့ကို စိတ်ဆိုးသွားလို့လား"

"ပြောစမ်းပါဦး ပန်းလှရယ်၊ ငါ့ကို စိတ်ဆိုးသွားလို့ လား"

စိုးရိမ်ပြီး ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည့် ညွန့်အောင် က ပန်းလှ၏ပခုံးလေးနှစ်ဖက်ကို ခပ်တင်းတင်းလေး ဆုပ်ကိုင် ရင်း မေးလိုက်မိသည်။ ပန်းလှက ရှိုက်ရင်း ခေါင်းလေးယမ်း၏။

"ဘာ ဘာဖြစ်လို့လဲ ပန်းလှရယ် . . . ငါ့ကို စိတ်ဆိုးသွား လို့လား"

"မ မဟုတ်ပါဘူးဟယ် . . . ငါ ငါ ဝမ်းနည်းလွန်းလို့ ပါ"

ရှိုက်သံတစ်ဝက်နှင့် သူမက ဆက်ပြောသည်။

"ငါ ငါတို့သားအမိမှာ မှီခိုအားထားရာမဲ့နေလို့ ဝမ်းနည်း



www.burmeseclassic.com

www.burmeseclassic.com



ပြီး ငိုမိတာပါဟာ''

''အို ... ဘာဖြစ်လို့ မိုနိုအားထားရာမဲ့ရမှာလည်း ပန်းလုရယ်၊ ငါတစ်ယောက်လုံး ရှိပါတယ်ဟာ၊ ငါ ငါ နင့်ကို လက်ထပ်ယူပါ့ရစေ ပန်းလုရယ်''

''ဟင်''

ပန်းလုက သူ့ကို အလန့်တထိတ် မော့ကြည့်၏။ သို့သော် သူ့လက်ထဲမှမူ ရုန်းမထွက်။ မျက်ရည်ပြည့်ရွှန်းလျက်ရှိသော သူမ၏မျက်ဝန်းတို့အထဲတွင် မယုံရဲသည့်အရိပ်အယောင်တို့ကို တွေ့ရသည်။

''ငါ့ကိုယုံပါ ပန်းလုရယ် ... ငါ နင့်ကို ဟိုးအပျိုစင်ဘ၀ကတည်းက ချစ်ခဲ့ရတာပါ၊ မတတ်သာလို့ ဘ၀အခြေအနေအရ နောက်ဆုတ်ပေးခဲ့ရပေမယ့် ခုအထိ ချစ်နေဆဲပါဟာ၊ နင့်ကို ငါ လက်ထပ်ပါရစေနော်၊ နင်တို့သားအမိကို ငါ ပိုင်ပိုင်နိုင်နိုင် စောင့်ရှောက်ပါရစေဟာ''

ပန်းလုက တွေတွေလေးနှင့်ငြိမ်နေသည်။ သူမကိုကြည့်ရသည်က ချီတုံချတုံဖြစ်နေဟန်ရှိ၏။ ညွန့်အောင်က သူမ၏ကိုယ်လုံးလေးကို အားမလိုအားမရစွာ ထွေးဖက်လိုက်မည်ပြုစဉ်
...





'ဂွမ်း'

ကပြင်ဝါးကြမ်းခင်းပေါ်သို့ ကျယ်လောင်သော လင်ပန်းကျသံကြောင့် ညွန့်အောင်ရော ပန်းလုပါ လန့်ဖျပ်ကာ ချာခနဲ လှည့်ပြန်ကြည့်လိုက်မိကြလေ၏။ လူချင်းလည်း ရုတ်ခြည်း ခွာလိုက်မိကြ၏။

လှရဲက လောက်စာလုံးလေးများလုံးကာ နေလှန်းဖို့ ထည့်ထားသည့် သံလင်ပန်းအဟောင်းကို ကြမ်းပြင်ပေါ် ပစ်ချလိုက်ခြင်း ဖြစ်သည်။

သည်ကောင်လေး လတာပြင်မှရွှံ့ရှုံးပြီး အိမ်ရှေ့ခေါင်းရင်းဘက်ရှိ မန်ကျည်းပင်ရိပ်မှာ လောက်စာလုံးလုံးနေရာမှ ဘယ်အချိန် တဲအရိပ်ထဲ ဝင်လာမှန်းမသိ။

သို့သော် ကိုယ့်အပြစ်နှင့်ကိုယ် မလုံမလဲဖြစ်သွားကြသည့် သူတို့နှစ်ဦးကို လှရဲက မကြည့်ဘဲ ရှုသိုးသိုးမျက်နှာဖြင့် ကပြင်စွန်းတွင် တင်ပါးလွှဲထိုင်လိုက်လေသည်။

ပြီးလျှင် လက်ထဲမှ ကျွဲချိုလေးခွကို လောက်စာအိမ်၌ လောက်စာလုံးမပါဘဲ ဆွဲကာ တဖြတ်ဖြတ်နှင့် ဟိုသည်ပစ်ဟန်ပြုနေ၏။

ညွန့်အောင်က သက်ပြင်းချလိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ပန်းလှ ...၊ ငါသွားမယ်ဟာ၊ ငါပြောထားတာ တော့ စဉ်းစားထားပါနော်"

ဟု ခပ်တိုးတိုး နှုတ်ဆက်ကာ အိမ်ရှေ့ခန်းတွင် ထိုင်နေရာမှထပြီး ကပြင်သို့ ဆင်းလိုက်၏။

ပြီးတော့ လူရဲကို တစ်ချက်ငုံ့ကြည့်လိုက်သည်။

ထို့နောက် အိမ်ပေါ်မှဆင်းကာ ခြံဝိုင်းထဲမှ ထွက်သွားတော့၏။

ညွှန့်အောင်ထွက်သွားမှ လူရဲက မီခင်ဘက် မျက်မှောင်ကုတ်ကာ လှည့်ကြည့်ပြီး ...

"အမေ ... နောက်တစ်ခါ အဲဒီလူကြီးကို အိမ်မလာစေနဲ့ဗျာ"

ဟု ခပ်ဆတ်ဆတ်ပြောလိုက်လေသည်။

ပန်းလှက သက်ပြင်းချလျက် ထိုင်ရာမှထပြီး ကပြင်သို့ဆင်းကာ သားဖြစ်သူအနီးတွင် အသာထိုင်လိုက်လေသည်။

ပြီးလျှင် သားလေး၏ခေါင်းကို လက်ဖဝါးဖြင့် ညင်သာစွာ ပွတ်ကာ ကနီချောင်းရေပြင်ဆီ ငေးကြည့်ရင်း တိုးတိုးဖွဖွ ပြောသည်။

"သားရယ် ... ညွှန့်အောင်က အမေတို့ကို ဆွေမျိုး





သားချင်းလို ကူညီစောင့်ရှောက်နေသူပါကွယ်၊ အမေတို့သားအမိ ဘာ ဒီရွာမှာ ခွေမျိုးသားချင်းလည်း မရှိ၊ ဆင်းလည်း ဆင်းရဲ သွန်းတော့ ဘယ်သူကမှ ဆေးဖော်ကြောဖက် မလုပ်ချင်ကြဘူး လေ၊ သားရဲ့ဖေဖေ ဆုံးသွားပြီးကတည်းက လူတွေက သူတို့ကို ပြောဆက်ဆံရင်ပဲ ချေးဖို့ငှားဖို့နဲ့ ရှောင်ဖယ်ဖယ် ဆက်ဆံကြ တယ် သားရယ်၊ အဲဒီတော့ အမေတို့မှာ အရေးဟယ် အကြောင်း ဟယ်ဆိုရင် အားကိုးအားထားစရာ မရှိဘူးလေ၊ ညွှန့်အောင်က တော့ အမေနဲ့ငယ်သူငယ်ချင်းမို့ ခုလို အမေဆင်းရဲဒုက္ခရောက်နေ နိုပဲ အစစ မားမားမတ်မတ်ရပ်ပြီး ကူညီရိုင်းပင်းခဲ့တယ်လေ၊ တော့ သူကိုယ်တိုင်က သားရဲ့အသက်ကို ကယ်ခဲ့သလို သူ့ရဲ့ ညီဟာလည်း သားရဲ့အသက်ကိုကယ်ရင်း သေဆုံးခဲ့ရတာ ဟုတ်လား၊ ဒါကြောင့် သူ အိမ်လာရင် မငြိုငြင်ပါနဲ့သားရယ် ...နော် သား၊ သားလေးက လိမ္မာပါတယ်"

ပြောရင်း သားဖြစ်သူ၏မျက်နှာညိုညိုလေးကို ငုံ့ကြည့် သည်။ လူရဲကမူ ငုံ့ထားသည့် ခေါင်းကို ခပ်ဖြည်းဖြည်း ခါယမ်း လိုက်ပြီး ...

"အမေ ... အမေ့နေရာ သူ့ဝင်မှာကို သားမကြိုက်ဘူး အမေ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆို့နင့်နာကျင်စွာပြောရင်း မျက်ရည်တို့က ပိုးပိုး ပေါက်ပေါက် ကျလာတော့၏။

လူရဲအနေဖြင့် သူ့ဖခင်ကြီး၏နေရာတွင် မည်သည့် သူစိမ်းယောကျာ်းတစ်ဦးတစ်ယောက်ကိုမျှ အစားမထိုးနိုင်ပါ။ သူ့ဖခင်ကြီးကိုမေ့ပြီး ဦးညွန့်အောင်ဆိုသည့်လူကြီး၏လက်ထဲ သူ့အမေ ပါသွားမှာကို သူ လွန်စွာစိုးရိမ်လျက် ရှိလေသည်။

"ခြော် ... သားရယ်"

ပန်းလှက သားလေးကို ထွေးဖက်လိုက်ရင်း ကွယ်လွန် သူ ခင်ပွန်းကို သတိရလိုက်ကာ ကံဆိုးလှသည့် သူတို့မိသားစု လေး၏ဘဝကို ရင်နာစွာ တွေးမိပြီး မျက်ရည်တို့ ဝဲလာရပါတော့ ၏။

ညဥ့်က တဖြည်းဖြည်းနက်လာသည်နှင့်အမျှ အေးစိမ့်လို့ လာသည်။ ထွန်းထားသည့် မီးခွက်ကလည်း ဆီအတော်ခန်းနေ ပြီမို့ အလင်းက မှိန်ဖျော့သည်ထက် မှိန်ဖျော့လာခဲ့ပြီ။ သို့သော် ညဥ့်နက်သည့်တိုင် ပန်းလှ အိပ်၍မပျော်နိုင် ဖြစ်နေရ၏။

သူမ၏ရင်ထဲဝယ် လိပ်ခဲတည်းလည်း ဖြစ်နေရသည်က ဘဝရှေ့ခရီးတွင် ညွန့်အောင်ကို သူ့ဘဝအဖော်အဖြစ် လက်တွဲ သင့် မသင့်ဟူသော ပြဿနာဖြစ်သည်။

ဖရိုဖရဲဖြင့် ကြယ်မြင်လမြင်ဖြစ်နေသည့် ခနီအမိုးကို အိပ်ရာထဲမှ ပက်လက်လှန်ကြည့်နေရင်း အစစအရာရာ ချို့တဲ့ ငြင်းပါးလွန်းသော သူမတို့သားအမိ၏ဘဝတွင် မှီခိုအားထားစရာ ရှိမဖြစ် လိုနေပြီဟု ခံစားလာရ၏။

သည်ရောအခါ သူမအပေါ် စာနာနားလည်နိုင်လွန်း သော ညွန့်အောင်ကို မျက်ဝန်းဝယ် မြင်ယောင်လာမိသည်။

ခက်သည်က သူမ၏နံဘေး ဖျာကြမ်းလေးပေါ် ခွေခွေ လေး အိပ်မောကျနေရှာသည့် ဖတဆိုးသားလေးကို ငုံ့ကြည့်မိ ပြန်တော့လည်း သားလေး လက်မခံသည့်အမှုကို မပြုလိုသော စိတ်က ဖြစ်ပေါ်လာရပြန်သည်။

နောက်ဆုံးတော့ သူမ သက်ပြင်းကိုသာ အခါခါ မှုတ် ထုတ်နေမိတော့သည်။

"ဟူး ... ခက်ပါလား ညွန့်အောင်ရယ်၊ ငါ ဘယ်လိုဆုံး ဖြတ်ရပါ့မလဲဟယ်၊ ခုမှ ငါ့အဖြစ်က ဆုပ်စူးစားရူး ဖြစ်နေပြီ"







www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ညွန့်အောင်သည် သူမအပေါ် စေတနာ မေတ္တာ အပြည့်အဝထားသူဖြစ်သော်လည်း အသောက်အစား ကင်းသူတော့ မဟုတ်ကြောင်း ပန်းလှ ကောင်းစွာသိသည်။

သို့တိုင် ညွန့်အောင်မှာ လုပ်ငန်းသဘောအရ ရေထဲ မိုးထဲ ပင်ပန်း၍ဖြစ်စေ၊ ကြိုက်၍ဖြစ်စေ အရက်သောက်လေ့ရှိ သော်လည်း မူးပြီးရမ်းတတ်သူတော့ မဟုတ်ချေ။

သို့သော် စိတ်ကြမ်းလူကြမ်းသမားဖြစ်ပြီး မဟုတ်မခံ တတ်သူ၊ စိတ်ဆတ်သူမို့ သူ့အပေါ် မတရားစော်ကားမော်ကား ပြောဆိုပြုမူသည်ဟု ယူဆပါက ချက်ချင်းတုံ့ပြန်လေ့ရှိတတ်သူ ဖြစ်၏။

ထို့ကြောင့် မူးလျှင်ရမ်းတတ်သည့် ရွာတောင်ပိုင်းမှ ကဖော်သမား မြသိန်းနှင့်တစ်ကြိမ်၊ ကွယ်လွန်သွားပြီဖြစ်သော သူကြီးဦးအောင်လွင်၏သား မြင့်သောင်းနှင့်တစ်ကြိမ်၊ အင်းသမား အောင်သိန်းတို့ညီအစ်ကိုနှင့်တစ်ကြိမ် ရန်အကြီးအကျယ် ဖြစ်ဖူး လေသည်။

သို့သော် ယင်းရန်ပွဲတိုင်းတွင် ညွန့်အောင်ဘက်မှ စတင် စော်ကားကျူးလွန်ခြင်းကြောင့် မဟုတ်ဘဲ တစ်ဖက်မှ စတင်ရန်စ စော်ကားခြင်းကြောင့် ပြဿနာတက်ရသည်ချည်း ဖြစ်ကြောင်း





တစ်ရွာလုံးသိသည်သာ။

ညွန့်အောင်သည် ထိုသို့ စိတ်ကြမ်း၊ လူကြမ်းသမားဖြစ် သော်လည်း သူမအပေါ်မှာမူ ငယ်စဉ်ကလေးအရွယ် သူငယ်ချင်း ဘဝကတည်းက အမြဲညှာတာစာနာစွာ ဆက်ဆံတတ်သူဖြစ်၏။

''အင်း ... သူ့မှာလည်း မော်တော်ပိုင်နဲ့ ဘာနဲ့ စီးပွား ရေးအခြေခံရှိတော့ ငါတို့သားအမိအတွက် အားကိုးရမှာ၊ ဟင်း ... ခက်တာက သားလေးက လက်မခံတာပဲ၊ ဟူး ... ဒုက္ခပါပဲ ကွယ်''

တစ်ညတာလုံး အတွေးတို့ဖြင့် ပန်းလှ ချာချာလည်နေ တော့သတည်း။

''ပန်းလှ ဘယ်လိုလဲဟာ ... ငါပြောထားတာ စဉ်းစား ပြီးပြီလား''

ယင်းမေးခွန်းမှာ ပင်လယ်သို့ ငါးဖမ်းထွက်ပြီး ပြန်လာ တိုင်း ညွန့်အောင်မေးနေကျ မေးခွန်းဖြစ်၏။

ကြာတော့ စိတ်ညစ်လာပြီး ပန်းလှ အငေါ်တူးမိသည်။

''နင်ကလည်း အိမ်လာရင် ဒါပဲမေးနေတာပဲဟယ်၊ နင့်မှာ ကြိုက်စရာရှားလို့လား ငါလို အရိုးပေါ်အရေတင် ကလေး တစ်ယောက်အမေကို လာပြီးကြိုက်ရတယ်လို့၊ ရွာထဲမှာ အပျို



www.burmeseclassic.com

www.burmeseclassic.com



တွေ အများကြီးပါဟာ၊ နှင်က မော်တော်ပိုင် ရေလုပ်ငန်းရှင်
ဟာ . . . နှင့်မှာ ဘယ်အပျိုကိုမဆို တင်တောင်းနိုင်တဲ့အခြေအ
ရှိနေတာပဲဟာ''

ထိုသို့ပြောမိတော့ ညွန့်အောင် ကွဲမြီးတိုကာ ရှုံးရှ
ရှား ဖြစ်သွားရ၏။

''ပန်းလှ . . . နှင် ဘယ်လိုပြောလိုက်တာလဲဟာ၊ ငါ
မိန်းမလိုချင်လို့ ငမ်းငမ်းတက် ဖြစ်နေတယ်ထင်လို့လား၊ နှင်က
လို့ ဘယ်မိန်းမမှ မယူဘူး . . . သိရဲ့လား၊ နှင့်ကို အပျိုဘဝ
တည်းက ငါချစ်ခဲ့တာ၊ ခု နှင့်ကို လက်ထပ်ချင်တယ်ဆိုတာ
လည်း ပိုင်ပိုင်နိုင်နိုင် စောင့်ရှောက်ချင်လို့ . . . သိရဲ့လား၊ နှင့်
လက်ထပ်ပြီးရင် ငါ အလုပ်ကို နှစ်ဆကြိုးစားမယ်၊ နှင့်
အိမ်တစ်ဆောင် မီးတစ်ပြောင်နဲ့ တင့်တောင့်တင်တယ်ထားမယ်
လူ့ရဲ့ကိုလည်း ကျောင်းထားပေးမယ်၊ သက်နှန်းစည်းပေးမယ်
ငါ အဲဒီလို ရည်ရွယ်ထားတာဟ''

''အေးပါဟာ . . . နှင်ပြောသလိုဖြစ်ရင်တော့ စိတ်ချ
မြေ့စရာပါပဲ၊ ဒါ ဒါပေမဲ့ ခက်တာက''

''ဘာ . . . ဘာခက်နေလို့လဲ ပန်းလှ''

''အင်း . . . ငါ့သားလေးလူ့ရဲက နှင့်ကို လက်မခံနိုင်





ဖြစ်နေတယ်ဟာ၊ အဲ အဲဒါကြောင့် ငါ့မှာ ရှေ့မတိုးသာ နောက်
မဆုတ်သာ ဖြစ်နေရတယ် ညွန့်အောင်ရယ်''

''လူ့ရဲအတွက်တော့ မပူပါနဲ့ဟာ၊ သူ တစ်နေ့တော့
ငါ့ရဲ့စေတနာ မေတ္တာတွေကို သိလာရမှာပါ၊ သူ ငါ့ကိုနားလည်
လက်ခံလာအောင် ငါကြိုးစားပါ့မယ် ပန်းလှ''

''အေးပါဟယ် . . . သားလေးကသာ နှင့်ကိုလက်ခံမယ်
ဆိုရင် အရာရာ နှင့်သဘောအတိုင်း ဖြစ်စေရမယ် ညွန့်အောင်''

''ဟာ . . . ဝမ်းသာလိုက်တာ ပန်းလှရယ်၊ စိတ်ချ
. . . လူ့ရဲ ငါ့ကို လက်ခံလာအောင် ငါကြိုးစားပါ့မယ်''

❂ ❂ ❂



www.burmeseclassic.com

www.burmeseclassic.com



## အာဃာတလောင်မီး

ပန်းလှက ညွှန့်အောင်ကိုလက်ထပ်ရန် မီးစိမ်းမပြ
သေးသော်လည်း သားဖြစ်သူလူရဲလက်ခံလျှင် သူမဘက်
လက်ခံပြီးသားဟု အဖြေပေးထားသဖြင့် ညွှန့်အောင်မှာ မျော်
တက်ကြွလျက် ရှိလေသည်။

ယခုဆိုလျှင် ပန်းလှတို့၏ ယိုင်နဲ့နေသော ဖရိုဖရဲ
အိမ်လေးကို ဖျက်ကာ ဓနိမိုး ထရံကာ ခြေတံရှည်အိမ် ထော
တောင့်လေး ပြန်ဆောက်ပေးခဲ့ပြီ။

ပန်းလှ၏မီးဖိုချောင်တွင် ဆန်၊ ဆီ၊ ဆား မပြတ်လ
ရ။ ငါးခြောက်ငါးခြမ်း ငါးပိဆားသိပ်က အလျှံပယ်။





ဒေးဒရဲ-ကျိုက်လတ်-တွံတေးတို့မှ လူကြုံ၊ သင်္ဘောကြုံ
ဖြင့် ပန်းလှတို့သားအမိအတွက် အဝတ်အစား အသုံးအဆောင်
တို့ကိုမှာကာ ဝယ်ယူပေးသည်။

သုံးစရာ စွဲစရာ ငွေကြေးလည်း ပန်းလှ၏လက်ထဲတွင်
မပြတ်လပ်စေရ။

သို့ဖြင့် ပန်းလှတို့သားအမိ၏ စားဝတ်နေရေးမှာ ယခင်
ကနှင့် လုံးဝမတူ ခြားနားစွာ တိုးတက်ချောင်လည်လာသည်၊
ပြောင်ပြောင်ရောင်ရောင် ဖြစ်လာသည်။

လူရဲမှာ အစကနဦးက ညွှန့်အောင်၏ထောက်ပံ့ကူညီမှု
တို့ကို ပြင်းပြင်းထန်ထန် ဆန့်ကျင်သော်လည်း သူကလည်း
အမမယ်မို့ ငွေကြေးရှာဖွေ လုပ်ကိုင်နိုင်စွမ်းမရှိသေးသဖြင့်လည်း
ကောင်း၊ မိခင်ဖြစ်သူ ငါးရှေး၊ ငါးခွဲအလုပ်ကလည်း ပုံမှန်မဟုတ်
သဖြင့်လည်းကောင်း အရာရာ ချို့တဲ့နွမ်းပါးလျက်ရှိလေရာ ညွှန့်
အောင်၏ကူညီထောက်ပံ့မှုများကို လက်မခံချင်ဘဲ လက်ခံလာရ
တော့သည်။

ကိုယ်ကလည်း မရှာနိုင်၊ မိခင်မှာလည်း ဖခင်ကြီး မရှိ
ကတည်းက ပင်ပန်းလှပြီဖြစ်သဖြင့် ညွှန့်အောင်၏ကူညီပံ့ပိုးမှုတို့
ကို လက်မခံချင်ဘဲ လက်ခံနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့နှယ် ယခင်ကလို စားရမဲ့ သောက်ရမဲ့ မဟုတ်တော့သဖြင့် လူရဲတို့သားအမိနှစ်ယောက်စလုံးမှာ အသားအရေ စိုပြည်ပြည် ဖြစ်လာ၏။

ပင်ကိုက အသားဖြူကာ ရုပ်ရည်သန့်သော ပန်းလှမှာ ညှိုးလျှနေသည့်ပန်းလေး လန်းဆန်းပွင့်အာလာသလို တစ်နေ့တခြား စိုပြည်လှပလာသည်။

နိုင်လွန်အကျီပါးလေး၊ မာစရိုက်ထဘီပြောင်လေးနှင့် သပ်ရပ်တင့်မောဖွယ် လှသွေးကြွယ်လာ၏။ တစ်ချိန်သောအခါက ရွာ၏ကွမ်းတောင်ကိုင် ဖြစ်ခဲ့ဖူးသော သူမမှာ ငယ်ရုပ်ပြန်ပေါ်လာကာ ဟန်မူရာတို့ကလည်း ငေးတေးငိုင်တိုင် မဟုတ်တော့သွက်လက်ဖြတ်လက်လာသည်။

"ဟယ် ပန်းလှ . . . ဝလို့ လှလို့ဟာယ်၊ လူတောင်မှားတယ် . . . တကယ် တကယ်၊ ညည်းတို့သားအမိ အဆင်ပြေနေကြပြီလို့ ကြားရတာ တကယ်ပါလား"

ဟူ၍ တစ်မျိုး။

"ပန်းလှတို့ကတော့နော် . . . ခုမှ ကြော့လို့ မော့လို့ အပျိုရှုံးတယ် . . . ဟင်း ဟင်း ဟင်း"

ဟူ၍ တစ်ဖုံ။





"ပန်းလှရယ် . . . ငါသူငယ်ချင်းကို ခုလိုတွေ့ရတာ စိတ်ချမ်းသာလိုက်တာဟယ်၊ ရွာထဲမှာ ပြောနေကြတယ် သိလား . . . နင်က ခုမှ မအိုသေးတဲ့သူ အပျိုလေးနဲ့တူဆိုသလို အသွေးတာမွေး ပြန်ဖြစ်နေတာတဲ့"

ဟူ၍ တစ်နည်း။

"ပန်းလှရယ် . . . နင် ညွန့်အောင်နဲ့ ယူတော့မလို့ဆို၊ ကောင်းပါတယ်အေ . . . တို့များမိန်းမတွေဆိုတာ တစ်ပင်လဲမှ တစ်ပင်ထူရမှာပဲပေါ့၊ ခုဆို ညွန့်အောင်က နောက်ထပ် ငါးပေါင်းဆော်တော်ကြီးတစ်စင်း ထပ်တောင်ထောင်ဦးမယ်လို့ သတင်းကြားတယ်ဟဲ့၊ ညွန့်အောင်ကို လက်လွှတ်မခံနဲ့နော်၊ တော်ကြာ လွှတ်သွားငါး ကြီးသွားဦးမယ် . . . ဟင်း ဟင်း ဟင်း"

ဟူ၍ တစ်ဘာသာ။

ချီးမွမ်းခြေလျှောက်စကားမျိုးစုံတို့ကို နားမဆံ့အောင် ကြားလာရသည်။

ပန်းလှအနေဖြင့် ညွန့်အောင်နှင့်ပတ်သက်၍ ပတ်ဝန်းကျင်၏ရိုက်ခတ်မှုဒဏ်ကို ကြံ့ကြံ့ခိုင်ခိုင်သော်လည်း လုံးဝမခံနိုင်သူက သားလေးလူရဲပင် ဖြစ်၏။

တစ်နေ့နံနက်ပိုင်းတွင် လူရဲမှာ မိခင်ခိုင်းသဖြင့် ရွာသူငယ်



www.burmeseclassic.com

www.burmeseclassic.com



ပိုင်းရှိ ဒေါ်ဝင်းကုန်စုံဆိုင်မှ ပဲနီလေးနှင့် ကြက်သွန်ဖြူနီတို့ သွားဝယ်ပြီး အိမ်ဘက်အပြန် သန်းလွင်တို့ အိမ်ခြံပိုင်းရှေ့မှ ဖြတ်လာစဉ် အိမ်ခြံရှေ့ကမ်းပါးစွန်း၌ တန်းစီအိပ်နေကြသည့် သန်းလွင်တို့အုပ်စုမှ ပြဿနာကောင်ဦးက လှမ်းအော်မေးလိုက်၏။

"ဟေ့ကောင်လူရဲ ... မင်းက မကြာခင် ပထွေးရတော့မယ်ဆိုကွ"

လူရဲ၏စိတ်ထဲ ဒေါင်းခနဲ ဒေါသထွက်သွားသော်လည်း မကြားဟန်ဆောင်၍ ဆက်လျှောက်ခဲ့၏။

"ဟား ဟား ဟား ... လူရဲက ပထွေးရဲ့အရှိန်တက်ပြီး ငါတို့ကို အဖက်တောင် လုပ်မသွားပါလား"

"ဟုတ်တယ်ဟေ့ ... အဲဒီကောင်က သူဌေးတောင်းစား ဟိုသင်းဝလို့ ဟိုသင်းဖြစ်သွားတာကွ"

"ဟုတ်တယ်ဟေ့ ... ပထွေးအရှိန်နဲ့ ဘဝင်လေဟပ် သွားတာကွ"

"တောက်"

လူရဲ ဒေါသဖြစ်ပြီးရပ်လိုက်စဉ်မှာပင် သန်းလွင်၏အသံ ထွက်လာတော့သည်။

"အလကားပါကွာ ... ခွေးရူးကောင်းစား တစ်မွှန်း တည့်ပါ၊ ဦးညွန့်အောင်လို မော်တော်ပိုင်ရှင်က သူ့အမေကို တကယ်ယူမလားကွ၊ ခြေတော်တင်လို့ရလို့ တင်နေတာဟေ့၊ တစ်ချိန်ကျရင် ဦးညွန့်အောင်က သူ့အမေကို ကန်ထုတ်လိုက်မှာ၊ ဒါကြောင့် သူတို့သားအမိဟာ ခွေးရူးကောင်းစား တစ်မွှန်းတည့်လို့ ပြောတာပေါ့ကွ ... ဟား ဟား ဟား"

ပယ်ပယ်နယ်နယ် အပုပ်ချ လှောင်ပြောင်စော်ကားရယ်သွမ်းသွေးလိုက်သံကြောင့် လူရဲသည် ဒေါသကို မထိန်းနိုင်ဘဲ လက်ထဲမှ ပဲထုပ်၊ ကြက်သွန်ထုပ်တို့ဖြင့် သန်းလွင်တို့ရှိရာသို့ ခစ်ပေါက်ထည့်လိုက်မိလေ၏။

ပဲစေ့တို့နှင့် ကြက်သွန်ဥများမှာ ထိုနေရာတစ်ဝိုက်တွင် ပွစာကြဲသွားတော့သည်။

နဖူးကို ကြက်သွန်ဥတစ်လုံး မှန်သွားသဖြင့် ဒေါသမီးတုန်းခနဲ ထတောက်သွားသူက သန်းလွင်ပဲဖြစ်၏။

ထို့ကြောင့် သန်းလွင်က ထိုင်ရာမှထပြီး လူရဲဆီ ခြေသုမ်းကျဲဖြင့် လှမ်းလာတော့သည်။

"ဟေ့ကောင် လူပါးဝတဲ့ကောင် ... မင်းက ပထွေးအားကိုးနဲ့လား"

"ကဲကွာ"







www.burmeseclassic.com

www.burmeseclassic.com



ဒေါသကို မထိန်းနိုင်ဘဲ လူရဲက ဆီးထိုးထည့်လိုက်ရာ သန်းလွင်၏ပါးရိုးတစ်ဖက်ကို ထိသွားတော့၏။

ချက်ကောင်းထိသွားသဖြင့် ယိုင်သွားသည့်သန်းလွင်မှာ သူ့ကောင်များရှေ့တွင် ခံလိုက်ရသဖြင့် ရှက်သွားပြီး . . .

"တောက် . . . လူပါးဝလို့ သေဖို့သာပြင်ပေတော့"

ဟု အော်ဟစ်ကြုံးဝါးပြီး လူရဲကို အတင်းစွပ်ထိုးတော့၏။

"ဟုတ်ပြီကွ . . . ချပေး"

ကံဦးတို့လူစုက ရန်ပွဲကို ဖျဉ်မပေးဘဲ လက်ခုပ်လက်ဝါးတီးကာ အော်ဟစ်မြှောက်ပင့်ပေးကြလေသည်။

"ကဲကွာ ကဲကွာ"

'ခွပ် ခွပ် ခွပ်'

အသက်ချင်းတူသော်လည်း လူကောင်ပိုထွားသည့် သန်းလွင်က လူရဲ၏မျက်နှာပေါ်သို့ လက်သီးချက်များ အဆက်မပြတ် ထိုးနက်သဖြင့် လူရဲ နှုတ်ခမ်းပေါက်သွားသလို ဝဲဘက်မျက်လုံးပါ ဖူးရောင်သွားတော့၏။

သို့သော် လူရဲသည် တစ်ချက်မအော်၊ တစ်ချက်မညည်း ခြေတစ်လှမ်း နောက်မဆုတ်ဘဲ ဖွဲနပဲကြီးစွာ ပြန်ထိုးလေသည်။

"ဟောဒီမှာ ကလေးတွေ ရန်ဖြစ်နေကြပြီ . . . လုပ်ကြပါဦး"

လမ်းသွားလမ်းလာ မိန်းမကြီးတစ်ဦး၏အော်သံကြောင့် အနီးအပါးမှလူများ ကြားပြီး အိမ်ခြံဝိုင်းတို့အထဲမှာ ပြေးထွက်လာကြကာ လူကြီးအချို့က ဆွဲလွဲဖျန်ဖြေပေးလိုက်ကြလေသည်။ ဒါတောင် တော်ရုံဖြင့် ဖျဉ်၍မရ။

"တော်စမ်း ကလေးတွေ၊ တောက် . . . ငါ နှစ်ယောက်လုံး လုပ်လိုက်ရ"

ဆယ်အိမ်ခေါင်းဦးလှမြင့်ကပါ ဝင်ဟန့်မှ ရန်ပွဲက လုံးဝ ငြိမ်သွားတော့သည်။

သန်းလွင်၏မျက်နှာဝယ် ဒဏ်ရာဒဏ်ချက် အနည်းငယ်သာ ရှိပြီး လူရဲ၏နှုတ်ခမ်းက သွေးဆို့ကာ ဝဲဘက်မျက်ခွံနှင့် ပါးဝယ် အညိုအမည်းစွဲနေတော့၏။

"တောက် . . . မင်း တစ်နေ့ တွေ့ဦးမှာပေါ့ကွာ"

လူရဲက မျက်ရည်ဝဲလျက်မှ အံကြိတ်ရင်း ကြိမ်းဝါးလိုက်ရာ သန်းလွင်က စပ်ဖြဲဖြဲနေရာမှ ဟားတိုက်ရယ်မောလိုက်တော့၏။

"ဟား ဟား ဟား . . . ဒီလောက် အီစလံဝေအောင် ခံထားရတာတောင် မမှတ်သေးဘူး၊ ဟော့ကောင် ငပိန်ညှောင်







www.burmeseclassic.com

www.burmeseclassic.com



. . . မင်း ငါ့ကိုယှဉ်နိုင်ဖို့ ကြိုးစားလိုက်ဦး . . . ဟုတ်လား . . . ဟား ဟား ဟား"

"ကဲ ကဲ . . . သွားကြ သွားကြ၊ ကိုယ့်လမ်းကိုယ်၊ ဒီ ပန်းလှရဲ့သား လူရဲမဟုတ်လား၊ မောင်မောင်အုန်း . . . သူ့အိမ် လိုက်ပို့ပေးလိုက်စမ်း"

ဆယ်အိမ်ခေါင်းဦးလှမြင့်က သူ့တူမောင်မောင်အုန်းကို လူရဲအား လိုက်ပို့နိုင်းလိုက်လေသည်။

သန်းလွင်ကမူ သူ့သူငယ်ချင်းတို့ကို လက်သီးဆုပ် ထောင်ပြလိုက်ပြီး စပ်ဖြဲဖြဲမျက်နှာဖြင့် . . .

"တွေ့လား . . . သန်းလွင်ကို စမ်းလို့မရဘူး"

ဟု ဝင့်ကြွားစွာ ပြောလိုက်ပါတော့သတည်း။

❁ ❁ ❁



## အမုန်းကမ္ဘာမကြေ

"အို သားရယ် . . . ဖြစ်မှဖြစ်ရလေ သားလေးရယ်"

မောင်မောင်အုန်းပြောပြသဖြင့် ဖြစ်ရပ်ကိုသိသွားသည့် ပန်းလှမှာ ဖူးရောင်ကိုင်းနေသော သားဖြစ်သူ၏မျက်နှာအား ဂရုဏာသက်စွာကြည့်ရင်း ပါးပြင်ထက်သို့ မျက်ရည်များ စီးကျ လာတော့သည်။

လူရဲကမူ မျက်မှောင်ကုတ်ကာ အံကြိတ်ထားရင်း မိခင် ဖြစ်သူ ကြပ်ထုပ်ထိုးပေးသည်ကို ငြိမ်ခံနေ၏။

ထိုစဉ် အိမ်လေးပေါ်သို့ ခြေသံပြင်းပြင်းနှင့် တက်လာ သည်မှာ ညွန့်အောင်ဖဲ ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



သူက တစ်ဖက်ရွာ၌ ငါးပေါင်းမောင်တော်တစ်စင်း ရောင်းမည်ဟု သတင်းကြားသဖြင့် သွားရောက်စုံစမ်းလေ့လာနေစဉ် ရွာမှလာသူတစ်ဦး၏ ပြောပြချက်ကြောင့် လူရဲတို့၏ရန်ပွဲသတင်းကို ကြားသွားကာ ရွာဆီ အမြန်ဆုံးပြန်လာခဲ့သူဖြစ်သည်။

အိမ်ပေါ်ရောက်ရောက်ချင်း လူရဲ၏မျက်နှာပေါ်မှ မရှုမလှ ဒဏ်ရာဒဏ်ချက်များကို တွေ့ရာ ဒေါသအိုးပေါက်ကွဲသွားတော့၏။

"တောက် . . . ဒဏ်ရာတွေမနည်းပါလား၊ ဟေ့ကောင်လူရဲ . . . မင်းကို သန်းလွင်တို့အုပ်စုက ရန်ရှာလိုက်တာဆို . . . ဟုတ်လား"

ညွန့်အောင်က လူရဲ၏ပခုံးတစ်ဖက်ကို ကိုင်လှုပ်မေးလိုက်ရာ လူရဲက သူ၏လ◌ဲယာဘက်ဖြင့် ညွန့်အောင်၏လက်ကို ပုတ်ထုတ်လိုက်လေသ ည်။

ပြီးတော့ ဒေါသသံဖြင့် အော်ပြောလိုက်လေသည်။

"ခင်ဗျား ဘာမှ လာပြောမနေနဲ့၊ အဲဒါ ခင်ဗျားကြီးကြောင့် ဖြစ်တာ . . . သိရဲ့လား"

ညွန့်အောင်ရော ပန်းလှပါ အံ့အားသင့်သွားကြတော့၏။

"ဘယ်လို ဘယ်လို . . . ငါ့ကြောင့် . . . ဟုတ်လား"





"ဟုတ်တယ် . . . ခင်ဗျားကြီး ကျုပ်တို့အိမ် ခဏခဏလာနေလို့, အမေ့ကို ဟိုဟာပေး ဒီဟာပေးနဲ့ ထောက်ပံ့နေလို့ . . . သိရဲ့လား"

"ဟဲ့ ဟဲ့ . . . သား လူကြီးကို ဒီလိုမပြောရဘူးလေ"

"ပြောမယ် အမေ . . . သူ့ကြောင့် သား ရန်စခံရတာ၊ သားရဲ့မျက်နှာထက် သားရဲ့အသည်းက ပိုနာတယ် အမေ . . . အဲ အဲဒါ အဖေမရှိလို့"

"အို . . . သားရယ်"

"သန်းလွင်ဆိုတဲ့ကောင်က သားကို တွေ့တိုင်းရန်စတယ်၊ ခွေးရူးကောင်းစား တစ်မွှန်းတည့်တဲ့၊ အမေ့ကိုရော သားတိုပါ ပြောတာ . . . သိရဲ့လား၊ ဒါကြောင့် သား အဲဒီကောင်နဲ့ချတာ၊ သား အသည်းနာတယ် အမေ"

နာနာကြည်းကြည်း ပြောရင်း လူရဲ၏ပါးပြင်တို့ထက်သို့ မျက်ရည်ပေါက်ကြီးများ လိမ့်ဆင်းကျလာကြတော့၏။

'ဒုန်း'

အိမ်ခေါင်တိုင်ကို ညွန့်အောင်က ရှတ်တရက် လက်သီးဖြင့် အရှိန်ပြင်းစွာ ထိုးထည့်လိုက်ရာ လူရဲရော ပန်းလှပါ လန့်ဖျပ်သွား ကတော့၏။ အိမ်ကလေးမှာလည်း သိမ့်ခနဲ တုန်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သားအမိနှစ်ယောက်စလုံး မျက်လုံးများ ပြူးကာ ညွန့်အောင်ကို ကြောင်ကြည့်နေမိကြ၏။

ညွန့်အောင်၏မျက်နှာက ကြောက်မက်ဖွယ်ကောင်းလောက်အောင် ခက်ထန်တင်းမာနေပြီး သူ၏အသံက မိုးခြိမ်းသံနှယ် ကျယ်လောင်လှ၏။

"ဟေ့ကောင်လူရဲ ... မင်း မျက်ရည်မကျနဲ့၊ မျက်ရည်ကျစရာ မလိုဘူး၊ ယောကျ်ားဆိုတာ မျက်ရည်မကျရဘူးကွ ... သိလား၊ မျက်ရည်ကျတယ်, ငိုတယ်ဆိုတာ အရှုံးပေးတာပဲ၊ မင်းကိုစော်ကားတဲ့ သန်းလွင်ဆိုတဲ့ကောင်ကို အရှုံးပေးစရာမလိုဘူး၊ မင်းလုပ်ရမှာက နောင်တစ်ခါဆို အဲဒီကောင်ကို နိုင်အောင်ပြန်ချဖို့ပဲ၊ တောက် ... အဲဒီကောင်က ကလေးဖြစ်နေလို့ ... သိလား၊ အရွယ်ရောက်ပြီးတဲ့ကောင်ဆို ငါ့လက်သီးနဲ့ တွေ့သွားမယ် ... ငါကွာ"

'ဒုန်း ဒုန်း'

တကယ် ဒေါသကြီးနေသည့် ညွန့်အောင်ကို ပန်းလှတို့သားအမိ ကြောင်စီစီဖြင့် မော့ကြည့်နေမိကြ၏။

"ဒီမှာ လူရဲ ... ကိုယ့်ကို မတရားစော်ကားတဲ့ကောင်တွေကို ဘယ်တော့မှ အရှုံးမပေးနဲ့၊ ယောကျ်ားဆိုတာ ကိုယ့်ကို





စော်ကားလာတဲ့ ဘယ်လိုလူမျိုး, သတ္တဝါမျိုးကိုမဆို ပြန်ပြီး တိုက်ခိုက်အနိုင်ယူရမယ်ကွ ... သိလား ...၊

ဘယ်တော့မှ မျက်ရည်မကျနဲ့၊ ဘယ်တော့မှ အရှုံးမပေးနဲ့၊ ဘယ်တော့မှ ဒူးမထောက်နဲ့ ...၊

အေး ... ဒါပေမဲ့ အဲဒီလို ရန်ဟူသမျှကို ရင်ဆိုင်ဖြိုခွင်းနိုင်ဖို့ မင်းမှာခွန်အား ရှိနေရမယ်၊ မင်းမှာ သတ္တိတော့ ရှိတယ်၊ ဒါပေမဲ့ ခွန်အားတော့ နည်းနေတယ်၊ ဒါကြောင့်၊ မင်းထက်အကောင်ကြီးတဲ့ သန်းလွင်ကို ပြန်ချနိုင်ဖို့ ခွန်အားရှိအောင်ကြိုးစား ...၊

ပြီးတော့ အဲဒီသန်းလွင်တစ်ကောင်တည်းတင် မကဘူး၊ အဲဒီကောင်တွေ တစ်အုပ်လုံးကို နိုင်အောင်ပြန်ချဖို့ မင်း ကိုယ်ခံပညာတတ်ဖို့ လိုတယ်"

ညွန့်အောင်၏စကားကို လူရဲ စိတ်ဝင်စားသွားသည်။

သို့သော် သူက ဘာမျှမပြော ညွန့်အောင်ကိုသာ စိုက်ကြည့်နေ၏။

"ကိုယ်ခံပညာဆိုတာ သိုင်းပညာပဲ၊ ဗန်တို ဗန်ရှည် တုတ်သိုင်း ဓားသိုင်းတွေပဲ၊ ငါဟာ မင်းတို့အရွယ်လောက်တုန်းက အုန်းပင်ရွာက ဘုန်းတော်ကြီးကျောင်းဝင်းထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ဂမ္ဘီရပညာရှင် ဘုန်းကြီးမြင့်သော်င်းဆီမှာ သုံးနှစ်သုံးမိုး သွား သင်ခဲ့တာကွ၊ ဒါကြောင့် ငါ့ကို လာစော်ကားလာတဲ့ကောင် မှန်သမျှ သွားချေးယိုးဒယားကသွားရတာချည်းပဲ . . . ၊

မင်းကို အဲဒီသိုင်းပညာ ငါသင်ပေးမယ်၊ ကြံ့ခိုင်ဖြိုး ဗလကောင်းအောင်လည်း လုပ်ပေးမယ်၊ မင်း ဗလကောင်းဖြိုး ခွန်အားကြီးလာရင် အဲဒီသန်းလွင်ဆိုတဲ့ကောင်ကို အမှုန့်ကြိတ် ပစ်''

အားမာန်ပါပါဖြင့် ပြောနေသည့် ညွန့်အောင်ကို ေ ကြည့်ရင်း လူရဲ၏စိတ်ထဲတွင် သူ့ကိုမုန်းတီးစိတ်တို့ လွင့်ပျော သွားသလို ဖြစ်သွားရ၏။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ် ထားသဖြင့် လက်မောင်း လက်ဖျံတို့မှ ကြွက်သားကြီးများ အမြှောင်းလိုက် ထနေသည်ကို အားကျစွာကြည့်ရင်း အားကိုးချင် စိတ် ဖြစ်ပေါ်လာ၏။ ရန်သူဟု မြင်ခဲ့ရာမှ အားကိုးအထင်ကြီး စိတ်တို့ ဝင်သွားတော့၏။

''ဦး ဦးလေး တကယ်ပြောတာလား၊ ကျုပ်ကို သိုင်း သင်ပေးမှာလား''

''သင်ပေးမှာပေါ့ကွ၊ ဒီနေ့ညပဲ လတာပြင်မှာ လာသင် ပေးမယ်''





သူ့ကို သိုင်းသင်ပေးမည်ဆိုသဖြင့် ရင်ထဲလှိုက်ခနဲ ဖြစ်ကာ ဝမ်းသာသွားတော့၏။

''မင်းရဲ့စိတ်ထဲမှာ စွဲစွဲမြဲမြဲ မှတ်ထားဖို့က သန်းလွင်ဆို တဲ့ကောင်ကို မင်း တစ်နေ့ကျရင် နိုင်ကိုနိုင်ရမယ်ဆိုတာပဲ''

ညွန့်အောင်၏ လှုံ့ဆော်စကားကြောင့် လူရဲ ဟုန်းခနဲ သွေးကြွသွားတော့သည်။

''ဟုတ်တယ် . . . အဲဒီကောင်တွေကို ကျုပ် တစ်နေ့ကျ နိုင်ကိုနိုင်ရမယ်၊ ဟင်း . . . တွေ့ကြသေးတာပေါ့ကွာ''

လူရဲအနေဖြင့် သန်းလွင်ကို အမုန်းကမ္ဘာမကြေနိုင်တော့ ပါ။

※

ညွန့်အောင်မှာ မမျှော်လင့်ဘဲ လူရဲကို စည်းရုံး၍ရသွား တော့၏။

လူရဲသည် အကောင်ငယ်သလောက် ဖွံ့နပ်ကြီးသူ၊ သတ္တိကောင်းသူ၊ စိတ်ထက်သူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လသာညများတွင် အိမ်ရှေ့လတာပြင်၌ ဖြစ်စေ၊ အိ
ဘေး ကွက်လပ်၌ဖြစ်စေ၊ ညွန့်အောင်သင်ပေးသည့် သိုင်းအ
ပညာရပ်များကို စိတ်ဝင်စားစွာ သင်ယူလေ၏။

"မင်းရဲ့ခန္ဓာကိုယ် ကြီးထွားလာအောင် အသားတ
များများပါတဲ့ ဟင်းနဲ့ ထမင်းကို ဂရုစိုက်ပြီး ဝအောင်စား ...

ပြီးတော့ ကြွက်သားတွေ သန်မာပြီး ဗလကောင်း
အောင် ငါ့ရဲ့မော်တော်နဲ့လိုက်ပြီး ပိုက်တင်, ပိုက်ဆွဲလုပ်၊ အိ
ရေစိမ်ကျွဲလို သန်မာလာမှာ"

လူရဲသည် မိခင်ဖြစ်သူ၏ခွင့်ပြုချက်ဖြင့် ညွန့်အောင်
ငါးဖမ်းသဘော်တွင် လိုက်ပါပြီး ပိုက်ချ ပိုက်ဆွဲ ပိုက်ဖော်အလု
တို့ကို ဝိုင်းကူလုပ်လေ၏။

ပိုက်ချသည့်အခါထက် ပိုက်ဖော်သည့်အခါတွင် ခွန်အ
ကို လွန်စွာသုံးရရာ ဆယ့်နှစ်နှစ်သား လူရဲမှာ လူကြီးများ
အပြိုင် ပိုက်ကို ကန်ဆွဲရ၏။ ငါးတောင်းတို့ကို နိုင်သရွေ့ ထ
ရ၏။

ယင်းသို့ဖြင့် သုံးလေးနှစ်အတွင်းမှာပင် ကြွက်သာ
အပြိုင်းပြိုင်းနှင့် တောင့်တင်းကြံ့ခိုင်သည့် လူငယ်တစ်ဦး ဖြစ်
လေသည်။





ဤနှစ်များအတွင်း ညွန့်အောင်နှင့်ပန်းလှတို့ လက်ထပ်
ိုက်သဖြင့် သူတို့သုံးဦးသည် မိသားစုလေးတစ်စုအဖြစ် ကျစ်
ျစ်စွာ ဖွဲ့တည်လာခဲ့ပြီဖြစ်၏။

ညွန့်အောင်သည် စိတ်ကြမ်းလူကြမ်းသမား ဖြစ်သော်
ည်း တကယ်တမ်း အနီးကပ်ပေါင်းကြည့်မှ စိတ်ထားဖြူစင်
ြောင့်မတ်သူမှန်း လူရဲသိလာရ၏။

သူ၏မိခင်အပေါ်လည်း ကြင်နာလှသည်ကိုတွေ့ရရာ
ူရဲမှာ စိတ်ချမ်းသာရသည်။

သူ့ကို ကျောင်းထားပေးရန်ပင် ဦးညွန့်အောင်က စီစဉ်
ေသော်လည်း သူကိုယ်တိုင် ဤအရွယ်ရောက်မှ ကလေးများ
ှ်အတူ စာမသင်ချင်သဖြင့် ကျောင်းတက်ရန် ငြင်းပယ်လိုက်ပြီး
ွားရှာရန်သာ အာရုံစိုက်ထားလိုက်၏။

သို့သော် အသိပညာ ဗဟုသုတကြွယ်ဝစေရန် ဒေးဒရဲ
ေတေးတို့မှ ပညာဗဟုသုတရရှိစေမည့် စာအုပ်စာပေတို့ကို
ညွန့်အောင်က လူကြုံဖြင့်မှာပေးကာ လူရဲကို ဖတ်စေသည်။

သို့ဖြင့် လေးငါးနှစ်အတွင်းမှာပင် လူရဲသည် ယခင်လူရဲ
ာတ်တော့ချေ။

❂ ❂ ❂



www.burmeseclassic.com

www.burmeseclassic.com



## သမုဒယဆည်းဆာ

ဆည်းဆာနေခြည် ရွှေရည်လောင်းထားသည့် ရိုးချော
ကလေး၏ ရေပြင်ကို စိုက်ငေးကြည့်ရင်း သက်ပြင်းမော
အခါခါ ချနေမိသူမှာ ဖြူနှင်းဆိုသော မိန်းမချောလေးပဲ ဖြစ်
သည်။

ဖြူနှင်းသည်လည်း လွန်ခဲ့သော ငါးနှစ်ခြောက်
လောက်က ဖြူနှင်းမဟုတ်တော့ပါ။ ရှိုက်ဖိုကြီးငယ် အသွယ်သွ
ဖြင့် တစ်သွေးတစ်မွေး လှသွေးကြွယ်နေသည့် ကနီရွာ၏ ကွ
တောင် ပန်းတောင်ကိုင် မိန်းမချော မိန်းမလှလေး ဖြစ်လို
ချေပြီ။





ပဒုမ္မာအင်္ကျီ မိုးပြာရောင်ပါးပါးလေးနှင့် စူရတီထဘီ
အပြာလွင်လွင်လေးတို့ကို ချပ်ရပ်စွာ ဝတ်စားထားပြီး တစ်ပတ်
လျှိုဆံထုံးလေးထုံးကာ ဆံနွယ်တို့ကို ရင်လျှာတစ်ဖက်ပေါ် ချထား
သည့် သူမ၏ဟန်က မခို့တရို့နှင့် ဆည်းဆာအလှတွင် စိုပြည်
ငင်းပလျက်ရှိချေ၏။

သူငယ်ချင်းမ ဝင်းဝင်း၏ အိမ်သို့ခဏသွားဦးမည်ဟု
ခင်ကြီးကို အကြောင်းပြထွက်လာရသည်က ငယ်သူငယ်ချင်း
ဖြစ်သူ လူရဲကိုများ တွေ့ရလိုတွေ့ငြား ရည်ရွယ်ချက်ဖြင့် လာ
ရောက်ခြင်း ဖြစ်လေသည်။

ပြီးခဲ့သည့် တစ်လလောက်က ရွာအလှူပွဲတွင် လူရဲနှင့်
ဆုံပြီးကတည်းက ထပ်မံမဆုံတွေ့ဖြစ်သည်မှာ ယနေ့အထိ ဖြစ်
သည်။

သူမက ငယ်စဉ်ကလိုပင် ခြေနှစ်ချောင်း တွဲလောင်းချ
ပြီး တံတားစွန်းတွင်ထိုင်ရင်း လူရဲအကြောင်းကိုတွေးကာ ရင်မော
နေမိခြင်း ဖြစ်၏။

လူရဲတို့မိသားစုမှာ ပထွေးဖြစ်သူ ဦးညွန့်အောင်နှင့် လူရဲ
တို့၏ကြိုးစားမှုကြောင့် တရိပ်ရိပ်တက်လာကာ ယခုဆို ပင်လယ်
သို့ထွက်သည့် ငါးဖမ်းစက်လှေနှစ်စီးကို ပိုင်ဆိုင်လျက်ရှိချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ရွာတောင်ပိုင်းမှာပင် အုတ်ခံပျဉ်ထောင်အိမ်ကြီးဖြင့် ထည်ထည်ဝါဝါ နေနိုင်ပြီ။

ငါးဖမ်းစက်လှေတစ်စီးကို တာဝန်ယူကွပ်ကဲနေရသည့် လူရဲမှာလည်း ဟိုးငယ်စဉ်ကလို အငတ်ငတ်အပြွတ်ပြွတ် ဆင်းဆင်းရဲရဲ ပိန်ခြောက်ခြောက်ကောင်လေး မဟုတ်တော့။

ရေလုပ်ငန်းရှင်၏သားပီပီ ထည်ဝါသိုက်မြိုက်စွာ ဝတ်စားနေထိုင်နိုင်သော၊ ငွေကို အပူအပင်မရှိ သုံးစွဲနိုင်သော ကြေးရတတ်လုလင်ပျိုလေး ဖြစ်၍နေပေပြီ။

သို့သော် သူသည် ဘဝနာခဲ့သူပီပီ အောက်ခြေမလွတ်၊ ပပလွှားလွှားမနေထိုင်၊ အရက် လောင်းကစားကို ရှောင်၏။

ယင်းသို့ ရိုးသားပြီး အရပ်မြင့်မြင့်၊ အသားညိုချော ရည်မွန်သော လုလင်ပျိုမို့ ရွာဝယ် ပျိုတိုင်းကြိုက်သည့် နှင်းဆီနိုင်ဖြစ်ကာ ရွာသူအပျိုချောတို့က ခေါ်ချင်ပြောချင် နှုတ်ဆက်ချင်ရှိလှသည်။

ရွာသူအပျိုချောတို့ကြားတွင် ရေပန်းစားလှသဖြင့် အမေ့တယူ ဆက်ဆံသူတို့ကို သဘောတွေ့ကာ ငယ်စာရင်းက သူငယ်ချင်း သူမကိုမေ့သွားလေမလားဟု ဖြူနှင်း စိုးရိမ်နေမိသည်မှာ အမှန်ပင် ဖြစ်ပါ၏။





သို့ကြောင့်လည်း သူမခမျာ သက်ပြင်းလေး ခဏခဏ ချမိနေခြင်းရယ်ပါ။

အပျိုလူပျိုဖြစ်လာမှ ရှိန်သွားလို့လား၊ စီးပွားရေးကို လုံးပန်းရင်း အလုပ်ပဲ များနေလို့လားမသိ လူရဲနှင့်သူမ မဆုံဖြစ်သည်မှာ ကြာပြီဖြစ်၏။

သည်ညနေတော့ မတွေ့တာကြာပြီဖြစ်သော လူရဲကို တွေ့ရလိုတွေ့ရငြား ရွာလယ်တံတားလေးသို့ ထွက်လာမိခြင်း ဖြစ်သည်။

သို့သော် သည်တံတားလေးသည်လည်း အရာရာလိုပင် ပြောင်းလဲခဲ့ပြီ ဖြစ်ပါ၏။ ဟိုးယခင်နှစ်များစွာကလို ခနော်နီခနော်နဲ့ ဝါးတံတားလေးမဟုတ်တော့။ စက်လှေနှစ်စင်းပိုင်ရှင် ရေလုပ်ငန်းရှင် ဦးညွန့်အောင်နှင့်ဒေါ်ပန်းလှတို့မိသားစု၏ ကောင်းမှုဖြင့် လှုပနိုင်ခဲ့သော သစ်သားတံတားလေး ဖြစ်နေချေပြီ မဟုတ်ပါလား။

"ဟွန်း . . . လူရဲဆိုတဲ့ကောင် ကြီးပွားသွားလို့ ဘဝင်မြင့်ပြီး ငါတို့နှစ်ယောက် ငယ်ငယ်က မကြာခဏဆုံဖြစ်တဲ့ ဒီတံတားလေးကိုပါ မေ့သွားပြီနဲ့တူပါရဲ့"

သူမ နာကျင်စွာတွေးနေစဉ်မှာပင် မျက်လုံးထောင့်စွန်းမှ



www.burmeseclassic.com

www.burmeseclassic.com



လှုရိပ်တစ်ခုကို သတိပြုမိသဖြင့် ဖျတ်ခနဲ လှည့်ကြည့်မိရာ တံတားလေးပေါ်သို့ တစ်လှမ်းချင်းတက်လာနေသည့် လှုရဲကို တွေ့လိုက်ရတော့၏။

"အို ... လှုရဲပါလား"

သက္ကလတ်ဘောင်းဘီရှည် အညိုရင့်ရင့်ကို ရှပ်အကျႌ သနပ်ခါးရောင် လက်တိုလေးနှင့် တွဲဖက်ဝတ်ထားသည့် လှုရဲ၏ အသွင်က မြို့သားနှင့်ပင် တူသေးတော့။

သူ့ကို ငေးကြည့်နေသည့် ဖြူနှင်းကို ပြုံးပြလိုက်ပြီး အလှပဂေးမလေး၏နံ့ဘေးတွင် ဝင်ထိုင်လိုက်သည်။

လှုရဲ ခြေတွဲလောင်းချထိုင်ပြီးသည်အထိ သူတို့နှစ်ဦး စလုံး စကားတစ်ခွန်းမှ မပြောမိကြ။ တစ်ဦးကိုတစ်ဦးသာ ရွှန်းရွှန်းစားစား ကြည့်နေမိကြလေသည်။ ခဏနေတော့ ဖြူနှင်းက မျက်စောင်းချိတ်လိုက်၏။

"ဟဲ့ ... ဘာကြည့်နေတာလဲ"

"နှင်လည်း ဘာကြည့်နေတာလဲ"

ဖြူနှင်းက နှုတ်ခမ်းလေးကို လှပစွာမဲ့လိုက်သည်။

"ဟွန်း ... ငါက နင် ဟိုးအရင်ကနဲ့ မတူဘဲ ဘာ ပြောင်းသွားလို့ ဘဝင်လေဟပ်နေပြီလားလို့ ကြည့်တာ"





လှုရဲ၏မျက်နှာ ညှိုးသွားပြီး တိုးတိုးဖွဖွ ပြန်ပြောလေသည်။

"ငါ ဘယ်တော့မှ ဘဝင်လေမဟပ်ပါဘူးဟာ၊ ငါ့ဘဝ အကြောင်းကို ငါသိပါတယ်၊ အင်မတန်ဆင်းရဲဒုက္ခရောက်ခဲ့ရတဲ့ ဘဝကို ဘယ်တော့မှမမေ့ပါဘူး၊ ဒါကြောင့် အခုချိန်မှာ ငါ့လိုပဲ အင်မတန် ဆင်းရဲနေတဲ့သူတွေကို ငါ တတ်နိုင်သလောက် ကူ ညီနေတာပေါ့"

ဟုတ်ပါသည် ...။

ငါးဖမ်းစက်လှေတစ်စီးကို ဦးစီးကာ မိသားစုစီးပွားရေး လုပ်ငန်း၏ တစ်ဝက်ကို ဦးဆောင်လုပ်ကိုင်ရာမှ ရရှိသည့် သူ့ ကိုယ်တာ ဝင်ငွေထဲမှ ရွာရှိ ဆင်းရဲသောမိသားစုတို့အား လှုရဲ ထောက်ပံ့ပေးကမ်းမှု ပြုနေသည်ဟု ဖြူနှင်း ကြားပြီးဖြစ်ပါ သည်။

"အေးပါဟာ ... နင့်စိတ်မပြောင်းလဲဘူးဆိုရင် ငါ ဝမ်း သာပါတယ်"

"မပြောင်းလဲပါဘူး ဖြူနှင်းရယ်၊ နင့်အပေါ် ခင်မင်တဲ့ စိတ်လည်း မပြောင်းလဲပါဘူး၊ ပြောင်းလဲရင်လည်း တိုးတက်တဲ့ ပြောင်းလဲခြင်းမျိုးပဲ ဖြစ်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



လူရဲက စကားတစ်လုံးချင်း လေးလေးနက်နက်ပြောရင်း မျက်နှာက ပြုံးလာရာ ဖြူနှင်း မျက်မှောင်လေး ကုတ်လိုက်မိ၏။

"ဘာလဲဟဲ့ ... တိုးတက်တဲ့ပြောင်းလဲခြင်းမျိုးဆိုတာ"

"တိုးပွားလာတာကို တိုးတက်တယ်လို့ဆိုတယ် မဟုတ်လား"

"အင်း"

"ငါက နင့်ကို သူငယ်ချင်းမောင်နှမလို ၅၂၈ သွယ်သောမေတ္တာနဲ့ ချစ်ခဲ့ခင်ခဲ့တယ်ဟာ၊ အဲဒါ ငယ်ငယ်ကလေးခု ကြီးလာတော့ နင်က လှလှလာတော့ ငါ့ဘက်က ၅၂၈ ကနေ တိုးတိုးပြီး ..."

"ခွေးကောင် ... ကြည့်စမ်း ငါ့ကို"

'ဘုန်း ဘုန်း ဘုန်း'

ရုတ်တရက် ရှက်သွေးဖြန်းသွားသည့် အပျိုစင်မလေးက လက်သီးဆုပ်နုနုလေးဖြင့် လူရဲ၏ကျောကုန်းကို ထုတော့၏။

"ဟား ဟား ဟား ... နေပါဦး၊ စကားဆုံးအောင် ပြောစမ်းပါရစေဦး၊ ၅၂၈ ကနေ တိုးတိုးပြီး ထောင့်ငါးရာ"

"ကဲဟယ် ... ထောင့်ငါးရာဦး"

'ဘုန်း ဘုန်း ဘုန်း'





"ဟား ဟား ဟား"

လူရဲက အားပါးတရ ရယ်ရင်း ဖြူနှင်းဘက်လှည့်ကာ လက်သီးဆုပ်လေးများကို ဖမ်းဆုပ်ချုပ်ကိုင်လိုက်သည်။ ဖြူနှင်းက ရုန်းရင်း မျက်စောင်းထိုး၏။ သို့သော် သူမ၏အမူအရာက တကယ်စိတ်ဆိုးပုံမျိုး မဟုတ်။

"နင်ဟာလေ အရင်ကနဲ့မတူဘူး၊ အတော်လည်လာတယ် သိလား"

"အဲဒါချစ်လို့"

"ပြောပြန်ပြီလား"

အပျိုစင်မလေးက ရှက်ရမ်းရမ်းပြီး ထုဖို့ကြိုးစားပြန်သည်။

"ဟား ဟား ဟား"

ဆည်းဆာရီက ပိုမိုတောက်လက်လှပသွားခဲ့ပြီ။

❁

နောက်တစ်ကြိမ် ရွာလယ်တံတားမှာဆုံကြတော့ ဖြူနှင်း



www.burmeseclassic.com

www.burmeseclassic.com



၏လက်ထဲတွင် ပြောင်လက်နေသည့် တစ်လုံးချိုင့်လေးကို ကိုင်လို့ရယ်။

"အဲဒီချိုင့်က ဘာလုပ်တာလဲ"

"ဘာမှမလုပ်ပါဘူး၊ ဒါထက် နင်က ထွေးမနဲ့ ငါ့ဆီ စာပေးခိုင်းလိုက်ပြီး စာထဲမှာ ဒီတံတားကို လာခဲ့ဖို့မှာတယ်၊ အဲဒါ ဘာလုပ်ဖို့လဲ"

"နင့်ဆီက အဖြေလိုချင်လို့ပေါ့ဟ"

"အဖြေ . . . ဟုတ်လား၊ ဘာအဖြေလဲဟဲ့"

"ဖြူနှင်းနော် . . . နင် ဝေ့လည်ကြောင်ပတ် လုပ်မနေနဲ့၊ ငါက နင့်ကိုချစ်တယ်လို့ ပြောပြီးပြီလေ၊ နင်ရော ငါ့ကို ပြန်ချစ်မလားလို့ မေးချင်လို့ပါ၊ ကဲ . . . အဖြေပေးဟာ"

ဖြူနှင်းက ပြုံးလိုက်သည်။

"ဟင်း ဟင်း . . . သိသားပဲ၊ ဒီဘူတာပဲ ဆိုက်မယ်ဆိုတာ"

"ငါ့ကို အဖြေပေးပါ ဖြူနှင်းရယ်၊ မနက်ဖြန်ဆို ငါ ပင်လယ်ကို ပြန်ထွက်ရမှာဟ၊ ဒီတစ်ခါ ဆယ့်ငါးရက် ရက်နှစ်ဆယ်လောက်ကြာမှာ၊ ပင်လယ်မထွက်ခင် နင့်ရဲ့အဖြေကို သိသွားပါရစေဟာ"





"ဟာ . . . နင့်ဟာက မနိပ်လိုက်တာ၊ ခရီးထွက်မယ့် ဘန်းလန်းကြီး တကယ်လို့ ငါ့ရဲ့အဖြေဟာ နင့်အတွက် ဆိုးဝါးနေရင် ဘယ်လိုလုပ်မလဲ"

"ဒီတော့လည်း အဆုံးအစမရှိတဲ့ ပင်လယ်ပြင်ကြီးကို ကြည့်ငေးရင်း ငါ အသည်းကွဲနေမှာပေါ့ဟာ၊ ကဲ . . . ငါ့ကို အဖြေပေးပါတော့နော်"

ဖြူနှင်းက ပြုံးလျက် ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ . . . ရော့"

"ဟင် . . . နင့်ချိုင့်ကြီး ဘာလုပ်ရအောင်လဲ"

"ကြက်အသည်းအမြစ်ဆီပြန်ဟင်းလေ၊ ငါကိုယ်တိုင်ချက်ထားတာ . . . နင်စားဖို့ ယူသွား"

လူရဲမှာ ကြွမြီးတိုသွားရ၏။ ဘယ့်နှယ် ချစ်စကား အနုအရွလေး ကြားချင်ခါမှ ယင်းချိုင့်က ကြားလာခံရတယ်လို့၊

"ဟဲ့ . . . ငါလိုချင်တာ နင့်ဆီက ရင်ခုန်ရမယ့်အဖြေသောဟာ၊ ဟင်းမဟုတ်ဘူး"

ဖြူနှင်းက ပြုံးမြဲပြုံးနေသည်။

"ဒီမှာလူရဲ . . . ငယ်ငယ်တုန်းက နင် ထမင်းဆာနေတဲ့အချိန် ဒီတံတားပေါ်မှာ ငါ အိမ်ကနေ ထမင်းနဲ့ဟင်းတို့ နင်

www.burmeseclassic.com



စားဖို့ ပြန်ယူမယ်ပြောတော့ နင် ဘာပြန်ပြောခဲ့သလဲ . . . မှတ်
လား''

''မှတ်မိပါတယ် ဖြူနှင်း . . . နင်ပိုင်တဲ့ထမင်းဟင်း
မဟုတ်ဘဲ မစားဘူးလို့''

''အေး . . . ဟုတ်တယ်၊ နင်က ငါ့ရဲ့ကိုယ်ပိုင်ပိုက်ဆံ
ဝယ်ချက်မှ စားမယ်လို့ ပြောခဲ့တယ်မဟုတ်လား၊ ခု ငါ့မှာ
ကိုယ်ပိုင်ဝင်ငွေရှိနေပြီ၊ မေမေက ရေလုပ်ငန်းကိုစွန့်လွှတ်ပြီ
ဘုရားတရားအလုပ်ပဲ လုပ်နေတယ်၊ အိမ်မှာဖွင့်ထားတဲ့ ကုန်
ဆိုင်ကို ငါပဲ ဦးစီးနေရတာ''

လူရဲ တော်တော်စိတ်ပျက်သွားသည်။ ဘယ့်နှယ်
အဖြေတောင်းပါတယ်ဆိုမှ ကုန်စုံဆိုင်ဆိုတာကြီးက ပါလာပြန်
ဖြူနှင်းကမူ ပြုံးမြဲပြုံးရင်း ဆက်ပြောသည်။

''အဲဒီတော့ဟာ အိမ်ရဲ့စီးပွားရေးကို ငါက ဦးဆော
နေရပြီဆိုတော့ ငါ့ရဲ့ကိုယ်ပိုင်ဝင်ငွေရှိနေပြီလေ၊ အခု ငါ့
ကိုယ်ပိုင်ငွေနဲ့ဝယ်ပြီး ချက်လာတာဟ၊ ဒါကြောင့် ဒီတစ်ခါတော့
နင် 'စားကိုစားရမယ်''

''အေးပါဟာ . . . ငါ စားပါ့မယ်၊ ဒါပေမဲ့ လောလော
ဆယ် ငါလိုချင်တာ အဲဒီဟင်း မဟုတ်ဘူးဟ၊ ချစ်အဖြေ . . .





ဘာ ချစ်အဖြေ . . . သိပြီလား''

''ဟင်း ဟင်း ဟင်း . . . နင်ကလည်း 'အ'လိုက်တာ
ရဲရယ်၊ နင်နဲ့ပတ်သက်ပြီး ဘာမဟုတ်တဲ့ ဟင်းကိစ္စလေး
ကြောင့် ငါက မှတ်မှတ်ရရဖြစ်နေတယ်ဆိုမှတော့ ငါ့ရဲ့ နင့်အပေါ်
ထားတဲ့ သံယောဇဉ်ကို မှန်းလို့မရဘူးလား''

ရွှန်းလဲ့သော မျက်ဝန်းပြာပြာလေးများဖြင့် သူ့မျက်နှာကို
စိုက်ကြည့်ရင်း ဖြူနှင်းက တိုးတိုးဖွဖွလေး ပြောလိုက်မှ
ရဲမှာ သဘောပေါက်သွားတော့၏။

''ဟင် . . . ဒါ ဒါဆို နင် နင် ငါ့ကိုချစ်တယ်ပေါ့နော်
နှင်း''

သူမ၏ ပခုံးစွန်းနှစ်ဖက်ကို ကိုင်လှုပ်ရင်း အသည်း
သန်ဖြစ်သွားသည့် လူရဲကို ဖြူနှင်းက ချစ်မျက်စောင်းလေး
လိုက်သည်။

''ဟွန်း . . . ငါ့ရဲ့သံယောဇဉ်စကားတွေကို ငါက ထပ်ပြီး
ဘာသာပြန်ပေးရဦးမှာလား''

''ဟာ . . . ဝမ်းသာလိုက်တာ ဖြူနှင်းရယ်''

လူရဲက ဝမ်းသာအားရဖြင့် သူမကို ထွေးဖက်ရန်
ပြင်လိုက်ရာ တံတားလက်ရန်းတန်းကို မှီရပ်နေရာမှ ဖြူနှင်း



www.burmeseclassic.com

www.burmeseclassic.com



က ကမန်းကတန်းခွာကာ လူရဲနှင့်ဝေးရာသို့ ခြေတစ်လှမ်း ဆုတ်လိုက်ပြီး ...

"ဟိုး ဆရာ ... ဟိုး၊ ဒီမှာ ငါပေးတဲ့ဟင်းကိုရော စားမှာလား"

ဟု ပြုံးမူမူလေးဖြင့် မေးလိုက်လေသည်။

"အေးပါဟာ ... နင်ပေးတဲ့ဟင်းကိုလည်း၊ စားမယ် နင့်ကိုလည်း ချစ်မယ်ဟာ"

လှိုက်လှသော ရင်ခုန်သံကြီးဖြင့် ပြောလိုက်သည့် လူ ကို ကြည့်ရင်း ဖြူနှင်းမှာ ရင်ခုန်ကြည်နူးသွားရပါ၏။

ရိုးချောင်းတံတားလေး၏ ညနေရီဆည်းဆာများတွင် ယခုဆည်းဆာသည် အချိုမြိန် အလှပဆုံးဖြစ်သွားပြီး ဖြစ်ချေ တော့သတည်း။

❂ ❂ ❂



အခန်း (၃)

သွေးကြွေးဆပ်ပွဲ

သိုက်ဖော်ပွဲ

နတ်မိကျောင်းရန်စွယ်

အသက်လုပွဲ

မင်္ဂလာနေ့ရက်များ

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃)

## သွေးကြွေးဆပ်ပွဲ

လူ့ရဲနှင့်ဖြူနှင်းတို့ သမီးရည်းစားဖြစ်ကာ ရည်ငံနေကြကြောင်း တစ်ဆင့်စကားဖြင့် သတင်းကြားပြီး အသည်းကွဲခတ်ခံရသလို ခံစားရသူမှာ သန်းလွင်ပဲ ဖြစ်ပါ၏။

သန်းလွင်မှာ ရေလုပ်ငန်းရှင်တစ်ဦးဖြစ်သော အင်းသူကြီးဦးသိန်းဟန်၏ တစ်ဦးတည်းသောသားဖြစ်ကာ ဦးသိန်းဟန်မှာ ရွာမြောက်ပိုင်းတွင် အချမ်းသာဆုံးဖြစ်သည်။

အင်းသူကြီးဦးသိန်းဟန်သည် ဒေးဒရဲဘက်တွင် အင်းများကို နှစ်စဉ် လေလံဆွဲလုပ်ကိုင်လျက်ရှိပြီး သူ့သား သန်းလွင်၏အပေါင်းအသင်းများဖြစ်ကြသော မြဖေ၊ ကံဦး၊ တင်ထွန်းတို့မှာ



www.burmeseclassic.com

www.burmeseclassic.com



သူ့အင်းလုပ်ငန်းမှ အင်းလုပ်သားများဖြစ်ကြ၏။

သန်းလွင်နှင့် မြဖေတို့လူစုမှာ အင်းစောင့်တဲများ
သာ အနေများပြီး အင်းများဖော်ပြီးသည့် နွေကာလရောက်မှ
ရွာသို့ ပြန်ကပ်လေ့ရှိကြလေသည်။ သန်းလွင်မှာ ရွာ၌ အနေ
သဖြင့် ဖြူနှင်းနှင့်နီးစပ်မှု သိပ်မရှိခဲ့ချေ။ သို့သော် သန်းလွင်သ
အလှူပွဲတို့၌ မကြာခဏ ဆုံလေ့ရှိသော ဖြူနှင်းကို အပျို
ဝင်စကတည်းက မျက်စိကျနေခဲ့လေသည်။

ယခုတစ်နှစ် နှစ်နှစ်တွင်းမှ ပိုမိုဖွံ့ထွားလှပလာသ
ဖြူနှင်းကို သည်တစ်ခါ အင်းများဖော်ပြီး၍ ရွာပြန်ကပ်
မရ ရသည့်နည်းဖြင့် ချဉ်းကပ်ပိုးပန်းစည်းရုံးကာ အပိုင်သိမ်း
ကြံရွယ်ထားသူ ဖြစ်၏။

သို့သော် ခဲလေသမျှ သဲရေကျမလို့ဖြစ်ရပြီ။

"တောက် ... ရာရာစစကွာ ငါချိန်ထားတဲ့ဟာမ
ကိုမှ ဒီကောင်က ချိုင်ရတယ်လို့၊ ရာဇပလ္လင်မျောက်တက်
သလို ငမွဲတေဘာဝကလာတဲ့ကောင်ကများ အမဲရိုးက ဟင်း
မှ အားမနာ ... ထွီ"

အင်းလုပ်ငန်းသိမ်းပြီး၍ ရွာပြန်ခါနီး အင်းထဲတွင်
သိမ်း အောင်ပွဲခံနေကြစဉ် တင်ထွန်း ရွာမှကြားလာရသ





သတင်းကြောင့် သန်းလွင် ပေါက်ကွဲလျက် ရှိတော့၏။

"အံ့မယ် ဆရာသန်းလွင်ရဲ့ ... အခု လူရဲဆိုတဲ့ကောင်တာ အမဲရိုး မဟုတ်တော့ဘူး၊ ရေလုပ်ငန်းရှင်ပေါက်စ ဖြစ်နေပြီ၊ ဦးညွန့်အောင်ကြီးက အသက်အရွယ်ရလာလို့ ပင်လယ်ဘက်သိပ်မထွက်နိုင်တော့ဘူး၊ ဒါကြောင့် သူတို့ရဲ့ငါးဖမ်းစက်လှေနှစ်စင်းလုံးကို လူရဲကပဲ ဦးစီးတော့မှာတဲ့၊ ခုဆို အရင်က ခါးခါးသီးသီးဖြစ်နေတဲ့ ဖြူနှင်းရဲ့အမေကတောင် လူရဲကို လိုလိုလားလား ဆက်ဆံနေသတဲ့ဗျာ၊ သူ့သမီးနဲ့လူရဲကို သဘောတူနေရဲ့ထင်ပါရဲ့"

"ဟော့ကောင် ... ဖြူနှင်းရဲ့အမေသဘောတူပေမယ့်ငါ သဘောမတူဘူးကွာ၊ မင်းတို့ စဉ်းစားကြည့်လေ၊ ငါတို့ဖြူနှင်းတို့ဆိုတာ ရွာမှာ အစဉ်အလာအရ ချမ်းသာတဲ့မိသားစုကပေါက်ဖွားလာကြတဲ့သူတွေကွ၊ လူရဲဆိုတာ အနုပ်စုတ်ကုပ်စုတ်ဘဝကလာတဲ့ ကောင်ပါကွာ၊ ပထွေးလက်သစ်ဆီ အမေတစ်ယောက်လုံး ထိုးအပ်ပြီးမှ စိုင်ကော်လို့ ချုံပေါ်ရောက်လာရတဲ့ကောင်ပါ၊ နောက်ပွင့်တဲ့ရွှေကြာကများ အရင်တင့်ရတယ်လို့ ... ထွီ"

"အဲဒီတော့ မင်း ဘာလုပ်ချင်သလဲ သန်းလွင်"



www.burmeseclassic.com

www.burmeseclassic.com



မြဖေက ငါးကြော်ကိုမြည်းရင်း မျက်လုံးမှေးစင်းမေ
လိုက်လေသည်။ မြဖေဆိုသည်က ကျွဲပေါက်ကြီးတစ်ကော
လို သန်မာထွားကျိုင်းသူဖြစ်ပြီး အရေးဟယ်အကြောင်းဟ
ဆိုလျှင် သန်းလွင်အတွက် လွန်စွာ အားကိုးရသော လက်
တစ်ဆူဖြစ်၏။

"လူရဲဆိုတဲ့ကောင်ကို အမှုန့်ချေပစ်ချင်တာပေါ့ကွာ"

"ကောင်းပြီလေ၊ ရွာပြန်ရောက်ရင် အကောင်အထ
ဖော်ကြတာပေါ့"

မြဖေက အရက်ကို တစ်ကျိုက်မော့လိုက်ရင်း ေ
လိုက်ရာ သန်းလွင်က မဲ့ပြုံးပြုံးရင်း ခေါင်းကို ညိတ်လိုက်လေ

"ဒါပေါ့ကွာ . . . သန်းလွင်ဆိုတာ ဘာကောင်လဲဆို
ကျောင်းမှန်းကန်မှန်းသိအောင် ပြရသေးတာပေါ့"

❂

သန်းလွင်တို့ ကနီရွာသို့ပြန်ရောက်ပြီး သူတို့ခြံဝိုင်
အနောက်ဘက်ငှက်ပျောတောထဲ၌ အရက်ဝိုင်းဖွဲ့နေစဉ် အ





ကောင်းနေတုန်း တင်ထွန်းက အပြေးအလွှားရောက်လာပြီး သတင်းပို့လေသည်။

"ဆရာသန်းလွင် . . . ရွာလယ်က ရိုးချောင်းတံတားပေါ်မှာ ဖြူနှင်းတစ်ယောက်တည်း ထိုင်နေတယ်ဗျ။ ကျုပ် အခုပဲ အဲဒီတံတားကဖြတ်အလာမှာ တွေ့ခဲ့တယ်၊ လူရဲနဲ့များ ချိန်းထားသလားမသိဘူးဗျ"

ကနီရွာ၏ ရိုးချောင်းတံတားမှာ ရွာကို နှစ်ပိုင်းပိုင်းထားပြီး ညနေပိုင်းလောက်ဆို လူသွားလူလာမရှိသလောက် ဖြစ်တတ်ရာ သန်းလွင်အတွက် အခွင့်အရေးကောင်းပင်ဖြစ်၏။

"ဟေ ဟုတ်လား၊ ဟင်း ဟင်း . . . တွေ့ကြပြီပေါ့ကွာ၊ လာ မြဖေ . . . တို့ ရိုးတံတားဆီ သွားကြမယ်"

သို့ဖြင့် သန်းလွင်တို့လူစုမှာ ရိုးချောင်းတံတားဆီ ဦးတည်ချီတက်လာကြတော့၏။

သည်တစ်ခေါက် ပင်လယ်ဘက်မှ လူရဲပြန်ရောက်လာပြီးကတည်းက ချစ်သူနှစ်ဦး အေးအေးဆေးဆေးမတွေ့ဖြစ်သေးသဖြင့် လူရဲက တွေ့ချင်ကြောင်း သူ့လူယုံ ဝင်းဝင်းမှတစ်ဆင့် စာပေလွှာပါးလိုက်သောကြောင့် ဖြူနှင်းတစ်ယောက် ရိုးတံတားဆီ ထွက်လာခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သည်နှစ် မိုးမကျမီ လူရဲက လူကြီးစုံရာဖြင့် ဖြူနှင်းကို တောင်းရမ်းလက်ထပ်ရန် ရည်ရွယ်ထားသဖြင့် ယင်းသို့ တူနှစ်ကိုယ် နီးရမည့်အရေးအတွက် အသေးစိတ် တိုင်ပင်ဆွေးနွေးလိုသည်ဟု စာထဲတွင် လူရဲက ရေးထားလေသည်။

တူနှစ်ကိုယ်နီးရမည့်အရေးဆိုသဖြင့် အပျိုစင်မလေး ဖြူနှင်းမှာ ရင်လေးတဖိုဖိုဖြင့် ရိုးချောင်းတံတားဆီ ချိန်းထားသည့် အချိန်ထက် ဆယ့်ငါးမိနစ်ခန့်စောပြီး ရောက်ရှိနေခြင်း ဖြစ်၏။

ဖြူနှင်းမှာ ထုံးစံအတိုင်း တံတားအလယ်တွင် ခြေထောက်နှစ်ချောင်း တွဲလောင်းချလျက် ထိုင်နေကာ ချစ်သူလူရဲအား ရင်လေးတဖိုဖိုဖြင့် စောင့်မျှော်လျက်ရှိစဉ် တံတားပေါ်သို့ သန်းလွင်တို့လူစု ခပ်ယိုင်ယိုင်ဖြင့် တက်လာကြသည်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရာ ရင် ထိတ်ခနဲခုန်သွားပြီး ထိုင်ရာမှ ထရပ်လိုက်မိတော့၏။

သန်းလွင်ဆိုသည်က မိဘ၏အရှိန်အဝါဖြင့် ရွာမြောက်ပိုင်းတွင် နေရာတကာ ဗိုလ်ကျကာ စိတ်မထင်လျှင် မထင်သလို ရမ်းကားတတ်သူဟု နာမည်သတင်းကြီးနေသူဖြစ်လေသည်။

မြဖေကဲ့သို့ တစ်ရွာသား ထောင်ထွက်လူမိုက်တစ်ဦးကို လက်သပ်မွေးထားပြီး အုပ်စုအားကိုးဖြင့် ရွာမြောက်ပိုင်းမှ





ကာလသားတို့အထဲတွင် ဗိုလ်ကျစိုးမိုးနေသူဖြစ်၏။

သူဖြစ်သမျှ ပြဿနာတိုင်းကို သူ့အဖေ အင်းသူကြီး ဦးသိန်းဟန်က ငွေထုပ်ပိုက်ကာ ဒေးဒရဲမြို့ ရဲဌာနအထိ လိုက်ရှင်းပေးလေ့ရှိသဖြင့် သန်းလွင်မှာ ရွာတွင် ထင်တိုင်းကြဲနေနိုင်ခြင်းဖြစ်သည်။ ကနီရွာသူကြီး ကျော်စံဝင်းကလည်း သူ့ဘကြီးအရင်း ခေါက်ခေါက်။

ပို၍ဆိုးသည်က သန်းလွင်သည် သူမကို တွေ့သည့်နေရာတိုင်းတွင် ပိုင်စိုးပိုင်နင်း ရိသဲ့သဲ့လုပ်လေ့ရှိပြီး သူမ၏ချစ်သူလူရဲနှင့်လည်း ကျောင်းတော်ကရန်စရှိသူများဖြစ်ကြခြင်းပင်။

ယခု လူသူပြတ်သည့် ရိုးတံတားပေါ်မှာ ယခုလို အပုပ်ချိန်၌ လာဆုံရခြင်းမှာ ကောင်းသောလက္ခဏာမဟုတ်။ သူတို့အုပ်စု၏ပုံစံကလည်း ရေချိန်ကိုက်လာပုံရ၏။ မူးလျှင်သွေးဆိုးတတ်သော သန်းလွင်ကို ဖြူနှင်း မမှုလှသော်လည်း ယခုလို အခြေအနေမျိုးတွင် သူမ၏ချစ်သူလူရဲနှင့် သန်းလွင်တို့အုပ်စု ထိပ်တိုက်တွေ့မှာစိုးရိမ်သဖြင့် တံတားပေါ်မှဆင်းရန် ဟန်ပြင်လိုက်လေသည်။

သို့သော် သူမ မလှုပ်ခွာနိုင်မီမှာပင် သန်းလွင်က အနီးသို့ရောက်လာပြီး သူမ၏လက်မောင်းအိုးလေးတစ်ဖက်ကို ပိုင်စိုး



www.burmeseclassic.com

www.burmeseclassic.com



ပိုင်နင်း ဆုပ်ကိုင်လိုက်လေသည်။

"နေပါဦး အချစ်ကလေးရဲ့၊ ဘယ်သွားမလို့လဲ ... ဟဲ ဟဲ ဟဲ"

ဖြူနှင်းက ဆောင့်ရုန်းသည်။

"သန်းလွင် ... ငါ့လက်ကို လွှတ်စမ်း"

"အချစ်ကလေးကလည်း ချစ်လို့ပါ ... ဟဲ ဟဲ ဟဲ"

"နင်နော် မမိုက်ရိုင်းနဲ့ လွှတ်"

"လွှတ်ဘူး၊ ချစ်လို့ ... ဟဲ ဟဲ ဟဲ"

သန်းလွင်က ဖြူနှင်းကို ဖက်နမ်းရန် ကြိုးစားတော့၏။ ဖြူနှင်းက သူ့ရင်ဘတ်ကို လက်နှစ်ဖက်ဖြင့် ထောက်လှန်တွန်းကာ အတင်းရုန်းသည်။ သန်းလွင်၏လူများက ဆယ်ပေခန့်အကွာမှ တံတားလက်ရန်းတို့ကို မှီရပ်ရင်း မျောက်ပွဲကြည့်သလို ဝိုင်းကြည့်ကာ တဟားဟားဖြင့် လှောင်ပြောင်ရယ်မောနေကြသည်။

"ဟား ဟား ဟား ... သန်းလွင် ကြိုးစားထားကွ ကြိုးစားထား"

ထိုစဉ် တံတားပေါ်သို့ ပြေးတက်လာသည့် ခြေသံတို့ ကြားလိုက်ရာ မြဖေတို့လူစု လှည့်ကြည့်လိုက်ကြ၏။

ဒေါသအမျက် ခြောင်းခြောင်းထွက်နေသည့် မျက်နှာနှင့်





လူရဲပြေးလာသည်ကို တွေ့ရရာ သူ အနီးသို့မရောက်မီ မြဖေက ဆီးကာထားလိုက်သည်။

"ဟေ့ကောင် ... ရှေ့မတိုးနဲ့၊ မင်းရဲ့နံရိုးတွေ ပြုတ်မထွက်ချင်ရင် မဆိုင်တာကို ဝင်ရှုပ်ဖို့ မကြိုးစားနဲ့၊ ဒီမှာ ပွဲကောင်းနေပြီ"

"ကဲကွာ ... ပွဲကောင်းဦး"

လူရဲ၏ လှုပ်ရှားဟန်က မြန်လှသည်။ လူရဲက သူ့ထက် အရပ်နှစ်လက်မခန့် ပိုမြင့်ကာ လက်တံပိုရှည်သည့် မြဖေကို မျက်နှာဆီ လှမ်းထိုးဟန် အယောင်ပြလိုက်ပြီး ဝဲဘက်ဒူးဆစ် ဘေးကို ညာခြေဖြင့် ပိတ်ကန်ပစ်လိုက်၏။

'ဖောင်း'

"အ"

မြဖေ ယိုင်သွားစဉ် ဘယ်ဘက်ခြေဖြင့် မြဖေ၏မေးရိုးဆီ ဝဲဘက်ခြေထောက်ဖြင့် အမြှောက်ကန်ထည့်လိုက်သည်။

'ဖြောင်း'

မြဖေမှာ ချက်ကောင်းအထိခံလိုက်ရပြီး နောက်ဘက်သို့ ဖင်ထိုင်ကျသွားတော့၏။

'ဝုန်း'



www.burmeseclassic.com

www.burmeseclassic.com



ကျွဲပေါက်ကြီးလို ကြံ့ခိုင်လှသည့် မြဖေ၏ အတ္တဘော ကြီး ဖွဲ့အိတ်ကြီးလို ရုတ်ခြည်းပြုတ်ကျသွားသည်ကိုမြင်တော့ ကံဦးနှင့်တင်ထွန်းတို့မှာ မယုံနိုင်အောင် အံ့အားသင့်သွားကြ တော့၏။

မြဖေကိုယ်တိုင် အံ့အားတသင့် ဖြစ်သွားဟန်ရှိသည်။ သို့သော် လူရဲက တုံ့ဆိုင်းမနေဘဲ ညာပတ်ခြေဖြင့် မြဖေ၏ မော့ နေသောမေးဖျားကို ရိုက်ခတ်ထည့်ကာ ပွဲသိမ်းပေးလိုက်သည်။

'ဖောင်း'

မြဖေမှာ အသံပင်မထွက်နိုင်ဘဲ တံတားကြမ်းပြင်ပေါ် လန်ကျကာ ပက်လက်ဆန့်ဆန့်ကြီး ဖြစ်သွားချေပြီတည်း။

''ဟင် ...မင်းကလား''

ကြုံးဝါးပြီး ခါးကြားမှ ဓားမြှောင်ကို ဆွဲထုတ်လိုက်သည် က ကံဦးဖြစ်၏။

''ကဲကွာ ...သေစမ်း''

ကံဦးက နှစ်လံအကွာမှ လူရဲ၏ဝမ်းဗိုက်ကို ဓားမြှောင် ဖြင့် ပြေးထိုးလိုက်သည်။

လူရဲက ဝဲတက်ခြေကို ဖျတ်ခနဲ နောက်ဆုတ်ကာ ကိုယ်ကို ဘေးတိုက်လှည့်လျက် ရှောင်လိုက်ပြီး ရှေ့သို့ ငိုက်ခနဲ





ကျံဝင်လာသည့် ကံဦး၏ဓားကိုင်လက်ကို လက်ကောက်ဝတ်ကို ထက်ဝါးစောင်းဖြင့် ဆတ်ခနဲ ခုတ်ထည့်လိုက်သည်။

'ဖြောက်'

ကံဦး၏လက် ကျဉ်စက်ဖြင့် အတို့ခံလိုက်ရသလို ကျဉ် ခနဲ ဖြစ်သွားပြီး ဓားလွတ်ကျသွားတော့သည်။

သည်စဉ်မှာပဲ လူရဲ၏ ညာခြေစောင်းကန်ချက်က ကံဦး ၏ ဝဲဘက်နံပါးကို လျှပ်ပြက်သလို ပြေးဝင်လာသည်။

'ဖောင်း'

'ဖြောင်း'

''အ''

ကံဦးမှာ သူ၏ဝဲဘက်နံစောင်းကို လက်နှစ်ဖက်ဖြင့် ဖိလျက် တံတားကြမ်းခင်းပေါ်မှာ' လိမ့်ဆင်းသွားတော့၏။

သန်းလွင်ကို ကြောက်ကြောက်နှင့် ကပ်ပါးရပ်ပါး ပေါင်း သင်းနေသည့် တင်ထွန်းမှာ တကယ်တမ်း သတ္တိရှိသူ မဟုတ် ၍ဖြင့် သူ့ထက် လက်ရဲဖက်ရဲနိုင်သူနှစ်ဦး မရှုမလှခံလိုက်ရ သည်ကို မျက်ဝါးထင်ထင်တွေ့ထားသူမို့ လူရဲကို တိုက်ခိုက်ဖို့ နေသာသာ မျက်လုံးအပြူးသားဖြင့် အထိတ်ထိတ်အလန့် လန့် ကြည့်ရင်း နောက်ဆုတ်သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သည်တော့ လူရဲ စစ်မျက်နှာဖွင့်ရန် ကျန်သူက ရန်သူ တော်ဟောင်းကြီး သန်းလွင်ပဲဖြစ်ပါ၏။

လူရဲက သန်းလွင်ရှိရာ တံတား၏အလယ်သို့ ခြေလှမ်း ကျဲကြီးများဖြင့် လှမ်းလျှောက်လာရာ သန်းလွင်မှာ သူ အားထား လှသော မြပေနှင့် ကံဦးတို့ တုံးလုံးပက်လက်ဖြစ်သွားသည့် အဖြစ်ကို မြင်လိုက်သဖြင့် တောက်ခတ်လိုက်ပြီး ဖြူနှင်းကို လွှတ်ကာ လူရဲနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

သန်းလွင်သည် ပင်ကိုအားဖြင့် ကိုယ်လုံးကိုယ်ထည် ထွားကျိုင်းသူဖြစ်သော်လည်း နေ့စဉ်ရက်ဆက် မိုးလင်းမှမိုးချုပ် အရက်သောက်ခဲ့သည့် အကျိုးဆက်ကြောင့် လူက ကြံ့ခိုင်မှု လျော့လျက်ရှိသည်။

လူရဲကမူ ပြိုင်မြင်းတစ်ကောင်နှယ် သန်မာဖျတ်လတ် တက်ကြွလျက်ရှိသည်။ ငယ်စဉ်က အနိုင်ကျင့်ခံခဲ့ရသည့်ရန်ကြွေး ကို ပြန်ဆပ်ခွင့်ကြုံသဖြင့်လည်း သွေးဆူလျက်ရှိပြီ။

သို့သော် လူရဲကို ငယ်နိုင်ဟု သတ်မှတ်ထားသည့် သန်းလွင်က ပမာမထားဟန်ဖြင့် မဲ့ပြုံးပြုံးလျက် ရှိလိုက်သေး သည်။

''ဟင်း ဟင်း ဟင်း ...လူရဲ ...မင်း ငယ်ငယ်က





ငါ့ရဲ့လက်သီးစာကို မြိန်မြိန်ကြီးစမ်းကြည့်ရတာကို မ၀သေးဘူးနဲ့ တူတယ် ...ဟုတ်လား ...ဟင်း ဟင်း ဟင်း''

လူရဲက သန်းလွင်ကို စက်ဆုပ်စွာကြည့်ရင်း ...

''အေး ...ဒီတစ်ခါ မင်းအလှည့်ပေါ့ကွာ ...ကဲ''

ပြောပြောဆိုဆိုဖြင့် လူရဲက ဘယ်ညာလက်သီးတွဲဖြင့် ဗျောခတ်သလို ပြေးဝင်ထိုးတော့သည်။

သန်းလွင်ကလည်း ကနီရွာနှင့် ရွာနီးချုပ်စပ်တို့ရှိ အရက် ဆိုင်၊ ထန်းရည်ဆိုင်တို့တွင် ရန်ပွဲများ အပွဲပွဲနွှဲလာသူမို့ ချက်ချင်း တုံ့ပြန်ထိုးတော့၏။

ကြီးမားသောရန်ပြိုးကြောင့် သဲကြီးမဲကြီးထိုးကြရင်း နှစ် ဦးစလုံး၏ မျက်နှာတို့တွင် ထိုးချက်တို့ ထိကုန်တော့သည်။

သို့သော် သွက်လက်မှုနှင့်အားပါမှု၌ လူရဲကသာသဖြင့် သန်းလွင်၏လက်သီးချက်တို့က လိုရာမရောက်တော့ဘဲ လွဲချော် သလောက် လူရဲ၏ ပြင်းထန်အားပါသည့် လက်သီးချက်တို့ က သန်းလွင်၏မျက်နှာနှင့် ရင်ဘတ်၊ ဝမ်းဗိုက်တို့အပေါ်သို့ သီးပေါက်ပမာ အဆက်မပြတ် ကျရောက်လာတော့သည်။

'ဖောင်း ဖောင်း ဖောင်း'

'ဖြောင်း ဖြောင်း'



www.burmeseclassic.com

www.burmeseclassic.com



"အ အူး"

နောက်ဆုံးတွင် သန်းလွင်မှာ တံတားလက်ရန်းသို့ ကျောကပ်သွားပြီး လူရဲ၏ ဖိတိုးမှုခံရကာ မျက်နှာတစ်ပြင်လုံး ဖူးရောင်လျက် တံတားကြမ်းပြင်ပေါ်သို့ ခွေကျသွားပါတော့၏။

"ဟင်း ... မှတ်ထား ... နောက်တစ်ခါဆို မင်းရဲ့ အသည်းတွေ ကြွေအောင် ထိုးပစ်မယ်၊ နောက်တစ်ခါ ငါ့ချစ်သူကို ထိရဲ ထိကြည့်"

ကြမ်းဝါးရင်း သန်းလွင်၏နံဘေးကို လူရဲက တစ်ချက် ပိတ်ကန်ထည့်လိုက်၏။

'ဖောင်း'

"အု"

❂

"တောက် ... တွေ့မယ်၊ တစ်နေ့တော့ တွေ့ကြသေးတာပေါ့ လူရဲရာ ... ဟင်း ဟင်း"

သန်းလွင်မှာ လူရဲကို အခဲမကြေနိုင်အောင် နာကျည်း





ပြင်းလျက် ရှိလေသည်။ အထူးသဖြင့် ဖြူနှင်းရွှေ့တွင် မရှုမလှ ခံလိုက်ရကာ မဟာအရှက်တော် ကွဲခဲ့ရခြင်းအတွက် တနုံ့နုံ့ ခံစားရလျက်ရှိလေသည်။

"တွေ့ကြသေးတာပေါ့ လူရဲရယ် ... မင်းကို မနိုင်နိုင်တဲ့နည်းနဲ့ကို ငါ လက်စားချေပြမယ်"

သန်းလွင်မှာ ထိုနေ့မှစ၍ လူရဲအပေါ် အကောက်ကြံရန် ဆင်ကြံကြံလျက်ရှိပါတော့သတည်း။

နွေနှောင်းကာလ နေ့တစ်နေ့တွင် ကနီရွာလေးသို့ ထူးခြားသောလူတစ်စု မော်တော်ယဉ်ဖြင့် ရောက်ရှိလာကြလေသည်။

ထိုလူစုကိုဦးဆောင်လာသူမှာ အသက် ၅၀ ကျော်ခန့် နှုတ်ခမ်းမွေးကားကား၊ သျှောင်တစောင်းနှင့် အသားညိုညို၊ အရပ်ထောင်ထောင်မောင်းမောင်း လူကြီးတစ်ဦး ဖြစ်၏။ ထိုလူကြီးမှာ ကျေးတစ်ရာခေါင်းပေါင်း ပေါင်းကာ ရှန်သားအင်္ကျီ လက်ရှည် ဖက်ပူးရောင်ကိုဝတ်ကာ ရှမ်းလွယ်အိတ်ကြီး လွယ်ထားလေ၏။

ယင်းအပြင် အင်းလေးလုံချည်ကို ခါးပတ်ကြီးပတ်ကာ ဝတ်ထားပြီး လက်ထဲတွင် တုတ်ကောက်ကြီးကိုလည်း ကိုင်ဆွဲထားသေး၏။



www.burmeseclassic.com

www.burmeseclassic.com



ခံ့ညားသည့်ထိုလူကြီး၏အမည်မှာ ဆရာဦးတင်ဦးဖြစ်ပြီး သိုက်ဆရာကြီးတစ်ဦးဟု သိရလေသည်။

ဆရာကြီးဦးတင်ဦးနှင့်အတူ သူ၏တပည့်နှစ်ဦးဖြစ်သော ကြည်ဝင်းနှင့် ရွှေမန်းတို့လည်း ပါလာလေသည်။

ထိုဆရာကြီးဦးတင်ဦးတို့လူစုကို ကနီရွာဆီ ခေါ်လာသူများမှာ H.ဖွန်လားနှင့် သန်းလွင်၏အစ်ကိုဝမ်းကွဲတော်သူ မြင့်ထွန်းတို့ပဲ ဖြစ်၏။

H.ဖွန်လားမှာ အင်္ဂလိပ်ကပြားတစ်ဦးဖြစ်ပြီး လွန်ခဲ့သော နှစ်နှစ်ဆယ်ခန့်က ဝဲပြန်ရွာမှ ထွက်ခွာလာစဉ် သံဒိမြစ်၌ နတ်မိကျောင်းတို့၏ တိုက်ခိုက်သတ်ဖြတ်ခြင်းခံခဲ့ရသည့် အင်္ဂလိပ် အရေးပိုင်မင်း၊ ဖာဂူဆန်၏တူ တော်ပေသည်။

ထိုစဉ်က H.ဖွန်လားမှာ အိန္ဒိယနိုင်ငံ ဒါဂျီလင်တက္ကသိုလ်၌ ပညာသင်နေသဖြင့် သူ့ဘကြီးနှင့်မိသားစု၏အဖြစ်ကို မသိခဲ့ဘဲ နောက်မှသိခဲ့ရာ မြန်မာနိုင်ငံသို့လာရောက်လိုစိတ် ပြင်းထန်ခဲ့လေသည်။

သူက သူ၏သွေးမျိုးသားချင်းတို့ကို သတ်ဖြတ်ခဲ့သည့် နတ်မိကျောင်းကြီးတို့ကို လက်စားချေတုံ့ပြန်သတ်ဖြတ်ရန်နှင့် သူ့ဘကြီးတို့မိသားစုနှင့်အတူ ပျောက်ဆုံးသွားသော မိဘဘိုးဘွား





ပိုင် ရတနာထည်တို့ကို ရှာဖွေရန် ဖြစ်၏။

သူက ရည်ရွယ်ချက်ဖြင့် ကလကတ္တားမြို့အလုပ်မှ ခွင့်ရက်ရှည်ယူကာ မြန်မာပြည်သို့ ရောက်ရှိလာခြင်းဖြစ်ပေသည်။

မြန်မာပြည်သို့ ပြန်ရောက်ပြီး သူ့ဘကြီးမိသားစု သတ်ဖြတ်ခံရသည့် မြစ်ဝကျွန်းပေါ်ဒေသသို့ တစ်ဦးတည်းထွက်လာရာမှ တွံတေးအရောက် ထမင်းဆိုင်တစ်ဆိုင်၌ ထမင်းဝင်စားရာမှ ထမင်းဆိုင်ရှင်မြင့်ထွန်းထံမှ သတင်းအစအနကိုရရှိခဲ့ခြင်း ဖြစ်သည်။

ယင်းထမင်းဆိုင်မှာပင် ထမင်းဝင်စားကြသည့် သိုက်ဆရာကြီး ဦးတင်ဦးတို့နှင့် စကားစပ်မိပြီး လုပ်ငန်းတစ်ခုကို အတူပူးပေါင်းလုပ်ဆောင်ရန် သဘောတူမိကြ၏။

သူတို့ပြုလုပ်မည့်လုပ်ငန်းမှာ သံဒိမြစ်ဝမှ မိကျောင်းသိုက်ကြီးကို ရှာဖွေရန်ပင် ဖြစ်ပါသတည်း။

❋

"အဲဒါပဲ သန်းလွင် ... ဒီဆရာကြီးက အထက်မြန်မာ



www.burmeseclassic.com

www.burmeseclassic.com



ပြည့် ယောနယ်ဘက်ကလာတာ၊ ရောဝတီမြစ်တစ်လျှောက်နဲ့ ပဲခူးရိုးမတစ်ကြောလုံးက သိုက်တွေကို နှစ်ပေါင်းများစွာ လိုက်ဖော် ခဲ့သူပဲ၊ ခု တွံတေးက ဘုရားတစ်ဆူနားက ရှေးဟောင်းသိုက် တစ်ခု ဖော်ဖို့ သိုက်စာအရ ရောက်လာရာက ဒီက H.ဖွန်လားနဲ့ ဆုံခဲ့ရတာပဲ''

''ဟုတ်တယ်ကွဲ့ . . . တွံတေးကသိုက်က ဖော်ဖို့ အချိန် မကျသေးဘူး၊ သိုက်ရှိတဲ့နေရာတော့ သိထားပြီးပြီ၊ ဥစ္စာစောင့် သိုက် တစ်ခုပဲ၊ သိုက်စာအရရှာဖွေတော့ အဲဒီစေတီနားက ချုံကြီးထဲမှာ ရှေးဟောင်းကျောက်စာတစ်ချပ်ကို တွေ့တယ် အဲဒီကျောက်စာဟာ အဘရှာနေတဲ့သိုက်နဲ့ ဆက်သွယ်နေတယ် ကွဲ့၊ ကျောက်စာအရ နောက် သုံးလလောက် စောင့်ရဦးမယ် ဒါကြောင့် စိတ်ပျက်ပြီး အညာပဲပြန်ရမလိုလို ဖြစ်နေတုန်း ဒီနယ် ဘက်မှာ မိကျောင်းသိုက်ကြီးရှိတယ်၊ နတ်မိကျောင်းသိုက်လို့ သတင်းရတာနဲ့ ခုလို လိုက်လာရတာပဲကွဲ့''

ဆရာကြီးဦးတင်ဦးတို့လူစုမှာ မြင့်ထွန်း၏စိစဉ်ပေးမှုဖြင့် သန်းလွင်တို့အိမ်တွင် တည်းခိုဖြစ်ရာ ရောက်သည့်ညမှာပင် အိမ် ရှေ့ခန်း၌ စကားဝိုင်းဖွဲ့ဖြစ်ခြင်း ဖြစ်သည်။

''ဟုတ်တယ် အဘ . . . ကျွန်တော်တို့ကနီချောင်း





သံဒိမြစ် ဆုံရာနားမှာ မိကျောင်းသိုက်ကြီးရှိတာ သေချာတယ်၊ ဒါပေမဲ့ အဲဒီမိကျောင်းသိုက်ကြီးဟာ ဘယ်မှာလဲဆိုတာတော့ ဘယ်သူမှ အတိအကျမပြောနိုင်သေးဘူးခင်ဗျ''

''ဒါထက် အဲဒီမိကျောင်းသိုက်က မိကျောင်းကြီးတွေဟာ နတ်မိကျောင်းတွေဆို အဘ၊ သူတို့က လူယောင်လည်း ဖန်ဆင်း နိုင်တယ်လို့ ပြောတယ်''

မြင့်ထွန်းက ဝင်မေးလိုက်ခြင်းဖြစ်သည်။

''မိကျောင်းတွေဟာ ခေါင်းသုံးတောင်အလျားပြည့်ရင် နတ်မိကျောင်း ဖြစ်ရောကွဲ့၊ အဲဒီအခါ လူယောင်ဖန်ဆင်းနိုင် တယ်၊ ဒါကြောင့် သူတို့ရဲ့သိုက်ကိုဖော်တဲ့အခါ ခြေမန်းကွင်း သေသေချာချာစွပ်ပြီး ဖော်ရတယ်၊ နို့မို့ဆို ကမ္ဘဇိဒ္ဓိရှိသူတွေမို့ အစွမ်းထက်ထက်နဲ့ ရန်ပြန်ပြုတတ်တယ်''

H.ဖွန်လားမှာ နတ်မိကျောင်းဆိုသည်နှင့် မိကျောင်း သိုက်ဆိုသည်တို့ကို လွန်စွာစိတ်ဝင်စားလျက်ရှိသည်။

''အဲဒီနတ်မိကျောင်းတွေဟာ ကျွန်တော့်ရဲ့ဘကြီးမိသား စုကို သတ်ဖြတ်ခဲ့ကြတယ်၊ ဒါကြောင့် သူတို့ကို ကျွန်တော် သတ်ဖြတ်လက်စားချေချင်တယ်၊ ပြီးတော့ . . . မိကျောင်းကြီး တစ်ကောင်ဟာ ကျွန်တော့်ရဲ့အစ်မဝမ်းကွဲတော်စပ်တဲ့ စင်ဒီယာ



www.burmeseclassic.com

www.burmeseclassic.com



ကို ကိုက်ချီသွားတယ်လို့ ပြောတယ်၊ သူတို့ရဲ့အသိုက်ဆီ ချီသွားတာပဲ ဖြစ်ရမယ်၊ စင်သီယာရဲ့လည်ပင်းမှာ အမြဲဆွဲထားတဲ့ စိန်လည်တုံက ရှုပီးငွေ အများကြီးတန်တယ်၊ ကျွန်တော့်အဘွား မကွယ်လွန်ခင်က အဘွားရဲ့မြေးဦးမလေးဆိုပြီး အမွေပေးခဲ့တာ အဲဒီလည်တုံကို ကျွန်တော် ပြန်လိုချင်တယ်၊ ကျွန်တော့်ကို ကူညီနိုင်ရင် ဆရာကြီးကို အဲဒီလည်တုံရဲ့ ထက်ဝက်တန်ဖိုးကို ရန်ကုန်မြို့က မဏ္ဍလေးဆင့်ဘဏ်မှာ ဘဏ်စာရင်းသွင်းပေးမယ်၊ ကျွန်တော်က ဘိုးဘွားအမွေ ရှေးဟောင်းလက်ရာမို့ လည်တုံကို ပြန်လိုချင်တာပါ''

''ဝိုင်းပြီးကူညီတဲ့ ဒီက ကိုမြင့်ထွန်းကိုရော ညီလေး သန်းလွင်တို့ကိုပါ ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်မှာပါ''

''ကောင်းပါပြီ H.ဖွန်လား၊ ကျုပ်တို့ အစွမ်းကုန် ကူညီကြမှာပါ၊ တစ်ခုရှိတာက အဲဒီမိကျောင်းတွေ လှုပ်ရှားမှုမရှိတော့တာ နှစ်အတော်ကြာပြီဗျ၊ ဟိုးတစ်ခါ ဦးညွန့်လှိုင်ရဲ့အလောင်းကို သချိုင်းကနေ ချီသွားကြပြီးကတည်းက နောက်ပိုင်း မိကျောင်းကြီးတွေ ငြိမ်သွားတာ''

''သချိုင်းကနေ အလောင်းကို ချီသွားတယ် . . . ဟုတ်လား''





''ဟုတ်တယ် အဘ''

''ဘယ်လိုဖြစ်ရတာတုံးကွဲ့ . . . အဆန်းပါလား၊ ဖြစ်ရပ်ကို ပြောပြစမ်းပါဦး''

''ဒီလိုအဘ''

ဤတွင် သန်းလွင်ရော သန်းလွင်၏ဖခင် အင်းသူကြီး ဦးသိန်းဟန်တို့ကပါ ညွန့်အောင်တို့ညီအစ်ကိုနှင့် မိကျောင်းကြီးတို့၏ အပြန်အလှန် ကလဲ့စားချေ တိုက်ခိုက်ခဲ့ပုံအကြောင်းကို သေချာပြောပြလိုက်ကြလေသည်။

သိုက်ဆရာကြီးဦးတင်ဦးက သေချာနားထောင်ပြီး စကားဆုံးသည်နှင့် တစ်စုံတစ်ရာ သဘောတွေ့ဟန်ဖြင့် လက်ဖျစ် တီးလိုက်လေသည်။

'ဖြောက်'

''ဟုတ်ပြီ . . . နတ်မိကျောင်းကြီးတွေကို နှိုးဆွဖို့ တည်ကြက်ရပြီ''

''ဗျာ . . . ဘယ်လိုတည်ကြက်လဲ အဘ''

''တောတောင်တွေထဲမှာ ကျားတို့ ကျားသစ်တို့လို တောဘုရင်တွေကို ပစ်ခတ်ချင်ရင် ထောင်ချောက်နဲ့ ထောင်ဖမ်းချင်ရင် သူတို့ရဲ့အစာ သတ္တဝါငယ်တစ်ကောင်ကောင်ကို တည်



www.burmeseclassic.com

www.burmeseclassic.com



ကြက်အဖြစ်ထားပြီး သူတို့ကို သတ်ကွင်းထဲရောက်အောင် မျှားခေါ်ရတယ်၊ ဒီလိုပဲ မိကျောင်းသိုက်ထဲက မိကျောင်းကြီးတွေရဲ့ ခြေရာကိုခံဖို့ဆိုတာ သူတို့ လှုပ်ရှားသောင်းကျန်းလာမှ ဖြစ်မှာ မဟုတ်လားကွဲ့၊ သူတို့လှုပ်ရှားလာအောင် တည်ကြက်နဲ့ ထောင်ရမယ်''

''အဲဒီတည်ကြက်ကဟာ ဘာလဲ အဘ''

သိုက်ဆရာကြီး ဦးတင်ဦးက ပြုံးလိုက်သည်။

''ဟင်း ဟင်း . . . အဲဒီ ညွှန့်အောင်ဆိုတဲ့လူပေါ့ကွ''

''ဗျာ''

''မိကျောင်းတို့, မြွေတို့ဟာ စိတ်မှတ်ကြီးတဲ့ သတ္တဝါတွေပဲ၊ သူတို့မြင်ထားတဲ့ ပုံရိပ်တစ်ခု၊ အနံ့အသက်တစ်ခုကို နှစ်ပေါင်းဘယ်လောက်ကြာကြာ မေ့လေ့မရှိဘူး၊ ဒါကြောင့် သူတို့ရဲ့အုပ်စုထဲက မိကျောင်းတစ်ကောင်ကို ကိုယ်တိုင်သတ်ဖူးတဲ့ ညွှန့်အောင်ရဲ့ကိုယ်နံ့ကိုလည်း သူတို့ထဲက တချို့မိကျောင်းတွေဟာ မှတ်မိထားနိုင်တယ် . . .၊

ဒါကြောင့် ညွှန့်အောင်ရဲ့ပုဆိုးဟောင်းတစ်ထည်ထည်ကို ရဖို့လိုတယ်၊ အစီအရင်အသေးစိတ်ကိုတော့ နောက်မှပြောပြမယ်''





''ဟုတ်ကဲ့ အဘ . . . အဘလိုတာ ရအောင် ကြိုးစားပါ့မယ်''

သိုက်ဆရာကြီးဦးတင်ဦး အလိုရှိသည့် ကိုညွှန့်အောင်၏ လုံကွင်းဟောင်းတစ်ထည်ကို ရအောင်ယူပေးရန် သန်းလွင်၏ တပည့် အင်းလုပ်သားတစ်ဦးဖြစ်သည့် ဝင်းဦးက တာဝန်ယူလေသည်။

ဝင်းဦးမှာ ကိုညွှန့်အောင်၏ ရေလုပ်သားတစ်ဦးလည်း ဖြစ်ဖူးပြီး မပန်းလှနှင့် အလွမ်းသင့်သူဖြစ်၏။ ဒါကြောင့်လည်း သန်းလွင်က တာဝန်ယူပေးခဲ့ခြင်းဖြစ်သည်။

တစ်နေ့နံနက်တွင် ကိုညွှန့်အောင်နှင့်လူရဲတို့ ချောင်းစပ်လတာပြင်ပေါ်၌ စက်လှေကို လွန်းတင်ကာ ပုန်းညက်ဖြင့် လှေဝမ်းစပ်ကြောင်းတို့ကို ဖာထေးလျက်ရှိစဉ် ဝင်းဦးက အထုပ်တစ်ထုပ်ဆွဲကာ ကိုညွှန့်အောင်တို့၏ခြံဝိုင်းထဲ ဝင်လာခဲ့လေသည်။

''ဟဲ့ ဝင်းဦး . . . မလာစဖူး အလာထူးလို့ပါလား၊ လွယ်အိတ်လွယ်လို့၊ လက်ထဲမှာလည်း အထုပ်ဆွဲလို့ . . . ဘာအထုပ်များလဲဟဲ့''

''ကျွန်တော့်ရဲ့ဘကြီးတစ်ယောက် အညာက ပြန်လာတော့ ပုန်းရည်ကြီးထုပ်တွေပါလာလို့ ဒေါ်လေးတို့ကို လက်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



အဖြစ် လာပေးတာပါ"

"အောင်မယ် ကြားသားမိုးကြိုး ...တယ် သိတတ် လိမ္မာနေပါလား ဝင်းဦးရဲ့ ...သာဓုပါကွယ် သာဓု သာဓု"

"ဒီထဲက ငါးထုပ်ယူထားလိုက် ဒေါ်လေး၊ ကျန်တာတွေ ဦးလေးအောင်ကျော်တို့ဘက် လိုက်ပေးရဦးမယ်"

"အေး အေး"

"ဩော် ...ဒါထက် ကြက်သွန်လှီးတဲ့ဓားခဏလောက် ဒေါ်လေး၊ ဒီအထုပ်တွေမှာချည်ထားတဲ့ သင်အူကြိုးတွေ ဖြတ်ချင်လို့"

"ဩော် ...အေး အေး"

ဒေါ်ပန်းလှ အိမ်နောက်ဖေးဘက် ဝင်သွားသည်နှင့် ဝင်းဦးမှာ မျက်လုံးကစားကြည့်ထားပြီးဖြစ်သဖြင့် ကပြင်စွန်း၌တင်ထားသည့် ဇလုံထဲမှ အဝတ်ပုံဆီ ဖျတ်ခနဲ ကပ်သွားကာ ထိုအထဲမှ ဦးညွှန့်အောင်ဝတ်လေ့ရှိသည့် ပုဆိုးစိမ်းအကွက်ကျဲကို ကပျာကသီ ထုတ်ယူလိုက်လေ၏။

ယင်းပုဆိုးကို ကပျာကသီခေါက်ကာ သူ၏လွယ်အိတ်ထဲ ထည့်လိုက်လေသည်။

ခဏအကြာမှာပင် အိမ်အတွင်းဘက်မှ ဒေါ်ပန်းလှ





ထွက်လာလေသည်။

"ရော့ ...ဓား"

"ဟုတ်ကဲ့"

ဝင်းဦးက ပုန်းရည်ကြီးအထုပ်တို့ကို တွဲချည်ထားသည့် သင်အူကြိုးကိုဖြတ်ပြီးနောက် ဓားကို ပြန်ပေးလိုက်ကာ ကပြင်ပေါ်မှ ဆင်းသည်။

"ကဲ ဒေါ်လေး ...ဦးလေးဦးအောင်ကျော်တို့ဘက် သွားဦးမယ်"

"ဩော် ...အေး အေး"

ထို့နောက်မှာတော့ ဝင်းဦးမှာ ဦးညွှန့်အောင်တို့၏ ခြံဝိုင်းထဲမှ အောင်မြင်စွာ ထွက်ခွာလာခဲ့ပါတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



## သိုက်ဖော်ပွဲ

နွေနှောင်းကာလမို့ ပင်လယ်ဘက် အနောက်တောင်အရပ်မှ မိုးသားတို့က တစ်အုပ်ပြီးတစ်အုပ် ရွေ့လျားလို့လာလျက်ရှိတော့၏။

မိုးငွေ့ပါသော လေကြမ်းတို့ကလည်း တိုက်ခတ်လေ့ရှိရာ ပင်လယ်ဘက်မှ လှိုင်းခေါင်းဖြူတို့က အလိပ်လိုက် အလိပ်လိုက် သံဒိမြစ်ဝမှ လိမ့်ဝင်လျက်ရှိ၏။

ထိုလှိုင်းလုံးတို့သည် ကနီချောင်းဝကိုလွန်လျှင် ဝဲကြီးထဲ နှစ်ဝင်ကာ တဝေါဝေါအသံကြီး မြည်ဟီးလျက်ရှိချေသည်။

သိုက်ဆရာကြီးဦးတင်ဦးက ကျရေစစ်သွားပြီး လေငြိမ်





လှိုင်းငြိမ်ချိန် နံနက်ပိုင်းကိုရွေးကာ မော်တော်ကို ကနီချောင်းနှုတ်ခမ်းအတိုင်း စုန်ဆင်းစေ၏။

မော်တော်ကို မကူးစေရန် ဝဲယာနံဘေးတို့တွင် ဝါးပိုးဝါးကြီးနှစ်လုံးဆီကို ခိုင်မြဲစွာ တွဲချည်ထားသေးသည်။

မော်တော်ဦးတွင် စားပွဲဝိုင်းလေးတစ်လုံး တင်ထားပြီး ယင်းစားပွဲပေါ်၌ ဒန်ဇလုံကြီးဖြင့် အုန်းပွဲငှက်ပျောပွဲပြင်ထားကာ အုန်းသီးပေါ်ဝယ် ဝါဆိုဖယောင်းတိုင်ကြီးကို စိုက်ထူထွန်းညှိထားပြီး တရုတ်အမွှေးတိုင်တို့ကို ငှက်ပျောဖီးများကြားတွင် စိုက်ထူထွန်းထားလေသည်။

အုန်းသီးအလုံးပတ်ပတ်လည်တွင် အင်းချပ်တို့ကိုလည်း ကပ်ထားသေး၏။

ကျေးတစ်ရာခေါင်းပေါင်းပေါင်းကာ ပင်နီတိုက်ပုံ ကွက်ကျဲ ပုဆိုးတို့ဝတ်လျက် လှေဦးဝယ် မားမားကြီးရပ်နေသည့် သိုက်ဆရာကြီး ဦးတင်ဦးက မန္တန်တို့ကို အဆက်မပြတ် ရွတ်ဖတ်သိုက်ပါလာလေသည်။

သိုက်ဆရာကြီးသည် အတန်ကြာ ရွတ်ဖတ်သရဇ္ဈာယ်ပြီးနောက် သူ၏တောင်ဝှေးကြီးကို ရမ်းကာ အချက်ပြလိုက်ရာ သန်းလွင်တို့လူစုက မော်တော်ပဲ့ပိုင်း၌ တင်ဆောင်လာသည့်



www.burmeseclassic.com

www.burmeseclassic.com



ဝါး ဖောင်ငယ်ကို ရေသို့ချလိုက်လေသည်။

ယင်းဝါးဖောင်ငယ်ပေါ်တွင် ကိုညွှန့်အောင်၏ပုဆိုး ပတ်ထားသည့် ဝက်ပေါက်တစ်ကောင်ကို တင်ထားကာ ဝက်၏လည်ပင်း၌ သားရေလည်ပတ်ကို စွပ်ပေးထားလေသည်။

ထိုသားရေလည်ပတ်တွင် နိုင်လွန်ကြိုးတစ်ချောင်းချည်ထားပြီး ရှည်လျားသည့်ကြိုး အလယ်ပိုင်းနှင့် အဖျားပိုင်းတို့တွင် အနီရောင်ဖော့လုံးလေးများကို နှစ်လံကွာခန့်စီခြားကာ ချည်နှောင်ထားလေသည်။

ဝါးဖောင်ငယ်ကို ရေသို့ချပြီးသည်နှင့် သိုက်ဆရာကြီးဦးတင်ဦးက အုန်းပွဲငှက်ပျောပွဲမှ အင်းချပ်တို့ကိုယူကာ ဝါးဖောင်ပေါ်တင်ပေးလိုက်လေ၏။

ဝါးဖောင်ငယ်ကို ရေဝယ်မျှောလိုက်ပြီးနောက် သိုက်ဆရာကြီးဦးတင်ဦးက မန္တန်တို့ကို ဆက်လက်ရွတ်ဖတ်နေသေး၏။

ဝါးဖောင်လေးမှာ ရေစီးကြောင်းအတိုင်း တရွေ့ရွေ့မျောပါသွားလျက်ရှိရာ ဖောင်ပေါ်ပါလာသည့် ဝက်လေးမှာလည်း တကျည်ကျည် အော်မြည်သွားရှာသည်။

ဝါးဖောင်ငယ်၏နောက်တွင် ပေါလောပေါ်ကာ တန်းစီ





သွားသည့် အနီရောင်ဖော့လုံးလေးတို့ကိုလည်း တွေ့ရ၏။

ဝါးဖောင်မျောသွားရာနောက်သို့ မော်တော်က စက်သံ နှိမ့်မှန်ဖြင့် ဖြည်းဖြည်းခုတ်မောင်း လိုက်ပါသွားတော့သည်။

"ဟာ . . . ဖောင်က စုပ်ဝဲကြီးဘက် ဦးတည်မျောသွားတာပါလား၊ ဝဲကြီးထဲဝင်သွားလိုက်တော့ ဖောင်ရော ဝက်ရော ဆုံးပြီပဲ"

သန်းလွင်တို့က ဖောင်၏အခြေအနေကို စိုးရိမ်စွာ လှမ်းကြည့်လျက်ရှိစဉ် သိုက်ဆရာကြီးဦးတင်ဦး၏ ရွတ်ဖတ်သံ ကျယ်လောင်သည်ထက် ကျယ်လောင်လာတော့၏။

မကြာမီမှာပင် ဝါးဖောင်လေးအနီးသို့ သစ်တုံးလိုလို ညိုမျောမျောအရာတစ်ခု တရွေ့ရွေ့ ချဉ်းကပ်လာသည်ကို လှမ်းမြင်ရရာ သန်းလွင်တို့မှာ တစ်ဦးနှင့်တစ်ဦး အသံတိတ် လက်ညှိုးထိုးပြကြရင်း လေသံမျှ မဟဝံ့အောင် ရှိကြတော့၏။

"တွေ့လား . . . အဲဒါမိကျောင်းကွ"

မနေနိုင်သည့် ကံဦးက ခပ်တိုးတိုးပြောသည်။

မိကျောင်းကြီးကား ဝါးဖောင်ကို ကျော်တက်သွားလိုက်၊ အချင်းယှဉ်လိုက်၊ နောက်ချန်နေလိုက်ဖြင့် အကဲခတ်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အလွယ်တကူတွေ့နေရသည့် သားကောင်ကို သံသယ ဖြင့် လေ့လာနေဟန်ရှိလေသည်။

မော်တော်ကို ဝါးဖောင်နှင့် ဝါးလေးငါးပြန်ခန့်အကွာတွင် စက်သတ်ရပ်ထားပြီး အားလုံးက ငြိမ်ကြည့်နေကြ၏။ ဆရာကြီး ဦးတင်ဦး၏ မျှန်ရွှတ်သံပင် ခပ်တိုးတိုးသာ ထွက်ပေါ်လျက် ရှိတော့သည်။

ဝါးဖောင်လေးပေါ်မှ ဝက်ကလေးမှာ သူ့အန္တရာယ်ကို ရိပ်မိသွား၍လားမသိ ငယ်သံပါအောင် တကျည်ကျည်အော်ရင်း ခြေထောက်တို့၌ ချည်တုပ်ထားသည့် ကြိုးတို့ကို အတင်း ဆော ရုန်းလျက်ရှိတော့သည်။

ထိုစဉ် ရေထဲမှ ကြီးမားလှသည့် မိကျောင်းခေါင်းရှည် ကြီး ဝုန်းခနဲ ရေပြင်ကိုခွဲလျက် ထိုးတက်လာကာ ဝါးဖောင်ပေ ဝက်ကလေးကို ထိုးဟပ်လိုက်တော့၏။

'ဝုန်း'

'ကျည် ကျည် ကျည်'

ဝက်ကလေးမှာ တကျည်ကျည် အော်မြင်ရင်း မိကျော ကြီး၏ ပါးစပ်ထဲပါသွားချေပြီ။

ဝါးဖောင်ငယ်မှာလည်း ကျွမ်းထိုးမှောက်ခုံဖြစ်တ





စ်စစီ ကျိုးပျက်သွားတော့၏။

မိကျောင်းကြီးသည်ကား ဝက်လေးကို ခါးလယ်မှ ကိုက် ာ ရေအောက်သို့ ချက်ချင်းငုပ်သွားပါတော့သတည်း။

⊛

သိုက်ဆရာကြီး ဦးတင်ဦးက မော်တော်စက်ကို ပြန်နှိုး ပြီး ဖော့လုံးနီနီလေးများ တရွေ့ရွေ့ပါသွားရာနောက်သို့ ော်တော်ကို ခပ်ဖြည်းဖြည်း လိုက်စေ၏။

ဖော့တုံးနီနီလေးများမှာ တန်းစီလျက် ဝဲကြီးရှိရာဘက်သို့ တည်သွားနေရာမှ ဝဲကြီးနှင့် နီးလာသည်တွင် ဝဲဘက်သို့ ိုင်သွားကြတော့၏။ သို့သော် ဝဲဆီမရောက်ဘဲ ဝဲကို ကွေ့ဝိုက် ျာ်သွားရာ ယင်းလမ်းကြောင်းအတိုင်း မော်တော်က လိုက်ရ လသည်။

ကနီဝဲကြီးကို ကျော်လွန်ပြီးသည်နှင့် ဖော့လုံးနီနီလေးများ ာ ကနစိုပင်ကြီးများ ပေါက်ရောက်နေသည့် ကမ်းပါးစောက်ဆီ တည်သွားကြသည်ကို တွေ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ခဏအကြာမှာပင် ကြီးမားလှသည့် ကနစိုပင်ကြီးအနီးသို့ ရောက်လာပြီးလျှင် ဖော့လုံးနီနီလေးများမှာ ကနစိုပင်ကြီး၏ မြစ်ပျဉ်းများနှင့် တည့်တည့်၌ ဖော့လုံးတစ်လုံးပြီးတစ်လုံး ရေထဲ နစ်ဝင်ကာ ပျောက်ကွယ်သွားတော့၏။

သိုက်ဆရာကြီးဦးတင်ဦးမှာ ဝမ်းသာအားရဖြင့် လက်ရုန်း ဆန့်တန်းလိုက်တော့သည်။

"ဟုတ်ပြီကွ ... အဲဒီအပင်ကြီးရဲ့အောက်မှာ မိကျောင်းသိုက်ရှိနေပြီ H.ဖွန်လားရေ"

H.ဖွန်လားမှာလည်း လွန်စွာ ကျေနပ်သဘောကျသွားတော့၏။

"ဆရာကြီးရဲ့အစွမ်းနဲ့ အစီအရင်ကတော့ အံ့မခန်းပါပဲဗျာ၊ ကျွန်တော်တို့ ဒီမိကျောင်းသိုက်ထဲဝင်ဖို့ပဲ ကျန်တော့တယ်"

"အိမ်း ... တစ်ခုတော့ရှိတယ်၊ မိကျောင်းသိုက်ထဲကို တော်ရုံသတ္တိ၊ တော်ရုံရေငုပ်ကျွမ်းကျင်မှုနဲ့တော့ ဝင်ဖို့မလွယ်ဘူး H.ဖွန်လား"

"ဟုတ်ကဲ့ ... သေချာ ကျွမ်းကျင်သူကိုရှာပြီး ဝင်ခိုင်းမှာပါ ဆရာကြီး၊ အဲဒီလူ ဝင်ရှင်းပြီးမှ ကျွန်တော်တို့ ဝင်လိုက်သွားကြမှာပါ"





"ကဲ ကဲ ... ကျုပ်ရဲ့တာဝန်အရ မိကျောင်းသိုက်ကို ဖော်ပြီးပြီ၊ ကနီရွာပြန်ကြမယ်၊ သိုက်နေရာကို မှတ်မိတယ်မဟုတ်လား"

"မှတ်မိပါတယ် ဆရာကြီး"

"ကဲ ... မော်တော်ကို ဦးလှည့်ပြန်ကြမယ်"

ခဏအကြာမှာပင် မော်တော်လေးမှာ ကနီချောင်းဝဘက်သို့ ဦးတည်လျက် အောင်ပွဲခံခုတ်မောင်းလာပါတော့သတည်း။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com



## နတ်မိကျောင်းရန်စွယ်

နှစ်ပေါင်းများစွာ မီးတောက်ချက်အရက်ကို သောက်ထ
သဖြင့် ဦးညွှန့်အောင်၏အသည်းမှာ အတော်ကျွမ်းနေပုံရ
လူက အားအင်အတော်ယုတ်လျော့ကာ နေရာတကာ စိတ်သ
ရှိပြီး လူက လိုက်ပါနိုင်ခြင်းမရှိတော့။

တစ်ခါတစ်ရံ လေဖြန်းချင်သလိုလို ဖြစ်လာသဖြ
အတော်သတိထားနေရသည်။ ပင်လယ်ထဲလည်း ထွက်နိုင်ခြ
မရှိတော့။

"မန်းလှရေ ... သားလူရဲလေး လီမှာလို့ တော်သေ
တယ်နော်၊ ငါ ပင်လယ်ထဲ မဆင်းနိုင်ကတည်းက သူပဲ ဦးစီး





တော့ လုပ်နေတာ"

"ဟုတ်ပါရဲ့ရှင် ... လုပ်ငန်းအတွက် မပူရပါဘူး။ မြသိန်းတို့၊ လှတင်တို့ကလည်း အားကိုးရပါတယ်၊ ရှင်သာ ကျန်းမာရေး ဂရုစိုက်၊ အရက်ကို လျှော့သောက်"

"လျှော့ပါတယ် မိန်းမရယ်၊ လုံးဝမဖြတ်နိုင်သေးတာပဲ ခက်တယ်"

"စိတ်ပါတော်"

"ဒီလိုလည်း မဟုတ်သေးဘူးမိန်းမရဲ့၊ ငါတို့က ရေထဲ မိုးထဲ လေထဲ လှိုင်းထဲမှာ ရေစိမ်ခံကျွဲလို လုပ်ကိုင်နေရတော့ အကြမ်းခံနိုင်ဖို့၊ အပင်ပန်းခံနိုင်ဖို့ တစ်ခွက်တစ်ဖလားတော့ မော့ရမှာ"

"အဲဒီလို တစ်ခွက်တစ်ဖလားကနေ အသက်ပါအောင် တော့ မသောက်နဲ့ပေါ့ရှင်"

"အေးပါ ပန်းလှရယ် ... ငါ ဆင်ခြင်ပါ့မယ်၊ ငါ့မိန်းမနဲ့ စောစောစီးစီး မခွဲရအောင် ဆင်ခြင်ပါ့မယ် ... ဟဲ ဟဲ ဟဲ"

ဒေါ်ပန်းလှက ချစ်လင်ကို မျက်စောင်းထိုးလိုက်၏။

ပြောသာပြောရသည်။ ချစ်လင်ညွှန့်အောင်မှာ ပြောရော ဆိုးကွက်ဆိုလို့ အရက်ကြိုက်တတ်ခြင်းပဲ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကို ကြိုးစားသည်၊ မူးပြီးရမ်းခြင်း၊ ပြဿနာရှာခြင်းမရှိ၊ သူမအပေါ်တွင် အိမ်ထောင်သက်ရင့်လေ အချစ်ပိုလေ၊ အကြင်နာပိုလေဖြစ်သည်။

အထူးသဖြင့် သားလေးလူရဲအပေါ်တွင် ဖခင်အရင်းတို့၏ မေတ္တာမျိုးဖြင့် ဆက်ဆံခြင်းပင်။ ယင်းအတွက် သားလေးလူရဲ၏ ရော ဒေါ်ပန်းလှပါ စိတ်ချမ်းသာရသည်။

"ဒါထက် အစ်ကိုညွှန့်အောင် ထပ်သောက်မနေနဲ့ဦး၊ ရေမိုးချိုးပြီးရင် ဆရာ့ဆီကို သွားရမယ်၊ ဒီနေ့ ဆေးပတ်လည်တဲ့ နေ့လေ"

"အေး . . . ဟုတ်သားဟ၊ အရက်နံ့ရနေရင် ဆရာဆန်းရှိန်က ငါ့ကို ဆူနေဦးမယ်၊ ဒါထက် သားလူရဲလည်း ဆားအိုင်ဘက် သွားတာ ပြန်မလာသေးဘူးနော်၊ နေတောင်စောင်းတော့မယ်"

"ဟုတ်တယ် အစ်ကိုညွှန့်အောင်ရေ၊ သားလေးကတော့ ရွာမှာပြန်နားရချိန်မှာလည်း အေးအေးမနေဘူး၊ ဆားအိုင်က သူ့ပိုက်ဆွဲသမား တင့်ဆွေတို့ အိမ်ဆောက်တာကို သွားကူနေလေရဲ့၊ ကဲ ကဲ . . . ရေချိုးတော့ ရေချိုးတော့"

ဦးညွှန့်အောင် ရေချိုးနေစဉ် ဒေါ်ပန်းလှက သစ်ခွင်ဆိမ့်





ရွာမှ ဗိန္ဓောဆရာ ဆရာဆန်းရှိန်ထံသွားပြီး ပြန်လာလျှင် ဆေးများထည့်ယူလာရန် ဆေးပုလင်းအလွတ်တို့ကို လွယ်အိတ်ဟောင်းတစ်လုံးထဲ ထည့်သည်။

ဆရာဆန်းရှိန်နှင့်ပြမှ သူ့ယောကျ်ားခံစားနေရသည့် ဝေဒနာ အတော်သက်သာပြီး နေလို့ထိုင်လို့ ကောင်းလာသဖြင့် ဒေါ်ပန်းလှ စိတ်တော်တော်ချမ်းသာနေရလေသည်။

❂

H.ဖွန်လားနှင့် သူ့တပည့်နှစ်ဦးတို့မှာ ကနီရွာမှ သန်းလွင်တို့အိမ်မှာပင် စတည်းချပြီး အဲဒီမြစ်ထဲမှ နတ်မိကျောင်းသိုက်ထဲ ဝင်နိုင်မည့်သူကို အပူတပြင်း စုံစမ်းရှာဖွေလျက်ရှိကြလေသည်။

"အင်း ကိုသန်းလွင်ရေ . . . ကိုယ်တို့ရဲ့ ရည်မှန်းချက်တစ်ဝက်တော့ အောင်မြင်ပြီဗျ၊ နောက်တစ်ဝက်အတွက် နတ်မိကျောင်းသိုက်ထဲ ဝင်ကြည့်ဖို့ပဲ လိုတော့တယ်၊ ခင်ဗျားတို့ဒေသမှာ ရေလုပ်သားတွေ ဒီလောက်ပေါတာဗျာ၊ နတ်မိကျောင်းသိုက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ဝင်ဝံ့သူ ခုထိရှာလို့ မရသေးဘူးလား''

''မရသေးဘူး H.ဖွန်လားရဲ့၊ မော်လမြိုင်ကျွန်းတို့
မြစ်ဝတို့ဘက်မှာ မိကျောင်းဖမ်းသမားတွေရှိတယ်၊ ဒါပေ
ကျုပ်တို့နဲ့မရင်းနှီးတော့ စိတ်ချရမယ်မထင်ဘူး၊ ဘာဖြစ်လို့
ဆိုတော့ ကျုပ်တို့ထက်အရင် မိကျောင်းဖမ်းသမားတွေ
မိကျောင်းသိုက်ထဲ ဝင်ရှင်းလှင်းရမှာ တကယ်လို့ နတ်မိကျော
သိုက်ထဲ ဝင်ရှင်းနိုင်ပြီပဲထား . . . အဲဒီအသိုက်ထဲမှာ ခင်ဗျာ
အစ်မ စင်သီယာရဲ့အလောင်းကို တွေ့ရတယ်ဆိုရင် စိန်ဘယ
ဟာလည်း အဲဒီအလောင်း ဒါမှမဟုတ် အရိုးစုနဲ့အတူတွေ့မှာ
သူတို့က စိန်ဘယက်ကြီးကို မတွေ့ပါဘူးလို့ငြင်းပြီး ဖြောင်လို
ရင် ဘယ်လိုလုပ်မလဲ''

''ဟုတ်တယ် . . . အဲဒါ စဉ်းစားစရာပဲ၊ တစ်ခုတော့
တယ် . . . မိကျောင်းဖမ်းသမားတွေနဲ့အတူ ကိုယ်တို့ပါ မိကျော
သိုက်ထဲ လိုက်ဝင်သွားရင်ကော''

''ဟာ . . . အဲဒီလို လိုက်ဝင်သွားလို့ကတော့ မသာ
ရုံရှိမှာပဲ၊ မိကျောင်းသိုက်ဆိုတာ မိကျောင်းတွေအများကြီးရှိ
မိကျောင်းတစ်ကောင်ကိုရင်ဆိုင်ဖို့တောင် လွယ်တာမဟုတ်
ပြီးတော့ နတ်မိကျောင်းတွေဖြစ်နေရင် သူတို့ရဲ့ လှည့်ဖြားမှုခံ





သေချာတယ်၊ ဘယ်လိုအန္တရာယ်တွေ ကြုံရမလဲဆိုတာ ဘယ်သူ့
မှ ကြိုမပြောနိုင်ဘူး၊ ဘယ်လောက်ပဲရရ . . . ကျုပ်တော့ ဝင်
မလိုက်ရဲဘူး''

''အင်း . . . ဟုတ်ပါတယ်၊ ကိုယ်ဆို ရေကူးလုံးဝမကျွမ်း
ကျင်ဘူး၊ လိုက်ဝင်ဖို့ မဖြစ်နိုင်ဘူး၊ ဒါထက် မောင်ရင်တို့ရွာမှာ
မိကျောင်းကိုယှဉ်ပြီး သတ်နိုင်တဲ့သူ ရှိတယ်ဆို၊ ရွာထဲကနေ
ကိုယ့်တပည့်သိန်းထွန်း ကြားလာတာပဲ''

''ဩော် . . . ဦးညွန့်အောင်ကိုပြောတာနဲ့ တူတယ်၊
ဟုတ်တယ် . . . သူက မိကျောင်းနဲ့ ရင်ဆိုင်ဖူးတယ်၊ မိကျောင်း
တစ်ကောင်ကိုလည်း သတ်ဖူးတယ်၊ ဒါပေမဲ့ . . . သူက အသက်
ကြီးပြီ၊ သူ့ရဲ့ မယားပါသား လူရဲဆိုတာတော့ရှိတယ်၊ သူ့ပထွေး
ဆီက မိကျောင်းကို ရင်ဆိုင်သတ်တဲ့နည်းတွေ အဲဒီကောင် ရ
ထားသလားတော့ မသိဘူး . . .၊

ဒါပေမဲ့ . . . ခက်တာက လူရဲဟာ ကျုပ်ရဲ့ ကမ္ဘာ့ရန်ဖျ
ပြီးတော့ . . . မိကျောင်းသိုက်ကိုဖော်ဖို့ သူ့ပထွေး ဦးညွန့်အောင်
ရဲ့လုံ့ချည်ကို ကျုပ်တို့ ခိုးယူစီရင်ခဲ့တဲ့အကြောင်းသာ အဲဒီကောင်
သိသွားရင် ဇာတ်ရှုပ်သွားလိမ့်မယ်''

''အဲဒီလူရဲကို မောင်ရင့်အနေနဲ့မဟုတ်ဘဲ ကိုယ့်အနေနဲ့



www.burmeseclassic.com

www.burmeseclassic.com



စည်းရုံးကြည့်ရင်ကော"

"ဒါတော့ ကြိုးစားကြည့်ပေါ့ H.ဖွန်လား"

"ကောင်းပြီ၊ အဲ . . . ဘာပဲဖြစ်ဖြစ် ကိုယ်တို့ရဲ့လုပ်ငန်း မအောင်မြင်ခင်မှာ မိကျောင်းသိုက်ရဲ့နေရာကို လုံးဝ လျှို့ဝှက်ထားဖို့လိုတယ်နော် ကိုသန်းလွင်"

"ဒါတော့ စိတ်ချပါ၊ ခင်ဗျား အဆင်ပြေရင်သာ ကျုပ်ကို မမေ့နဲ့"

"အိုး . . . ဒါတော့ စိတ်ချ စိတ်ချ . . . ဟဲ ဟဲ ဟဲ"

❁

ညနေဆည်းဆာရီက အတော်အတန် ရင့်စပြုပြီ။

လူရဲသည် ပင်လယ်သို့ ပြန်ထွက်ရန် ရက်ကပ်လာပြီဖြစ်သဖြင့် သူ၏ ငါးဖမ်းစက်လှေကို အိမ်ရှေ့ချောင်းစပ်မှာပင် ရွှံသတ်ရပ်ထားပြီး စက်လှေလုပ်သား တင့်ဆွေ၊ မြဝင်းတို့နှင့် အတူ ပြုပြင်သင့်သည်တို့ကို တစ်နေကုန်ပြုပြင် ပြင်ဆင်လျက်ရှိရာမှ လုပ်ငန်းလက်စပင် သိမ်းလုပြီဖြစ်၏။





ဆည်းဆာရင့်လာလေ ချောင်းရေတက်လာလေ ဖြစ်သဖြင့် လတာပြင်ကိုပင် ရေဖုံးလွှမ်းခဲ့ပြီ။

လူရဲသည် ဆလင်ခန်း၏အမိုးပေါ်တွင် တက်ပြီး ဖာထေးစရာရှိသည်တို့ကို ဖာထေးလျက်ရှိစဉ် ချောင်းတစ်ဖက်ကမ်းမှ တက်ရေကိုအံတုကာ လှော်ခတ်ဖြတ်သန်းလာနေသည့် ကူးတို့လှေတစ်စင်းကို သတိပြုမိလိုက်လေသည်။

သေချာကြည့်လိုက်မှ လှေပေါ်တွင်ပါလာသူနှစ်ဦးမှာ သူ့မိခင်ဒေါ်ပန်းလှုနှင့် ပထွေးဦးညွှန့်အောင်တို့ ဖြစ်သည်ကို တွေ့ရတော့၏။

"ဟာ . . . အမေတို့ သစ်ခွင်ဆိမ့်က ပြန်လာတာနဲ့တူတယ်၊ ဆေးဆရာဆီ ဆေးသွားယူကြတာ ဖြစ်မယ်၊ ခက်တာပဲ . . . ရေအိနေတုန်းကတော့ မလာဘူး၊ တက်ရေမှာမှ ဖြတ်လာရတယ်လို့၊ တော်ပါသေးရဲ့ . . . ရေတက်သိပ်မကြမ်းလို့"

မိခင်ကြီးရော ပထွေးဖြစ်သူပါ ရေမှာကျွမ်းကျင်သူများမို့ သိပ်စိတ်မပူမိသော်လည်း ပွဲညက်ကိုနယ်ရင်း မျက်လုံးအကြည့်တာ လှေဆီရောက်နေ၏။

"ဟိုက် . . . ဟိုဘာ ဘာလဲ"

လှေလေး၏နီးအနားတွင် မထင်မှတ်သည့်အရာကို



www.burmeseclassic.com

www.burmeseclassic.com



လှမ်းတွေ့လိုက်ရသဖြင့် ရင် ဒိတ်ခနဲခုန်ကာ ခေါင်းနားပန်းကြီး သွားမိလေသည်။

ထိုင်ရာမှလည်း ဖျတ်ခနဲ ထရပ်လိုက်ပြီး ပို၍ အာရုံစူးစိုက်စွာ ကြည့်နေလိုက်မိသည်။

သူတွေ့လိုက်သည့်အရာမှာ သစ်တုံးလိုလို မည်းမည်း ရှည်ရှည်အရာတစ်ခုပဲဖြစ်ပါ၏။

သို့သော် ထိုအရာသည် တက်ရေအလျဉ်နှင့် အထက်ဘက်သို့ မျောပါသွားခြင်းမရှိဘဲ ကနီချောင်းကို ကန့်လန့်ဖြတ် တရွေ့ရွေ့ ဖြတ်သန်းနေသော လှေကလေး၏နောက်မှ တက်ရေကို အံတုလျက် လိုက်ပါလာနေသည်ပဲ၊

"ဟာ . . . အဲ အဲဒါဟာ သစ်တုံး လုံးဝမဖြစ်နိုင်ဘူး။ သစ်တုံးဆိုရင် တက်ရေနဲ့ပါသွားရမှာပေါ့"

"မိ မိကျောင်းများလား . . . ဘုရား ဘုရား"

သူ၏လက်ဖျားခြေဖျားတို့ ရုတ်တရက် အေးစက်သွားတော့၏။

မိကျောင်းတို့၏သဘာဝ မိကျောင်းတို့ရန်ပြုတတ်ပုံကို ဦးညွန့်အောင်ထံမှ အဖန်ဖန်အခါခါ ကြားဖူးထားသဖြင့် လူရဲကောင်း စွာသိပြီးဖြစ်သည်။





"ဟာ . . . ဟုတ် ဟုတ်ပါပြီ၊ အဲဒါဟာမိကျောင်းပဲ၊ ဒီကနီချောင်းရိုးမှာ မိကျောင်းတွေ မသောင်းကျန်းတာ နှစ်အတော်ကြာပြီပဲ၊ ခုမှ ဘယ်လိုဖြစ်ပြီး . . ."

လူရဲသည် အတွေးကိုဆုံးအောင်မတွေးနိုင်ဘဲ ဆလင်ခန်းအမိုးပေါ်မှ ခုန်ချလိုက်ကာ ဆလင်ခန်းထဲသို့ပြေးဝင်ပြီး အခန်းဝဲဘက်ထောင့်နံရံ၌ ဓားအိမ်နှင့်တကွ ချိတ်ဆွဲထားသည့် ငှက်ကြီးတောင်ဓားကို ဆွဲဖြုတ်လျက် ကျောနောက်တွင် စလွယ်သိုင်းလွယ်လိုက်လေသည်။

ပြီးလျှင် နံရံပျဉ်ချပ်ကြား၌ ထိုးထားသော ဓားမြှောင်ကို နှုတ်ယူကာ ဓားမြှောင်၏အရင်းဘက်မှ သွားဖြင့်ကိုက်ထားလိုက်၏။

ထို့နောက် ကုန်းပတ်ပေါ်ပြေးထွက်ပြီး ရေထဲသို့ ဒိုင်ဗင်ထိုးဆင်းလိုက်တော့သည်။

'ပွမ်း'

"ဟာ . . . ကိုလူရဲ"

တင့်ဆွေနှင့် မြဝင်းတို့မှာ လူရဲ၏လုပ်ရပ်ကို နားမလည်သဖြင့် ပါးစပ်အဟောင်းသားဖြစ်ကာ အံ့အားတသင့် ငေးကြောင်ကြည့်နေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လှုရဲကမူ ဓားမြှောင်ကို ပါးစပ်မှာကိုက်လျက်သားနှင့် မိခင်တို့၏လှေဆီ အစွမ်းကုန် လက်ပစ်ကူးတော့၏။

"ဟယ် ... ဟိုမှာ သားပါလား"

လှေဦးမှလှော်ခတ်နေသည့် ဒေါ်ပန်းလှမှာ သူတို့လှေဆီ ဦးတည်ကူးခတ်လာနေသော သားဖြစ်သူကို မမျှော်လင့်ဘဲ လှမ်းတွေ့ရသည်တွင် လွန်စွာအံ့အားသင့်လျက် နားမလည်နိုင်အောင် ဖြစ်သွားရလေသည်။

လှေငယ်ကို ပဲ့ကိုင်လာသည့် ဦးညွန့်အောင်သည်လည်း လှုရဲကို နားမလည်နိုင်စွာ ငေးကြည့်လျက်ရှိလေ၏။

လှေနှင့် ဝါးတစ်ရိုက်ခန့်အကွာတွင် လှုရဲသည် ပါးစပ်၌ ကိုက်ထားသည့် ဓားမြှောင်ကို လက်တစ်ဖက်ဖြင့် ဆွဲဖြုတ်လိုက်ပြီး သူ့အမေကို အော်ဟစ်သတိပေးလိုက်လေသည်။

"အမေ ... မိကျောင်း မိကျောင်း နောက်မှာ"

သို့သော် လှုရဲ၏သတိပေးမှုမှာ နောက်ကျသွားခဲ့ပြီ။

စိမ်းညို့မည်းလျက်ရှိသော ခေါင်းရှည်ရှည်ကြီးသည် ရေပြင်ထဲမှ ဘွားခနဲထွက်ပေါ်လာပြီးနောက် လှေပဲ့ပိုင်းမှာထိုင်နေသည့် ဦးညွန့်အောင်ကို ပါးစပ်ကြီးဖြဲကာ ထိုးဟပ်လိုက်တော့သည်။





သို့သော် ရေမှုဆိုးကြီးဖြစ်သော ဦးညွန့်အောင်က လှုရဲ၏ အော်ဟစ်သတိပေးမှုကို ချက်ချင်းသဘောပေါက်သွားပြီး လှေဝမ်းထဲ ဝပ်ချလိုက်ရာ မိကျောင်းကြီး၏ပါးစပ်ထဲ ပါမသွားချေ။

'ဝုန်း'

မိကျောင်းကြီး၏မေးသည်သာ လှေပဲ့ပေါ် ပြုတ်ကျသွားချေ၏။

သို့သော် လှေပဲ့ပိုင်းမှာ လေးလံစွာ ဖိချခြင်းခံလိုက်ရသဖြင့် ပဲ့ပိုင်းသည် ရေထဲနစ်ဝင်သွားပြီး လှေဦး အတန်ငယ် ထောင်သွားတော့သည်။

"အောင်မယ်လေး ... မိ မိကျောင်းကြီး"

ဒေါ်ပန်းလှ၏အော်သံ မဆုံးမီမှာပင် ဦးညွန့်အောင်သည် လူးလဲထလိုက်ပြီး လှော်တက်ဖြင့် မိကျောင်းကြီး၏နှုတ်သီးကို ရိုက်ချလိုက်လေသည်။

'ဖြောင်း'

မိကျောင်းကြီး၏ နှုတ်သီးပိုင်းရှည်ရှည်ကြီးသည် ရေထဲသို့ ဝေါခနဲ ဆုတ်သွားပြီးနောက် မိကျောင်းကြီးသည် သူ၏ ကိုယ်ကို လျင်မြန်စွာ တစ်ပတ်လှည့်လိုက်ပြီး အမြီးဖြင့် ဦးညွန့်အောင်ကို ရိုက်ချလိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



'ဖြန်း'

ဦးညွန့်အောင်မှာ ငုံ့ရှောင်ရန် ကြိုးစားလိုက်သော်လည်း ရေဘုရင်၏ လျှင်မြန်လှသောရိုက်ချက်ကို ကောင်းစွာမကျန်းမာသည့် ရေမှုဆိုးလူအိုကြီးမှာ လွတ်အောင်မရှောင်နိုင်ဘဲ အမြီးဖြင့်အဖျားခတ်ခံလိုက်ရကာ ရေထဲသို့ လွင့်ကျသွားတော့၏။

''အား''

''အို ... သေပါပြီ၊ ကယ် ... ကယ်ကြပါဦးရှင်''

မြောင်းဆန်အောင် တဝုန်းဝုန်းအသံများနှင့်အတူ ဒေါ်ပန်းလှ၏ စူးစူးဝါးဝါးအော်သံက ရေလယ်မှထွက်ပေါ်လာရာ ကမ်းနစ်ဖက်မှလူများ ကြားသွားကြပြီး ချောင်းစပ်သို့ ဆင်းပြေးကြည့်ကြလေ၏။

သို့သော် မည်သူမျှ ဘာမျှမလုပ်နိုင်စဉ်မှာပင် မိကျောင်းကြီးသည် ရေထဲပြုတ်ကျလာသည့် ဦးညွန့်အောင်ကို ခါးလယ်မှ ထိုးဟပ်ကိုက်လိုက်ပြီးလျှင် ရေအောက်သို့ ငုပ်လျှိုးသွားတော့သည်။

''အို ... ကယ်ကြပါဦး, ကယ်ကြပါဦးရှင်၊ ကျွန်မယောကျ်ားကို မိကျောင်းကြီး ဆွဲသွားပြီ ... ဆွဲသွားပြီ''

ဒေါ်ပန်းလှမှာ တက်ရေအလျဉ်တွင် ချာလပတ်လည်





ချက် ပါသွားသည့်လှေလေးပေါ်မှ အသံကုန်အော်ဟစ်ရင်း ဆွေ့ဆွေ့ခုန်နေတော့၏။

ကနီချောင်း၏ ဝဲယာကမ်းနစ်ဖက်ရှိလူများမှာ ဦးညွန့်အောင်အား မိကျောင်းကြီးကိုက်ချီသွားသည်ကို လှမ်းတွေ့လိုက်ရသည့်တိုင် မည်သူမျှ ရေထဲဆင်းမကယ်ဝံ့ကြချေ။

''ဟာ လုပ်ကြပါဦး ... ဟိုမှာ ညွန့်အောင်ကို ကိုက်ချီသွားပြီ''

''ဘယ်လိုလုပ်မလဲ ... မိကျောင်းက အဲဒီတစ်ကောင်တည်း ဟုတ်ချင်မှဟုတ်မှာ''

လှေနှင့်လည်း မလိုက်ဝံ့၊ ရေထဲဆင်းကူးပြီးလည်း လိုက်ဝံ့ကြချေ။

လူရဲကမူ လက်ထဲမှဓားမြှောင်ကို ပါးစပ်တွင် ပြန်ကိုက်ကိုက်ပြီးလျှင် ရေထဲငုပ်လျှိုးကာ မိကျောင်းကြီး၏နောက်သို့ လိုက်သွားတော့၏။

သူက မိကျောင်းကြီးကို ယှဉ်ပြိုင်တိုက်ခိုက်ကာ ကျေးရွာသူတွေး၏အသက်ကို ကယ်နိုင်စေရန် ရေငုပ်လျက် လိုက်သွားခြင်း ဖြစ်ပေသည်။

လူရဲမှာ မွေးစမှပင် ရေနှင့်ယဉ်ပါးခဲ့သူဖြစ်သည့်အပြင်

ပထွေးညွန့်အောင်ထံမှ...မိကျောင်းတို့၏သဘာဝတို့ကို ကြားသိနားလည်ခွင့်ရသူ ဖြစ်၏။

သူသည် ကိုယ်ခံစွမ်းအားကောင်းပြီး ဆလုံတစ်ယောက်လောက်နီးနီး ရေထဲမှာ ငုပ်နိုင်စွမ်းသူဖြစ်သည်။

သူက ပင်လယ်ထဲမှာပင် စက်လှေ၏ပန်ကာ၌ ငါးဖမ်းပိုက်ငြိလျှင်ပင် ပင်လယ်ထဲ ငုပ်လျှိုးကာ ပိုက်ကိုဖြည်ဖြုတ်ပေးနေကျ ဖြစ်သည်။

ထို့ကြောင့် သူသည် မိကျောင်းတစ်ကောင်လောက်နီးနီး ရေမှာ ကျွမ်းကျင်သူဖြစ်၏။

သူသည် အတော်ကြီးကြာမှ ရေမျက်နှာပြင်ပေါ်သို့ တက်ကာ အသက်ကို ဝအောင်ရှူသွင်းလိုက်ပြီးနောက် ရေထဲပြန်ငုပ်လျက် မိကျောင်းကြီး၏နောက်သို့ အသည်းအသန် လိုက်ပါ ကူးခတ်သွားတော့သည်။

သူက မိကျောင်းကြီးကို အမီလိုက်ကာ အသက်စွန့်တိုက်ခိုက်ပြီး ပထွေးဦးညွန့်အောင်၏အသက်ကိုကယ်ရန် ရည်ရွယ်လျက် ယခုကဲ့သို့ ကူးခတ်လိုက်ပါသွားခြင်း ဖြစ်၏။

သို့သော်...ချောင်းကွေ့တစ်ခုတွင် အခြားမိကျောင်းကြီးတစ်ကောင် စောင့်နေကြောင်း သတိပြုမိလိုက်ရာ ထိုမိကျောင်းကြီး သူ့ကို သတိမူမိမည်ကို စိုးရိမ်ပြီး ရေအောက်သို့ငုပ်ကာ ချောင်းကြမ်းပြင်နှင့်ကပ်လျက် ကူးခတ်လိုက်ပါသွားတော့၏။





မိကျောင်းတို့၏သဘာဝမှာ လွန်စွာမျက်စိအားကောင်းလျက် ရေထဲမှ မည်သည့်အရာကိုမဆို မြင်နိုင်စွမ်းရှိတတ်ကြသဖြင့်လည်း လှုရဲက သူ့ကိုတွေ့သွားမှာ စိုးရိမ်ပြီး ချောင်းကြမ်းပြင်အထိ ငုပ်လျက် လိုက်ပါသွားရခြင်းဖြစ်ပေသည်။

မိကျောင်းကြီး၏ပါးစပ်ထဲတွင် သူ့ပထွေးဦးညွန့်အောင်မှာ အဝတ်စုတ်ဖတ်တစ်ဖတ်လို ပါသွားသည်ကိုတွေ့ရရာ ဦးညွန့်အောင်မှာ အသက်မရှိတော့ပြီလား သို့မဟုတ် သတိလစ်သွားသလား မသိနိုင်ပြီ။

ယင်းအပြင် မိကျောင်းကြီးတို့သည် သူတို့၏သားကောင်ကို ရပါက ချက်ချင်းစား၍မရဘဲ သူတို့၏မိကျောင်းသိုက်ဂူဆီကိုက်ချီသွားလေ့ရှိသည်ကို သိထားပြီးဖြစ်၏။

ထို့ကြောင့်လည်း...လှုရဲသည် သူ၏ကျေးဇူးရှင်ပထွေးကို ကယ်နိုင်လိုကယ်နိုင်ငြား ဝါးနှစ်ရိုက်ခန့်အကွာ ရေအောက်ကြမ်းပြင်နားမှ ပုန်းလျှိုးကွယ်လျှိုး လိုက်ပါသွားခြင်း ဖြစ်ပေသတည်း။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ကနီရွာချောင်းထဲမှ ဦးညွှန့်အောင်၏ အဖြစ်ဆိုးကိုရော ချောင်းဝဆီသို့ မရဏသေမင်းမိကျောင်းကြီးနှစ်ကောင် ရေထဲ ငုပ်လျှိုးလာနေသည်ကိုရော လုံးဝမသိလိုက်သူမှာ ချောင်းဝအနီး မှ ကသစ်ဖြူရွာသို့ အလည်အပတ်ရောက်နေသည့် သန်းလွင် ၏တပည့် ဝင်းဦးပင်ဖြစ်ပါ၏။

ဝင်းဦးသည် ရည်းစားဖြစ်သူ ကသစ်ဖြူရွာသူလေး ဝိုင်းဖြူဆီ အလည်ရောက်နေခြင်းဖြစ်ပေသည်။

ဝိုင်းဖြူမှာ ကနီချောင်းကမ်းစပ်ရှိ ကျောက်တုံးတစ်တုံး ပေါ်တွင်ထိုင်ရင်း အဝတ်ဖွပ်လျက်ရှိရာ သူမ၏အနီးမှ ကျောက် တုံးကြီးတစ်တုံးပေါ်တွင် ဝင်းဦးကထိုင်ပြီး ချစ်သူနှင့် စကား စမြည်ပြောနေ၏။

"ဝိုင်းကလည်းကွာ ... တစ်ခါတလေလာတဲ့ ကိုယ့် ရည်းစားကို အချိန်ပေးပြီး စကားပြောဖော်မရဘူး၊ ငါ့မှာ ရည်းစား နဲ့ စကားပြောတာတောင် အလုပ်လုပ်တဲ့နေရာ လိုက်ပြီးပြောနေရ တယ်"

"ဝိုင်းတို့က ဆင်းရဲတယ် ကိုဝင်းဦးရဲ့၊ အလုပ်နဲ့လက်





မပြတ်မှ ထမင်းစားရတာ၊ အမေကလည်း တရှောင်ရှောင်မို့ ဆေးဖိုးဝါးခ ခတ်စာလိုတယ်၊ ဖတာဆိုးမောင်လေးနဲ့ ညီမလေး ကလည်း လူမမယ်အရွယ်လေးတွေ၊ ဒီတော့ မိသားစုရဲ့ စားဝတ် နေရေးတာဝန်ကို ဝိုင်းပဲ ကြိုးစားရှာဖွေဖြေရှင်းပေးနေရတာ ကိုဝင်းဦးရဲ့၊ ကိုဝင်းဦး စိတ်ပျက်သွားပြီလား"

"မပျက်ပါဘူး ဝိုင်းရယ်၊ ဝိုင်းရဲ့တာဝန်က မသေးဘူး နော်"

"ဟုတ်တယ် ကိုဝင်းဦး၊ ဒေါ်သိန်းတင်တို့အိမ်က အဝတ် အစားတွေကို ဒီညနေ အပြီးဖွပ်ပေးရမှာ၊ ပိုက်ဆံက ယူထား ပြီးပြီ၊ ဒါကြောင့် အလုပ်ကိုပစ်ထားပြီး ကိုဝင်းဦးကို စကားမပြော နိုင်တာပါ၊ ဒီအတိုင်းပြောလို့လည်း ရနေမင့်ဟာ"

ဝင်းဦးက ချစ်သူလေး၏ ဖြူဖြူတုတ်တုတ် ကိုယ်လုံး လေးကို မချင့်မရဲကြည့်ရင်း ...

"ဒီအတိုင်းတော့ ပြောလို့ရတာပေါ့ ဝိုင်းရယ်၊ ဒါပေမဲ့ ... ကိုယ့်ရည်းစားပဲဟာ စကားပြောရင်း လက်ကလေးကိုင်၊ ခုံးလေးဖက်၊ ခါးလေးဖက်နဲ့ နေချင်တာပေါ့ ... နော"

ဟု မချိုမချဉ် မျက်နှာပေးဖြင့်ပြောရင်း ဝိုင်းဖြူ၏ ခါး တုတ်တုတ်လေးကို လက်တစ်ဖက်ဖြင့် လှမ်းဖက်လိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

"အို . . . မလုပ်နဲ့လေ၊ လူမြင်ကွင်းကြီးမှာ တော်ပေ
လက်သရမ်းဦး . . . ကဲ"

ဝိုင်းဖြူက နှုတ်ခမ်းလေးစူပြီး လျှော်လက်စ ရှန်သာ
အင်္ကျီအနီရောင်လေးဖြင့် ဝင်းဦး၏ပခုံးတစ်ဖက်ကို လှမ်းရိုက်
လိုက်ရာ ဝင်းဦးက တဟဲဟဲ ရယ်သွမ်းသွေးရင်း ပခုံးကို ရှို
ပြီးရှောင်လိုက်သည်တွင် အင်္ကျီနီနီရဲရဲလေးမှာ ဝိုင်းဖြူ၏လက်
ထဲမှ လွတ်ကျသွားတော့၏။

"အို . . . အမေ့"

"လုပ် လုပ်ပါဦး . . . ရေစီးထဲ အင်္ကျီပါသွားပြီ၊ ဒုက္ခပါ
. . . သူများအင်္ကျီ လျှော်ရတော့မယ်"

"မပူနဲ့ . . . ငါပြန်ဆယ်ပေးမယ်"

ဝင်းဦးက ရေထဲခုန်ဆင်းလိုက်ပြီး အင်္ကျီနီနီလေးကို
လိုက်ဆယ်လိုက်လေသည်။

တက်ရေအလျဉ်ဖြင့် လျင်မြန်စွာ မျောပါသွားသော
အင်္ကျီနီနီလေးကို ကြိုးစားပမ်းစားဆယ်ရင်း ရေက ပေါင်လယ်ထိ
ရောက်လာတော့၏။ ထိုစဉ် . . .

'ဝုန်း'





ရုတ်တရက် မြည်သံကြီးနဲ့အတူ သူ့နံဘေးမှ ရေတို
ဖွားခနဲ လွင့်မြောက်သွားပြီး ယင်းရေကြားမှ မိကျောင်းကြီး
တစ်ကောင်၏ခေါင်းကြီး ရုတ်ခြည်းပေါ်လာကာ ဝင်းဦးကို ခါး
လယ်မှ ထိုးဟပ်ကိုက်ကျီသွားတော့၏။

"အောင်မယ်လေးဗျ . . . ကယ်ကြပါဦး"

"အို . . . လုပ်ကြပါဦး လုပ်ကြပါဦး . . . ကိုဝင်းဦးကို
မိကျောင်းကြီး ဆွဲသွားပြီ . . . ကယ်ကြပါဦး"

မိကျောင်းကြီးသည်ကား ဝင်းဦးကို ကိုက်ချီလျက် ရေ
အောက်သို့ ငုပ်လျှိုးပျောက်ကွယ်သွားပါတော့သတည်း။

❂

လူရဲသည် မိကျောင်းကြီးတို့ အရိပ်မည်းမည်းကို မျက်
ခြည်မပြတ်ကြည့်ရင်း ကူးခတ်လိုက်ပါလာခဲ့၏။

တကယ်တော့ သူသည် ရေထဲဝယ် မိကျောင်းကြီးတို့ကို
သဲကွဲစွာ မြင်ရသည်မဟုတ်။ သူ့အပေါ်ဘက် ခပ်လှမ်းလှမ်းမှ
အရိပ်မည်းမည်းတို့ကိုသာ ဝိုးတဝါး မြင်နေရခြင်းဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



မကြာမီမှာပင် ရေ့ဆီမှ ရေစီးကြောင်းတို့ အဟုန်ပြင်းစွာ ဝဲလှည့်နေသည်ကိုတွေ့ရရာ ...

''ဟာ ... သံဒိုမြစ်ဆုံက စုပ်ဝဲကြီးနားရောက်လာတာ ပါလား''

ဟု တွေးမိကာ မိကျောင်းကြီးနှစ်ကောင်ကဲ့သို့ပင် ဝဲကြီးကို ရှောင်လျက် ကူးခတ်လိုက်ပါတော့၏။

စုပ်ဝဲကြီးကိုလွန်ပြီးနောက် မိကျောင်းကြီးတို့သည် ကမ်းပါးနံရံအောက်ခြေရှိ သစ်မြစ်များကြားထဲ တိုးဝင်သွားသည်ကို လူရဲ တွေ့ရလေသည်။

''ဟာ ... ဒါဟာ မိကျောင်းတွေရဲ့ သားရဲတွင်းပဲ''

ဆည်းဆာသိမ်းပြီး ညမှောင်ရိပ်သမ်းသွားပြီထင့် ... ရေထုက မှောင်မည်းသည်ထက်မှောင်မည်းလာရာ မိကျောင်းကြီးတို့ ဝင်ရောက်ပျောက်ကွယ်သွားရာ သစ်မြစ်ဆုံတို့ကြားမှာ မည်းနက်နေသဖြင့် ဝင်လိုက်သွားရန် လုံးဝ မဖြစ်နိုင်ရကား လူရဲမှာ ရေမျက်နှာပြင်ပေါ်သို့သာ ကိုယ်ဖော့တက်လိုက်ပြီး လေကို တစ်ဝ ရှူလိုက်ရတော့၏။

ထို့နောက်မှာမူ လူရဲသည် သစ်မြစ်တို့ကို ကုပ်ကာတက်လျက် ကမ်းပါးပေါ်တက်ခဲ့ရတော့သည်။





ညဥ့်အမှောင်က ဝန်းကျင်ကို လွှမ်းခြုံသွားခဲ့ချေပြီ။

လူရဲသည် ယခုအချိန်မှ ရွာဆီပြန်ရန် မလွယ်တော့သဖြင့် ယင်းကမ်းပါးယံပေါ်မှာပင် တစ်ညလုံး ဒုက္ခခံပြီး အသိုက်ထဲမှ မိကျောင်းများ ပြန်ထွက်လာမည့် နံနက်ခင်းအားကြီးအချိန်ကို စောင့်စားရန်သာ ရှိပါတော့သတည်း။

ကိုင်းပင်တို့ တောထလျက် မှက်၊ ခြင် လွန်စွာပေါသော ကနီချောင်းဝအနီးရှိ ကမ်းစပ်တွင် လူရဲသည် တစ်ညလုံး ဒုက္ခခံရင်း နံနက်အရုဏ်တက်ချိန်ကို စိတ်ရှည်စွာ စောင့်စားနေရလေ၏။

သူက မိကျောင်းသိုက်ရှိရာ ကမ်းပါးစပ်အပေါ်တည့်တည့်ရှိ ရောမကနစိုပင်ကြီးပေါ်သို့တက်ကာ ကြီးမားလှသည့် သစ်ကိုင်းတစ်ကိုင်းပေါ် ခြေဆင်းထိုင်လျက် ပင်စည်ကို ကျောမှီရင်း တစ်ညလုံး ငိုက်မျဉ်းနေရလေတော့၏။

လမိုက်ညမို့ ဝန်းကျင်တွင် ကြယ်ရောင်လရောင်တို့



www.burmeseclassic.com

www.burmeseclassic.com



ကင်းမဲ့ကာ မှောင်ပိန်းနေပြီး သံဒိမြစ်ဝပင်လယ်ဘက်ဆီမှ တင်လယ်အော်သံ တဝေါဝေါ၊ လှိုင်းသံတဝုန်းဝုန်းကို သဲ့သဲ့ကြားနေရလေသည်။

သူရောက်ရှိနေသောနေရာသည် လူသူကျေးရွာတို့နှင့်ဝေးကွာလှပြီး ဒီရေရောက်တောကြီးကျယ်ပြန့်စွာ ပေါက်ရောက်နေသည့် ပင်လယ်ဝနှင့် အနီးဆုံးနေရာဖြစ်သည်။

ဤ ဒီရေရောက်တောကြီးတွင် ကနစို၊ ဗျူး၊ သင်ပေါင်းသဘော့၊ သရော ဗျိုက်၊ လဗနှင့် ခရာတို့ တောထအောင်ထူထပ်စွာ ပေါက်ရောက်လျက်ရှိသည်။

ကမ်းစပ်အနီးတွင်လည်း သစ်ငုတ်များ၊ ငရဲငုတ်များသစ်ပေါင်းဆူး၊ ခရာဆူးများ ပေါများလှသဖြင့် လှေသမ္ဗန်တို့ကပ်လေ့မရှိ။ ဝေးဝေးမှရှောင်ကွင်းသွားလေ့သာ ရှိသောအရပ်ဖြစ်၏။

ဤသို့လျှင် လူသူမဲ့ရာ ဒီရေရောက်တောအစပ်ဝယ်တစ်ယောက်ထီးတည်း ရောက်ရှိနေသော်လည်း လူရဲမှာ ကြောက်ရွံ့စိတ် လုံးဝမရှိချေ။ ခါးကြားတွင် ဓားမြှောင်ထိုးလျက် ထိုင်ကာလက်ပိုက်ပြီး မှိန်းနေလေသည်။

သို့သော် ခြင်၊ မှက်များကို တဖျပ်ဖျပ် ရိုက်နေရသဖြင့်





ကောင်းကောင်းအိပ်၍မရ။ မေးခနဲဖြစ်လိုက်၊ နိုးလိုက်နှင့် ကြီးစွာသောဒုက္ခကို ခံစားနေရလေသည်။

သူ ဤမျှဒွဲကောင်းနေရခြင်းမှာလည်း ညဘက်တွင်လှေသမ္ဗန် အသွားအလာမရှိသဖြင့် ရွာဆီ ခရီးကြုံလိုက်ရန်မဖြစ်နိုင်ခြင်းကြောင့်လည်းကောင်း၊ ခရာတော ဒိုက်တောကြီးကိုဖြတ်ပြန်၍ မဖြစ်နိုင်သောကြောင့်လည်းကောင်း၊ မိကျောင်းသိုက်ထဲ ရောက်နေပြီဖြစ်သည့် သူ၏ကျေးဇူးရှင်ပထွေးဖြစ်သူ အသက်မသေသေးဘဲ သတိလစ်နေလျှင်၊ မြောနေလျှင် ကယ်တင်နိုင်ရန်အတွက်လည်းကောင်း၊ အကယ်၍ ကျေးဇူးရှင်ပထွေးဖြစ်သူ သေဆုံးသွားပြီဆိုလျှင်လည်း ရန်ပြုခဲ့သော မိကျောင်းတို့ကို ကလဲ့စားချေနိုင်ရန်အတွက်လည်းကောင်း ယခုလို ဖွဲ့ရှိရှိဖြင့် စောင့်စားနေမိခြင်း ဖြစ်ပါ၏။

မှောင်မှောင်မည်းမည်းထဲတွင် ဆိတ်ငြိမ်စွာထိုင်နေရင်းက သူ၏စိတ်က ရွာဆီသို့လည်း လွင့်သွားတတ်သေး၏။

"အင်း . . . အမေတော့ ပဒါမြေလူးဖြစ်နေပြီထင်တယ်၊ သူ့ရဲ့မျက်စိရှေ့မှာပဲ လင်ယောကျ်ားဖြစ်သူကို မိကျောင်းဆွဲသွားတာ တွေ့လိုက်ရပြီး သားဖြစ်တဲ့ငါပါ ပျောက်ဆုံးနေလေတော့အမေ့ခမျာ ခေါင်းမြွေပေါက်သလို ခံစားနေရရှာမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မှန်တာဆိုရလျှင် လူရဲသည် ပူပန်ခြင်းကြီးစွာဖြင့် မျက်ရည်လည်ရွဲဖြစ်နေရှာမည့် သူ၏မိခင်ကြီးအတွက်ထက် မိကျောင်းတို့၏သားရဲတွင်းကြီးထဲ ရောက်နေရှာသည့် ပုထွေးဖြစ်သူအတွက် ပိုမို ပူပင်နေမိလေသည်။

"အင်း ...ဦးလေးညွန့်အောင် သေတော့မသေလောက်သေးပါဘူး၊ ဒဏ်ရာကြီးကြီးမားမား ရထားပုံမရဘူး၊ ရေမွန်းပြီး သတိလစ် မေ့မြောသွားရုံ ဖြစ်မှာပါ၊ ဦးလေးညွန့်အောင် မသေပါစေနဲ့ ...၊

တကယ်လို့ သတိလစ်မေ့မြောနေတယ်ဆိုရင်လည်း မိကျောင်းကြီးတွေ သားရဲတွင်းထဲရှိနေတုန်း သတိပြန်မရလာဖို့လိုတယ်၊ မိကျောင်းကြီးတွေရှိနေတုန်း သတိပြန်ရလာရင်တော့ မိကျောင်းကြီးတွေရဲ့ တိုက်ခိုက်သတ်ဖြတ်တာကို ချက်ချင်းခံရမှာပဲ၊ မနက်မိုးလင်းလို့ မိကျောင်းကြီးတွေ အစာရှာထွက်သွားမှာပဲ သတိပြန်လည်လာပါစေ ...၊

ဟိုလူတစ်ယောက်ကိုလည်း မိကျောင်းတစ်ကောင်က ဆွဲသွားသေးတယ်၊ ဘာပဲဖြစ်ဖြစ် မိုးလင်းလို့ မိကျောင်းကြီးတွေ အသိုက်ထဲက ထွက်သွားတာနဲ့ အသိုက်ထဲကို ငါဝင်ပြီး သူတို့ရဲ့ အသက်ကို ကယ်ရမယ်"

ခု နှစ် စဉ် ကြယ် စာ ပေ



လူရဲမှာ တစ်ညလုံး မေးလိုက် နိုးလိုက်၊ တွေးလိုက်ခြင်းသာ ရှည်လျားလှသည့် ညတာကို ကျော်ဖြတ်ခဲ့ရပါတော့သတည်း။

❁ ❁ ❁

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com

# အသက်လုပွဲ



ပင်လယ်ဘက်မှ ရှင်းသန့်လတ်ဆတ်သော လေပြည်နုနု ဝေ့ခနဲ ဝေ့ခနဲ တိုက်ခတ်လျက်မှုပြီး ယိမ်းထိုးသွားသည့် ကိုင်းပင်များကြားတွင် အသိုက်စွဲထားကြသော စာဝါကလေးတို့မှာ အိပ်မှုန်ထ နိုးစအခါ ကျီကျီကျာကျာ အော်မြည်ဟစ်ကြွေး နံနက်အရုဏ်ဦးတေးကို ဆိုလျက်ရှိကြပြီ။

မကြာမီမှာပင် အရှေ့အရပ်ဆီမှ နံနက်ဦးနေခြည်နုနုလေး လွတ်လပ်စွာ ပွင့်ဖြာလျက် သံဒိမြစ်ပြင်အနှံ့ရှိ ရေလွှာသင်ဖြူးပေါ် ရွှေရည်ရွှေစက်တို့ ဖျန်းပက်စပြုလာပြီဖြစ်ပါချေ။

မိုန်းအိပ်နေခဲ့သည့်လူရဲမှာ အရုဏ်တက်စကတည်းက





နိုးနေကာ ကနုစိုပင်ကြီးထက်မှနေ၍ ကမ်းပါးစောက်အောက်ခြေရှိ မြစ်ပျဉ်းများကြားသို့ သတိကြီးစွာ စောင့်စားကြည့်ရှုလျက်ရှိလေသည်။

နံနက်ပိုင်း ပင်လယ်ဒီရေကျချိန်မို့ ကနုစိုပင်ကြီး၏ မြစ်ပျဉ်းများ ကမ်းပါးစောက်အောက်သို့ ယှက်ဖြာထိုးကျနေသည်ကို ရှင်းလင်းစွာ မြင်နေရလေသည်။ ယင်းမြစ်ပျဉ်းများကြားရှိ ရေပြင်မှာ လှိုင်းဘောင်ဘင်လှုပ်ခတ်လျက်ရှိသော်လည်း ထူးခြားမှုတစ်စုံတစ်ရာမျှ မတွေ့ရသေးချေ။

နံနက်အတော်လေး နေထွက်လာသည့်တိုင် အောက်ဘက်မှ ရေလွှာပြင်ကို စိုက်ငုံ့ကြည့်နေသည့်လူရဲမှာ ကမ်းပါးစပ်မြစ်ပျဉ်းများကြားမှ လျှောခနဲထွက်လာသော ရှည်မျောမျောမည်းမည်း သစ်လုံးလိုလို ကျောက်တုံးရှည်လိုလိုသဏ္ဍာန်ကြီးကို တွေ့လိုက်ရတော့သည်။

"ဟော . . . မိကျောင်းတစ်ကောင်တော့ ထွက်လာပြီ"

မိကျောင်းကြီးများမှာ တစ်ကောင်ပြီးတစ်ကောင် ထွက်လာရာ အားလုံး ငါးကောင်တိတိဖြစ်ကြောင်း အသည်းတုန်အူတုန်ဖွယ် တွေ့မြင်ရလေသည်။

မိကျောင်းကြီးများသည် နောက်ကျိသောရေလွှာပြင်



www.burmeseclassic.com

www.burmeseclassic.com



ထက်တွင် ငါးရံ့ပြေးလေး ကျောကုန်းဆူးတောင်များပေါ်ရုံ မျှော ထွက်သွားရာမှ ကမ်းစပ်နှင့် ဝါးနှစ်ရိုက်ခန့်အကွာအဝေး ရောက် သည့်အခါမှာမူ လှိုင်းဘောင်ဘင်ကြားတွင် ပျောက်ကွယ်သွားပါ တော့၏။ ရေဘုရင်ကြီးများကား ရေလွှာအောက်သို့ ငုပ်လျှိုးကာ သားကောင်အရှာထွက်သွားချေပြီတည်း။

မိကျောင်းကြီးများထွက်သွားပြီးနောက် အတန်ကြာသည် အထိ လူရဲ စောင့်ကြည့်နေသေး၏။

"အင်း ... ထပ်ထွက်မလာတော့ဘူး၊ အသိုက်ထဲမှာ မိကျောင်းတွေ မရှိတော့ဘူးနဲ့တူတယ်၊ သူတို့ပြန်မလာခင် ငါ အသိုက်ထဲဝင်မှပဲ"

လူရဲသည် ဓားမြှောင်ကို ပါးစပ်တွင်ကိုက်လိုက်ပြီး ကျော၌ လွယ်ထားသည့်ဓားရှည်ကို နေသားတကျ ပြင်ဆင်လိုက်ကာ ကနစိုပင်ကြီးပေါ်မှ ဆင်းလာခဲ့တော့၏။ ထို့နောက် မြစ်ပျဉ်းများ အပေါ်နင်းကာ ကုတ်ကတ်တွယ်ကာ ရေပြင်ဆီ ဆင်းလာခဲ့တော့ သည်။ ဤကမ်းပါးစပ်နေရာသည် ပင်လယ်ဝမှဝင်လာသည့် ရေလှိုင်းတို့ စဉ်ဆက်မပြတ် ရိုက်ခတ်နေသဖြင့် ကမ်းပြိုကာ ကမ်းပါးစောက်ကြီးဖြစ်နေသော်လည်း ကနစိုတောကြီးခံနေသဖြင့် ကမ်းဆက်လက်မပြိုဘဲ ပစောက်သဏ္ဌာန် ကမ်းပါးယံကြီး ဖြစ်နေ





ဝှံရလေသည်။

ရေပြင်မှာ ရေကျချိန်မှာပင် ရင်စို့လောက်ရှိပြီး မြစ်ပျဉ်း ကြီးများကြားမှ လိုဏ်အဝမှာ ရေမျက်နှာပြင်ပေါ်တွင် တစ်တောင် ခန့်သာ ခုံးခုံးဝိုက်ဝိုက် ပေါ်လျက်ရှိလေသည်။

လူရဲသည် ရေထဲငုပ်လျက် ကူးခတ်ရင်း လိုဏ်အဝမှ ဝင်လိုက်တော့၏။ လိုဏ်မှာ လေးငါးတောင်ခန့်ကျယ်ပြီး စောက် အမြင့်နှစ်တောင်ခန့်သာရှိကြောင်း လိုဏ်ဝမှ ထိုးဝင်လျက်ရှိသည့် နေ့အလင်းကြောင့် ဝိုးတဝါးမြင်ရလေသည်။

သို့သော် လိုဏ်လမ်းကျဉ်းကျဉ်းသည် အတွင်းသို့ ရောက်သည့်အခါ မည်းမှောင်သွားတော့ရာ တော်ရုံသတ္တိဖြင့် ဆက်ဝင်ဝံ့တော့မည် မဟုတ်ချေ။ လူရဲသည်မူ အသက်စွန့်ဝင်ရန် ဆုံးဖြတ်ထားသဖြင့် မှောင်မှောင်မည်းမည်း အားတင်းကာ ဆက် ဆက် ကူးခတ်ဝင်ရောက်ခဲ့လေသည်။ အတော်ကြာကြာ ကူးခတ် ဝင်ရောက်လာပြီး ကွမ်းတစ်ရာညက်ခန့်ကြာမှ ရှေ့ဆီဝယ် အလင်းပျပျကို တွေ့ရသဖြင့် လူရဲသည် အားတက်သွားပြီး ခပ်သွက်သွက် ကူးခတ်လာခဲ့တော့၏။

လိုဏ်လမ်းသည် ကျယ်ပြန့်လာပြီး လင်းသည်ထက် လင်းလာသည်ကို အံ့သြဖွယ် တွေ့ရလေသည်။ လူရဲသည်ကား



www.burmeseclassic.com

www.burmeseclassic.com



မိကျောင်းတစ်ကောင်ကဲ့သို့ ကူးခတ်ရင်း မိကျောင်းတို့၏သားရဲတွင်း၊ မိကျောင်းသိုက်ကြီးအတွင်းပိုင်းသို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်ပါသည်။

ရေအောက်လိုဏ်လမ်းသည်ကား တဖြည်းဖြည်း မြင့်တက်လာပြီး နောက်ဆုံး ဆက်လက်ကူးခတ်စရာမလိုတော့ရာ လူရဲသည် ရေမျက်နှာပြင်ထက်သို့ ခေါင်းဖော်လိုက်ပြီး အနေထောက်၊ လက်ထောက်ရင်း လိုဏ်လမ်းကို အကဲခတ်ကြည့်လိုက်တော့သည်။

လိုဏ်လမ်း၏အောက်ခြေ ကြမ်းပြင်မှာ ရွှံ့နွံတို့လူးကျံလျက် ရှိပြီး မိကျောင်းတို့၏ခြေရာများဖြင့် ရှုပ်ယှက်ခတ်နေပြီး လူတစ်ထိုင်လွတ်ရုံ မြင့်သည်။ လိုဏ်၏ခေါင်မိုးပိုင်းရော နံရံများပါ စိုစွတ်သော မြေလွှာမြေစိုင်တို့ဖြင့် ဖွဲ့စည်းထားကြောင်း တွေ့ရလေသည်။

အချို့လိုဏ်အမိုးထက်မှ သစ်မြစ်တို့ ထိုးဖောက်ဝင်ရောက်လျက်ရှိကြောင်းပါ တွေ့ရလေ၏။

ထူးခြားသည်မှာ ဤလိုဏ်လမ်းထဲတွင် အသက်ရှူရန် လေနှင့်အလင်းရောင်ပျပျတို့ ရှိနေခြင်းပင် ဖြစ်သည်။ တကယ်တော့ လူရဲသည် လူသားတို့ လုံးဝဝင်ရောက်လေ့လာဖူးခြင်း





မရှိသေးသော မိကျောင်းသိုက်ကြီးထဲ ပထမဦးဆုံး ရောက်လာသည့် လူသားပင် ဖြစ်ပါလိမ့်မည်။

လူရဲသည် ရွှံ့နွံများဖြင့် ချွဲကျိနေသည့် လိုဏ်လမ်းကျဉ်းကျဉ်းအတိုင်း ကုန်းကုန်းကွကွဖြင့် ချော်မလဲအောင် သတိထားဝင်ရောက်ခဲ့ရာ လိုဏ်လမ်းသည် ကွေ့ကောက်သွားပြီး တဖြည်းဖြည်း လိုဏ်အမိုးက မြင့်လာကာ လူတစ်ရပ်လွတ်လာတော့၏။ လိုဏ်ကွေ့တစ်ခုကို ကွေ့လိုက်ပြီးသည့်အခါမှာမူ လွန်စွာ ကျယ်ဝန်းမြင့်မားသော ရေမဂူလိုဏ်ကြီးကို အံ့ဩဖွယ် တွေ့ရတော့၏။

ယင်းဂူလိုဏ်ကြီးသည်ကား ကျောက်တုံးကျောက်သားသဘာဝကျောက်လိုဏ်ဂူကြီးပင်ဖြစ်ကြောင်း အံ့အားသင့်ဖွယ် တွေ့ရလေသည်။

ကျောက်လိုဏ်ဂူကြီး၏အမိုးအနီးရှိ ကျောက်ချပ်ကျောက်သွာတို့ကြားမှ အလင်းရောင်ဝင်ရောက်လျက်ရှိရာ ယင်းအလင်းတို့က ဂူအမိုးနှင့် နံရံများကို ရိုက်ခတ်ပြီး ဂူကြီးထဲအလင်းပြန့်နေခြင်းဖြစ်ကြောင်း တွေ့ရလေသည်။

"ဩော် . . . ဒါကြောင့် ဒီဂူလိုဏ်ကြီးထဲမှာ ရှူစရာလေနဲ့ အလင်းရောင်တို့ ရှိနေတာကိုး၊ အဲဒီဂူအမိုးကနေ အပြင်ဘက်ကို ထွက်ပေါက်ရှိတာ သေချာပြီ"



www.burmeseclassic.com

www.burmeseclassic.com



လှုရဲက အလင်းရောင်ရှိနေသည့် ဂူလိုဏ်ကြီးထဲ စူးစ
ကြည့်လိုက်ရာ ဂူကြမ်းပြင်၏အမြင့်ပိုင်းနေရာတွင် ကျောက်ဖျာ
တစ်ချပ်ကိုတွေ့ရပြီး ယင်းကျောက်ဖျာပေါ်၌ ပိုးလိုးပက်လ
ဖြစ်နေသည့် ပထွေးဖြစ်သူ ဦးညွှန့်အောင်ကိုတွေ့ရလေသည

လှုရဲက ဦးညွှန့်အောင်၏အနီးသို့ ခပ်သွက်သွက်လှ
သွားလိုက်ပြီး နံဘေးတွင် ဒူးတစ်ဖက်ထောက်ထိုင်လျက် လေ့
ကြည့်ရှုလိုက်ရာ ဦးညွှန့်အောင်မှာ အသက်မျှဉ်းမျှဉ်း ရှူလျ
ကြောင်း ဝမ်းမြောက်ဖွယ် တွေ့ရလေသည်။

"ဟာ . . . ဦးလေးညွှန့်အောင် မသေသေးဘူးပဲ၊ သ
လစ် မေ့မြောနေတာပဲ"

ဦးညွှန့်အောင်မှာ ခန္ဓာကိုယ်၌ ဒဏ်ရာကြီးမားစွာ ရ
ခြင်းမရှိဘဲ ခြစ်ရာပွန်းပဲ့ရာတို့ကိုသာ သွေးစို့ခြောက်လျက်သ
တွေ့ရလေ၏။

"ဦးလေး . . . ဦးလေး ဦးလေး"

လှုရဲက ဦးညွှန့်အောင်၏ခန္ဓာကိုယ်ကို လှုပ်ယမ်း
အတွင်တွင် ခေါ်လိုက်လေသည်။

"ဦးလေး . . . ဦးလေး"

လှုရဲ အတန်ပင် လှုပ်ယမ်းလျက် သတိပြန်လည်





အောင်ကြိုးစားမှ ဦးညွှန့်အောင်သည် တအင်းအင်းညည်းညူရင်း
သတိရလာတော့၏။

လှုရဲက ဦးညွှန့်အောင်ကို မှောက်လိုက်စေပြီး သူ၏ရင်
ဘတ်အောက်၌ လက်မောင်းထိုးခံကာ ရေတွေကို အန်ထုတ်စေ
လေသည်။ ရေများ အန်ထွက်သွားမှ ဦးညွှန့်အောင်မှာ လူးလွန့်
လှုပ်ရှားလာတော့၏။

"အင်း . . . ဟင်း ဟင်း ဟင်း"

"ဦးလေး ဦးလေး . . . သတိရလာပြီ မဟုတ်လားဗျ
ဦးလေး"

"ဟင် . . . မင်း မင်း သား လှုရဲ"

"ဟုတ်တယ် . . . ကျွန်တော်ပဲ ဦးလေး"

"ငါ ငါ့ကို မိကျောင်းကြီးဆွဲသွားပြီး၊ ငါ ငါ သတိလစ်
သွားတယ်ထင်တယ်၊ ငါ ငါ သေသွားပြီလား"

"အာ . . . မသေပါဘူးဗျ၊ သတိလစ်မေ့မြောသွားတာပါ၊
ခု သတိရပြီပဲ"

ဦးညွှန့်အောင်က ဝန်းကျင်ကိုအားယူကာ ဝေ့ပတ်ကြည့်
လိုက်လေသည်။

"ငါ ငါ ဘယ်ရောက်နေတာလဲဟင်"



www.burmeseclassic.com

"မိကျောင်းသိုက်ထဲရောက်နေတာဗျ၊ သံဒိမြစ်ဆုံက မိကျောင်းသိုက်ထဲ ရောက်နေတာ"

"ဟေ"

လူရဲက သူ ဦးညွန့်အောင်ကို မိကျောင်းဆွဲသွားရာ နောက်သို့ လိုက်ပါခဲ့ပုံမှစကာ ယခုလို မိကျောင်းသိုက်ကြီးထဲ ဝင်ရောက်လာပုံအထိ အတိုချုံးပြောပြလိုက်တော့သည်။

ဦးညွန့်အောင်သည် အံ့အားသင့်စွာ နားစိုက်ထောင်နေရင်းမှ သူ၏မျက်လုံးအကြည့်က ဂူကြီး၏အမှောင်ကျနေသော ကျောက်တုံးကြီးနှစ်ခုကြားသို့ ရောက်ရှိသွားတော့၏။

"ဟာ ... ဟို ဟိုမှာ လူ လူတစ်ယောက်ပါလားသား"

လူရဲက လှမ်းကြည့်လိုက်ပြီးနောက် ထိုနေရာသို့ ထသွားကြည့်လိုက်လေသည်။

မှောက်ခုံကြီးလဲကျနေသူကို ဆွဲလှန်လိုက်ရာ ...

"ဟာ ... ဝင်းဦးပါလား"

ဝင်းဦးမှာလည်း မသေသေးဘဲ အသက်မျှင်းမျှင်းရှိနေကြောင်းတွေ့ရသဖြင့် သူ့ကိုလည်း ရေများအန်ထွက်အောင် လုပ်လိုက်ပြီး ...





"ဝင်းဦး ... ဝင်းဦး ဝင်းဦး"

ဟု တွင်တွင်ခေါ်ကာ လှုပ်နှိုးလိုက်၏။

"အင်း ဟင်း ... ဟင်း ဟင်း အင်း"

ဝင်းဦးမှာ တအင်းအင်းညည်းညူလျက် သတိရလာတော့၏။

"ဟေ့ကောင် ဝင်းဦး ... သတိရပြီလား"

"ဟာ ... မင်း မင်း လူ လူရဲ၊ ဟင် ... ဦး ဦးညွန့်အောင်"

"အေး ... ငါတို့ပဲ၊ မင်း ဘာမှမပူနဲ့တော့၊ မသေတော့ဘူး"

"ကျွန် ... ကျွန်တော့်ကို မိကျောင်းကြီးတစ်ကောင်ဆွဲသွားတာဗျ၊ ပြီးတော့ ရေမွန်းပြီးသတိလစ်သွားတာ၊ ခု ... ခု ... ကျွန်တော် ဘယ်ရောက်နေတာလဲဟင်"

"မိကျောင်းသိုက်ကြီးထဲ ရောက်နေတာကွ"

ဝင်းဦးအား အကြောင်းစုံကို အတိုချုံး ပြောပြလိုက်သည်။

ဝင်းဦးမှာ မိကျောင်းသိုက်ကြီးထဲရောက်ရှိနေမှန်း သိသဖြင့် ဝန်းကျင်ကို ကျီးကြည့်ကြောင်ကြည့်ကြည့်ကာ လွန်စွာ

www.burmeseclassic.com



ကြောက်ရွံ့တုန်လှုပ်လျက် ခန္ဓာကိုယ်မှာ တဆတ်ဆတ် တုန်နေတော့၏။

"ဝင်းဦး . . . မင်း ဘာမှမစိုးရိမ်နဲ့၊ ဒီဂူလိုဏ်ကြီးထဲ မိကျောင်းကြီးတွေ ပြန်မဝင်လာခင် ငါတို့ ဒီအထဲက ရအောင် ထွက်မယ်"

"ဟုတ်တယ် ဝင်းဦး၊ ဘာမှမပူနဲ့ . . . ငါတို့ရှိတယ်"

ဝင်းဦးမှာ လူရဲနှင့် ဦးညွန့်အောင်တို့၏မျက်နှာကို ရီဝေစွာကြည့်ရင်း မျက်ဝန်းမှ မျက်ရည်တို့ စီးကျလာတော့၏။

"လူရဲ မင်းနဲ့ဦးလေး ဦးညွန့်အောင်တို့အပေါ်မှာ ငါ ကောက်ကျစ်ခဲ့မိတယ်ကွာ၊ ခွင့်လွှတ်ပါ၊ မင်းတို့ကတော့ ငါ့အပေါ် အာဃာတမထားဘဲ အသက်ကယ်ဖို့ စဉ်းစားတယ်နော်"

ဦးညွန့်အောင်က မေးလိုက်လေသည်။

"နေပါဦးကွ . . . မင်းက ငါတို့အပေါ် ဘယ်လိုကောက်ကျစ်ခဲ့လို့လဲ"

ဤတွင် ဝင်းဦးက H.ဖွန်လား ရွာဆီရောက်လာသည်မှစပြီး စင်သီယာ၏အကြောင်းရော ဦးညွန့်အောင်၏လုံချည်ကို ခိုးယူခဲ့ပြီး နတ်မိကျောင်းသိုက်ကြီးကို ရှာဖွေဖော်ထုတ်ခဲ့ကြပုံရော အဖြစ်အပျက်အစုံကို ဖွင့်ပြောပြလိုက်တော့၏။





"အဲ အဲဒီတုန်းက ဦးလေးရဲ့လုံချည်ကိုခိုးယူပြီး မိကျောင်းသိုက်ကြီးကို ဖော်ထုတ်ခဲ့လို့ မိကျောင်းတွေဟာ ဦးလေးရဲ့ ကိုယ်နံ့ကို ခြေရာခံပြီး ကနီရွာဆီလိုက်လာခဲ့တာပဲဖြစ်ရမယ်ဗျ။ ဒါကြောင့် ကျွန်တော့်မှာ အပြစ်ရှိပါတယ်ဗျာ၊ ခွင့်မလွှတ်နိုင်ရင် ခွင့်မလွှတ်ကြပါနဲ့၊ သန်းလွင်တို့နဲ့ပေါင်းပြီး လောဘဇောကပ်လို့ အဲဒီလိုတွေ လုပ်မိတာပါ၊ ခွင့်မလွှတ်ကြပါနဲ့ . . . ဒီအထဲမှာပဲ သတ်လိုက်ကြပါ၊ သတ်လိုက်ကြပါ၊ ကျွန်တော်ကျေနပ်ပါတယ် . . . အီး ဟီး ဟီး"

ဝင်းဦးမှာ ကြေကွဲနောင်တရစွာ ငိုကြွေးနေတော့၏။ လူရဲက ဝင်းဦး၏ပခုံးပေါ် လက်တင်လိုက်ပြီး . . .

"ဝင်းဦး . . . ငါ အားလုံး ခွင့်လွှတ်ပါတယ်ကွာ၊ လူဆိုတာ တစ်ခါတလေ မှားတတ်တာပါပဲ၊ ခွင့်လွှတ်ပါတယ်၊ ငါတို့ဟာ တစ်ရွာတည်းသားတွေပဲ၊ မင်းကို မသတ်လိုပါဘူး၊ ငါတို့နဲ့အတူ ဒီဂူကြီးထဲက ထွက်ရအောင်ပါ . . . ဘာမှ မပူပါနဲ့တော့ကွာ"

ဟု နှစ်သိမ့်လိုက်ရာ ဦးညွန့်အောင်ကလည်း သင်ပုန်းချေစကားဆိုသည်။

"ဟုတ်ပါတယ် မောင်ဝင်းဦး၊ ဦးလေးလည်း မင်းကို

www.burmeseclassic.com



ခွင့်လွှတ်ပါတယ်၊ ခုအချိန်မှာ အရေးကြီးတာက ငါတို့ ဒီမိကျောင်းသိုက်ကြီးထဲက လွတ်အောင်ရုန်းဖို့ပဲကွဲ့"

"ဟုတ် ဟုတ်ကဲ့ . . . ကျွန်တော့်ကို ခွင့်လွှတ်လို့ ဝမ်းသာ ကျေးဇူးတင်လှပါတယ်ဗျာ၊ ကျွန်တော်လည်း နောင်တရပါပြီ နောင်ဆို ဘယ်သူ့အပေါ်မှာမှ မကောင်းမကြံတော့ပါဘူးလို့ ကတိပေးပါတယ်ဗျာ"

"အေးကွာ . . . မင်း အမြင်မှန်ရတာကို ဝမ်းသာပါတယ်၊ ကဲ ကဲ . . . ငါတို့ ဒီဂူကြီးထဲက ထွက်နိုင်အောင် ကြိုးစားစို့"

"နေ နေဦးလူရဲ . . . ဒီမိကျောင်းသိုက်ကြီးထဲမှာ H.ဖွန်လားရဲ့အစ်မ စင်သီယာရဲ့ စိန်လည်တုံကြီး ရှိနိုင်တယ်ကွ၊ စင်သီယာရဲ့အလောင်းကတော့ အရိုးကျနေရောပေါ့"

"အေး . . . ဒီအထဲ ရောက်တုန်းရောက်ခိုက် ရှာကြည့်ကြတာပေါ့ကွာ"

သို့ဖြင့် . . . လူရဲတို့သုံးဦးသည် မြေအောက်သဘာဝ ကျောက်လိုဏ်ဂူကြီးထဲအနှံ့ လျှောက်ကြည့်ဖွေရှာတော့၏။

ဂူလိုဏ်ကြီး၏ဝဲဘက်တွင် အတွင်းတစ်ဝဂူလိုဏ်လေးများ တွေ့ရရာ ဂူလေးတစ်ဂူထဲတွင် ဖွေးဖွေးဖြူနေသော အရိုးစု





တစ်စုကို တွေ့ရတော့သည်။

"ဟာ . . . ဒီမှာ အရိုးစုတစ်ခု"

"အင်း . . . ဒါဟာ စင်သီယာရဲ့ အရိုးစုပဲ့တူတယ်"

ထိုတစ်ဝကျောက်ဂူလေးထဲတွင် လဲလျောင်းလျက် အနေအထား အရိုးစုတစ်ခုကိုတွေ့ရပြီး အရိုးစု၏ရင်ဘတ် အရိုးများကြားတွင် တွဲလောင်းကျနေသည့် စိန်ဘယက်တစ်လုံးကို မပြတ်မတောက် တွေ့ရလေသည်။

"ဟာ . . . ဒီမှာ စိန်ဘယက်ပဲ"

စိန်ဘယက်ကြီးကား အလင်းပျပျအောက်တွင် ဖျပ်ဖျပ်လက်လျက်ရှိတော့၏။

လူရဲက စိန်ဘယက်ကြီးကို အရိုးစုတို့ကြားမှ ဖြုတ်ယူလိုက်ကာ လက်ဖဝါးပေါ်တင်လျက် သေချာကြည့်လိုက်လေသည်။

"အင်း . . . ဝင်းဦး . . . မင်းပြောပုံအရဆိုရင် ဒီစိန်ဘယက်ကြီးဟာ H.ဖွန်လားတို့ရဲ့ ဘိုးဘွားပိုင်ရတနာပစ္စည်းပဲ၊ သိန်းချီပြီးတန်မှာ သေချာတယ်ကွ"

"ဟုတ်တယ် . . . မင်းနဲ့ထိုက်လို့ မင်းရတာ၊ ယူလိုက်ကွာ၊ မင်းသာ ဒီမိကျောင်းသိုက်ကြီးထဲ ဝင်မလာခဲ့ရင် ငါတို့



www.burmeseclassic.com

www.burmeseclassic.com



မိကျောင်းစာ ကျိန်းသေဖြစ်မှာပဲ၊ အဲဒီ စိန်လည်တုံကြီးကိစ္စကို ငါ ဘယ်သူ့မှ မပြောပါဘူး''

သို့သော် လူရဲက ခေါင်းကိုယမ်းလိုက်လေသည်။

''ပိုင်ရှင်ရှိတဲ့ပစ္စည်းကို ငါမယူလိုပါဘူး ဝင်းဦး၊ H.ဖွန်လားရဲ့လက်ထဲပဲ ထည့်ပေးလိုက်မှာပါ ကဲ . . . ခုတော့ ဦးလေးသိမ်းထားလိုက်ပါဦး၊ ကျွန်တော် ဒီကျောက်ချပ်လွှာတွေပေါ် တက်ပြီး ထွက်ပေါက်ကို ကြည့်လိုက်ဦးမယ်''

လူရဲက စိန်ဘယက်ကို ကမ်းပေးလိုက်ရာ ဦးညွန့်အောင်က လှမ်းယူလိုက်ပြီး အင်္ကျီအိတ်ထောင်ထဲ ထည့်ထားလိုက်လေသည်။

လူရဲက ဂူနံရံမှ ●ကျောက်တုံးများ၊ ကျောက်ချပ်လွှာများကို တွယ်ဖက်တက်တော့သည်။

ဤသဘာဝ မြေအောက်လိုဏ်ဂူကြီးနှင့် ရေအောက်လိုဏ်လမ်းတို့ ဆက်သွယ်မိထားပုံမှာ သဘာဝ၏ဆန်းကြယ်မှုတစ်ပါးပင် ဖြစ်ပါ၏။

သို့လျှင် သဘာဝရေအောက် မြေအောက်လျှို့ဝှက်ဂူလိုဏ်ကြီးများကို မိကျောင်းတို့က အသိုက်လုပ်ထားတတ်သည်မှာ ကမ္ဘာနှင့်အဝှမ်း ဖြစ်ပါသည်။





မိကျောင်းနှင့်မြွေကဲ့သို့သော တွားသွားသတ္တဝါတို့မှာ ကြောက်မက်ဖွယ်ကောင်းသလောက် စိတ်မှတ် အငြိုးကြီးများဖြစ်သည့်အပြင် နတ်ဒေဝတာတို့နှင့် ဆက်နွယ်မှုရှိသည့် သတ္တဝါများဟု အာဖရိက၊ တောင်အမေရိကနှင့် အာရှတိုက်ရှိ အချို့ဒေသများမှ လူမျိုးများက ယူဆယုံကြည်လေ့ရှိကြလေသည်။

အချို့မြေအောင်းမြွေကြီးများမှာ သက်တမ်းလွန်စွာရှည်ကြပြီး ခန္ဓာကိုယ်သည်လည်း အတိုင်းအဆမရှိ ကြီးထွားကြသည်ကို တွေ့ရပေါင်းများပြီဖြစ်၏။

မြန်မာပြည်အောက်ပိုင်း မြစ်ဝကျွန်းပေါ်ဒေသနှင့် ပင်လယ်ကမ်းရိုးတန်းဒေသတို့တွင် လွန်စွာသက်တမ်းရှည်ကြာသော မိကျောင်းကြီးများရှိပြီး ဦးခေါင်းသုံးတောင်ပြည့်အောင်ရှည်လျားပါက နတ်မိကျောင်းများဖြစ်သွားလေ့ရှိသည်ဟု အယူအစွဲ ရှိကြလေသည်။

ထိုသို့ နတ်မိကျောင်းဖြစ်သွားပါက လူယောင်ဖန်တီး၍ ခင် ရသော တန်ခိုးကဣဒ္ဓိပါဒ်နှင့်ပြည့်စုံသည်ဟု ယူဆယုံကြည်ကြ၏။

(ကမ္ဘာပေါ်တွင် မိကျောင်းနှစ်မျိုးနှစ်စားရှိရာ မြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံများရှိ မိကျောင်းတို့မှာ ခေါင်းရှည်အမျိုး



www.burmeseclassic.com

www.burmeseclassic.com



အစား (Crocodile) များဖြစ်ကြပြီး အာဖရိကတိုက်နှင့် တောင်အမေရိကတိုက်တို့တွင် ပေါက်ဖွားကျက်စားကြသည့် မိကျောင်းများမှာ ခေါင်းတိုအမျိုးအစား (Alligator) များ ဖြစ်ကြလေသည်။

အာဖရိကတောနက်ထဲနှင့် တောင်အမေရိကတိုက် အမေဇုန် (Amazon) မြစ်ဝှမ်းဒေသတို့တွင် လွန်စွာကြီးမားသော (Alligator) ရောမအလီဂေတာကြီးများကို တွေ့ရလေ့ရှိပေသည်။

မြန်မာတို့၏ ရှေးဟောင်းသမိုင်းမှ ငမိုးရိပ်မိကျောင်းမှာ ခေါင်းရှည် (Crocodile) ခရိုကိုဒိုင်းအမျိုးအစားဖြစ်ပြီး ဥက္ကလာပဘက်ကမ်းမှ သန်လျင်ဘက်ကမ်းသို့ ပဲခူးမြစ်ကိုဖြတ်ကာ အာခံတွင်းထဲ၌ မင်းနန္ဒာမင်းသားလေးကို ကျောပေါ်တင်လျက် ကူးလေ့ရှိခဲ့လေ၏။

ယင်းငမိုးရိပ်မိကျောင်းမှာ မြန်မာနိုင်ငံတွင် နာမည်ကျော်မိကျောင်းဖြစ်ပြီး သိကြားမင်း၏သားဟုလည်း ရှေးဟောင်းသမိုင်းက ဆိုပါသည်။ ငမိုးရိပ်မိကျောင်းကို အစွဲပြုပြီး ပုဇွန်တောင်ချောင်းနှင့်ဆက်လျက် ငမိုးရိပ်ချောင်းဟူသည့်ချောင်းကြီးမှာ ရန်ကုန်မြို့အရှေ့တောင်ဘက်တွင် ကွေ့ပတ်စီးဆင်းလျက် ယနေ့တိုင် အထင်အရှားတည်ရှိနေပါသည်။

ငမိုးရိပ်မိကျောင်းသည် နာမည်ကျော်ရှေးဟောင်းသမိုင်းအချစ်ဇာတ်လမ်းတစ်ပုဒ်ဖြစ်သော ရှင်မွေးလွန်းနှင့်မင်းနန္ဒာဇာတ်လမ်းတွင် အဓိကဇာတ်ကောင်တစ်ဦးလည်း ဖြစ်ပါသည်။

ယင်း ငမိုးရိပ်မိကျောင်းသည် ရန်ကုန်မြို့ မြောက်ဥက္ကလာမှ မယ်လမုဘုရားသမိုင်းနှင့်လည်း ဆက်စပ်နေပါသည်။

ထို့ထက်ထူးခြားသည်မှာ ရန်ကုန်မြို့သမိုင်းဘက်ရှိ နာမည်ကျော်စေတီတစ်ဆူမှာ ငမိုးရိပ်မိကျောင်း၏ အရိုးစေတီဟုလည်း ဆိုရိုးရှိပါသည်။)

လူရဲသည် ကျောက်ဂူကြီး၏နံရံရှိ ကျောက်တုံးကျောက်ဖွယ် ကျောက်ချပ်လွှာတို့ကို ဖက်ယက်တက်ခဲ့ရာ လူအရပ်သုံးပြန်ခန့်အမြင့်အရောက်တွင် ကျောက်ချပ်လွှာကြီးတစ်ချပ်၏နောက်၌ အလင်းရောင်ဝင်ပေါက်ကို တွေ့ရတော့သည်။

ကျောက်တုံးကြီးသုံးလုံး ဖိုခုံလောက်ဆိုင်တည်ရှိနေသည့် အလယ်မှ အလင်းဝင်ပေါက်မှာ တစ်တောင်ပတ်လည်ခန့်သာကျယ်သဖြင့် ခေါင်းဝင်ဆံ့ရုံသာ ရှိ၏။

ထိုအပေါက်မှ ထိုးထွက်နိုင်ရန် လူရဲက ကျောက်တုံးတို့၏အခြေကို ဓားမြှောင်ဖြင့် ထိုးဆွတူးဖော်တော့ရာ ခဏအကြာမှာပင် ကျောက်တုံးတစ်တုံးမှာ နဲ့လာပြီး အပြင်ဘက်သို့ ယိုထုတ်တွန်း ပစ်လိုက်နိုင်တော့၏။







www.burmeseclassic.com

www.burmeseclassic.com



လူရဲသည် နောက်ကျောက်တုံးတစ်တုံးကိုပါ တူးအ
တွန်းဖယ်ထုတ်လိုက်နိုင်ပြီးသည့်နောက်မှာမူ လူတစ်ကိုယ် ဝ
ထွက်နိုင်လောက်အောင် အပေါက်ကျယ်သွားပြီဖြစ်သဖြင့် ထ
အပေါက်မှ ထိုးထွက်လိုက်တော့သည်။

သူအပြင်ကိုရောက်သွားတော့ ခရာတော၏ အစွန်
ရှေးဟောင်းဂူဘုရားစေတီပျက်ကြီးအတွင်းသို့ ရောက်ရှိနေကြော
တွေ့ရတော့၏။

စေတီကြီးမှာ ပျက်စီးပြိုကျနေပြီး ကျောက်တုံးကျော
စိုင် အပြိုအပျက်တို့ကြားမှ သူတိုးထွက်လာခြင်းဖြစ်ပါသည
မည်သို့ဖြစ်စေ ဘေးကင်းရာထွက်ပေါက်ကို တွေ့ရချေပြီတည

"ထွက်ပေါက်တွေ့ပြီ . . . မပူနဲ့တော့"

လူရဲက ဝမ်းသာအားရ အော်ပြောပြီး အပေါ်သို့ တ
လာခဲ့ကြရန် ပြောမည်ပြုစဉ်မှာပင် . . .

'ဂီး ဂီ၊ ဂီး'





ဂူလိုဏ်ကြီးထဲ ပွဲတင်ရိုက်ခတ်ထွက်ပေါ်လာသော လိုဏ်
သံကြီးတို့ကြောင့် လူရဲရော ဦးညွန့်အောင်တို့ပါ ထိတ်ထိတ်ပျာပျာ
ဖြစ်ပြီး နားစွင့်လိုက်ကြလေ၏။

'ဂီး ဂီး'

"ဟာ . . . ဒါ မိကျောင်းကြီးတွေရဲ့ မာန်ဖီသံနဲ့တူတယ်၊
သူ သူတို့ ပြန်ဝင်လာကြပြီ၊ လာ လာ . . . တက်ခဲ့ကြ မြန်မြန်"

တက်ခဲ့ကြဆိုမှ ဦးညွန့်အောင်ရော ဝင်းဦးပါ တုန်ချည့်
တုန်ချည့် ဖြစ်နေသဖြင့် လူရဲမှာ သူတို့နှစ်ယောက်အတွက် စိတ်
ပူသွားပြီး သူတို့ကို ဖေးမခေါ်တင်နိုင်ရန် ဂူကြမ်းပြင်ပေါ်သို့
အလောတကြီး ခုန်ဆင်းလာရတော့၏။

"မိကျောင်းကြီးတွေက ကျွန်တော်တို့ ဒီလိုဏ်ဂူကြီးထဲ
ဝင်လာလို့ ခြေရာလက်ရာတွေ ပျက်နေတာကိုတွေ့ပြီး ဒေါသ
တကြီး ဖြစ်သွားပြီထင်တယ်ဗျ"

'ဂီး ဂီး ဂီး'

မိကျောင်းကြီးတို့၏ မာန်ဖီသံက ပို၍ပို၍ ကျယ်လောင်
လာရာ ဂူလိုဏ်အဝမှ တောက်လျှောက်ဝင်လာကြပြီဖြစ်ကြောင်း
သိသာလှပေသည်။

"လူ လူရဲ . . . လုပ် လုပ်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... တက် ... ကြိုးစားပြီးတက်"

လူရဲက ဝင်းဦးကို ဂူနံရံအထက်သို့တက်ရန် တွန်းတင်

ပေးလေသည်။ ဝင်းဦးလည်း အားမရှိသော်လည်း သေဘေး

ကြောက်ရွံ့လှသဖြင့် အတင်းကုတ်ကတ်တွယ်ဖက်တက်လေ

၏။

"အဲဒီအလင်းရောင်ဝင်နေတဲ့ နေရာရောက်အောင်

တက်၊ ကဲ ... ဦးလေးလည်း တက်တော့လေ ... တက်"

လူရဲက ဦးညွန့်အောင်ကိုပါ အတင်းတွန်းတင်ရလေ

သည်။ ဦးညွန့်အောင်နှင့်ဝင်းဦးတို့မှာ ကျောက်တုံးကျောက်

လွှာများကို အတင်းကုပ်ကတ်တက်တော့၏။

ဦးညွန့်အောင်တို့ လူတစ်ရပ်ကျော်ခန့် အမြင့်ရော

သည်တွင် ...

'ဂီး ဂီး ဂီး'

ကျယ်လောင်လှသော မာန်ဖီသံကြီးများနှင့်အတူ

ကျောင်းကြီးတစ်ကောင်သည် ဂူလိုဏ်အချိုးကိုကွေ့ကာ ပင်

လိုဏ်ကြီးထဲသို့ ပြေးဝင်လာတော့၏။

"လူရဲ သတိထား"

လူရဲက စင်သီယာ၏လက်ဖျံရိုးတစ်ချောင်းကို ပြေ





လိုက်ပြီး မိကျောင်းကြီးကို ရင်ဆိုင်လိုက်လေသည်။

ဒေါသလွန်စွာကြီးနေသည့် မိကျောင်းကြီးက လူရဲကို

ပြေးဟပ်လိုက်ရာ လူရဲက လက်ဖျံရိုးကိုထောင်ကိုင်လျက်မှ

မိကျောင်းကြီး၏ အားကုန်ဟထားသည့် ပါးစပ်ထဲ လက်ထိုးထည့်

လိုက်လေသည်။

မိကျောင်းကြီးသည် အပေါ်မေးရိုးကို အစွမ်းကုန်ဟကာ

လူရဲကို အဟုန်ပြင်းစွာ ကိုက်ချလိုက်ရာ စင်သီယာ၏လက်ဖျံရိုး

ကြီးက အာခေါင်ကို ဒေါက်ထောက်သလို ထောက်မိလျက်သား

ဖြစ်သွားတော့၏။

မိကျောင်းကြီးသည်ကား အမြီးကို တဘုန်းဘုန်းရိုက်ကာ

မြောင်းဆန့်သွားတော့သည်။ လူရဲလည်း နံရံဆီပြေးသွားကာ

တွယ်ဖက်တက်လိုက်တော့၏။

ထိုစဉ် နောက်မိကျောင်းတစ်ကောင်က ပြေးလာပြီး

လူရဲကို အမြီးဖြင့် လွှဲရိုက်ချလိုက်တော့၏။

'ဖြောင်း'

လူရဲက ရိပ်ခနဲမြင်လိုက်သည်နှင့် တွယ်ဖက်သောနေရာ

မှ ဂူကြမ်းပြင်သို့ လှစ်ခနဲ ခုန်ချလိုက်သဖြင့်သာ မိကျောင်းကြီး၏

အမြီးစာမိမသွားခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂူကြမ်းပြင်ဆီရောက်သည်နှင့် လူရဲသည် ကျော၌ လွယ်ထားသည့် ငှက်ကြီးတောင်ဓားကို ဓားအိမ်မှ ဆွဲထုတ်လိုက်ပြီး ဓားကို လက်နှစ်ဖက်ဖြင့် အားကုန်ကိုင်မြှောက်ပြီး မိကျောင်းကြီး၏ လည်ကုပ်ကို ထိုးစိုက်ချလိုက်လေသည်။

'စွပ်'

အထိနာသွားသည့် မိကျောင်းကြီးက သူ့ကို အမြီးဖြင့် ပတ်ရိုက်လိုက်ပြန်ရာ ကမန်းကတမ်း ငုံ့ရှောင်လိုက်ရလေ၏။

'ဝှီး'

မိကျောင်းကြီးနှစ်ကောင်မှာအထိနာလျက် ဖျပ်ဖျပ်လူးပြီး တွေ့ရာမြင်ရာကို အမြီးကြီးများဖြင့် တဖြန်းဖြန်း ရိုက်ခတ်လျက် ရှိရာ နောက်ထပ်ဝင်လာကြသည့် မိကျောင်းကြီးများမှာ ရှေ့သို့ မတိုးသာဖြစ်နေကြတော့သည်။

ထိုသည်ကို အခွင့်ကောင်းယူပြီး လူရဲသည် ကျောက်တုံးကျောက်လွှာချပ်တို့ကို ဆွဲကုတ်တွယ်ကာ ဂူနံရံပေါ်သို့ လျင်မြန်စွာ တက်သွားပါတော့သတည်း။

❁ ❁ ❁





## မင်္ဂလာနေ့ရက်များ

ကနီရွာလေး၏ မင်္ဂလာရှိလှသော နံနက်ခင်းလေးကား ရွာသူရွာသားအပေါင်း၏ ပျော်ရွှင်ကြည်နူးမှုတို့ဖြင့် အေးချမ်းလှပသာယာလျက်ရှိတော့သည်။

သံဒိမြစ်ဆုံရှိ နတ်မိကျောင်းသိုက်ကြီးထဲမှ ဖြစ်ပျက်ခဲ့ပုံအလုံးစုံတို့ကို ဝင်းဦးက သန်းလွင်နှင့် သန်းလွင်၏ဖခင် ဦးသိန်းဟန်၊ H.ဖွန်လားနှင့် ရွာလူကြီးများ ရွာသူရွာသားများကို ရှင်းပြခဲ့လေသည်။

"လူရဲဟာ ကျွန်တော့်ရဲ့အသက်ကို မရ, ရအောင် အသက်စွန့်ပြီး ကယ်တင်ခဲ့ပါတယ်၊ လူရဲရော, ဦးညွန့်အောင်ရော



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ရဲ့အမှားတွေကို ခွင့်လွှတ်ခဲ့ကြပါတယ်၊ သူတို့သားအဖ ရဲ့သဘောထားကြီးမှု, ခွင့်လွှတ်မှုနဲ့ ကျေးဇူးတရားတို့ကို ကျွန် တော်ရဲ့တစ်သက် မမေ့လိုရမှာမဟုတ်တော့ပါဘူး ...၊

ပြီးတော့ ...စင်သီယာရဲ့ အရိုးစုကနေ စိန်ဘယက် ကြီး ရတော့လည်း လူရဲကို မင်းထိုက်နဲ့မင်းကံရတာ ယူလိုက်ပါ ငါ ဘယ်သူ့မှ မပြောပါဘူးလို့ ကျွန်တော်ပြောခဲ့ပါတယ်၊ ဒါပေမဲ့ ...လူရဲက လက်မခံပါဘူး၊ ပိုင်ရှင်ရှိတဲ့ပစ္စည်းကို မယူလိုဘူး H.ဖွန်လားရဲ့လက်ထဲပဲ အပ်မယ်လို့ ပြောပါတယ်၊ လူရဲရဲ့ ဖြူစင် ရိုးသားမှုကို ကျွန်တော် အံ့ဩချီးကျူးလို့ မဆုံးပါဘူးခင်ဗျာ”

ဝင်းဦး၏ ချီးကျူးစကားအဆုံးတွင် ရွာလူကြီးများအား လုံးကလည်း လူရဲကို ဝိုင်းဝန်းချီးကျူးကြလေသည်။

“ငါတို့လည်း ချီးကျူးတယ်ဟေ့၊ လူရဲလို သတ္တိရော ဖျတ္တိပါကောင်းတဲ့ သူရဲကောင်း သူတော်မြတ်လူငယ်တစ်ဦးကို ငါတို့ ကနီရွာကရထားတာ အင်မတန်ဂုဏ်ယူစရာကောင်းတယ် ဟေ့”

“ဟုတ်ပါ့ဗျာ ...ကျုပ်တို့လည်း မောင်လူရဲကို အင်မ တန်မှ ချီးကျူးလေးစားပါတယ်ဗျာ”

လူရဲက သူရရှိလာသည့် စိန်လည်တံ့ကြီးကို H.ဖွန်လား





အား ပေးအပ်လိုက်ရာ H.ဖွန်လားကလည်း လူရဲကို ငွေသားတစ် သောင်းတိတိ ကျေးဇူးတုံ့ပြန် ချီးမြှင့်လေ၏။

လူရဲက ယင်းငွေအားလုံးကို ရွာဦးစေတီပြုပြင်မွမ်းမံရန် ရွာလူကြီးတို့၏လက်သို့ လှူဒါန်းပေးအပ်လိုက်ရာ ကနီတစ်ရွာလုံး က ဝိုင်းဝန်းသာဓုခေါ်ကြလေသည်။

သန်းလွင်တို့သားအဖကလည်း လူရဲတို့သားအဖကို ဝန်ချတောင်းပန်ခြင်းပြုကြလေ၏။

“သူငယ်ချင်း ...ငါတို့ရဲ့ ရန်လိုမှုတွေကို အဆုံးသတ် ပြီး တစ်ရွာတည်းသားချင်း ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးနေ ကြရအောင် ...နော် လူရဲ”

“မင်းဆီက ဒီလိုစကားကြားရတာ ဝမ်းသာပါတယ် သန်းလွင်ရာ”

သန်းလွင်နှင့်လူရဲတို့၏ ချစ်ကြည်မှု ရရှိသွားသဖြင့် အတိုင်းမသိ ဝမ်းသာရသည်က ဖြူနှင်းပင် ဖြစ်ပါ၏။

“အင်း ...တကယ်တော့ ကျုပ်တို့ရွာသူရွာသားချင်း ရန်ပိုပြီး အာဃာတထားအမုန်းပွားနေလို့ အများအကျိုးရှိမှာလဲ ကွာ၊ အဲဒီလိုသာ ရန်လိုအမုန်းပွားနေရင် ခုလောက်ရှိ ဝင်းဦးတာ နတ်မိကျောင်းသိုက်ထဲမှာ မရှုမလှ သေပွဲဝင်ခဲ့ရောပေါ့ ခုတော့



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့လည်း နောင်တရနေပါပြီဗျာ၊ ကိုညွှန့်အောင်တို့ သားအဖနဲ့ရော ကျန်တဲ့ရွာသူရွာသားတွေနဲ့ပါ ခုအချိန်ကစပြီး ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး နေသွားပါတော့မယ်ဗျာ''

သန်းလွင်၏ဖခင်ကြီး ဦးသိန်းဟန်က နောင်တရစွာ ငြိမ်းချမ်းရေးစကားဆိုပြီး ဦးညွှန့်အောင်၏ပခုံးကို ရင်းနှီးနွေးထွေးစွာ ဖက်လိုက်လေသည်။

ဦးညွှန့်အောင်ကလည်း ဒေါသအာဃာတကင်းစွာ ပြုံးလျက်ရှိရာ မြင်ရသူအပေါင်းမှာ စိတ်လက်ချမ်းသာကြည်နူးသွားပါတော့၏။

❁

နောက်တစ်လခန့်အကြာတွင်မူ ...

ကနီရွာ၏ ကွမ်းတောင်ကိုင် အလှပဂေးဖြူနှင်း၏အိမ်ရှေ့တွင် မင်္ဂလာမဏ္ဍပ်ကြီး ဟည်းနေအောင်တိုးလျက် တွံတေးမြို့မှ နာမည်ကျော်စိန်လက်သံ မင်္ဂလာဆိုင်းအဖွဲ့က တငြိမ့်ငြိမ့်တီးလျက်ရှိတော့၏။





မင်္ဂလာမဏ္ဍပ်ထဲတွင် သတို့သား မောင်လှရဲနှင့် သတို့သမီး မဖြူဖြူနှင်းတို့ကို ရွှေဖလားရောင် မင်္ဂလာဝတ်စုံတို့ဖြင့် လှပသားနား လန်းဆတ်စွာတွေ့မြင်ရသလို အင်းသူကြီး ဦးသိန်းဟန်ကိုလည်း ပိုးပဝါခေါင်းပေါင်းစ တလူလူ၊ ဘန်ကောက်လုံချည် တရှမ်းရှမ်းဖြင့် သတို့သား၏ဖခင် ဦးညွှန့်အောင်နှင့်အတူ ပျော်တပြုံးပြုံး တွေ့နေရလေသည်။

ရွာ၏ကာလသားခေါင်းဖြစ်လာသည့် သန်းလွင်ကလည်း သူ့သူငယ်ချင်းများ၊ ရွာတောင်ပိုင်းသား မြောက်ပိုင်းသားကာလသားများနှင့်အတူ ညှိပရိသတ်တို့ကို မင်္ဂလာထမင်းကျွေးမွေးညှိခံရာ၌ တက်ကြွပျော်ရွှင်စွာ ပိုင်းဝန်းကူညီလျက်ရှိတော့၏။

ရှိသမျှ ဝတ်ကောင်းစားလှတို့ကို တောက်ပသားနားစွာဝတ်စားလျက် ကြွချီတော်မူလာကြသည့် (ဖိနပ်တော့မပါဘူးပေါ့ဗျာ၊ အဲဒီခေတ်က တောရွာတို့ရဲ့ ဓလေ့လေ) ရွာသူရွာသားညှိပရိသတ်တို့ကား မင်္ဂလာမဏ္ဍပ်ထဲနှင့် ဆိုင်းဝိုင်းနံဘေးတွင် တရုန်းရုန်း တပြုံးပြုံး တအုံးအုံး ဖြစ်နေကြပါတော့၏။

သတို့သား လှရဲ၏မိခင် ဒေါ်ပန်းလှမှာလည်း ပခုံးထက်၌ ပိုးပဝါနှစ်စ အသာချပြီး သတို့သမီး၏မိခင်ကြီး ဒေါ်ငွေစိန်နှင့်



www.burmeseclassic.com

www.burmeseclassic.com



အတူ ညှော်ပရိသတ်အပေါင်းအား ကျွေးမွေးညှော်ခံရင်း ပြုံးရွှင်ကြည်နူးနေသည်ကို တွေ့ရပါ၏။

ဝက်သားဘီးစပတ်တုံး၊ ငါးခြောက်ထောင်းကြော်၊ သရက်ချဉ်သုပ်၊ ဘူးရွက်ဟင်းချိုတို့ဖြင့် အားပါးတရ ကုန်းလွေးနေကြသည့် ညှော်ပရိသတ် ရွာသူရွာသားတို့မှာလည်း (ထိုစဉ်က တောရွာတို့၏ ထုံးစံအတိုင်း လက်ဖွဲ့ပေးစရာမလိုသဖြင့်) ကျန်ကနီရွာ၏ လုလင်ပျို၊ လုံမပျို သမီးရည်းစား ဒွိယံ ဒွိယံတို့သည်လည်း ဤသို့သောမင်္ဂလာပွဲမျိုး အသီးသီး မြန်မြန်ကျင်းပနိုင်ကြပါစေဟု ကျိတ်ဆုတောင်းလျက်။

မျက်နှာပေါ် သကာရည်လူးကာ ထန်းလျက်ရည်ဆမ်းထားပြီး ပျားရည်သုတ်ထားသည့် သတို့သားမောင်လူရဲက သတို့သမီးလေး မဖြူဖြူနှင်း၏ လက်ဖျားနုနုလေးကို အားမလို အားမရ ဖျစ်ညှစ်လိုက်ရင်း ...

"ပျော်တယ်မဟုတ်လားဟင် ဖြူနှင်း"

ဟု တိုးတိုးလေးမေးလိုက်ရာ ဖြူဖြူနှင်းလေးကလည်း လှပစွာ ပြုံးလျက် ...

"ပျော်တာပေါ့ လူရဲရယ်၊ အားလုံးလည်း ပျော်နေကြတယ်နော်၊ ဖြူနှင်း စိတ်ချမ်းသာလိုက်တာ"





ဟု တိုးတိုးဖွဖွလေးပြောကာ လူပုံအလယ်မှာပင် လူရဲ၏ ပခုံးကို နွဲ့လျစွာ ခေါင်းလေးမှီလိုက်ပါတော့သတည်း။

ဆက်လက်ကြိုးစားပါဦးမည် •

စိုးဇြအဂ္ဂ

www.burmeseclassic.com